www.burmeseclassic.com

BURMESE CLASSIC .com

## ထင်လင်း

# လယ်တောမှာအဖြူနို

နှင့်

## လက်ရွေးစင်ဝတ္ထုများ

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး၊

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## မာတိကာ


| | | |
|---|---|---|
| * | ဒဂုန်တာရာ၏အမှာ | ၆ |
| ၁။ | လယ်တောကအပြန် | ၁၀ |
| ၂။ | မေတ္တာသံသရာ | ၃၂ |
| ၃။ | ချစ်တဲ့သူရယ်လေ | ၅၀ |
| ၄။ | အလှဘယ်မှာ ရှိပါလိမ့် | ၇၆ |
| ၅။ | စာရေးဆရာ | ၁၀၁ |
| ၆။ | နှဲသမားစံရွှန်း | ၁၁၆ |
| ၇။ | ကွက်ကျားမြင်ရသော ဘဝနှစ်ခု | ၁၃၁ |
| ၈။ | မကြင်သာသည် | ၁၅၃ |
| ၉။ | တစ်ကွေ့တစ်ကမ္ဘာ တစ်သံသရာ | ၁၆၉ |
| ၁၀။ | တံတားကလေးနှင့်လမ်း | ၁၉၂ |
| ၁၁။ | စည်းကြိုးနှင့်ကြက်တောင် | ၂၀၇ |
| ၁၂။ | ငါးပိလက်ဆောင် | ၂၂၀ |
| ၁၃။ | နှမလက်လျှော့ နေလေတော့ | ၂၃၆ |
| ၁၄။ | စိန် | ၂၄၈ |
| ၁၅။ | လူ့အကြောင်း (သို့) အာဒံနှင့် ဧဝတို့အကြောင်း | ၂၆၅ |

www.burmeseclassic.com

# ဒဂုန်တာရာ၏အမှာ

## (က)

ကျွန်တော်နှင့် ကိုထင်လင်း သိသည်မှာ အနှစ်လေးဆယ်ပင် ကျော်ပေပြီ။ သို့သော် သူနှင့် စသိသည်က လူချင်း မဟုတ်။ စာချင်း သာဖြစ်သည်။ သူ နေရာ ရွှေဘိုကန့်ဘလူဘက်မှ ဝတ္ထုကလေး ပို့လိုက်ခြင်း ဖြစ်သည်။ ကလောင်အမည်က သိန်း(အညာ)၊ အင်္ဂလိပ် အစိုးရလက်ထက် ရုံးဌာနအတွေ့အကြုံတစ်ရပ်ကို အခြေခံလျက် ဖွဲ့နွဲ့ထားသော ဝတ္ထုတစ်ပုဒ်ဖြစ်သည်။

နောက် တစ်နှစ်·နှစ်နှစ်ခန့် ကြာမှ ထင်သည်။ သူ၏ကလောင် အမည်ကို 'ထင်လင်း'ဟု ပြောင်းလိုက်သည်။ သူ၏ဝတ္ထုတိုနှင့်အတူ မိတ်ဆက်စာတစ်ခု ပါလာသည်။ ကျွန်တော်၏ ကျောင်းနေဖက် မိတ်ဆွေ ကိုတင်ထွတ်ထံမှ မိတ်ဆက်စာ ဖြစ်သည်။ ကိုတင်ထွတ်က အင်္ဂလိပ်စာ ဖတ်သမားဖြစ်၍ ကျွန်တော့်ထံသို့ အင်္ဂလိပ်လို ရေးထား သည်။

ကိုတင်ထွတ်က ကျွန်တော်ထက် ခြောက်နှစ် ခုနစ်နှစ်ခန့်ကြီး မည်ထင်သည်။ ကျွန်တော်တို့ ကျောင်းရောက်တော့ သူက ဝိဇ္ဇာတန်း နောက်ဆုံးနှစ် တက်နေပေပြီ။ လွတ်လပ်ရေး မရခင်ကလေးကပင် သူသည် မြို့အုပ်အဖြစ် အလုပ်လုပ်နေသည်။ ကိုထင်လင်းက သူ





လုပ်သောရုံးတွင် အမှုထမ်းသူ ဖြစ်သည်။ ထို့ကြောင့် သူတို့ ရင်းနှီး ကြသည်။ စာပေသမားချင်းမို့ ရင်းနှီးခြင်း ဖြစ်မည်။ ကျွန်တော်နှင့် အသက်တူအရွယ်တူ။ ကျွန်တော်က အယ်ဒီတာပေါက်စ၊ သူက စာရေးဆရာပေါက်စ။

## (ခ)

ကျွန်တော်က ကိုထင်လင်း၏ ဝတ္ထုတိုကလေးကို တာရာ မဂ္ဂဇင်းတွင် ထည့်လိုက်သည်။ သူ့ဝတ္ထုတိုကို ကြိုက်သောကြောင့် ထည့်ခြင်းဖြစ်သည်။ မိတ်ဆွေကိုတင်ထွတ်၏ မိတ်ဆက်စာကြောင့် မဟုတ်။ ကျွန်တော်ကြိုက်လျှင် ထည့်သည်။ မကြိုက်လျှင် မထည့်။ ကျွန်တော် ထည့်သွင်းလိုက်သည်မှာ အကြောင်းရှိသည်။

သူ့တွင် အဖြစ်အပျက်တစ်ရပ်ကို သရုပ်ပေါ်အောင် ဖွဲ့နွဲ့ သော စာပေအနုပညာရှိသည်ဟု ထင်သည်။ သူသည် ဘဝအတွေ့ အကြုံ ရှိဟန်တူသူ ဖြစ်သည်။ ဘဝအတွေ့အကြုံဆိုသည်မှာ အခြား မဟုတ်။ မိမိနေထိုင်ရာ ပတ်ဝန်းကျင်ရှိ လူများ လူအချင်းချင်း ဆက်ဆံမှုများ၊ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များ ပါဝင်သော အဖြစ်အပျက်တို့ကို ဆိုလိုခြင်းဖြစ်သည်။ သူသည် လူ့သဘာဝကို ဖွဲ့သည်။ လူများနေထိုင်ရာ ပတ်ဝန်းကျင်ကို ဖွဲ့သည်။ ယင်း လူ့သဘာဝ၊ ဒေသ၊ နောက်ခံကားများကို ဖွဲ့သည်။ ထို့ကြောင့်ပင်လျှင် ကျွန်တော်က သူသည် မိမိအတွေ့အကြုံကို ဖွဲ့နွဲ့နိုင်သည်ဟု အကဲ ဖြတ်ခြင်းဖြစ်သည်ဟု ကျွန်တော်၏ စာပေအတွေ့အကြုံအရ ပြောနိုင် သည်။

ထို့ကြောင့် ကျွန်တော်က သိန်း(အညာ)၏ ဝတ္ထုကို ကြိုက် သည်ဟု ဆိုလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



## (၈)

သူသည် ထင်လင်းအမည်ဖြင့် ဝတ္ထုများ ရေးသားနေသည်ကို တွေ့ရသည်။ သူရေးသော ဝတ္ထုများမှာ သူ ပထမဆုံးရေးသော ဝတ္ထုတို၏ သရုပ်ဖော်စာပေသဘောဖြင့် ဖွဲ့နွဲ့ရေးသားသည်ကို တွေ့ရသည်။ လွတ်လပ်ရေးမရခင်နှင့် လွတ်လပ်ရေးရပြီးစ ကာလ လောက်တွင် သရုပ်ဖော်စာပေ ဟူသောဝေါဟာရဖြင့် သရုပ်ဖော် စာပေအကြောင်းကို ရေးဖြစ်ခဲ့သည်။

လူ့ဘဝ၏အကြောင်းကို အရင်းခံအတိုင်း၊ ကြုံတွေ့ခံစား ရသည့်အတိုင်း၊ အရှိအတိုင်း စိတ်ကူးအကွန့်အညွန့် သိပ်မစွက်ဘဲ ရေးသားဖွဲ့နွဲ့သည့်စာပေကို ဘဝသရုပ်ဖော်စာပေ ဟု အမိပ္ပာယ် ဖွင့်ဆိုခဲ့သည်။ လွတ်လပ်ရေးရစ ထိုအခါကာလက နိုင်ငံရေးရာ အတွေးအခေါ်များလည်း ထက်သန်လှုပ်ရှားလျက်ရှိရာ သရုပ်ဖော် စာပေကို ရှေ့က ဝိသေသတပ်၍ ဖော်ပြခဲ့ကြသည်။ ဓနရှင် သရုပ်ဖော် စာပေ၊ ဆင်းရဲသား သရုပ်ဖော်စာပေ၊ ဝေဖန်မှု သရုပ်ဖော်စာပေ၊ ဆိုရှယ်လစ် သရုပ်ဖော်စာပေ ယင်းသို့ခေါ်ဝေါ်သည်မှာ အခြားကြောင့် မဟုတ်။

လူ့အကြောင်း ဖော်ပြသောစာပေတွင် လူတန်းစားအမျိုးမျိုး ရှိသည့်အနက် ဓနရှင်လူတန်းစား၊ ဆင်းရဲသားလူတန်းစား စသည့် အလွှာများကို မိမိတို့စိတ်ဝင်စားရာ မိမိတို့သိရှိခံစားရာ ဖော်ပြ ကြသည်ကို ခွဲခြားသတ်မှတ်၍ ခေါ်ဝေါ်လိုက်သည်။ နည်းနာက တော့ အတူတူပင် ဖြစ်သည်။ သရုပ်ဖော်နည်းနာ။

ကိုထင်လင်းသည် သရုပ်ဖော်ရေးရာတွင် သရုပ်ဖော်နည်းနာ ကို သုံးသူဖြစ်သည်။





သူ၏ ဒီဇယ်အမြန် ဝတ္ထုတိုကလေးကို သတိပြုမိခဲ့သည်။ ထိုအခါ ဒီဇယ်အမြန်ရထား ပေါ်စခေတ် ဖြစ်သည်။ ဘူတာရုံကြီး၏ မြင်ကွင်းကို ဖွဲ့နွဲ့ထားသည်။ ဘူတာရုံကြီးတွင် အမြန်ရထား လိုက် မည့် ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်နေပုံကို သရုပ်ဖော်ထားသည်။

အမြန်ရထားဟု ဆိုသည့်အတိုင်း အမြန်ဟူသော ဝိသေသ ပေါ်အောင် ထိုခရီးသည်များ၏ လှုပ်လှုပ်ရွရွ မြန်မြန်ဆန်ဆန် ဒရောသောပါး ကသုတ်ကရက်ပုံ ပေါ်အောင်ဖော်ထားသည်။ သူ၏ အာရုံခံစားမှုက သူ့မြင်ကွင်းရှိ အရာဝတ္ထု၊ အသံပလံအားလုံးကို အလွတ်မပေး။ သူ တွေ့သည်၊ ကြားသည်။ အမှတ်တမဲ့ ကျော်လွန် သွားသည် မရှိ။

ယင်း အဖွဲ့အနွဲ့၊ ယင်း သရုပ်ဖော်အဖွဲ့အနွဲ့ကို ကောင်းစွာ သုံးတတ်သူဖြစ်သဖြင့် ကိုထင်လင်း၏ ဝတ္ထုများသည် သရုပ်ဖော် အဖွဲ့အနွဲ့ အမျိုးမျိုး အထွေထွေကို ရေးနိုင်သည်ဟု ထင်မိပေသည်။

ဒဂုန်တာရာ



www.burmeseclassic.com

www.burmeseclassic.com

# လယ်တောကအပြန်

'လူကလေး၊ စာကို တတ်အောင် ကြိုးစားပြီးသင်နော်'

ကျွန်တော် အင်္ဂလိပ်ကျောင်းသို့သွားနေရန် ရွာမှ ထွက်ခွာခါနီး၌ အဖေက ဤသို့ မှာလိုက်ပါသည်။

ကျွန်တော်၏အဖေမှာ တောင်သူလယ်လုပ် ဓားမခုတ်မျိုးရိုးမှ ဆင်းသက်သူတစ်ယောက်ဖြစ်သော်လည်း ဆရာဘုန်းတော်ကြီး၏ အမအစဖြင့် အတန်းကျောင်းစာမေးပွဲများ အောင်မြင်ကာ အစိုးရ အမှုထမ်း လုပ်လာခဲ့သူ ဖြစ်ပါသည်။ အစိုးရအမှုထမ်းဘဝနှင့် လယ်သမားဘဝကို အဖေ ဘယ်လိုမြင်သည်ကိုတော့ မသိ။ အဖေသည် သူ၏သားသမီးများကို လယ်ထဲဆင်းပြီး နွားနှင့် ဖက်အလုပ်လုပ်ရသောဘဝသို့ ရောက်မည်ကို အလွန်စိုးရိမ်ခဲ့လေသည်။

ကျွန်တော်တို့က ကျောင်းစာများကိုမကျက်ဘဲ ပေပေတေတေ လျှောက်ကစားနေသောအခါများတွင် အဖေသည် စိတ်အလွန်ဆိုးတတ်လေသည်။

'နင်တို့ သတိထားနေကြ။ မိဘက ကောင်းစေချင်လို့ စာသင်ခိုင်းတာ စာတော့ မသင်ချင်ဘူး။ နင်တို့ လယ် ဆင်းထွန်ကြရ





လိမ့်မယ်။ သတိ ကြပ်ကြပ်ထားကြ' ဟု ကြိမ်းမောင်းခြိမ်းခြောက်တတ်ပါသည်။

ကျွန်တော်တို့ကလည်း လယ်ဆင်းထွန်ကြရမည်ဆိုလျှင် ကြောက်ကြပါသည်။ နွားနှင့် ဖက်ရုန်းရသောအလုပ်ဖြစ်၍ ပင်ပန်းဆင်းရဲလှသည်ဟုလည်း ထင်ခဲ့ကြပါသည်။ ဖင်ထဲ ရွှံ့တစ်စိတ် ဝင်မှ ထမင်းစားရသော လယ်သမားဘဝကိုလည်း အောက်ကျလှသည်ဟု ထင်ကြပါသည်။ ဤသို့သော အယူအဆများဖြင့် ငယ်စဉ်အခါကပင်လျှင် ကျွန်တော်တို့ကျောင်းတွင် စာမကြိုးစားက လယ်သမားဘဝသို့ ရောက်မည်ဟု တစ်ထစ်ချတွက်ကာ စာကို ကြိုးစားခဲ့ကြရပါသည်။ လယ်သမားဘဝထက် အခြေအနေကောင်းသည်ဟု ကျွန်တော်တို့ယူဆထားသော ပညာတတ်လခစား လူတန်းစားများဆီသို့ ဦးတည်ရည်မှန်းခဲ့ကြပါသည်။

ကျွန်တော် အင်္ဂလိပ်ကျောင်းသို့ ရောက်သောအခါ ဤရည်မှန်းချက်တို့သည် ကျွန်တော့်တွင် ခိုင်မြဲမှန်းမသိ ခိုင်မြဲလာပါသည်။ အင်္ဂလိပ်ကျောင်းသားဖြစ်လာမှ ကိုယ့်ဘဝ ကိုယ့်အခြေအနေကို ပိုမို သဘောကျမိပါသည်။ သဘောမကျဘဲ နေမည်လား။ လူအများကလည်း အင်္ဂလိပ်ကျောင်းသားဆိုလျှင် အရေးပေးကြသည် မဟုတ်လား။ နေရာတကာတွင် လူရာဝင်သည် မဟုတ်လား။ ကျောင်းပိတ်၍ ရွာသို့ ပြန်ရောက်သည့်အခါများတွင် အင်္ဂလိပ်ကျောင်းသားဟူသော အရှိန်နှင့် ယခင်ကထက် ဂုဏ်သိန်တက်ခဲ့သည် မဟုတ်လား။ လုငယ်လူရွယ်တို့ဘဝ ရွာထဲမှာ အပျိုလှည့်ရာ၊ နောက်ပိုးပိုးရာမှာဖြစ်ဦးတော့ အင်္ဂလိပ်ကျောင်းသားက အခွင့်အရေး ပို၍ရမြဲ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



ငယ်စဉ်အခါ ဘုန်းကြီးကျောင်းတွင်နေစဉ်ကတော့ ရွာထဲက လယ်သမားသားသမီးများဖြစ်ကြသော ငချေး၊ ငပွေး၊ စံလှ၊ ဘကျော် တို့နှင့် ကျွန်တော်တို့မှာ ဘာမျှ မထူးခြားခဲ့။ ယခု ကျွန်တော်က အင်္ဂလိပ်ကျောင်းသားဆိုတော့ သည်လို သူငယ်ချင်းတွေအများကြီး ထဲမှာ ထင်ထင်ပေါ်ပေါ်ဖြစ်လာခဲ့ပြီ မဟုတ်လား။

သူတို့မှာ သူတို့မိဘများက ငွေကြေး မတတ်နိုင်ကြ၍၊ သို့မဟုတ် အမြင်မကျယ်ကြ၍ အင်္ဂလိပ်ကျောင်း မနေခဲ့ကြရ။ ဘုန်းကြီး ကျောင်းမှ အတော်ကလေး ကြီးလာကြသောအခါ ထွက်၍ မိဘများ နှင့်အတူ လယ်ထဲသို့ ဆင်းခဲ့ကြရသည်။ သူတို့သည် စာဆို၍ ဘုန်း ကြီးကျောင်းက သင်ပေးလိုက်သမျှကိုသာ တတ်၍ ကျောင်းမှထွက် ကြသောအခါတွင်လည်း လယ်ယာကိုင်းကျွန်းအလုပ်ဖြင့်သာ နေခဲ့ ကြရာ စာဆိုသည်နှင့် ဝေးသည်ထက် ဝေး၍လာခဲ့ကြသည်။ စာနှင့် ဆက်ဆံမှုကလည်း မရှိသလောက်ဖြစ်၍ မိရိုးဖလာ ဗုဒ္ဓဘာသာများ ဖြစ်သည့်အလျောက် ဘာသာရေးဆိုင်ရာစာများကို ဘုန်းကြီးက သူတို့အတွက် ဖတ်ပေးပြီး ရှစ်ရက်သီတင်း၊ လပြည့်လကွယ် အခါ ကြီး ရက်ကြီးများတွင် သူတို့အား ပြန်လည်ဟောပြော၍ သူတို့ ကိုယ်တိုင် ဖတ်နေဖို့လည်း မလိုသလောက်ဖြစ်၏။

ကျောင်းတွင် သင်ပုန်းကြီးကုန်လျှင် မင်္ဂလသုတ်၊ ပရိတ်ကြီး၊ နမက္ကာရ၊ ရတနာရွှေချိုင့်တို့ကို ရသလောက် သင်ပေးသည်။ အချို့ ဉာဏ်ကောင်းလျှင် သဒ္ဒါသင်္ဂြိုဟ်အထိ တက်ခဲ့ကြရ၏။ သို့သော် ကျောင်းကထွက်တော့လည်း စာအားလုံးသည် ကျောင်းမှာပင် ကျန်ရစ်မြဲ ဖြစ်လေသည်။

သူတို့သည် ငပွနှင့် မိဝိုင်းတို့အကြောင်းကိုလည်း မသိကြ။ လောဘကြီးသော မီးဒတ်ဘုရင်ကြီးအကြောင်းကိုလည်း မသိကြ။





သူတို့ရွာမှ ဆယ့်လေးငါးမိုင် မိုင်နှစ်ဆယ်၏ ဟိုဘက်တွင် ဘာတွေ ရှိသည်ကိုလည်း မသိကြ။ ပထဝီဆိုလျှင် ရွာထဲက ဆေးဆရာ ဆရာဟန် ပြောလေ့ရှိသော 'ပထဝီ ငုပ်တယ်' ဟူသော စကားမှလွဲ၍ မကြားဖူးခဲ့။ ရာဇဝင်ဆို၍လည်း နွေဘက်တွင် တစ်ခါတစ်ခါ ကြုံ တတ်သော ဘုန်းကြီးပျံပွဲများ၌ ကပြသည့် ဇာတ်ထဲကရာဇဝင်ကို သာ သိကြသည်။ ရွှေဥဒေါင်း၊ မဟာဆွေ၊ ဇော်ဂျီ၊ မင်းသုဝဏ် ဆိုသူများကိုကား လုံးဝ မသိကြချေ။

သူတို့သည် နွားကို ကောင်းကောင်း ကျောင်းတတ်ကြသည်။ နွားစာ ကောင်းကောင်း စဉ်းတတ်ဖျော်တတ်သည်။ ထယ်ကြောင်း ထွန်ကြောင်း ဖြောင့်အောင် ထိုးတတ်ကြသည်။ ပဲ ကြဲတတ်ကြသည်။ ပျိုး နုတ်တတ်ကြသည်။ ကောက် စိုက်တတ်ကြသည်။

စပါး ရိတ်တတ်ကြသည်။ ထွန်တုံးထွန်တံမှအစ လယ်သမား သုံး ကိရိယာများကို သူတို့ဘာသာသူတို့ ဖောက်တတ် ထွင်းတတ် လုပ်ကိုင်တတ်ကြသည်။ လယ်ကို ဘယ်အခါ ရေသွင်း၍ ဘယ်အခါ ရေဖောက်ကြရမည်ကို သိကြသည်။ လယ် ဘယ်လောက်ကျယ်လျှင် မျိုး ဘယ်လောက်ကြဲရသည်ကို သိကြသည်။ စပါးဈေး ဘယ်မျှ ရှိလျှင် သူတို့ ပိုးပုဆိုးဝတ်ရမည်ကို သိကြသည်။

ကျွန်တော်တို့မှာ သူတို့ကဲ့သို့မဟုတ်ဘဲ ဘုန်းကြီးကျောင်းမှ ထွက်ပြီး လူကျောင်းစာများကို သင်ရတော့ ခေတ်ဖတ်စာများ၊ ပထဝီ၊ ရာဇဝင်၊ သင်္ချာ စသည့် ဘာသာရပ်များကို ဖတ်ရ၊ မှတ်ရ၊ သင်အံ့ရသည်။ ရန်ကုန်မြို့အကြောင်း၊ မန္တလေးမြို့အကြောင်း၊ မီး ရထားအကြောင်း၊ မီးသင်္ဘောအကြောင်း၊ ဝိတိုရိယဘုရင်မကြီး အကြောင်း၊ ဇာပန်ကျွန်းသားများအကြောင်း စသည်ဖြင့် ကျယ်ဝန်း စွာ ဖတ်ရှုရသည်။ သင်အံရသည်။ ဘာကြောင့် နေပူသည်။ ဘာ

www.burmeseclassic.com



ကြောင့် မိုးရွာသည်။ ဆောင်းအခါ ဘာကြောင့် အေးသည်။ နွေအခါ ဘာကြောင့် ပူသည်တို့ကို သိရသည်။

နောက် တဖြည်းဖြည်း အတန်းကြီးလာလေလေ ဖတ်ရှုရ၊ သင်အံရသော ဘာသာရပ်နှင့် စာအုပ်များ များလေလေ ဖြစ်သောကြောင့် အကြောင်းအရာလည်း အတော်စုံလင်လာသည်။ အကြားအမြင်လည်း များလာသည်။ ဤသို့လျှင် ကျွန်တော်၏ဘဝသည် ငချေး၊ ငမွေး၊ စံလှတို့၏ဘဝနှင့် တဖြည်းဖြည်း ကွာခြားမှန်းမသိ ကွာခြား၍လာလေသည်။

ဘဝချင်း ဤသို့ ကွာခြားလာခဲ့သော်လည်း ကျောင်းပိတ်၍ ကျွန်တော် ရွာသို့ပြန်သောအခါတွင် သူတို့နှင့်ကျွန်တော် ပြန်လည်ဆုံတွေ့ကြရသည်။ အတူတကွ သွားကြလာကြ လည်ပတ်ကြပြန်သည်။ ရိုးသားသော ငချေးကမူ ကျွန်တော့်အား 'မင်း ကောင်းစားရင် ငါ့ကိုတော့ မမေ့ပါနှင့်ကွာ'ဟု မကြာခဏ ပြောလေ့ရှိသည်။ သူတို့အမြင်တွင် ကျွန်တော်သည် အမှန်မုချ ကောင်းစားမည့်လူတစ်ယောက်ဟု ထင်လေသလားတော့ မသိ။

တစ်ခါတစ်ခါ ကျွန်တော်က ကျောင်းမှသင်ရသော ဘာသာရပ်များမှ သူတို့နှင့်ဆိုင်မည်ထင်ရာ၊ သို့မဟုတ် စကားစပ်မိစပ်ရာတို့ကို ပြောပြလျှင် သူတို့မှာ တအံ့တဩဖြစ်တတ်ကြသည်။

ကျွန်တော်က ချောင်းကမ်းပါးကို ရေစားခြင်းအကြောင်းကို ပြောတော့ သူတို့ရွာတွင် ချောင်းရေစား၍ ကမ်းပါးပြိုသောအခါ လယ်တွေပါ ပါသွားတတ်ကြောင်း၊ ချောင်းတော်သခင်မအား ပသရကြောင်း ပြောပြကြသည်။

တစ်ခါတစ်ခါ စကားစပ်မိ၍ ဆောင်းရာသီ၊ နွေရာသီ၊ မိုးရာသီတို့၏ဖြစ်ပုံကို ပြောလျှင် သူတို့က 'တို့ဖြင့် သိပေါင်ကွာ။ မိုး





ရွာတာဟာ မိုးခြိမ်းလို့ပဲ အောက်မေ့တာပဲ။ ဆောင်းအခါ ချမ်းတာလည်း နှင်းကျလို့ပဲ'ဟု ပြောကာ ရယ်လေ့ရှိကြသည်။

ကျွန်တော် ဆယ်တန်းစာမေးပွဲကို အောင်မြင်သောတော့ ကျွန်တော့်အဖေမှာ ဝမ်းသာ၍မဆုံး ဖြစ်လေသည်။ သူ၏ ရည်မှန်းချက်အတော် ပေါက်မြောက်ခဲ့ပြီဖြစ်၍ 'ငါ့သား၊ လယ်ထဲတော့ မဆင်းရတော့ပါဘူးကွာ။ နွားနှင့်ဖက်ပြီး ရုန်းရတဲ့ဘဝက လွတ်ကောင်းပါပြီ'ဟု ဝမ်းသာအားရ ပြောပါသည်။ ကျွန်တော်ကလည်း ဤသို့ပင် ယုံကြည်ပါသည်။

ထိုခေတ်အခါက ဆယ်တန်းအောင်လျှင် ရုံးစာရေးအလုပ်လောက်တော့ ရနိုင်ပြီဖြစ်သည်။ ကျွန်တော့်အား လယ် အထွန်လွတ်လျှင် တော်စေတော့ဟု သဘောထား၍ အင်္ဂလိပ်စာ သင်ပေးခဲ့သော်လည်း တကယ်တော့ သူကိုယ်တိုင် ရုံးစာရေးအလုပ် မည်မျှအောက်ကျနောက်ကျရှိသည်ကို သူ ကောင်းစွာသိထားသည်။ သားလောက် တူလောက်အရွယ် မြို့အုပ်ဝန်ထောက်ကလေးများကို ပြားပြားဝပ်ကြောက်ရသော စာရေးကြီး၏ အဖြစ်ကိုတော့ သူ့သားအား သွတ်သွင်းရန်မလိုလားချေ။

တတ်နိုင်လျှင် သူ့အပေါ်သို့ မကြာခဏ ရောက်ရောက်လာတတ်သော မြို့အုပ်ကလေး၊ ဝန်ထောက်ကလေးတို့လောက်ဖြစ်လျှင် တော်သေးဟု အောက်မေ့သလား မသိ။ အဖေသည် ကျွန်တော့်အား ကောလိပ်သို့ပို့ရန် လုံးပမ်းပြန်သည်။

ထိုအချိန်တွင် အဖေသည် အတော် အသက်ကြီးပြီဖြစ်၍ အစိုးရအလုပ်မှ အနားယူချိန် နီးနေပြီဖြစ်သည်။ ကျွန်တော့်အား ဆယ်တန်း အောင်,အောင်ထားရသည်ပင်လျှင် အဖေ့မှာ အတော်ပင်ပန်းနေပြီ။ ရသည့်လခနှင့် မလုံမလောက်ဖြစ်၍ အကြွေးများပင်

www.burmeseclassic.com



တင်နေသည်ကို ကျွန်တော် တစ်စွန်းတစ်စ သိပါသည်။ ထို့ကြောင့် ကျွန်တော်က အဖေအား ဆက်လက် မညှဉ်းလိုတော့ဘဲ ရရာအလုပ် ကို ဝင်လုပ်ပါတော့မည်ဟုပြောရာ အဖေက ကျွန်တော့်ကို စိတ်ဆိုး ပါသည်။

'မိဘက သားသမီးကို ဆင်စီးပြီး မြင်းရံတာ မြင်ချင်လို့ ပညာ ဆက်သင်ခိုင်းတာ နားလည်းလား။ မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုတာ မျိုးတော့ လုပ်မယ်မကြံနှင့်' ဟု ကြိမ်းမောင်းပါသည်။

အဖေက ကျွန်တော့အား ဤသို့ကြိမ်းခြင်းမှာ ကျွန်တော့် အပေါ်တွင် အထင်လွဲသောကြောင့် ဖြစ်ပါသည်။ ကျွန်တော် မိန်းမ လိုချင်သောကြောင့် အလုပ်ရှာမည်ပြောသည်ဟု အဖေက ထင်သည်။ ကျွန်တော်က ရွာထဲမှ လယ်သမားတစ်ဦး၏ သမီးဖြစ်သူ နှင်းမြ ဆိုသော သူငယ်မကလေးနှင့် လူငယ်ချင်း ခင်မင်နေကြသည်ကို အဖေ တစ်စွန်းတစ်စသိသည်။ သိကတည်းက ကျွန်တော့်အား အဖေ က မကြာခဏ ကြိမ်းသည်။ 'မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုတာမျိုး မလုပ် နှင့်' ဟူသောစကား အဖေ့လက်သုံးဖြစ်ခဲ့သည်မှာလည်း ဤကိစ္စကို ရည်ရွယ်၍ ကျွန်တော့်အား လယ်သမားသမီးတစ်ယောက်ကို မယူ စေချင်သောကြောင့် ဖြစ်ဟန်တူပါသည်။

နှင်းမြမှာ လယ်သမားသမီး လယ်သူမကလေးပီပီ ညိုစိမ့်စိမ့် နှင့် တောက်ပသောမျက်လုံးကလေးများ ရှိသည်။ လယ်ထဲယာထဲ တွင် ကြီးခဲ့သူကလေးဖြစ်၍ နုနုညှံ့ညှံ့မရှိလှသော်လည်း လုံးကျစ် ပြည့်ဖြိုးသောကိုယ် ရှိသည်။ မာန်မာနတရား မရှိ၍ ပကတိအေးမြ ကြည်လင်သောမျက်နှာ ရှိသည်။ ရိုးသားသော အမူအရာနှင့် ကြင် နာတတ်သော စိတ်သဘောထားရှိသူကလေး ဖြစ်သည်။ သူ၏မိဘ များမှာ လယ်သမားများဟု ဆိုရသော်လည်း ဆင်းဆင်းရဲရဲ ချို့ချို့ငဲ့ငဲ့





လယ်သမားတော့ မဟုတ်ကြ။ ပြည့်စုံသည်ဟု ဆိုနိုင်ပါသည်။ ဥစ္စာ ပစ္စည်း လယ်ခြေချောင်းခြေ အခြေအနေကို ကြည့်လျှင် ကျွန်တော် တို့ထက် နှင်းမြတို့က ပြည့်စုံသည်ဟု ဆိုနိုင်ပါသည်။ သို့စဉ်လျက် အဖေက ကျွန်တော့်အား နှင်းမြနှင့် မယူစေခြင်းမှာ ကျွန်တော်ပါ လယ်သမားဖြစ်သွားမည်ကို စိုးသောကြောင့်သာ ဖြစ်တန်ရာပါသည်။

ဤသို့ဖြစ်ရခြင်းကို စင်စစ် အဖေ့အပေါ်ချည်း အပြစ်ပုံချရန် ကား မဖြစ်ပါချေ။ ကျွန်တော်ကိုယ်တိုင်ကလည်း နှင်းမြကို ချစ်သလို ပင် အဖေ့စကားများ၌ ယုံကြည်မှုရှိခဲ့ပါသည်။

'ဟုတ်ပါရဲ့လေ။ ငါဟာ စိတ်နောက်ကိုယ်ပါပြီး အဖေ ပြောသလို မွဲချင်တဲ့ခွေး ပြာပုံတိုးဆိုတာမျိုးများ ဖြစ်နေထင်ပါရဲ့' ဟုသော သံသယကလေးများက ကျွန်တော်၏ဦးနှောက်ထဲတွင် ရောက်ရောက်နေတတ်၍ နှင်းမြကို ကျွန်တော် ခင်မင်လျက်ခွဲခွာ ထားခဲ့ရပါသည်။

ကျွန်တော်က ဤသို့သဘောထားဖြင့် နှင်းမြကို အင်တင်တင် ဖြစ်နေတော့ နှင်းမြက ရိပ်မိသည်။

'ဟုတ်ပါတယ် အစ်ကိုရယ်။ တကယ်တော့ အစ်ကိုတို့အဖေ က အစ်ကို့ကို နှင်းမြတို့လို လယ်သမားသမီးနှင့် ဘယ် သဘောတူနိုင် ပါ့မလဲ။ မိဘစကား နားထောင်ပေါ့။ နှင်းမြတော့ အစ်ကို့ကို ခင်လို့သာပါ။ ရလိမ့်မယ်လို့တော့ ဘယ်တော့မှ ထည့်မတွက်ပါဘူး။ ဘယ်လိုဖြစ်ဖြစ်လေ နှင်းမြတော့ အစ်ကို အိမ်ထောင်မပြုမချင်း နှင်းမြလည်း မပြုဘူးလို့ အောက်မေ့တာပဲ။ အစ်ကို့ကို မျှော်ပြီး စောင့်နေတာမဟုတ်ပေမယ့် အစ်ကို အိမ်ထောင်ပြုပြီးသည်အထိ တော့ စောင့်ကြည့်နေမှာပဲ'

နှင်းမြက အရိုးခံအတိုင်း ဤသို့ပြောတော့ ကျွန်တော်မှာ ရင်နင့်ခဲ့ရသေးသည်။ သူကတော့ ဝမ်းနည်းလို့ပြောခြင်း မဟုတ်ဟန်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့ပါ။ သို့သော် ကျွန်တော်က သူ့အတွက် ဝမ်းနည်းသည်။ ‘ဖြစ်ရလေ နှင်းမြရယ်။ တို့လို စာရေးစာချီသားသမီးထဲက ဖြစ်လိုက်ပါတော့’ ဟူ၍လည်း ဆုတောင်းခဲ့မိသေး၏။ ကျွန်တော် ကောလိပ်ကျောင်းရောက်ပြီး၍ များမကြာမီပင် ကျွန်တော်၏အဖေ အစိုးရအလုပ်မှ အနားယူရပါတော့သည်။ ကျွန်တော်၏အဖေသည် ကျွန်တော့်အား ပေါက်ရောက်အောင် ပညာဆက်သင်ပေးမည်ဟု အားခဲထားခဲ့သော်လည်း ရေမော်တွင် တက်ကျိုးရသော လှေရှင်ကဲ့သို့ အခက်ကြုံရလေသည်။ ဤသို့သော အခြေအနေမှ အဖေသည် ပင်စင်လစာကလေးများကို ရောင်း၍ ကျွန်တော့်အား အိုင်အက်စီ အောင်သည်အထိတော့ ပေပေတေတေ ကျောင်းထားခဲ့ပေသေးသည်။ ထို့ထက်ဆက်လက်၍ ကြိုးပမ်းရန်ကား ဖြစ်နိုင်တော့ချေ။

အဖေမှာ ရရစားစားဘဝမှ သားသမီးများကို ပညာအစွမ်းကုန်ပေးလာခဲ့သူဖြစ်၍ အလုပ်မှ နားလိုက်သောအခါတွင် ‘လှေဦးခြောက်တော့ ထမင်းငတ်’သော တင်ငါသည်ကဲ့သို့ ဖြစ်ရလေတော့သည်။

ထိုစဉ်က အဖေ မည်မျှစိတ်ဆင်းရဲခဲ့မည်ကို ကျွန်တော်မှန်းဆကြည့်ခဲ့မိသည်။

‘ဒီဂရီ ရအောင်ထားဖို့ အဖေလည်း ကြိုးစားတာပဲကွာ။ ဒါပေမယ့် အသက်ကကြီးလာတော့ စိတ်မှန်းတိုင်း မပေါက်တော့ဘူး။ ငါ့သား သင့်ရာအလုပ် တစ်ခုခု ရှာပေတော့။ အိုင်အေလောက်အောင်ရင် မြို့အုပ်ကလေးလောက်တော့ ဖြစ်နိုင်လောက်စရာ ရှိပါတယ်။ ကြိုးစားလိုက်ပါ သားရယ်’

ကျွန်တော့်အခက်မှာ အဖေ့အခက်နှင့် နင်လားငါလား ဖြစ်ပါသည်။





ကျွန်တော် ကောလိပ်ရောက်တော့ သင်တန်းနှစ်နှင့် အဖေ့အခြေအနေကို ကြိုတင်မတွက်မိခဲ့ဘဲ ကိုယ့်ရည်မှန်းချက်အတိုင်း ခွဲသန်သန်နှင့် ဆရာဝန်လုပ်ရန်စိတ်ကူးဖြင့် ဘာသာတွဲများကို ရွေးချယ်ခဲ့သည်။ ယခုလို လမ်းခုလတ်တွင် ကပျက်ယပျက် ဖြစ်ရလိမ့်မည်ဟု မတွက်ဆခဲ့မိ။ အဖေက ကျွန်တော့်ကို ကောလိပ်ပို့စဉ်က သူ့မှာ ကျွန်တော့်အား မြို့အုပ်ဝန်ထောက် ဖြစ်စေချင်သောအာသီသရှိသည်ကို ကျွန်တော် သိပါသည်။ သို့သော် ကောလိပ်ကဘာသာရပ်များအကြောင်းကို အဖေ ဘာမျှမသိ။ ဘယ်ဘာသာရပ်ကိုယူလျှင် ဘာဖြစ်သည်ကိုမသိ၍ ကျွန်တော်စိတ်သန်ရာကို အဖေ့အားပြောမနေတော့ဘဲ ယူခဲ့ခြင်းဖြစ်သည်။ ကျွန်တော့်ဘာသာ ဖြစ်သလိုဆက်လက်၍ ကျောင်းတက်ရမည်ဆိုလျှင်တော့ ဖြစ်နိုင်စရာအကြောင်းရှိပါ၏။

သို့ရာတွင် အဖေ့အား တစ်ဘက်တစ်လမ်းက နှစ်သိမ့်လိုသောစိတ်ရှိသဖြင့် ကိုယ့်လုပ်ချင်ရာ မလုပ်ရအတူတူ အဖေလုပ်စေချင်ရာလုပ်တော့မည်ဟု ဆုံးဖြတ်လိုက်ရပါသည်။ အဖေ့ဆန္ဒမှာ ကျွန်တော်အား မြို့အုပ်လုပ်စေချင်သောဆန္ဒ ဖြစ်သည်။ မြို့အုပ်စာမေးပွဲများသည်း မကြာမီစစ်မည်ဟု သတင်းစာထဲက ဆင့်ခေါ်သဖြင့် ကျွန်တော်လည်း လျှောက်လွှာတင်ရန် ပြင်ဆင်ရပါတော့သည်။

ကျောင်းထွက်လက်မှတ်နှင့် ထောက်ခံစာအတွက် ကျွန်တော်ဆရာကြီးထံရောက်သွားတော့ ဆရာကြီးက ကျွန်တော်ယူသောဘာသာရပ်နှင့် ကျွန်တော်လျှောက်မည့်အလုပ် မကိုက်ညီဖြစ်နေသဖြင့်ရေမ်းသည်။ ကျွန်တော်က အခြေအနေကို ပြောပြတော့ ဆရာကြီးက ‘မင်း စိုက်ပျိုးရေးသင်တန်း မတက်ချင်ဘူးလား။ စတိုင်ပင်လည်းရမယ်။ နှစ်နှစ်ကြာရင် စိုက်ပျိုးရေးဒီဂရီ ရမယ်’ဟု ပြောပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်မှာ အလုပ်လုပ်ဖို့သာ အာရုံများလျက်ရှိသောကြောင့် ရုတ်တရက်သော် ခပ်ကြောင်ကြောင် ဖြစ်သွားပါသည်။ သို့သော် ဆရာကြီးထံမှ 'ဒီဂရီ'ဆိုသည့်အသံကို ကြားရတော့ အဖေ့မျက်နှာကို ကွက်ခနဲမြင်မိသည်။

အဖေသည် သားကလေးတစ်ယောက်ကို ဒီဂရီတစ်လုံး ရစေချင်လွန်း၍ အငတ်အပြတ်ခံကာ ကောလိပ်သို့ ပို့ခဲ့သည် မဟုတ်လား။

သို့သော် အဖေသည် စိုက်ပျိုးရေးဆိုသည်ကို ကြိုက်မှ ကြိုက်ပါမည်လားဟု စိတ်ထဲက ထင့်မိသေး၏။ မည်သို့ပင်ဖြစ်စေ ယခု ဆရာကြီး အကြံပေးသည့်အတိုင်း စိုက်ပျိုးရေးဒီဂရီကို ရအောင် ယူပြီး 'ဒီဂရီ'ဆိုသော ဂုဏ်ကိုတော့ အဖေ ကြိုက်လောက်ပါသည်။ ဒါနှင့်ပင် အဖေ့ကို နှစ်သိမ့်တော့မည်ဟု သာမန်မျှ တွေးတောကာ 'ကျွန်တော် စတိုင်ပင်ရမည်ဆိုလျှင် စိုက်ပျိုးရေးသင်တန်းကို တက်ပါမည်'ဟု ဆရာကြီးအား ပြောလိုက်ရပါတော့သည်။ ကျွန်တော် ဆရာကြီး၏အမအစဖြင့် စိုက်ပျိုးရေးသင်တန်းသို့ တက်ခွင့်ရခဲ့ပြီးနောက် အဖေ့ထံသို့ 'ကျွန်တော် စတိုင်ပင်နှင့် ဒီဂရီ ဆက်ယူရမည်၊ ကျောင်းဆင်းလျှင် စိုက်ပျိုးဝန်ထောက်ဖြစ်မည်'ဟူ၍ သာမန်မျှသာ ရေးလိုက်ပါသည်။

အဖေ့ထံမှ စာပြန်လာသောအခါ အဖေမှာ တစ်စုံတစ်ရာ ကန့်ကွက်စရာမရှိရုံမက ယခုကဲ့သို့ သူ့ မတတ်နိုင်သည့်အချိန်အခါမျိုးတွင် ကျွန်တော့်ကုသိုလ်နှင့် ကျွန်တော် မစမည့်သူပေါ်၍ ပညာဆက်သင်ခွင့်ရသည်ကို သူအလွန်ဝမ်းသာကြောင်း ရေးလိုက်လေသည်။





အဖေ့ထံမှ စာပြန်လာသောအခါ အဖေမှာ တစ်စုံတစ်ရာ ကန့်ကွက်စရာမရှိရုံမက ယခုကဲ့သို့ သူ မတတ်နိုင်သည့်အချိန်အခါမျိုးတွင် ကျွန်တော့်ကုသိုလ်နှင့် ကျွန်တော် မစမည့်သူပေါ်၍ ပညာဆက်သင်ခွင့်ရသည်ကို သူ အလွန်ဝမ်းသာကြောင်းကို ရေးလိုက်လေသည်။

ထိုအချိန်အထိ ကျွန်တော့်မှာ ယောင်ချာချာပင် ရှိသေးသည်။ မြို့အုပ်စာမေးပွဲပင် ပြန်ဖြေချင်သေးသလိုလို၊ ဆေးကောလိပ်တက်ဖို့ စတိုင်ပင်ကိုပင် လျှောက်ချင်သေးသလိုလိုနှင့် မတင်မကျပင် ရှိပါသေးသည်။ ပြောင်းလဲခဲ့သော အခြေအနေကို ရုတ်တရက် မသုံးသပ်တတ်နိုင်သေးအောင် ရှိပါသည်။

ထို့နောက် သင်တန်းများစသောအခါတွင် ကျွန်တော့်မှာ အိပ်ရာမှနိုးလာသူပမာ အခြေသစ်အနေသစ်တွင် အသိသစ်အမြင်သစ်တွေ တပြုံကြီးနှင့် တွေးစရာတောစရာတွေလည်း များ၍လာခဲ့ပါသည်။

ကျွန်တော်တို့ လက်တွေ့သင်တန်းများ ဆင်းကြရသောအခါ ကျွန်တော် အဖေ့ကို ခေါ်၍ပြစမ်းချင်ပါသည်။ သူ့သားကို လယ်ထဲဆင်းရမည် စိုးရှာလွန်း၍ အဆင်းရဲ အငတ်ပြတ်ခံကာ ပညာသင်ပေးခဲ့သော အဖေသည် ယခု သူ့သား လယ်ဆင်းထွန်နေရသည်ကို မြင်လျှင် ဘယ်လိုနေမည်နည်း။ ကျွန်တော် မမှန်းတတ်တော့ပြီ။

စိုက်ပျိုးရေးသင်တန်းတန်းများသည် လက်တွေ့သင်တန်းများတွင် သူ့ရာသီအလျောက် လယ်သမားတို့၏ လုပ်ငန်းများကို ကိုယ်တိုင်ဆင်း၍ လုပ်ကြရပါသည်။ ထယ်ထိုးရသည်။ ထွန်မွှေရသည်။ နွားစာကို ကိုယ်တိုင် စီမံပြုလုပ်ရသည်။ နောက် မျိုးကြဲရသည်။ ပျိုးကို ကိုယ်တိုင် နုတ်ရသည်။ လယ်ထဲက ကောက်စိုက်သမများကိုကြည့်ကာ ကိုယ်တိုင်ဆင်း၍ ကောက်စိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤ ကောက်စိုက်သင်သောတစ်ချိန်လုံး ကျွန်တော်သည် နှင်းမြကို သတိရလျက်ရှိသည်။ နှင်းမြကိုသာမက ယခုအခါတွင် လယ်သမားစစ်စစ်ကြီးများဖြစ်နေကြသော ငချွေး၊ ငပွေး၊ စံလှနှင့် ဘကျော်တို့ကိုလည်း သတိရနေသည်။

ကျွန်တော်တို့တတွေမှာ 'ကောလိပ်ကျောင်းသား' ဟူသော အရှိန်အဝါဖြင့် ဟန်တလုံးပန်တလုံး နေလာခဲ့ကြသမျှ လယ်ထဲကျမှ ဂိုက်ပဲ့ခဲ့ကြရသော်လည်း ကိုယ့်အဖော်အပေါင်း ကျောင်းသားများနှင့် တပျော်တပါးကြီးဖြစ်၍ စိတ်ညစ်သည်ဟူ၍တော့ မရှိပြီ။

ကောလိပ်ကျောင်းသားဘဝကတော့ မိုးအခါဆိုလျှင် ခြေထောက်ကလေးကိုပင် ရွှံ့ပေမှာ အလွန်စိုးခဲ့သည်။ ယခုတော့ တစ်ကိုယ်လုံး ရွှံ့ထဲဆင်းပြီး အချင်းချင်းလည်း ရွှံ့နှင့်ပက်၍ပင် ကစားကြပြီး ပျော်ပါးခဲ့ကြရသည်။ တကယ်တော့ လယ်ထဲကဘဝမျိုးသည်လည်း ပျော်စရာဘဝမျိုး ပေတကား။

ကျွန်တော်တို့ လုပ်ပုံကိုင်ပုံမှာ စနစ်ကျလှသည် မရှိ။ အလွဲလွဲအချော်ချော်ဖြစ်တတ်၍ သင်တန်းဆရာက မကြာခဏ ပြောရသည်။ ခိုနေလို့မရ။ ကတ်နေလို့မရ။ ရွှံ့ထဲရေထဲ ဆင်းရမှာကြောက်နေလို့လည်း မရ။ ရွှံ့ပေမှာကြောက်၍ တွန့်ဆုတ်တွန့်ဆုတ်နှင့်များ လုပ်နေမိလျှင် ဆူတတ်ပါသည်။ တစ်ခါတစ်ခါလည်း 'ကဲ၊ မောင်တို့ လယ်သမားအလုပ်ကိုလုပ်တာ ရွှံ့ရေကြောက်နေလို့ မဖြစ်ဘူး။ ရွှံ့ကို ချစ်တတ်မှ၊ ရေကိုချစ်တတ်မှ လယ်သမားဖြစ်တယ်'ဟု ဖျောင်းဖျပြောဆိုတတ်ပါသည်။ ဤသို့ လက်တွေ့သင်တန်းများ ဆင်းရသောနေ့ဆိုလျှင် ကျွန်တော်တို့မှာ ခြေပစ်လက်ပစ် မောရှိ၍ နေတတ်ကြပါသည်။





တစ်ခါတစ်ခါ ဤသို့မောနေရင်းက ကျွန်တော်၏ ဘဝအကျိုးပေး ဆန်းကြယ်ပုံကိုတွေးတောကာ ပြုံးမိပါသေးသည်။ အဖေက သားကို လယ်ထဲကလွတ်အောင်ဆိုပြီး ပညာ ကြောင်းကောင်းသင်ပေးခဲ့ပါမှ သားက လယ်ထဲဆင်း ပညာသင်နေရသည်ကို အဖေများ မြင်ရလျှင် ဘယ်လိုများ ပြောဦးမည်နည်း။ ရင်ကိုများ ထုလေမည်လား။ လယ်ထဲဆင်း လုပ်ရမယ့် ဝန်ထောက်လုပ်ဖို့ သင်တန်းဆင်းရတာပဲဆိုပြီး ဂုဏ်ယူမလား။ ကျွန်တော် တွေးကြည့်မိသည်။

ဤသို့ တွေးရင်းက 'ဟုတ်ပါရဲ့။ ငါ့မှာ အိုင်အက်စီ အောင်သည်အထိ ငါ့ဘဝ ငါ့အခြေ ဘယ်လိုဆိုတာ မမြင်ဘဲ ထင်တစ်လုံးနှင့် ပညာတွေ သင်လာလိုက်တာ တကယ်တော့ လေပူဖောင်း မှုတ်ရသလိုပဲ။ ဖောင်းခန် ကွဲတော့မှ အထဲမှာ ဘာမျှမရှိမှန်း သိရတော့တာပဲ'ဟုလည်း တောင်စဉ်ရေမရ တွေးတောခဲ့မိသည်။ စိတ်ပျက်ချင်သလိုလို၊ အားလျှော့ချင်သလိုလို နားဝေတိမ်တောင် ဖြစ်ရင်းကပင် ကျွန်တော် သင်ယူလေ့လာနေသောပညာရပ်မှာ သေးငယ်သော လုပ်ငန်းမဟုတ်သည်ကို သတိပြုမိလာပါသည်။

ကျောင်းအားသော တစ်နေ့ညနေခင်းတွင် ကျွန်တော်တစ်ယောက်တည်း အောင်ပင်လယ်ဘက်သို့ လမ်းလျှောက်၍ ထွက်ခဲ့ပါသည်။ လယ်ကွင်းတို့သည် စိမ်းလန်းစိုပြည်လျက် ရှိကြသည်။ ဤကျယ်ပြန့်သောကွင်းထဲတွင် ကျွန်တော်တို့ ကိုယ်တိုင်ဆင်း၍ လက်တွေ့ထွန်ယက်စိုက်ပျိုးခဲ့ရသော အကွက်များလည်း ပါသည်။

ကျွန်တော်လည်း လေညင်းကလေးတိုက်၍ တအိအိ တလိမ့်လိမ့်လှုပ်ရှားနေသော စပါးလယ်ကွင်းများ၏ သဘာဝအလှကို ကြည့်ရှုငေးမောရင်း လေအေးကလေးကို ရှူရှိုက်ကာ တစ်ကိုယ်တည်း လျှောက်လာခဲ့သည်။ လျှောက်ရင်းလည်း တစ်ကိုယ်တည်း အတွေး



www.burmeseclassic.com

www.burmeseclassic.com



ချဲ့ကာ ကျွန်တော့်ကိုယ် ကျွန်တော် မေးလိုက်ဖြေလိုက်နှင့် အတော်ကလေး ခရီးပေါက်ခဲ့လေသည်။

"လယ်တွေဟာ လှတယ်နော်"

"အင်း၊ လှတယ်။ သိပ်လှတာပဲ"

"ဒီအထဲမှာ မင်းတို့စိုက်ခဲ့တဲ့ လယ်တွေလည်း ပါတယ်။ မင်းလည်း ဒီအလှအပမျိုးကို တစ်ဘက်တစ်လမ်း ပါဝင်ဖန်တီးရသူအနေနှင့် ဝမ်းမသာဘူးလား"

"အင်း၊ ဝမ်းသာပါတယ်"

"ဒါပေမယ့် မင်း အခု လယ်ထဲဆင်းပြီး အလုပ်လုပ်နေရပြီမဟုတ်လား။ မင်းနှင့်ရိုးရာလယ်သမား ဘာများ ထူးသေးလဲ။ ဟိုဘက်အကွက်က မင်းတို့လုပ်တယ်။ ဟဲ၊ ဘယ်လိုထူးလဲ"

"အလုပ်သဘောအရတော့ မထူးပါဘူး။ ဒါပေမယ့် ငါဟာလယ်သမားအစစ်တော့ မဟုတ်ဘူး။ ငါဟာ ကောလိပ်ကျောင်းသားပဲ"

"ကောလိပ်ကျောင်းသားဆိုတာကကော ဘာလဲ။ လူပဲ မဟုတ်လား။ လယ်သမားလည်း လူပဲ မဟုတ်လား။ ကောလိပ်ကျောင်းသားဆိုတာ မိုးပေါ်က ကျလာတာလား"

"မဟုတ်ပါဘူး။ ဒါပေမယ့် ကောလိပ်ကျောင်းသားဆိုတာရိုးရာလယ်သမားလို လယ်တစ်ခုတည်း လုပ်တတ်တာ မဟုတ်ဘူး။ သူဟာ ကောလိပ်မှာ အထက်တန်းပညာတွေကို သင်နေတဲ့လူပေါ့"

"အထက်တန်းပညာဆိုတာ ဘယ်လိုဟာတွေလဲ"

"အစုံပေါ့။ ဝိဇ္ဇာပညာရပ်တဲ့၊ သိပ္ပံပညာရပ်တဲ့"

"ဝိဇ္ဇာပညာရပ်တွေဆိုတာက ဘာတွေတဲ့လဲ။ ပြောစမ်းပါဦး"

"ဝိဇ္ဇာပညာရပ်တွေဆိုတာကတော့ အမျိုးမျိုးပေါ့။ ကျိုးကြောင်းဆင်ခြင်တုံတရားကို လေ့လာတဲ့ပညာတွေ၊ နိုင်ငံသမိုင်း၊ လူ့သမိုင်း





ကို လေ့လာတဲ့ပညာတွေ၊ စာပေဝေါဟာရတို့ကို လေ့လာတဲ့ပညာတွေ။ အစုံပေါ့"

"သိပ္ပံပညာရပ်တွေ ဆိုတာကကော"

"သိပ္ပံပညာရပ်တွေဆိုတာက အရာဝတ္ထုတို့ရဲ့ သဘာဝကိုလေ့လာစူးစမ်းတဲ့ ပညာတွေလေ။ စကြဝဠာတစ်ခုလုံးမှာ ရှိရှိသမျှ၊ ဖြစ်ဖြစ်သမျှတို့ရဲ့ ဇာစ်မြစ်သဘာဝကို ရှာဖွေပြီး နားလည်အောင်လုပ်တဲ့ ပညာရပ်တွေပေါ့။ ဒါတွေကို ရှာတဲ့ဖွေတဲ့ပညာရပ်လည်း ရှိတယ်။ ရှာလို့ဖွေလို့ တွေ့သမျှသိသမျှကို အသုံးချပေးတဲ့ ပညာတွေလည်း ရှိတယ်"

"အင်း၊ ဒါကတော့ ဟုတ်ပါပြီလေ။ ဒီလို ပညာရပ်တွေကိုလေ့လာသင်ယူပြီးတော့ ဘာတွေများ လုပ်နိုင်လဲ"

"ဘာလုပ်နိုင်လဲဆိုတာတော့ ပြောဖို့ခက်တယ်။ ပညာဆိုတာအသိပညာနှင့် လက်မှုပညာ ရှိတယ်။ လက်မှုပညာဆိုတာကတော့သင်လို့တတ်ရင် တစ်ခုခု လုပ်နိုင်တယ်။ ဥပမာ လက်သမားပညာတတ်ရင် အိမ်ဆောက်တတ်တယ်။ စားပွဲကုလားထိုင် လုပ်တတ်တယ်ပေါ့။ အသိပညာဆိုတာကတော့ သိတာပဲ ရှိတယ်ပေါ့"

"ဥပမာ လယ်သမားအတတ်ပညာဆိုပါတော့။ အခု မင်းတို့သင်နေရတဲ့ပညာနှင့် ဘာတွေလုပ်နိုင်လဲ"

"ဒါတော့ လယ်သမားအတတ် သင်လို့တတ်ရင် လယ်လုပ်တတ်မှာပေါ့"

"ရိုးရာလယ်သမားလည်း လယ်တော့ လုပ်တတ်တာပေါ့"

"ဒါတော့ ဟုတ်တယ်။ ဒါပေမယ့် သင်တန်းဆင်း စနစ်တကျတတ်တဲ့လူက ရိုးရာလယ်သမားထက် အသိအမြင်ပိုတယ်။ ဥပမာသူ့လယ် ပိုးကျရင် ဘယ်လိုလုပ်ရမယ်ဆိုတာ သိတယ်။ သီးနှံပိုထွက်

www.burmeseclassic.com



အောင် ဘယ်လိုမြေဩဇာ ထည့်ပေးရမယ်ဆိုတာ သိတယ်။ မျိုးကောင်း မျိုးသန့်ထွက်အောင် ဘယ်လိုစိုက်ရမယ်ဆိုတာ သိတယ်။ ရိုးရာ လယ်သမားကတော့ ဒါတွေကို မိရိုးဖလာ သွန်သင်မှုလောက်နှင့် ပြီးတာပဲ"

"ကောင်းပြီလေ။ ဒီတော့ ခုလို သင်တန်းကဆင်းလာတဲ့ လူက ပိုသိတယ် ထားပါတော့။ ဒါပေမယ့် သူက လယ်လုပ်စား မယ့်လူမှ မဟုတ်ဘဲ။ သူက သင်တန်းဆင်းရင် အစိုးရအရာရှိအဖြစ် နှင့် ဝန်ထောက်လုပ်မယ့်လူပဲ။ သူက ဘာလုပ်နိုင်မှာလဲ"

"သူက လယ်သမားတွေကို အသိသစ်အမြင်သစ် လုပ်နည်းသစ် တွေ လမ်းပြပေးမယ်။ ဦးဆောင်ပေးမယ်"

"ဒါပေမယ့် ဒါကို သူ တကယ်ဆောင်ရွက်ပေးနိုင်ရဲ့လား။ သူ့ရဲ့ဦးဆောင်မှုကို လယ်သမားတွေက လိုက်နိုင်ကြပါ့မလား။ လိုက်ကော လိုက်ချင်ကြပါ့မလား"

"ဒါလည်း စဉ်းစားစရာပါပဲ"

"တက္ကသိုလ်က သိပ္ပံပညာရှင်တစ်ယောက်နှင့် လယ်ထဲက လယ်သမားတစ်ယောက် ဘဝချင်းကတော့ အတော်ကွာခြားတယ်။ လယ်သမားဆိုတာ သူတို့ရဲ့ မိရိုးဖလာနည်းစနစ်တွေကို စွန့်ချင်ကြ တာ မဟုတ်ဘူး။ ခေတ်ပညာဆိုတာကိုလည်း နားမလည်ကြဘူး။ တက္ကသိုလ်ကျောင်းဆိုတာ လူပေါ်ကြော့တွေနေတဲ့ နေရာ၊ အရာရှိ အရာခံဆိုတဲ့ လူ့မလိုင်ခဲတွေ မွေးထုတ်တဲ့နေရာဆိုပြီး မြင်ကြတယ်။ သည်ဆီကလာတဲ့လူတွေက လယ်ထွန်ပြမယ်၊ ထယ်ထိုးပြမယ်ဆိုရင် သူတို့ ဘယ်လို ကြည့်ကြမလဲ"

"ဟုတ်တယ်။ အထူးအဆန်းအဖြစ်နှင့်တော့ ကြည့်ကြမှာပဲ။ ဖိုးစိန်ကြီး ကာကဝလ္လိယဇာတ်ခင်းပြီး ဆင်းရဲပြတာကို ကြည့်သလို ပေါ့"





"ဒီလိုဆိုရင် သူတို့ရဲ့ ရှေ့ဆောင်လမ်းပြလုပ်ဖို့ဆိုတဲ့ ရည်ရွယ် ချက်ကော အောင်မြင်နိုင်ပါ့မလား"

"ဟုတ်တယ်။ ဒါလည်း စဉ်းစားဖို့ပဲ။ မြန်မာ့လူနေမှုအဆင့် အတန်းတွေနှင့် သဘောထားတွေကတော့ ဒီလူနှစ်ယောက်ကို စေ့စပ် ပေးဖို့ ခပ်ခက်ခက်ပဲ။ ဒါပေမယ့် ဖြစ်နိုင်ပါတယ်လေ။ နှစ်ဦးနှစ်ဘက် သဘောပေါက်ကြဖို့ လိုတာပါပဲ"

"သဘောပေါက်အောင် ဘယ်လို လုပ်မလဲ။ ကဲ၊ ဆိုစမ်းပါဦး"

"တက္ကသိုလ်ကျောင်းထွက် လယ်သမားက လယ်ထဲက လယ် သမားကို ယုံအောင်လုပ်ပြပေါ့။ သူဟာ အရာရှိအရာခံ ဗိမ်ခံလူတန်း စား မဟုတ်ပါဘူး။ လယ်သမားပါပဲဆိုတာကို လက်တွေ့လုပ်ပြ ရမှာပေါ့။ လက်တွေ့မပြနိုင်ရင်တော့ လယ်ထဲကလူက မယုံပေဘူး"

"ဒါဖြင့် သူလည်း လယ်ထဲမှာပဲဆင်းပြီး အလုပ်လုပ်ပြ ရတော့မှာပေါ့။ ခဏတဖြုတ်မဟုတ်ဘဲ အချိန်ပြည့် လုပ်ပြနေမှလည်း ယုံမှာနော်"

"အချိန်ပြည့် လယ်သမားပဲဆိုပါတော့။ သူက အစိုးရစရိတ် နှင့် လယ်လုပ်တဲ့ လယ်သမားပေါ့"

"ဒါဟာ သဘောတရားအရတော့ ဟုတ်တယ်။ တကယ့် လက်တွေ့ကျတော့ တက္ကသိုလ်ကျောင်းထွက်တစ်ယောက်ဟာ လယ်ထဲဆင်းပြီး အလုပ် လုပ်နေချင်ပါ့မလား။ သူ တက္ကသိုလ်ကိုသွား ပြီး ပညာသင်တာဟာ ဘာလုပ်ဖို့လဲ။ အရာရှိအရာခံလုပ်ပြီး ဗိမ်နှင့် နေဖို့ မဟုတ်ဘူးလား"

"ဒါ စဉ်းစားစရာပဲ။ တက္ကသိုလ်လိုနေရာမျိုးမှာ ပညာသင်ခဲ့ တော့လည်း သည်ကထွက်ပြီး လယ်ထဲဆင်း အလုပ်လုပ်ရမယ်ဆိုတာ တော့ ကြိုက်ကြမယ် မဟုတ်ဘူးပေါ့။ ဒါပေမယ့် တက္ကသိုလ်ပညာ

www.burmeseclassic.com



ဆိုတာဟာ အရာရှိအရာခံဖြစ်ဖို့ ပမာနမဟုတ်ဘူး။ အသိဉာဏ်အမြင်ဉာဏ် ရင့်သန်မှု၊ အကြားအမြင်များမှုအတွက်သာ ပမာနဖြစ်တယ်လို့ သဘောထားသင့်တာပဲ။ ဒီလို သဘောထားမှ မှန်မယ်။ အလုပ်ဆိုတာကတော့ ကိုယ့်အလုပ်ကို ကိုယ်လုပ်ကြရမှာပဲ။ တို့တိုင်းပြည်မှာကတော့ တက္ကသိုလ်ပညာသင်တာဟာ အရာရှိအရာခံ လခစားအလုပ်လုပ်ဖို့လို့ပဲ လူတွေက မြင်ကြတယ်။ ဒါဟာ အမြင်မှန်မဟုတ်ဘူး"

"မင်းရော၊ အခု တက္ကသိုလ်မှာ သင်တန်းတက်နေတယ် မဟုတ်လား။ ဒါဟာ တကယ် လယ်လုပ်ဖို့လား၊ အစိုးရလခစားစိုက်ပျိုးဝန်ထောက် လုပ်ဖို့လား"

"ဒါလည်းပဲ စဉ်းစားစရာပါပဲ။ ဟုတ်တယ်။ အစကတော့ ဘာမှန်းမသိတဲ့ 'ဒီဂရီ'ဆိုတာကို လိုချင်လို့ပဲ။ နောက် 'ဝန်ထောက်' ဆိုတဲ့ ဂုဏ်ရှိတဲ့အလုပ်အတွက် ဖြစ်တယ်။ အခုတော့ ဘာလုပ်ရလုပ်ရ ဝမ်းရေးအတွက် ဖူလုံအောင်ပဲ သဘောထားတော့တယ်။ ဝန်ထောက်လုပ်လည်း အလုပ်ဝတ္တရား ကျေပွန်အောင်တော့ လုပ်ရမှာပဲ။ နာမည်ပဲကောင်းပြီး အနှစ်သာရတော့ ထူးထူးထွေထွေမရှိလှပါဘူး။ ငါ့အဖေဟာ ငါ့ကို အရာရှိအရာခံ သိပ် ဖြစ်စေချင်တယ်။ ဘာဖြစ်လို့လည်းဆိုတော့ သူဟာ လယ်သမားမျိုးရိုးကနေ သွေဖည်ပြီး လခစားလုပ်ခဲ့တယ်။ လခစားလုပ်ရာက လယ်သမားဘဝကို ပြန်ရမှာလည်းကြောက်တယ်။ ငါ့ကို အရာရှိအရာခံ ဖြစ်စေချင်တယ်ဆိုတာက သူ့စိတ်က ကောင်းမယ်ထင်တာကိုသာ ပြောတာ။ တကယ်တော့ သူ ဘာမျှ မသိပါဘူး။ လခစားအလုပ်ပဲ အလုပ်ထင်ဟန် တူတယ်။ သူ့ဘဝ သူ့အခြေကို နှစ်ခြိုက်လို့တော့ မဟုတ်ဘူး။ ဒါပေမယ့် သူ့ထက် နည်းနည်းမြင့်တဲ့ မြို့အုပ်ဝန်ထောက်လောက်ဆိုရင် ကောင်း





လိမ့်မယ်ထင်ပြီး အထင်နှင့်ပြောတာပဲ။ တကယ်တော့ ဝန်ထောက်၊ မြို့အုပ်၊ စာရေးစာချီအလုပ်လည်း အလုပ်ပဲ။ လယ်သမားအလုပ်လည်း အလုပ် ပဲဆိုတာကို သဘောမပေါက်ဘူး"

"မင်းအဖေကတော့ သဘောမပေါက်ဘူးဆိုရင် ထားတော့။ မင်းကကော သဘောပေါက်ရဲ့လား"

"အခု ဒါကိုပဲ စဉ်းစားနေတယ်။ အစကတော့ အဖေ့လိုပါပဲ။ လခစားအလုပ်နှင့်လူက လူရည်လူရောင်ပြောင်တယ် ထင်ခဲ့တယ်။ ကောလိပ်ကိုရောက်ပြီး ကိုယ့်လူတွေထဲက ဒီလိုပဲ အရာရှိအရာခံထွက်ထွက်လုပ်ကြတဲ့လူတွေကို ကြည့်တော့ သိပ်မထူးခြားလှဘူးဆိုတာ တွေ့ရတယ်။ သူတို့အလုပ်ဟာ ဘာလဲဆိုတာ သိရတော့ကိုယ်ပိုင်အလုပ်လုပ်တဲ့လူတွေကို ပိုပြီး အားကျလာတယ်"

"မင်း အခုလို တက္ကသိုလ်မှာ ပညာသင်ပြီး ကျောင်းကထွက်ရင်ကော ကိုယ်ပိုင်အလုပ်တစ်ခုခု လုပ်ဖို့ စိတ်ကူးသလား"

"ကူးတယ်"

"ဘယ်လိုအလုပ်မျိုး လုပ်မလဲ"

"စဉ်းစားနေတုန်းပဲ"

"ကဲ၊ စဉ်းစား။ မင်း အခု လယ်ယာလုပ်ငန်းသင်တန်းတွေ ဆင်းနေတယ် မဟုတ်လား။ လယ်သမားအလုပ်ကော၊ လယ်သမားအလုပ်ဟာ မြန်မာပြည်မှာ အကြီးကျယ်ဆုံးလုပ်ငန်းပဲ မဟုတ်လား။ မင်းအဖို့ ဝမ်းရေးဆိုတာလည်း ပြဿနာမဟုတ်ဘူး၊ ဒါကို စဉ်းစားသလား"

"စဉ်းစားပါတယ်။ ဒါပေမယ့် အဖေ့ကိုလည်း နှစ်သိမ့်ချင်သေးတယ်"

"မင်းအဖေဟာ ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"စာရေးကြီးလေ၊ လခစားပေါ့"

"သူ့အလုပ်ကို သူ နှစ်ခြိုက်ရဲ့လား။ စားဖို့သောက်ဖို့ကော လုံလောက်ရဲ့လား"

"အင်း၊ ခဏခဏတော့ ညည်းတာပဲ။ အထက်လူကို ကြောက်ရတာလည်း ရှိတယ်။ ဝမ်းရေးအတွက်တော့ ဖူလုံရုံပဲ ရှိတယ်ဆိုပါတော့။ သားကလေးသမီးကလေးတွေ ပညာသင်ပေးတဲ့အတွက်တော့ အကြွေးတင်တာပေါ့"

"မင်း နှင်းမြကိုရော သတိရသေးရဲ့လား"

"နှင်းမြကိုတော့ ဘယ်မေ့မလဲ"

"နှင်းမြတို့အဖေက ဘာလုပ်လဲ"

"လယ်သမားပေါ့"

"သူတို့ကကော သူတို့ဘဝသူတို့ နှစ်ခြိုက်ကြရဲ့လား။ စားဖို့သောက်ဖို့ရော လုံလောက်ကြရဲ့လား"

"သူတို့အလုပ်နှင့် သူတို့တော့ ပျော်ပုံရပါတယ်။ ဝမ်းရေးကတော့ မပူရဘူး။ ပြည့်ပြည့်စုံစုံပဲ။ လှူဖို့တန်းဖို့လည်း ပိုပိုလျှံလျှံ ရှိတယ်"

"မင်းအဖေဟာ အင်မတန်ခေါင်းမာတဲ့ လူစားလား"

"ဒီလိုရယ်လို့လည်း မဟုတ်ပါဘူး"

ကျွန်တော်လည်း အတွေးအမျှင်မပြတ်နိုင်သည်နှင့် ခြေဦးတည့်ရာသို့ အမှတ်မထင်လျှောက်ခဲ့ရာ အတော်ကလေး မှောင်စပျိုးလာမှ ကျွန်တော် လယ်ကွင်းများအလယ်တွင် ရောက်နေကြောင်းကို သတိပြုမိတော့သည်။ ကျွန်တော်လည်း ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်ပြီး ကျောင်းဘက်သို့ ပြန်၍ လျှောက်ခဲ့သည်။





မှောင်နေပြီဖြစ်၍ ကန်သင်းရိုးလမ်းကို ကောင်းစွာ မမြင်ရ။ မကြာခဏပင် ခြေချော်ကာ ရွှံ့ထဲသို့ တစွတ်စွတ်ကျသည်။ သို့သော် ကျွန်တော်သည် ရွှံ့ပေမည်ကို မစိုးရိမ်တော့ဘဲ ဖိနပ်ကို ချွတ်၍ ကိုင်ကာ ခပ်ရဲရဲနင်း၍လျှောက်လာရင်း စောစောက တွေးလက်စကို ပြန်ကောက်လာခဲ့၏။

ကျွန်တော်၏ နောက်ဆက်တွဲအတွေးများတွင်ကား အေးမြကြည်လင်၍ တောက်ပသောမျက်လုံးနှင့် ချစ်စဖွယ်ရိုးသားသော အပြုံးကလေးတို့၏ပိုင်ရှင် နှင်းမြသည် ကျွန်တော်၏ဘေးက တွဲလျက်တွဲလျက် ပါနေပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

## မေတ္တာသံသရာ

ထိုနေ့က ဆရာမဒေါ်မြရှင် အတန်းထဲဝင်လာတော့ သူ့မျက်နှာ မသာယာလှသည်ကို ကျောင်းသူကျောင်းသားများ သတိပြုမိကြသည်။ အချို့က အချင်းချင်းလက်တို့၍ တီးတိုးပြောကြ၏။

ခါတိုင်းဆိုလျှင် ဆရာမဒေါ်မြရှင်သည် အလွန် ကြည်လင်ရွှင်ပျသောမျက်နှာဖြင့် အတန်းထဲသို့ဝင်လာလေ့ရှိပြီး သွက်လက်ဖျတ်လတ်စွာ စာသင်လေ့ ရှိသည်။ စာအသင်အပြ ကောင်းခြင်း၊ တပည့်များကို ချစ်ခင်ကြင်နာတတ်ခြင်းတို့အပြင် သူ၏ အမြဲရွှင်ပျသောမျက်နှာထားကြောင့် ကျောင်းသူကျောင်းသားများမှာ ပျင်းရိခြင်း မရှိ။ စိတ်အာရုံအပြည့်စိုက်၍ စာ လိုက်နိုင်ကြသည်။ သင်ပြရာတွင် ရှင်းလင်းပြတ်သားလှသော ဒေါ်မြရှင်လို ဆရာမမျိုး၏ တပည့်ဖြစ်ရသည်မှာ ဂုဏ်ယူစရာဟုထင်သော ကျောင်းသားများလည်း များစွာရှိ၏။

ယနေ့ သူတို့ဆရာမ ဘာကြောင့် မျက်နှာမကောင်းပါလိမ့်မည်နည်းဟု ကျောင်းသူကျောင်းသားများက သိချင်ကြသည်။ ဒေါ်မြရှင် ယခုလို မျက်နှာအိုနေသည့်အခါလည်း နည်းလှ၍ သူတို့အဖို့ ထူးဆန်း၍နေပေသည်။





ဒေါ်မြရှင်မှာ အသက် ၃၅ နှစ်ခန့် ရှိပြီဖြစ်သော်လည်း အရွယ်တင်သည်ဟု ဆိုရမည်။ အလုံးအရပ် အချိုးအစားကျနန၍ ကြည်လင်ရွှင်လန်းသောမျက်နှာ ရှိသည်။ တောက်ပသောမျက်လုံးများ ရှိသည်။ အနည်းငယ်ကျုလိုဟန်ရှိသော်လည်း ကြည့်လို့ကောင်းရုံမျှသာ ဖြစ်၏။ ဆရာမမို့ ဣန္ဒြေသိက္ခာနှင့်နေရသော စာသင်ခန်းများမှအပ တွင် ဒေါ်မြရှင်ကို တွေ့ရသူသည် သူ့အား ၃၅ နှစ်ရှိပြီဟု မထင် ကြချေ။

ပညာအရွှဆင့်အတန်းကလည်း ဘီအေ–ဘီအီးဒီ၊ ရုပ်ရည်ကလည်း ချော၊ သဘောကလည်း ကောင်း၊ အပြောကလည်း ချိုပါလျက် ဤအသက် ဤအရွယ်တိုင်အောင် အိမ်ထောင်ဖက်မရှိသေးဘဲ တစ်ကိုယ်ရေတစ်ကာယ အပျိုကြီးဘဝနှင့် နေနေရခြင်းကို အံ့သြကြ၏။

မိန်းမများ အထက်တန်းပညာတွေ တတ်လာတော့ 'မှိုပေါက်ရာ ငါမရောက်၊ ငါရောက်ရာ မှိုမပေါက်' ဆိုသလို အလယ်လပ်ပြီး အပျိုကြီးဘဝနှင့် အရိုးထုတ်ရတတ်သည် ဟူသော ယေဘူယျသဘောပြောဆိုချက်တော့ ရှိသည်။ သို့သော် ဒေါ်မြရှင်ကို ကြည့်ရသည်မှာ သြာမာနတက်နေသူဟူ၍ ထင်မြင်လောက်စရာ တစ်စုံတစ်ရာ မရှိပါချေ။ သူ့အနေမှာ ရိုးသား၏။ ပွင့်လင်း၏။ ခင်မင်တတ်၏။ မာန်မာနတရား နည်းပါး၏။ လူတိုင်းကို သူ ပြုံးပြုံးရွှင်ရွှင် စကားပြောတတ်သည်။

အတန်းရှေ့သို့ရောက်၍ စင်မြင့်ကလေးပေါ်သို့ လှမ်းတက်ကာ ကျောင်းသူကျောင်းသားများဘက်သို့ မျက်နှာမူ၍ ရပ်မိသောအခါ အတန်းထဲက တီးတိုးသံများ တိတ်သွား၏။ မျက်နှာအမူအရာ ထူးခြား၍လာသော သူတို့၏ဆရာမကိုသာ အကဲခတ်ရင်း ငြိမ်သက်စွာ ကြည့်နေကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခါတိုင်း အတန်းထဲသို့ဝင်လာပြီး အချိန်ကုန်မခံဘဲ တစ်ခါတည်းတန်း၍ စာသင်လေ့ရှိသောဆရာမသည် ယနေ့ အတန်းကို မျက်နှာမူလျက် တစ်စုံတစ်ခုပြောစရာရှိသလို တွေ၍ရပ်နေလေရာ ကျောင်းသူကျောင်းသားများမှာ ဆရာမပြောမည့်စကားကိုသာ အာရုံစောကာ အသက်ပင် ပြင်းပြင်းမရှူမိဘဲ နားစွင့်၍နေကြဟန်တူပေသည်။

အတန်ကြာအောင် ငြိမ်သက်နေရာမှ ဆရာမက 'ဒီကနေ့' ဟု စကား စ၍ပြောသည်။ ဆရာမမှာ ခါတိုင်းကဲ့သို့သော သင်ခန်းစာမျိုးမဟုတ်ဘဲ ထူးခြားသောစကားများ ပြောရန်ရှိသည့်လက္ခဏာ ပေါ်လွင်လျက်ရှိသည်။ ခါတိုင်းကဲ့သို့ သွက်သွက်လက်လက်လည်း မဟုတ်။ ပြောမည့်စကားလုံးများကို တစ်လုံးချင်း ရှာဖွေ၍ စီနေရဟန်တူလေသည်။

"ဒီကနေ့ ဆရာမ တပည့်တွေကို ဝမ်းနည်းစွာနှင့် နှုတ်ဆက်ရအောင် လာခဲ့တယ်"ဟု ပြောလိုက်သောအခါ တစ်တန်းလုံး လှုပ်လှုပ်ရွရွဖြစ်လာကာ 'ဟယ်' ဟူသော အံ့ဩဝမ်းနည်းသောအသံများ ထွက်ပေါ်လာပြီး ချက်ချင်းဆိုသလိုပင် ငြိမ်သက်သွားလေရာ အပ်ကျသံပင် ကြားရမတတ်ရှိလေ၏။

"ဆရာမ မလွှဲမရှောင်သာတဲ့ အကြောင်းကိစ္စတစ်ခုကြောင့် နှစ်လယ်ကြီးမှာ ရုတ်တရက် ထွက်စာတင်လိုက်ရတာကို ဝမ်းနည်းပါတယ်"

တစ်တန်းလုံး ငြိမ်သက်နေရာမှ ကျောင်းသူကျောင်းသားများ တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ဝမ်းနည်းဟန်ကို ပြလျက်ရှိကြ၏။ ဆရာမဒေါ်မြရှင်မှာ သူတို့ချစ်သောဆရာမ မဟုတ်လား။





"ဆရာမ အစကတော့ တပည့်တွေကို နှုတ်ဆက်ရင်း ဆုံးမသြဝါဒစကားလေးတွေ ပြောခဲ့ဦးမယ်လို့ စိတ်ကူးပြီး လာခဲ့တာပဲ။ ပြောခဲ့ချင်တာတွေ၊ စာမေးပွဲအတွက် မှာခဲ့ချင်တာတွေ အများကြီး ပါပဲ။ ဒါပေမယ့် ဆရာမ ဘယ်လိုပြောရမယ် မသိတော့ဘူး"

ဆရာမ၏အသံမှာ တကယ်ဝမ်းနည်းနေသောအသံ ဖြစ်သည်။ ခါတိုင်း စာသင်သလိုအသံမျိုး မဟုတ်ချေ။

"ဒါလောက်လိမ္မာ၊ ဒါလောက် ကြိုးစားပြီး၊ ဒါလောက် ဆရာမ အပေါ်မှာ ရိုရိုသေသေ လေးလေးစားစား ချစ်ခင်ကြတဲ့ တပည့်တွေနှင့် ခွဲခွာသွားရမှာကိုတော့ ဆရာမ လှိုက်လှိုက်လှဲလှဲ ဝမ်းနည်းမိပါတယ်"

ဆရာမ အသံတုန်လာသဖြင့် ခေတ္တမျှ ရပ်ထားလိုက်ပြီး စာသင်ခန်း၏အပြင်ဘက်ဆီသို့ ငေးကြည့်နေလိုက်လေသည်။ ထို့နောက် အတန်ကြာမှ ဆက်လက်၍–

"ကျောင်းသူကျောင်းသားအားလုံးကို ဆရာမ သိပ်ချစ်တယ်။ တစ်ယောက်စီ တစ်ယောက်စီကိုလည်း ဆရာမ ချစ်ပါတယ်" ဟု ပြောပြီး ရပ်ထားပြန်၏။ အတန်းမှာ ငြိမ်သက်လှပေသည်။

ဆရာမလည်း အတန်ကြာ တွေဝေနေပြီး တစ်စုံတစ်ခုကို ပြောဦးမည်ပြုပြီးမှ "ဒါပါပဲ။ ဆရာမ သွားဦးမယ်"ဟု တိုတောင်းစွာ ပြတ်လျက် အတန်းထဲမှ လျင်မြန်စွာထွက်သွားလေတော့ရာ ကျောင်းသူကျောင်းသားများမှာ ပါးစပ်အဟောင်းသားနှင့် အံ့အားသင့်၍ ကျန်ရစ်ခဲ့ကြလေ၏။

ဆရာမလည်း အတန်းအပြင်ဘက်တွင် ခေတ္တရပ်၍ မျက်နှာကို လက်ကိုင်ပဝါနှင့်တို့လိုက်ပြီး ခပ်သုတ်သုတ်ကလေး ထွက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



စာသင်ခန်းထဲတွင် ကျန်ရစ်ကြသော ကျောင်းသားများမှာ မိနစ်ပေါင်းများစွာ ဘာမှမပြောနိုင်ဘဲ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ အံ့အားသင့်နေကြသောကြောင့် ဆရာမကိုမှ ပြန်၍ နှုတ်မဆက်လိုက်နိုင်ကြချေ။ အတန်ငယ်ကြာမှ အတန်းနောက်ကွယ် ခပ်ကျကျတွင် ထိုင်နေသော ကျောင်းသားတစ်ယောက်သည် ရုတ်တရက် ထ၍ ဆရာမနောက်သို့ ကပျာကယာ ပြေးထွက်လိုက်သွားလေ၏။

"ဆရာမ၊ ဆရာမ"

အတော်ကလေး ဝေးသွားပြီဖြစ်သော ဆရာမဒေါ်မြရှင်လည်း နောက်မှခေါ်သံကြား၍ ရပ်ပြီး လှည့်ကြည့်ကာ စောင့်ဆိုင်းနေလေသည်။

"ဘာလဲ မောင်မျိုးလွင်"

မောင်မျိုးလွင်သည် အပြေးကလေးလိုက်သွားပြီး ဆရာမရှေ့သို့ ရောက်လျှင် ဆရာမ၏မျက်နှာကို မကြည့်ဝံ့သလို ခပ်စိုက်စိုက်ငုံ့လျက် ရပ်နေသည်။ ပြီးမှ ဆရာမကို မရဲတရဲမော်ကြည့်ကာ

"ဆရာမ၊ ဆရာမထွက်သွားရင် ကျောင်းသားတွေ ဝမ်းနည်းပက်လက် ဖြစ်ကျန်ရစ်မှာပေါ့ ဆရာမရယ်။ ကျွန်တော်လည်း ဒီကျောင်းက ထွက်သွားဖို့ စာ တင်ထားပါပြီ။ ဆရာမထွက်သွားဖို့ လိုမယ်မထင်ပါဘူး"

"အို၊ အို၊ မောင်မျိုးလွင် ကျောင်းက မထွက်ရဘူး။ မဟုတ်တာ။ စာမေးပွဲကလည်း နီးလှပြီဟာပဲ။ မောင်မျိုးလွင်ရဲ့ထွက်စာကို ဆရာမကြီးရုံးခန်းမှာ တွေ့ခဲ့လို့ ဆရာမပဲ ယူပြီးဆုတ်ပစ်ခဲ့ပြီ"

"ဒါပေမယ့် ဆရာမရယ်၊ ကျွန်တော်"





"မဟုတ်ပါဘူး မောင်မျိုးလွင်။ ဆရာမ ခုလို ရုတ်တရက် ထွက်သွားရတာဟာ ဆရာမရဲ့ တခြားကိုယ်ရေးကိစ္စကြောင့်ပါ။ မောင်မျိုးလွင် စိတ်အေးအေးထားပြီး ကျောင်းတက်ပါ။ စာမေးပွဲ အောင်အောင်လည်း စာကို ကြိုးစား။ ကဲ ကဲ၊ ပြန်"

မောင်မျိုးလွင်မှာ ဘာမျှပြောမထွက်နိုင်သူလို တကယ် ဝမ်းနည်းသောအသွင်လို ဆောင်လျက် ငိုတော့မလိုမျက်နှာနှင့် ဆရာမ ဒေါ်မြရှင်အား စိုက်ကြည့်နေလေသည်။ ဆရာမဒေါ်မြရှင်လည်း မောင်မျိုးလွင်အား ကရုဏာမကင်းသော မျက်လုံးများဖြင့် ကြည့်နေရာမှ စာသင်ခန်းဘက်သို့ တစ်ချက်လှမ်းကြည့်လိုက်ကာ ချာခနဲ လှည့်၍ထွက်သွားလေတော့သည်။

* * *

အိမ်သို့ပြန်ရောက်လျှင် ဒေါ်မြရှင်လည်း အဝတ်အစားကိုမျှ လဲနိုင်ဘဲ အိပ်ရာထဲသို့ဝင်ကာ ခြေပစ်လက်ပစ် လှဲချလိုက်လေသည်။

စောစောက စာသင်ခန်းထဲတွင် ကျောင်းသားတပည့်များအား နှုတ်ဆက်စကားပြောစဉ်က သူ့ရင်ထဲတွင် တစ်ဆို့ဆို့ဖြစ်လာပြီး မျက်ရည်များ လည်လာသလိုဖြစ်သဖြင့် စကားကို တိုတိုဖြတ်ကာ အိမ်ပြန်ရောက်မှ အားရအောင်ငိုတော့မည်ဟု အောက်မေ့ခဲ့သော်လည်း တကယ်တော့ မမြရှင်မှာ ငိုလို့လည်း မရနိုင်ချေ။ စိတ်ထဲတွင် ထိခိုက်စရာ၊ ဝမ်းနည်းစရာတို့ကို တကယ် တွေ့လာလို့မှ ငိုချင်သလို ငိုလို့မထွက်တော့သော သူ့စိတ်အခြေအနေကို ပြန်လှန်သုံးသပ်ရင်း ခပ်ကြောင်ကြောင်ပင် အိပ်ရာပေါ်မှာ ပက်လက်လှန်လျက်

www.burmeseclassic.com



အတွေးပင်လယ်ကြောတွင် နစ်ချည်ပေါ်ချည် မျော၍နေလိုက်မိလေတော့သည်။

ငယ်ငယ်ကတော့ ငိုချင်သည်ဆိုလျှင် ကြိုက်သလို ငိုလို့ရခဲ့သည်။ မျက်ရည်မကျဘဲ အသံချည်း ဟစ်ငိုချင်သည်ဆိုလည်း ငိုတတ်ခဲ့သည်။ မမြရှင်က စိတ်ကြီးလှသဖြင့် သူ့အမေက စိတ်တိုကာ ဝါးခြမ်းတုတ်နှင့် ခပ်စပ်စပ် ရိုက်လေ့ရှိသည်။ ဤလိုရိုက်သည်ကို မခံချင်တိုင်း မမြရှင်က ဆယ်အိမ်ကြား ကိုးအိမ်ကြား ဟစ်၍ဟစ်၍ ငိုခဲ့သည်။ မျက်ရည်ကတော့ တစ်စက်မျှ မထွက်။

နောက်တစ်ခါ အသံတစ်စက်မျှ မထွက်ဘဲ မျက်ရည်ချောင်းစီးအောင် အိပ်ခန်းထဲမှာ တစ်ယောက်တည်း ကျိတ်၍လည်း ငိုခဲ့ဖူးသည်။

ငယ်ငယ်က မမြရှင်မှာ မျက်လုံးပြူးကလေးနှင့် အလွန် ချစ်စရာကောင်းသည်။ ဉာဏ်လည်း ကောင်းသည်။ စိတ်လည်း ထက်သည်။ အတန်းထဲတွင် စာတော်၍ သူ့ကို ဆရာ ဆရာမများက ချစ်သည်။ မြရှင်ကလေး မြရှင်ကလေးနှင့် မှုးမှုးမှုတ်ကြသည်။ အထူးသဖြင့် မမြရှင်ကို မြန်မာစာပြဆရာ ကိုဒေဝက သူများတကာထက် ပိုပြီး အလိုလိုက်ခဲ့သည်။

ဆရာကိုဒေဝမှာ တစ်မြို့တစ်ရွာသားဖြစ်၍ မမြရှင်တို့နှင့် ခြံဝင်းချင်းကပ်လျက်တွင် အိမ်ကလေးငှား၍ တစ်ယောက်တည်းနေသူ ဖြစ်သည်။ ကိုဒေဝက အနုပညာသမားဖြစ်၍ အားလပ်ချိန်များတွင် ပန်းချီကားများ ဆွဲသည်။ တယော ထိုးသည်။ ညညတွင် ဆရာကိုဒေဝ၏တယောသံကလေးများကို မမြရှင် ကြားရမြဲဖြစ်သည်။





မမြရှင်တို့အိမ် အဝင်အထွက်လမ်းဘက်တွင် ကိုဒေဝ၏အိမ်ရှိ၍ တစ်ခါတစ်ခါ မမြရှင်သည် ဆရာကိုဒေဝအိမ်ထဲသို့ မယောင်မလည်နှင့် ဝင်ကြည့်ဖူးသည်။ ကိုဒေဝ၏ ပန်းချီကားများကို တအံ့တသြ ကြည့်နေဖူးသည်။

တစ်ခါတစ်ခါ ကိုဒေဝက ပန်းချီကား၌ စိတ်အာရုံ ဝင်စားနေ၍ မမြရှင် သူ့နောက်က ရောက်နေသည်ကို မမြင်။ တမေ့တမောကြာမှ လှည့်ကြည့်၍မြင်သဖြင့် တအံ့တသြ သူ့ကို အကြာကြီး စိုက်ကြည့်နေပြီးမှ ပြုံးတတ်သည်ကို မမြရှင် သတိရနေသည်။

ကိုဒေဝက 'မမြရှင်ကလေး၊ ပန်းချီဝါသနာပါသလား'ဟု မေးတော့ မမြရှင်က ခေါင်းယမ်းပြပြီးမှ ဘာစိတ်ကူးရသည်မသိ၊ ခေါင်းညိတ်၍ပြလိုက်မိသပြန်သဖြင့် ဆရာကိုဒေဝက 'ဟဲ့၊ နင့်ဟာက ဘာတုံး'ဟုမေးကာ ရယ်ရင်း သူ့လက်ထဲကစုတ်တံနှင့် ခေါင်းကိုရိုက်မလို ရွယ်လိုက်ပုံကို မမြရှင် ယခုအထိ မျက်စိထဲက မထွက်ချေ။

ဆရာကိုဒေဝက အသက် သုံးဆယ်ကျော်လောက် ရှိမည်။ သည်တုန်းက မမြရှင် အသက် ဆယ့်ငါးနှစ်လောက်သာ ရှိဦးမည်။ ဆရာကိုဒေဝမှာ လူချောလူလှကြီးတစ်ယောက် မဟုတ်စေကာမူ ကြည်ညို ဖွယ်အသွင်ကို ဆောင်သည်။ တည်ငြိမ်သည်။ ချစ်ခင်ဖွယ် အပြုံး ရှိသည်။ ယဉ်ကျေးသိမ်မွေ့သည်။ သို့သော် ဆရာကိုဒေဝကို လူပျော် တစ်ယောက်လို့တော့ မည်သို့မျှ မဆိုနိုင်ပါချေ။

သူ၏ တယောသံကလေးများသည် ကြားရသူ၏စိတ်အာရုံကို တကယ် ဆွဲဆောင်နိုင်စွမ်း ရှိသည်။ သူ၏ပန်းချီကားများသည် မြင်ရသူ၏ စိတ်ကို တစ်မျိုးတစ်ဖုံ လှုပ်ရှားစေသည်။ ဤသို့ မမြရှင်၏ စိတ်ထဲတွင် စွဲလမ်းနေခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



**ကိုဒေဝက** မမြရှင်ကို အထိုင်ခိုင်းပြီး ရုပ်တု ဆွဲသည်။ **သူ့ဆေးရောင်၊** သူ့စုတ်ချက်တို့သည် အသက်ဝင်လှသည်။ မမြရှင်၏ပုံမှာ ကြည်လင်နေသည်။ ပြုံးတော့မလို အကြည့်ကလေးက ချစ်စရာကောင်းလှသည်။ ဤအချက်များကို ကိုဒေဝက မိအောင်ဖမ်း၍ ရေးဆွဲနိုင်သည်။

ရူးသည့်မိုက်သည့် အရွယ်မို့လို့ ဆိုမည်လား။ မမြရှင်သည် ကိုဒေဝအား စွဲလမ်းခင်မင်၍ နေခဲ့မိသည်။ ကိုဒေဝကို အကြောင်းပြု၍ ပျော်ရွှင်ဖွယ်စိတ်ကူးအမျိုးမျိုးကို ကူးကြည့်နေခဲ့ဖူးသည်။ ဆရာကိုဒေဝနှင့် ခင်မင်ရင်းနှီးလာရာမှ ဆရာကိုဒေဝ၏အကြောင်း ပိုသိလာကာ ကိုဒေဝမှာ သူ မသိခဲ့သေးသော အထင်ကြီးစရာ၊ အံ့ဩစရာအရည်အသွေးတွေ ဂုဏ်တွေ အပြည့်ရှိသည်ဟု သူမြင်လာသည်။ ငယ်ရွယ်သူမို့ စွဲမိစွဲရာစွဲသည်လို့ ဆိုချင်ဆိုပါတော့။ သို့သော် မမြရှင်က ယခု အသက်ကြီးလာမှ ပြန်တွေးမိတော့လည်း ဆရာကိုဒေဝ၏ နှစ်လိုဖွယ်အရည်အသွေးတို့သည် အံ့ဩစရာချည်း ဖြစ်သည်ဟု မြင်တုန်းပင်။ ကိုဒေဝ၏တယောသံကလေးများကို နားထဲတွင် ကြားတုန်းပင်။

ကိုဒေဝ၏ စိတ်လှုပ်ရှားဖွယ်ပန်းချီကားမျ ၃ိ မျက်စိထဲတွင် မြင်တုန်းပင် ဖြစ်သည်။ ဘို့ကြောင့် မမြရှင်က သည်တုန်းက ရူးသည့် မိုက်သည့်အရွယ်မို့ ကိုဒေဝကို စွဲစွဲလမ်းလမ်းဖြစ်ခဲ့တာဟု ဆိုသည်ကို လက်မခံချင်။ ယခု မရူးတော့၊ မမိုက်တော့သည့် သုံးဆယ်ငါးနှစ်မှာ ဆရာကိုဒေဝကို ပြန်တွေ့လျှင် ငယ်ငယ်ကလိုပဲ စွဲလမ်းဦးမှာပဲဟု သူ တစ်ထစ်ချ ယုံကြည်သည်။ ကြီးလာလို့ ပိုပြီးတောင် စွဲလမ်းဦးမည်လို့ ထင်လိုက်ချင်သေးသည်။





ကိုဒေဝစိတ်ထဲမှာလည်း မမြရှင်ကို စွဲလမ်းနေသည်ဟု မမြရှင် အထင်စရာ အကြောင်းများစွာရှိသည်။ သူတို့ အကြောင်းအားလျော်စွာ မျက်စိချင်းဆုံမိကြလျှင် မမြရှင်၌ အလိုလိုသိသောအသိဖြင့် ကိုဒေဝကလည်း သူချစ်သလိုပင် သူ့ကို ပြန်ပြီးချစ်သည်ဟုသိလျက်ရှိသည်။ ယခုမှ ပြန်တွေးကြည့်တော့ ထူးဆန်းသလိုဖြစ်နေသော်လည်း မမြရှင်ကတော့ ဒိဋ္ဌမမ္မသိသည်လို့ပင် စွဲမှတ်ထားသည်။

ကိုဒေဝက အနုပညာသမားပီပီ အလှကို မြတ်နိုးတတ်သည် မဟုတ်လား။ မမြရှင်ကလည်း မျက်လုံးပြူးကလေးနှင့် လှသည်မဟုတ်လား။ ဆရာကိုဒေဝက မမြရှင်၏ပုံတူကားအများအပြားကို စိတ်ရှည်လက်ရှည် ရေးဆွဲခဲ့သည် မဟုတ်လား။ ပြီးတော့ ပြပွဲတင်တုန်းက တခြားပန်းချီကားတွေကို ရောင်းပစ်ပေမယ့် မမြရှင်၏ ပုံတူကားများကိုတော့ အဖိုးများစွာ ပေးဝယ်သူရှိပါလျက် 'မရောင်း'ဟု မောက်မာစွာ ဆိုခဲ့သည် မဟုတ်လား။

"ဆရာရယ်။ မြရှင် ဆရာနှင့်အတူနေရရင် သိပ်ပျော်မှာပဲ"ဟု မြရှင်က စပြောတော့ ဆရာကိုဒေဝမျက်နှာမှာ ရုတ်တရက် အရောင်လက်လာပြီး ချက်ချင်းဆိုသလို ပြန်ပြီးညှိုးငယ်သွားသည်ကို မမြရှင် မြင်ယောင်နေလေသည်။

ဒေါ်မြရှင်သည် ပက်လက်လှန်လျက် ခြင်ထောင်အမိုးကို စိုက်ကြည့်ရင်း ဆရာကိုဒေဝ၏ရုပ်ပုံကို မသဲမကွဲ ဖော်ကြည့်နေ၏။

"ဆရာ ဆရာ၊ ဆရာဟာ ဘယ်လိုလူလဲ"

* * *

နောက် ညတစ်ညမှာ မိုးချုပ်အထိ မမြရှင် စာကျက်နေတုန်း တစ်ဘက်ခြံမှ ကိုဒေဝ၏တယောသံ ပေါ်လာသည်။ တယောသံမှာ သာမန်ငြိမ့်ညောင်းရုံ၊ သာယာရုံမျှမဟုတ်ဘဲ တစ်စုံတစ်ခုကို ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



နေသလို ထွက်လာသည်။ လွမ်းစရာ၊ ကြေကွဲစရာရယ်လို့လည်း မဟုတ်။ ဘာကို ပြောပြနေမှန်းတော့ မသိ။ မမြရှင်ရင်ထဲတွင် တစ်မျိုးတစ်ဖုံ လှုပ်ရှားလာသည်နှင့် စာကြည့်စားပွဲက မီးကို မပိတ်ခဲ့ဘဲ အိမ်ထဲမှ အသာလျှိုထွက်ပြီး ဆရာကိုဒေဝ၏အိမ်ဘက်သို့ ကူးသွားခဲ့သည်။

အချိန် မည်မျှကြာသည်ကိုတော့ မသိ။ ဆရာကိုဒေဝ တယောကို သိမ်း၍ အိမ်ထဲပြန်ဝင်လာတော့မှ လှေကားရင်းတွင် တိုင်ကိုမှီ၍ မှေးနေသော မမြရှင်ကို တွေ့ရလေတော့သည်။

ရှူးသည်လို့ပဲ ထားလိုက်ပါတော့။ သည်တုန်းက မမြရှင်သည် လောကကို ပျော်စရာ ရွှင်စရာ၊ ကြည်နူးစရာ အတိပြီးသည်ဟု ထင်ခဲ့သည်။ ထိုအချိန်ကို ယခုက ပြန်တွေးလျှင်လည်း သာယာသော လောကကို မြင်ရပါသေးသည်။

ဆရာကိုဒေဝက လူကြီးလူကောင်းပီသစွာ "ဟဲ့– ဒီမှာ မမြရှင်ကလေးပါလား။ ဘယ့်နှယ်၊ နင် ဘယ်အချိန်က ရောက်နေလဲ။ အချိန်မတော်ကြီးမှာကွယ်။ လူတွေသိကုန်ရင် ကဲ့ရဲ့စရာဖြစ်နေပါမယ်။ ပြန် ပြန်။ မိုးချုပ်ပြီ"ဟု ချော့မော့ပြောတော့ မမြရှင်က ကလေးလို ပေကတ်ကတ်လုပ်နေသဖြင့် ဆရာကိုဒေဝ တစ်ညလုံး တယောထိုင်ထိုးနေရသည်ကို မမြရှင် သတိရလျက်ရှိသည်။

နံနက်လင်းခါနီးမှ မမြရှင် သူ့စာကြည့်စားပွဲ ပြန်ရောက်ပြီး စားပွဲမှာပင် လက်တင်၍ လက်ပေါ်တွင်မျက်နှာမှောက်ကာ အိပ်ပျော်သွားသည်။ လူကြီးတွေကတော့ မမြရှင် တစ်ညလုံး စာကြည့်ပြီး စာကြည့်ရင်း အိပ်ပျော်သွားသည် ထင်ကြသည်။

သို့သော် နောက်တစ်ရက်နှစ်ရက်အကြာတွင် မမြရှင်၏ သာယာသောလောကထဲမှ အသက်သဖွယ်ဖြစ်သော ဆရာကိုဒေဝသည် ရုတ်တရက်ပျောက်ကွယ်သွားခဲ့လေသည်။





"ဆရာ ဆရာ။ မြရှင် ဆရာ့ကို ဘယ်ဆီလိုက်ရှာရမှာလဲ ဆရာရယ်"

သည်တုန်းက မမြရှင် အသံမထွက်ဘဲ မျက်ရည်ချောင်းစီးအောင် ငိုခဲ့ရသည် မဟုတ်လား။ သူ့အတွက် ဖူးစာရေးနတ်က တစ်သက်လုံးငိုလောက်အောင် ထည့်ပေးလိုက်သောမျက်ရည်များ အားလုံးကုန်အောင် ငိုပစ်လိုက်မိလေသလားတော့ မသိ။

အချိန်ကြာတော့ မေ့ရပျောက်ရသည် ဆိုပါဦးတော့။ မမြရှင်မှာ တစ်ခါတစ်ခါ လွမ်းလို့မဟုတ်တောင် ကိုဒေဝအကြောင်း အပျင်းပြေတော့ တွေးကြည့်မိတတ်၏။ တွေးလိုက်တိုင်းလည်း ကြည်နူးစရာကလေးတွေကို သတိရတတ်သည်။

အချိန်များ ကုန်ခဲ့သည်။

မမြရှင်သည် သွားရင်းလာရင်း ကျောင်းတက်ရင်း စာကျက်ရင်း ဆရာကိုဒေဝကို တွေ့လိုတွေ့ငြား ရှာကြည့်သည်။ သူ ဆယ်တန်းအောင်ပြီး ကောလိပ်ရောက်တော့ လူယဉ်ကျေးတွေ ပေါလှသည် ဆိုသော ကောလိပ်ကျောင်းတွင် ကိုဒေဝကိုများ ဘွားခနဲ တွေ့ရလေမည်လားဟု ရှာသည်။ ကိုဒေဝနှင့် တူသည့်လူကိုပင် မတွေ့ခဲ့။ ဤသို့ သွားရင်းဟန်လွှဲ ကိုဒေဝကို ရှာရင်းကပင် သူ စာမေးပွဲတွေ အောင်ခဲ့သည်။ ဒီဂရီတွေ ရခဲ့သည်။

ကောလိပ်မှာနေစဉ်က မမြရှင်မှာ အတော်ပင် ပေါ်လွင်သော ရုပ်အဆင်းရှိသူဖြစ်၍ ပိုးပန်းကြသူ အများအပြားရှိခဲ့သည်။ စွဲစွဲလမ်းလမ်း လိုက်သူများလည်း ရှိခဲ့၏။ သို့သော် မမြရှင်၏စိတ်ထဲ၌ သဘောကျသူကို မတွေ့ခဲ့ရချေ။ တစ်ခါတလေ အပျင်းပြေ ရွေးချယ်ကြည့်ဖူး၏။ မမြရှင်၏ဘဝကို သာယာအောင် ဖန်တီးချင်ပါသည်ဟု ဆိုလာသော အာဇာနည် သူရဲကောင်းများကို မမြရှင်က ဆရာကိုဒေဝ



www.burmeseclassic.com

www.burmeseclassic.com



နှင့် စံထိုး၍ကြည့်သည်။ မိဘပိုက်ဆံချမ်းသာ၍ ကောလိပ်ကျောင်းရောက်လာပြီး သူတို့စိတ်ကူးထဲတွင် အရာရှိအရာခံလုပ်ဖို့မှတစ်ပါး ဘာမှ ထူးထူးထွေထွေရှိဟန်မတူသော ကောလိပ်ကျောင်းသား လူရည်သန့် ဂိုက်သမားများမှာ ကိုဒေဝ၏ အရည်အသွေးများ ဘာတစ်ခုမျှမရှိဟု မမြရှင်က ထင်လေသည်။ အနုပညာမြတ်နိုးတတ်သော ဆရာကိုဒေဝနှင့် ယှဉ်လိုက်သောအခါ ကောလိပ်ကျောင်းသားများမှာ လူပေါကြော့များဖြစ်သည်ဟု မမြရှင် မြင်လေသည်။

ကျောင်းမှာနေစဉ်က မမြရှင်မှာ ခင်မင်သော ယောကျ်ားမိတ်ဆွေများတော့ ရှိခဲ့ပါ၏။ သို့သော် ပညာရှာမှီးခြင်း၌ စိတ်အာရုံ အတော်များများထားသော မမြရှင်တွင် စိတ်ကူးယဉ်စရာအချိန်ကလည်း နည်းသည်။

သူ ဘီအေနောက်ဆုံးနှစ်ကတော့ သူနှင့် ဘာသာတွဲတူသည့် ကျောင်းတက်ဖက် ကိုထွန်းမင်းဆိုသူနှင့် အတော်ကလေးရင်းနှီး ခင်မင်မိသည် ထင်သည်။ ကိုထွန်းမင်းမှာ ရိုးသားတည်ငြိမ်သော လူငယ်တစ်ယောက်ဖြစ်၍ ခင်မင်စရာကောင်းသည်။ မမြရှင်ကိုလည်း သူ အတော်ပင် ခင်မင်ရှာသည်။ မမြရှင်ကလည်း ကိုထွန်းမင်းကို တုန့်ပြန်ခင်မင်ခဲ့ပါသည်။ သို့သော် ကိုထွန်းမင်းမှာ ရိုးသားလွန်းသဖြင့် ရိုးရိုးခင်မင်သောမိတ်ဆွေတစ်ယောက်မျှသာ ဖြစ်ခဲ့ရသည်။ သူတို့ ဘီအေအောင်ကြပြီးနောက် ဘွဲ့နှင်းသဘင်တက်ကြရာမှာ ကိုထွန်းမင်းကို မမြရှင် တစ်ခါပြန်တွေ့ရသေးသည်။ နောက်တော့ မတွေ့ရတော့။ ကိုယ့်သံသရာနှင့် ကိုယ် ကျင်လည်ခဲ့ကြပြီး မေ့မေ့ပျောက်ပျောက်ဖြစ်သွားသည်။

မမြရှင် ဘီအိးဒီဆက်တက်ပြီး ကျောင်းဆရာမ လုပ်နေသည့်အချိန်ကျတော့ သူ့မှာ ဆရာကိုဒေဝကိုပင် တစ်ခါတစ်ခါမှသာ





သတိရတော့သည်။ သူ့မှာ ဆရာကိုဒေဝမရှိဘဲ သူ့လောကကို သူ သာယာစိုပြည်နေအောင် လုပ်တတ်လာသည်ဟုထင်သည်။

ဝမ်းနှင့် မလွယ် သားမမည် ဟု ဆိုလင့်ကစား ကျောင်းသားတပည့်ကလေးများမှာ သူ့သားတွေသမီးတွေပဲ မဟုတ်လား။ သံယောဇဉ်သိပ်မရှိသောမမြရှင်အဖို့ သည်ကျောင်းသားတွေပဲ သား၊ ကျောင်းသူတွေပဲ သမီး၊ သည်သားသည်သမီးတွေဟာ သူ့ ရင်နှစ်ကလေးတွေပဲ မဟုတ်လား။ ကျောင်းသားတပည့်များအပေါ် တွင် မမြရှင်ထားခဲ့သော စေတနာသည် သူ၏အသည်းနှလုံးမှလာသော စေတနာ၊ ချစ်တတ်ခင်တတ်သော စေတနာ။

ငယ်ငယ်က ဆရာကိုဒေဝ၏ တယောသံများ၊ ပန်းချီကားများကို မှီ၍ဖြစ်ခဲ့သော စေတနာများကဲ့သို့ ဒလဟော စီးဆင်းလာသော စေတနာမျိုး မဟုတ်စေကာမူ ထိုစေတနာများ စီးဆင်းသွားခဲ့ဖူးသော သဲချောင်း၌ တူး၍ယက်၍ စိမ့်ထွက်လာသော လက်ယက်တွင်း စိမ့်ရေကလေးများသဖွယ်ပင် အေးမြကြည်လင်သော စေတနာဟူ၍တော့ ခေါ်နိုင်လိမ့်မည်။

သည်တော့ မမြရှင် ကျောင်းဆရာမအလုပ်၌ ပျော်မွေ့မိသည်။ ချမ်းမြေ့နှစ်သိမ့်မှုကလေးများ ရရှိသည်။ သူ၏ဘဝ၊ သူ၏လောကသည် ကိုဒေဝ၏ တယောသံကလေးများ၊ ကိုဒေဝ၏ ပန်းချီကားကလေးများမပါဘဲ စိမ်းစိုသာယာ၍နေသလို ဖြစ်လာ၏။

ဤသို့လျှင် သာယာနေပြီဖြစ်သော သူ့ဘဝ သူ့လောကမှာ ဘာမျှ မလိုတော့သလောက်ဖြစ်သော်လည်း တစ်ခါတစ်ခါတော့ ပုထုဇဉ်သားပီပီ အဖော်ကို တောင့်တမိတတ်သဖြင့် သူ၏ ချမ်းမြေ့နေကျ၊ ကြည်လင်နေကျ စိတ်ကလေးတို့သည် အနည်မှုန်ကလေးများဖြင့် နောက်၍နောက်၍လာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်မျိုးလွင်ရယ်၊ မင်း တယ်ခက်ပါလား"

လူပျိုပေါက်အရွယ် ရှုးရှုးမိုက်မိုက်ကလေးလို့ ဆိုရမည်လား။ မောင်မျိုးလွင်မှာ ဆရာမဒေါ်မြရှင်ကို ဖွဲလမ်းတပ်မက်သည့်စိတ်ဖြင့် တစိမ့်စိမ့်ကြည့်၍မဝနိုင်တိုင်း အကြောင်းမရှိ အကြောင်းရှာ ဆရာမ ရှိရာကိုချည်း လာလာနေတတ်သည်။ မမြရှင်ကလည်း သူ့ထံသို့ အရောက်အပေါက်များသော တပည့်ချစ်မောင်မျိုးလွင်အား အရေးပေး အရောဝင်မိသည်။

အစကတော့ အသက်အရွယ်ကလည်း ကွာခြား၊ ဆရာမနှင့် တပည့်၊ အမိနှင့်သားလိုလည်း ဖြစ်၍ စိုးရိမ်ဖွယ်ဟူ၍ စိုးစဉ်းမျှ မဖြစ်မိ။ သို့ရာတွင် မောင်မျိုးလွင်သည် ဆရာမထံသို့ လာလွန်းသည်။ ဆရာမကို ရွှန်းရွှန်းစားစားကြည့်လွန်းသည်။ ကြာတော့ ဆရာမက လည်း စိတ်လှုပ်ရှားလာသည် ထင်၏။ မမြရှင်သည် တစ်ခါတစ်ခါ အိပ်မပျော်သောညများတွင် မောင်မျိုးလွင်၏အကြောင်းကို တမှေ့ တမော တွေးတော၍နေမိတတ်လေသည်။

သူတို့ စာသင်ခန်းထဲမှာ ဖြစ်စေ၊ အခြားနေရာမှာ ဖြစ်စေ အကြည့်ချင်း မကြာခဏဆုံမိတတ်၍ တစ်ခါတစ်ခါ တစ်ယောက်စိတ် ကို တစ်ယောက် သိသလိုပြုံးမိတတ်ကြ၏။ တစ်ခါတစ်ခါလည်း ရင်ထဲတွင် ဒိတ်ခနဲဖြစ်ကာ မသိမသာ ဣန္ဒြေပျက်သွားတတ်ကြ၏။

လွန်ခဲ့သည့် ရက်အနည်းငယ်ဆီက မောင်မျိုးလွင်တစ်ယောက် တည်း စာစီစာကုံးရေးရင်း နောက်ကျနေ၍ ဆရာမက ထိုင်စောင့် နေ၏။ မောင်မျိုးလွင်သည် အတုန်တုန်အခိုက်ခိုက်နှင့် ဆရာမ အနီးသို့ ရောက်လာသည်။ မမြရှင်ရင်ထဲက တဒိတ်ဒိတ်ခုန်နေ၏။ မောင်မျိုးလွင်မှာလည်း တစ်ကိုယ်လုံး တုန်နေဟန်တူသည်။ သူ့မှာ အသံတွေပါ တုန်နေ၏။





"ဆရာမရယ်၊ ကျွန်တော့်ကို ရိုက်ချင်လည်းရိုက်၊ သတ်ပစ်ချင် လည်း သတ်ပစ်ပါ။ ကျွန်တော်တော့ ဘယ်လိုမှ ဘယ်လိုမှ နေလို့ မရလို့။ ကျွန်တော် ဆရာမကို ဘယ်လိုချစ်မှန်း မသိဘူး"

အထစ်ထစ်အငေါ့ငေါ့နှင့် မောင်မျိုးလွင်က အမေ့အရွယ် သူ့ဆရာမကို ချစ်ရေးဆိုနေသည်ကို မြင်ရတော့ မမြရှင်မှာ ရင်ထဲမှ မသိမသာ လှုပ်ရှားလျက်ရှိရာက ပြုံးလိုက်မိပါသေးသည်။

"ဆ ဆရာမရယ်။ ကျွန်တော် သေရလိမ့်မယ်ထင်တယ်"

မမြရှင် ဘာပြန်ပြောလိုက်ရမည် မသိဘဲ အတန်ကြာအောင် မောင်မျိုးလွင်အား ငေးစိုက်ကြည့်နေပြီးမှ ရုတ်တရက် စာအုပ်များကို ကောက်စီပြီး 'တယ်မိုက်ပါလား မောင်မျိုးလွင်' ဟုပြောကာ စာသင်ခန်းထဲမှ ထွက်လာခဲ့ရလေသည်။

မမြရှင်မှာ မစွမ်းရင်းကလည်းရှိသဖြင့် ကန်စွန်းခင်း ငြိမည် ကို များစွာစိုးရိမ်မိလေသည်။ ထိုနေ့က သူ အိမ်ပြန်ရောက်ပြီး မောင်မျိုးလွင်အကြောင်းကို တစ်ညလုံး တွေးတောနေမိလေသည်။ မောင်မျိုးလွင်အပေါ်တွင် သူ မည်သို့ သဘောထားရမည်ကို အတိအကျ တွေးလို့မရနိုင်။ ဝေခွဲလို့ မရနိုင်။ ကိုယ်ချင်းစာစိတ်ကလေးများ ဝင်လာတော့ မောင်မျိုးလွင် စိတ်ချမ်းသာမှုအတွက် ဘာဖြစ်ဖြစ် နွတ်နှစ်ပေးလိုက်ချင်သလိုလို ဖြစ်မိသေး၏။ သို့သော် သူ့မှာ တပည့်များအပေါ် ထားအပ်သည့် စေတနာကလေးကတော့ နေရာ တကာတွင် ပါလျက်ရှိသည်ကို သတိပြုမိသည်။

'ဩော်၊ သည်ကလေးနှယ်၊ မအေအရွယ်ကြီးကိုမှ ရွေးပြီး စွဲလမ်းမိတတ်ပါလေတယ်။ လောကမှာ မိန်းမ ဒါလောက်ရှားသမို့ လား။ မင့်အမေမိဘများသိရင် ဘယ်လိုနေမလဲ။ အင်း၊ ငါ့သားကလေး အညွန့်အဖူး နုနုထွတ်ထွတ်ကလေးကို ဆရာမသေခါနီးက နှုန့်ပေး



www.burmeseclassic.com

www.burmeseclassic.com



ပြီးကြိုက်တယ်လို့ ဆိုကြတော့မယ်။ လူတွေကလည်း ကဲ့ရဲ့ကြတော့မယ်။ ဆရာမအဖို့တော့ ဘယ်လို ဆိုကြဆိုကြ ဘယ်လို ပြောကြပြောကြ တုန်လှုပ်စရာ မရှိပါဘူးကွယ်။ မောင်မျိုးလွင်ကတော့ ငယ်သေးလို့ လူ့လောကကြီးထဲမှာ ဆရာမထက် ပိုပြီး ကြာကြာနေရဦးမယ်။ လူ့လောက အတွေ့အကြုံနည်းသေးလို့ တွေ့ရကြုံရသမျှတွေကို တုန်လှုပ်လိမ့်ဦးမယ်"

မမြရှင်မှာ သူကိုယ်တိုင် မြေကြီးကိုတူးဆွ၍ စိုက်ပျိုးပြုစုလာခဲ့သော ပန်းပင်မှ ဦးဦးဖျားဖျားပွင့်လန်းလာသော ပန်းဦးပန်းဖူးကလေးကို သူကိုယ်တိုင် နူးဆွတ်ဖြတ်ခြွေ၍ မပန်ရက်နိုင်သကဲ့သို့ ရှိသဖြင့် 'ဘယ်နည်းနှင့်မှ မလိုက်လျောတော့' ဟူသော ဆုံးဖြတ်ချက်ကို နံနက်လင်းအားကြီးတွင်မှ ချဖြစ်လေသည်။

ဤဆုံးဖြတ်ချက်ကို အကြောင်းပြု၍ ယနေ့ ဒုတိယခြေလှမ်းကို လှမ်းခဲ့ရပါပြီ။ မောင်မျိုးလွင်တစ်ယောက်တော့ မျက်ရည်ချောင်းစီးအောင် ငိုချင်လျှင်လည်း ငိုရစ်ပေတော့မည်။

သည်လိုတွေးမိတော့ တစ်ခါ ဆရာကိုဒေဝ ထွက်သွားစဉ်က သူ မျက်ရည်ချောင်းစီးအောင် ငိုခဲ့ရသည်များကို သတိရလာပြီး ဆရာကိုဒေဝ၏ရုပ်ပုံကို ကွက်ခနဲ ပြေး၍မြင်လိုက်မိသည်။ သည်တစ်ခါပေါ်လာသော ဆရာကိုဒေဝ၏ ရုပ်ပုံသည် ယခင်အခါများကကဲ့သို့ လျှပ်တစ်ပြက်အတွင်း ကွယ်ပျောက်၍မသွားဘဲ မမြရှင်၏ အာရုံထဲတွင် ထင်ရှားသည်ထက် ထင်ရှားလာသည်။ ပြတ်သားသည်ထက် ပြတ်သားလာသည်။

နောက်ဆုံးတွင် မမြရှင်သည် ဆရာကိုဒေဝ၏ရုပ်ပုံကို ပီပီသသကြီး မြင်လိုက်ရသည်။ မမြရှင်ပါးစပ်ကလည်း 'ဩော် ဆရာ ဆရာ' ဟု ယောင်ယမ်း ရေရွတ်လိုက်မိလေ၏။

**ပန်းရွှေပြည်စာအုပ်တိုက်**



ထို့နောက် မမြရှင်သည် အိပ်ရာပေါ်မှထ၍ မှန်တင်ခုံရှိရာသို့ လာခဲ့သည်။ မှန်တင်ခုံပေါ်တွင် သူ့သူငယ်ချင်း ဆရာမ မလှကြည်၏ ဓာတ်ပုံကို မြင်သည်။ ဆရာမ မလှကြည်၏ဓာတ်ပုံကိုမြင်တော့မှ တစ်နေ့က မလှကြည် ရန်ကုန်အလည်သွား၍ အပြန် သူ့ထံလာပြီး-

"ဟော့၊ ယူ့ကိုထွန်းမင်းကြီးနှင့် တွေ့ခဲ့တယ်တော့်။ ယူနီဘာစတီမှာ ဆရာလုပ်နေလေရဲ့။ မိန်းမ မရသေးဘူးတဲ့တော့်။ ယူ့အကြောင်းကိုယ်ကပြောတော့ ဘသားချောက အထပ်ထပ် အထပ်ထပ်ကွယ်မေးလိုက်တာ စုံလို့ပဲ။ ကျောင်းပိတ်ရင် အလည်လာဦးမတဲ့တော့် ယူ့ဆီကို"ဟု သူ့ဝါသနာအလျောက် နောက်ရင်းပြောင်ရင်း လက်တို့ခြေတို့နှင့် ပြောသွားသည်ကို ပြေး၍သတိရလိုက်မိသည်။

မမြရှင်သည် သူ့ကိုယ်သူ မှန်ထဲတွင်ကြည့်လိုက်သည်။ နောက် တို့ဖတ်နှင့် မျက်နှာကို အသာအယာတို့ရင်း ကိုထွန်းမင်း၏ အကြောင်းကို အကြာကြီးတွေးတော၍ နေမိလေ၏။

www.burmeseclassic.com

www.burmeseclassic.com

# ချစ်တဲ့သူရယ်လေ

တစ်နေ့တော့ ကျွန်တော် သေရောခင်ဗျ။

သေဆို ဘာဖြစ်လို့ သေတယ်ဆိုတာ ကျွန်တော် မသိလိုက်ဘူး။ ကျွန်တော် အိပ်ပျော်သွားပြီး သတိရလို့ ကြည့်လိုက်တော့ ကျွန်တော် မရှိတော့ဘူး။ ကျွန်တော် ဘယ်ရောက်နေတယ်ဆိုတာလည်း ချက်ချင်းမသိဘူး။ ကျွန်တော့်အိမ်နှင့်တော့ တူတာပဲ။ ဒါပေမယ့် အားလုံး ဖောက်ထိုးချည်းဖြစ်နေတယ်။ သိပ်တော့ မအံ့သြပါဘူး။ ဘယ်လို ဖြစ်နေတာပါလိမ့်လို့တော့ တွေးကြည့်မိတယ်။

ခါတိုင်းမနက် ကျွန်တော် အိပ်ရာကနိုးရင် မြင်ရတာက မှန်လယ်ပြတင်းက အလင်းရောင်ဝင်လာလို့ လင်းနေတဲ့ မျက်နှာကြက် ဖွေးဖွေးရယ်၊ အခန်းထဲမှာ အပေါ်ပိုင်းကလင်းပြီး အောက်ပိုင်းက မှောင်နေသေးတာရယ်။ အခု ကျွန်တော်ကြည့်လိုက်တော့ ခပ်ဝေးဝေးမှာ မှောင်နေတဲ့ကြမ်းပြင်ကို ခပ်ရေးရေးမြင်ရတယ်။

အဲဒါပြီးတော့ ကျွန်တော့်ဆီအထိ တဖြည်းဖြည်းလင်းလာတဲ့ အခန်းနံရံတွေ၊ နောက်တော့ ကျွန်တော့်ဝမ်းဗိုက်အောက်မှာ ဖြူဖွေးနေတဲ့ ကြမ်းပြင်လိုအပြား။ အိပ်ရာလားဆိုတော့ မဟုတ်ဘူး။ စောင်တွေ၊ ခေါင်းအုံးတွေ အခင်းတွေ ဘာမှမရှိတော့ဘူး။





ဟိုစောင်းဒီငဲ့ ကြည့်လိုက်ပြန်တော့ ကျွန်တော့်လက်တွေဟာ ကြမ်းပြင်ကို ကပ်နေကြတယ်။ အသားအရေ အရောင်အဆင်းလည်း ပြောင်းနေတယ်။ နောက်တစ်ခါ ကိုယ်အောက်ပိုင်း ကြည့်လိုက်ပြန်တော့ ကျွန်တော့်ခြေထောက်တွေဟာလည်း လက်တွေလိုပဲ ပျဉ်ကို ကပ်နေတာ တွေ့ရတယ်။

အလို ဘယ်လိုပါလိမ့်။ ဒါကို ကျွန်တော် ခါတိုင်းလိုပဲ အိပ်ရာက လူးလဲထမယ်လုပ်တော့မှ သိရတာပါ။ တစ်ကိုယ်လုံးလည်း ကျောက်ကျင်နေသလိုပဲ။ ဒါနှင့် ကျွန်တော့်ပါးစပ်က တစ်ခုခု အော်လိုက်မိ အားထုတ်ကြည့်တော့ 'ကျွတ်ကျွတ်၊ ကျွတ်ကျွတ်' ဆိုတဲ့ အသံ ထွက်လာတယ်။ အိပ်မက်မက်နေတာများလားဆိုပြီး မျက်စိစုံမှိတ်ပြီး ဆက်အိပ်ဖို့ ကြိုးစားကြည့်ပါတယ်။ မရဘူး။ အိပ်မက်မက်နေတာ မဟုတ်ပါဘူး။ နိုးလျက်ပါပဲ။

ပထမဆုံး ကျွန်တော်ကြားလိုက်ရတဲ့ လူသံကတော့ မနက်တိုင်း ကျွန်တော့်ကို နှိုးနေကျ ကျွန်တော့်မိန်းမရဲ့ အသံပါ။ သူက မနက်တိုင်း ငါးနာရီခွဲလောက် အိပ်ရာကထပြီး ရေနွေးတည်၊ မျက်နှာသစ်၊ အိမ်ထဲ အမှိုက်လှဲ၊ ဘုရားပန်းလဲ၊ ရေနွေးဆူတာနှင့် တစ်ခါ ကော်ဖီဖျော်။ အဆင်သင့်ဖြစ်တော့မှ ခြောက်နာရီသာသာမှာ ကျွန်တော့်ကို နှိုးနေကျကိုး။

"ကိုသိန်း၊ ကိုသိန်း၊ ထတော့လေ။ ကော်ဖီရပြီ၊ စာသင်ရမယ် မဟုတ်လား"

"အေး အေး၊ ထပါပြီ၊ လာပါပြီ"

ကျွန်တော် အော်ပြီးပြောလိုက်တာ သူ ကြားသလား၊ မကြားသလားတော့ မပြောတတ်ဘူး။ 'ခြောက်နာရီဆယ့်ငါး' လို့ ထပ်အော်လိုက်ပြန်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



'အေးအေး'လို့ ကျွန်တော် ပြန်အော်လိုက်ပေမယ့် လူကတော့ လှုပ်လို့မရဘူး။ ခြေတွေလက်တွေက တစ်ခုခုမှာ ကပ်နေသလိုပဲ။ ဒါနှင့် အသာငြိမ်ပြီး ဘယ်လိုဖြစ်နေလဲဆိုတာ စဉ်းစားနေလိုက်ပါတယ်။

ထူးတော့ ထူးတာပဲ။ ဘာမှန်းတော့ မသိဘူး။ ကျွန်တော့် မိန်းမကို လှမ်းခေါ်လိုက်မယ် စိတ်ကူးသေးတယ်။ ဒါပေမယ့် ကိုယ့်ဟာကိုယ် အားထုတ်ကြည့်ပါဦးမယ်ဆိုပြီး ခဏလောက် မှိန်းနေလိုက်တယ်။

မကြာခင်ပဲ တိုင်ကပ်နာရီက ဒေါင်ခနဲ တစ်ချက်တီးသံ ကြားရပါတယ်။ ဒါဟာ ခြောက်နာရီခွဲတာပဲ။ ခုနစ်နာရီဆိုရင် ကျောင်းတက်မယ်။ ကျောင်းက ကျွန်တော့်အိမ်နှင့် လမ်း ဟိုဘက် ဒီဘက်မို့ အချိန်တော့ ရပါသေးတယ်။ မသကာ အပြေးအလွှား လုပ်ရရုံပေါ့။ ခါတိုင်းတော့ မနက်ခြောက် နာရီဆယ့်ငါးမှာ အိပ်ရာကထ၊ အိမ်သာတက်၊ မျက်နှာသစ်၊ ကော်ဖီသောက်၊ ရေချိုး၊ အဝတ်အစားလဲ။ ခုနစ်နာရီမထိုးခင် ငါးမိနစ် ဆယ်မိနစ် ကျောင်းခန်းထဲ ရောက်နေကျ။ အခု ခါတိုင်းထက် ဆယ့်ငါးမိနစ်လောက် နောက်ကျပြီး အိပ်ရာကထရင် အပြေးအလွှားလုပ်မှ မီမယ်။ ဒါကို သိပါရဲ့။ ဒါပေမယ့် ကျွန်တော် နေရာက ရွေ့လို့မရသေးဘူး။

ဘယ်လောက် ကြာသွားတယ်တော့ မသိဘူး။ ကျွန်တော့်မိန်းမက မီးဖိုဘက်ကနေပြီး 'ကိုသိန်းရေ၊ မထသေးဘူးလား။ ခုနစ်နာရီတောင် ထိုးတော့မယ်လေ'လို့ အော်ပြောတဲ့အသံ ကြားရပြန်တယ်။

'အေး အေး၊ ကြားပါတယ်။ ဒီမှာ ငါ ဘယ်လိုဖြစ်နေလဲ မသိဘူး။ ထလို့ မရဘူးကွ။ လာပါဦး'





ကျွန်တော် ပြန်ပြောလိုက်တာကို သူ ကြားမကြား မသိဘူး။ သူကတော့ မနက်တိုင်း ဒီလိုပါပဲ။ အိမ်တွင်းမှာ အလုပ်များနေပြီး မီးဖို၊ ဧည့်ခန်း၊ ရေချိုးခန်း၊ သနပ်ခါးလိမ်းတဲ့အခန်း။ အဲသလို အလုပ်များနေတတ်လို့ လုပ်ရင်းကိုင်ရင်း သွားရင်းလာရင်း ရောက်တဲ့နေရာက ကျွန်တော့်ကို အော်အော်ပြီး နှိုးလေ့ရှိတာကိုး။ ကျွန်တော် ဘာပြန်ပြောလိုက်တယ်ဆိုတာ သူ ကြားလေ့မရှိပါဘူး။

"နေမကောင်းလို့လား၊ ညက အိပ်ရဲ့လား"

ဒါကိုလည်း သူ အခန်းအပြင်ဘက်ကနေ လုပ်ရင်းကိုင်ရင်း သွားရင်းလာရင်းက လှမ်းမေးလိုက်တာပါ။ ကျွန်တော်ကလည်း "နေကောင်းပါတယ်ကွာ။ ညကလည်း အိပ်ရပါတယ်။ အဲဒါ နည်းနည်းကလေး နည်းနည်းကလေး ဆက်အိပ်ချင်နေလို့ ခဏကလေး ခဏကလေး"လို့ ပြန်ပြောလိုက်ပါသေးတယ်။ ကိုယ်တွေလက်တွေကလည်း နာသလိုတင်းသလိုဖြစ်နေလို့ 'ကျွတ်ကျွတ် ကျွတ်ကျွတ်'လို့လည်း ဆိုမိတယ်။

အဲဒီအချိန်မှာ ကျွန်တော့်မိန်းမဟာ အိမ်ရှေ့ခန်းထဲမှာ တံမြက်စည်းလှဲနေတယ် ထင်ပါတယ်။ ကြက်မွေးတံမြက်စည်းနှင့် စာအုပ်စင်တို့၊ စားပွဲတို့ကို တဖုတ်ဖုတ်ရိုက်သံ ကြားရပါတယ်။ အဲဒီအချိန်မှာပဲ တိုင်ကပ်နာရီက ခုနစ်ချက်တီးသံ ကြားလိုက်ရတယ်။

"ကိုသိန်းရေ၊ ခုနစ်နာရီတောင်ထိုးပြီ။ ကျောင်းတက်ပြီမဟုတ်လား။ မထတော့ဘူးလား။ နေမကောင်းလို့လား"လို့ ပြောပြီး တံမြက်စည်းကို စာအုပ်စင်မှာ ထောင်ခဲ့ပြီး ကျွန်တော့်အိပ်ခန်းထဲ ဝင်သွားတယ်။ ကျွန်တော်လည်း 'ကျွတ်ကျွတ် ကျွတ်ကျွတ်'လို့သာ ဆိုနိုင်တယ်။ ဘာမှ ပြန်မပြောနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်ပဲ အိပ်ခန်းထဲက မိန်းမက "ဟဲ့ အမယ်လေး၊ ဝိတ်တို့ရေ၊ နင့်အဖေ ဘာဖြစ်တာလဲ မသိဘူး။ ထကြစမ်း"လို့ အထိတ်တလန့်အော်လိုက်တဲ့အသံ ကြားလိုက်ရတယ်။

ချက်ချင်းဆိုသလိုပါပဲ။ တစ်ဘက်ခန်းက အိပ်ရာထဲက လူးလဲ ထတဲ့အသံတွေ ကြားရပြီး ကျွန်တော့်သားနှင့် ချွေးမတို့ ကျွန်တော့် အိမ်ခန်းဘက်ကို ကူးလာကြတယ်။ ကျွန်တော့်သားကတော့ ခါတိုင်း လိုပဲ အေးအေးစက်စက်ပါပဲ။

"နှိုးလို့လည်း မရဘူးတဲ့။ လှုပ်လည်းမလှုပ်ဘူး"လို့ သူ့အမေက ပြောတော့ သားက ဝင်စမ်းကြည့်တယ်။' ပါးစပ်ကလည်း 'ဖေဖေ ဖေဖေ'လို့ ခေါ်တယ်။ အစတော့ ခပ်တိုးတိုးပဲ။ နောက် သူ့အသံကို မြှင့်ပြီး ခပ်ကျယ်ကျယ်အော်တယ်။ နောက်တော့ သူဘယ်လိုထင် သလဲ မသိဘူး။ 'အစ်ကိုကြီးတို့ကို ခေါ်မှပဲ'လို့ ပြောကြတယ်။ ပြီးတော့ ကျွန်တော့်ကို လှုပ်လှုပ်ပြီး 'ဖေဖေ ဖေဖေ'နှင့် ခေါ်ပြန်တယ်။

"ဆရာဝန်ခေါ်ရင် ခေါ်ပါ သားရယ်။ အန်တီကြည် ရှိပါလိမ့် မယ်။ ဘယ်လိုဖြစ်တာလဲ မသိဘူး"

"အသက်တောင် မရှူတော့ဘူးနှင့် တူတယ်"

"အမယ်လေး လုပ်ကြပါဦး"

"မမခင် မမခင်"

ကျွန်တော့်ချွေးမ မခင်သန်းက ကျွန်တော့်မိန်းမကို နောက် ကနေ ဖေးထားတယ်။ ကျွန်တော့်သားက အခန်းအပြင်ဘက် ထွက် လာပြီးတယ်လီဖုန်း ကောက်ပြီးလှည့်တယ်။ သူ့အမူအရာက အေးအေး ပေမည့် မျက်နှာပေါ်မှာတော့ စိုးရိမ်တဲ့အသွင် ပေါ်နေတယ်။

"ဟဲလို၊ မတူးလား၊ မချိုလား။ မတူး၊ ကိုကြီး အိပ်နေလား အေး၊ နှိုးလိုက်စမ်း။ ဒီမှာ ဖေဖေ ဘာဖြစ်သွားမှန်း မသိဘူး။ ပ





ပြန်ဆက်မနေနှင့်။ အခု နှိုးပြီး ပြောလိုက်ပါ။ အခု လာခဲ့လို့။ အေး၊ မြန်မြန်"

နောက် တယ်လီဖုန်းကိုပြန်မချဘဲ ဘုကို လက်နှင့်နှိပ်။ ပြန် လွှတ်ပြီးနောက် နံပါတ်တစ်ခုကို လှည့်ပြန်တယ်။ အတော်ကြာမှ တစ်ဘက်က ထူးဟန်တူပါတယ်။

"အန်တီလား၊ ဖိုးဝိတ်ပါအန်တီ။ မနက်က ဖေဖေ ဘာဖြစ် သွားမှန်း မသိဘူး။ အိပ်ရာက နှိုးလို့မရဘူး။ အန်တီ အခု ခဏ အိမ်ကိုလာခဲ့ပါ။ မသိဘူး အန်တီ။ ဟုတ်တယ်။ မနက် အိပ်ရာက နှိုးတော့ မရတော့ဘူး။ အဲဒါတော့ မသိဘူး။ အအိပ်လွန်နေတာလား မသိဘူး။ အသက်လား မရှူတော့ဘူးနှင့် တူတယ် ထင်တာပဲ။ ခါတိုင်း ဒီလိုမဟုတ်ဘူး။ ခေါ်လို့လည်း မရဘူး။ ဟုတ်ကဲ့၊ ဟုတ်ကဲ့ အန်တီ။ ဟုတ်ကဲ့။ တက္ကဆီနှင့်လာပါ။ ဒါပဲ။ ဟုတ်ကဲ့ အန်တီ"

နောက် တယ်လီဖုန်းကိုပြန်ချပြီး အိမ်ရှေ့ခန်းဘက်ကို လှမ်း အော်တယ်။

"ဟေ့ ဖိုးဒု၊ ထစမ်း ထ။ မျက်နှာသစ်မနေနှင့်။ ကမာရွတ်က ဘကြီးတို့၊ ဒေါ်ကြီးတို့ကို မြန်မြန်သွားခေါ်စမ်း။ ဟေ့ ထက္ကာ မြန်မြန်။ ဒီမှာ ဖေဖေ ဘာဖြစ်မှန်း မသိဘူး။ အခုချက်ချင်း လိုက်ခဲ့ ပါလို့ပြော။ မြန်မြန်ဟေ့"

အိမ်ရှေ့ခန်းမှာအိပ်တဲ့ ကျွန်တော့်သား အငယ်ဆုံးက ကပျာ ကယာ ထပြီး အိပ်မှုန်စုံမွှားနှင့် ဧည့်ခန်းကိုဖြတ်။ သူ့အစ်ကိုကို မျက်စောင်းတစ်ချက်ထိုးကြည့်ပြီး ကျွန်တော့်အိပ်ခန်းဘက် ဝင်သွား တယ်။ အိပ်ခန်းထဲမှာတော့ ကျွန်တော့်မိန်းမက ကျွန်တော့်ခုတင် ဘေးမှာ 'ကိုသိန်း ကိုသိန်းရေ'နှင့် နှိုးသလို ခေါ်နေတယ်။ မခင် သန်းက သူ့ကို နောက်ကနေပြီး ဖေးထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်သားအလတ်ဟာ အိပ်ခန်းဘက် ပြန်ဝင်မယ်လုပ်ပြီးမှ တစ်ခါ တယ်လီဖုန်းကို ကောက်ပြီး လှည့်ပြန်တယ်။

“ကိုကျော်ဇော ရှိလား။ အေး၊ ခဏခေါ်ပေး။ လှည်းတန်းအိမ်ကလို့ပြော။ အိပ်နေရင် နှိုးပေး။ အေး၊ အရေးကြီးလို့ မြန်မြန်နော်” ဆိုပြီး ခဏ စောင့်နေတယ်။ အတော်ကြာမှ “ဖိုးကျော်လား ငါပါ။ ကိုလေးပါ။ အေး၊ ဖေဖေ ဘာဖြစ်မှန်း မသိဘူး။ မင်း အခုလာခဲ့ဦး။ အေး၊ ခုမနက်မှ။ အေး မသိသေးဘူး။ နိုးလို့မရဘူး။ အေး၊ အန်တီကြည်ပဲ ခေါ်ထားတယ်။ လာမယ်တဲ့။ မလိုဘူး။ သူ တက္ကစီနှင့်လာလိမ့်မယ်။ အေး၊ မသိဘူး၊ မသိဘူးကွ။ တို့လည်း မေမေလှမ်းအော်မှ ပြေးကြည့်ရတာ။ ဟင့်အင်း၊ အေး၊ မသိသေးဘူး။ ညကလား မသိဘူး။ ဘာမှ မဖြစ်ဘူး။ ဟင့်အင်း၊ မသိဘူး။ ဟော့ကောင် သိပ်မမေးနှင့်ကွ။ ခု လာခဲ့ပါ။ ကိုကြီးတို့လား။ အေး၊ ခေါ်ထားတယ်။ လာမယ်။ ဟင့်အင်း၊ မရောက်သေးဘူး။ အေး”

နောက် တယ်လီဖုန်းကို ပြန်ချပြီး ကျွန်တော့်အိပ်ခန်းဘက် ဝင်ပြန်တယ်။ ခဏရပ်ကြည့်နေပြီး သူ့မိန်းမကို လက်တို့ ပြောတယ်။ “မေမေ့ကို အပြင်ခဏခေါ်သွား”တဲ့။ တကယ်တော့ သူလည်း ဘာလုပ်ရမှန်း သိဟန်မတူပါဘူး။ ကျွန်တော့်ချွေးမက ကျွန်တော့်မိန်းမကို တွဲခေါ်ဖို့ ကြိုးစားပေမယ့် ကျွန်တော့်မိန်းမဟာ နေရာကမရွေ့ဘူး။ ငိုလည်း မငိုဘူး။ ဘာဖြစ်သွားတယ်ဆိုတာ ရုတ်တရက် မစဉ်းစားတတ်အောင် ဖြစ်နေတယ် ထင်ပါရဲ့။ သားကတော့ အပေါ်ကအုပ်နေတဲ့ စောင်တွေကို ခွာချပြီး ခြေတို့လက်တို့ကို နှိပ်ကြည့်နေတယ်။ နွေးနွေးကြီးပဲ”လို့လည်း ပြောတယ်။ နောက် ရင်ဘတ်ပေါ် လက်အုပ်ပြီး စမ်းကြည့်ပြန်တယ်။ နှာခေါင်းဝနား လက်ထိုးခံကြည့်တယ်။





အဲသလိုနှင့် ဘယ်လောက်ကြာသွားတယ် မသိဘူး။ အိမ်ရှေ့က ကားတစ်စင်း ရပ်သံကြားရပြီး ခဏနေတော့ အိမ်ထဲက လူခေါ်ခေါင်းလောင်း မြည်တယ်။ အိမ်ရှေ့ခန်းမှာအိပ်တဲ့ ကျွန်တော့်တူ မောင်မြင့်သိန်းက တံခါးသော့ကို ထဖွင့်တယ်။ ကျွန်တော့်သား ဖိုးကျော်နှင့် သူ့မိန်းမ မမာရီ ပျာယီးပျာယာနှင့် ဝင်လာကြတယ်။ ဧည့်ခန်းထဲရောက်တော့ ကျွန်တော့်အိပ်ခန်းထဲကထွက်လာတဲ့ သားအငယ်နှင့်တွေ့တော့ ဖိုးကျော်က “ဘာဖြစ်တာလဲ”လို့ မေးတယ်။ သားအငယ်က “မသိဘူး” လို့ ပြောတယ်။ ဒါနှင့် ဖိုးကျော်လည်း ကျွန်တော့်အိပ်ခန်းဘက် ဝင်သွားတယ်။ သားအငယ်လည်း လှေကားက ပြေးဆင်းသွားရော။

အိပ်ခန်းထဲမှာ ဖိုးကျော်က အိပ်ရာထဲက ကျွန်တော့်ကို စမ်းကြည့်ပြီး “ဆေးရုံ ပို့မလား”လို့ မေးတယ်။ သူ့အစ်ကိုက “အန်တီကြည် လာလိမ့်မယ်”လို့ ပြောတယ်။ ခဏကြာတော့ အိမ်ရှေ့က ကျွန်တော့်သားအကြီးဆုံးနှင့် သူ့မိန်းမ မတူးတို့ ပြေးတက်လာကြတယ်။ ပြီးတော့ အိပ်ခန်းထဲ ဝင်သွားကြတယ်။ မတူးကတော့ သူ့ယောက်ျားနောက်က မရဲတရဲ တွယ်ပြီးလိုက်သွားတယ်။ သူ့မျက်နှာပေါ်မှာလည်း စိုးရိမ်တဲ့အမူအရာနှင့်၊ ကြောက်တဲ့အမူအရာနှင့်။

သိပ်မကြာခင်ပဲ အိမ်ရှေ့က စကားပြောသံတွေ၊ မေးသံမြန်းသံတွေ ကြားလိုက်ရတယ်။ ဆရာဦးကိုကြီးနှင့် သူ့အတန်းက ကျောင်းသားတွေနှင့် တူပါတယ်။ ဧည့်ခန်းထဲမှာတော့ လူတွေ အတော်များနေတယ်။ တချို့ကလည်း ပြန်ဆင်းသွားကြ၊ တချို့လည်း တက်လာကြနှင့်။ အဲသည်လိုနေတုန်းမှာ ကြည်ကြည် ရောက်လာတယ်။ သူ့လက်ထဲမှာတော့ နားကြပ်ပဲ ပါတယ်။ အိမ်ပေါ်ရောက်ပြီး သူလည်း အိပ်ခန်းထဲ တန်းဝင်သွားတယ်။ နားကြပ်



www.burmeseclassic.com

www.burmeseclassic.com



ကိုင်လာတဲ့ကိုမြင်တော့ သူ့ကို ဆရာဝန်ဆိုတာ သိကြလို့ထင်ပါရဲ့။ သူဝင်ဖို့ လမ်းဖယ်ပေးလိုက်ကြတယ်။

ကြည်ကြည် ကျွန်တော့်အိပ်ရာနားရောက်တော့ လက်ကို သွေးစမ်းကြည့်တယ်။ နောက် နားကြပ်ကို သူ့နားမှာ တပ်လိုက်ပြီး အိပ်ရာပေါ် ငုံ့၊ ဟိုထောက်ဒီထောက် စမ်းတယ်။ အတော်ကြာအောင် နားထောင်ပြီး ကိုယ်ကို မတ်မတ်ရပ်လိုက်တယ်။ နောက် ကျွန်တော့် မိန်းမကို တစ်ချက်ကြည့်လိုက်ပြီး တခြားသူတွေကို အပြင်ခဏထွက် ပေးကြလို့ နှင်လိုက်တယ်။ လူတွေထွက်သွားတော့ အိပ်ရာပေါ်တက် ပြီး ကျွန်တော့်အင်္ကျီရင်ဘတ်ကို ဖွင့်ချွာချလိုက်တယ်။ ပြီးတော့ သူ့ လက်နှစ်ဖက်နှင့် ကျွန်တော့်ရင်ဘတ်ကို တစ်အားဖိလိုက် ပြန်ကြွလိုက်၊ ချိုင်းကြားဆီ တစ်ဘက်တစ်ချက် လက်သွင်းပြီး အားနှင့်ညှစ်လိုက်၊ လက်မောင်းကို ကောက်ပြီး မြှောက်ချလိုက် လုပ်တယ်။ ကျွန်တော် အသက်ပြန်ရှူအောင်နှင့် တူပါရဲ့။ သူ့မျက်နှာပေါ်မှာ ချွေးတွေ ပြန်လာတဲ့အထိ နှိပ်လိုက်နယ်လိုက်နှင့် လုပ်နေပြီး တစ်ခါ နားကြပ် နှင့် နားထောင်ပြန်တယ်။

ဒါတွေကို ကျွန်တော် မြင်နေရတယ်။ "မရပါဘူး။ လုပ် မနေပါနှင့်"လို့ ပြောချင်တယ်။ ဒါပေမယ့် ပြောလို့မထွက်ဘူး။ ကျွန်တော်ကလည်း ပြောထွက်လို့ သူကလည်း ကြားမယ်ဆိုရင် "ဘယ်ဟုတ်မလဲ ကိုသိန်းမောင်။ အစွမ်းကုန် ကြိုးစားရမှာပေါ့" လို့ ပြန်ပြောမှာကို ကျွန်တော် သိပါတယ်။ သေပြီးလူကို ပြန်ရှင်အောင် လုပ်တာ ကျွန်တော်က မယုံဘူး။ သူက ဆရာဝန်ဆိုတော့ သေတာ မကြာသေးရင် ရတယ်လို့ ယုံတယ်။ သူက ကျွန်တော့်ကိုဆိုရင် အင်မတန် ခင်တယ်။ ကျွန်တော်သေမှာကို သူ တတ်နိုင်ရင် ခွင့်ပြု မှာ မဟုတ်ဘူး။





ဟုတ်ပါတယ်။ သူ အစွမ်းကုန် အားထုတ်မှာပါပဲ။ အခုလည်း ကြည့်ပါ။ သူ့နဖူးမှာ ချွေးတွေ ရွှဲနေပြီ။ ကြိုးစားတုန်းပဲ။ သူဟာ တကယ့်ဆရာဝန်ပဲ။ သို့ပေမယ့် ကျွန်တော်ကတော့ သိပါတယ်။ သူ့အားထုတ်မှုတွေဟာ အချည်းနှီးပါပဲ။ နောက်ဆုံးတော့ သူ လက်လျှော့ရမှာပါပဲ။ ဒါဟာ သေချာပါတယ်။ သေချာပါတယ်။

ဒီအတောအတွင်းမှာတော့ ကျွန်တော့်အိပ်ခန်းရဲ့ အပြင်ဘက်မှာ လူတွေ အတော်များများ စုပြုံပြီး အခန်းထဲဘက်ကို လည်တဆန့် ဆန့်နှင့် ကြည့်နေကြတယ်။ ကျွန်တော်လည်း ဘယ်လိုဖြစ်တယ် ဆိုတာကို သိပ် နားမလည်ဘူး။ လူတွေဟာ ဘာမဆို တယ်ပြီး သိချင်ကြပါလား။ တကယ်သိအောင်တော့ ဘယ်သူမှ မလုပ်တတ်ကြ ဘူး။ အေးလေ။

ဒေါက်တာကြည်ကြည် ကျွန်တော် အသက်ပြန်ရှူအောင် ချွေးတလုံးလုံးနှင့် အားထုတ်နေတာကို ကျွန်တော့်မိန်းမက အနားက ရပ်ကြည့်နေတယ်။ ငိုနေသလားတော့ မသိဘူး။ မျက်ရည်တော့ ကျနေတယ် ထင်ပါရဲ့။ "ဘာမှ ဖြစ်တာမဟုတ်ဘူး။ ဘာလို့ ငိုရမှာ လဲ"လို့ ကျွန်တော် ပြောချင်တယ်။ သူ့ကိုတော့ ကျွန်တော် သနား ပါတယ်။ ဘာမှတော့ မပြောဖြစ်ဘူး။ စုတ်ပဲ သပ်မိပါတယ်။

အပြင်ဘက်မှာ ကျွန်တော့်သားအငယ်နှင့်အတူ ကျွန်တော့် မမနှင့် ကိုကိုတို့ ရောက်လာကြတယ်။ မမက အပြင်ဘက်ကလူတွေကို ကြည့်ပြီး 'ဘယ်မှာလဲ၊ ဘယ်သူကော ဘယ်ဝါကော ဆရာဝန်ကော' နှင့် အမောတကောမေးပြီး အိပ်ခန်းထဲ ဝင်ဖို့လုပ်တော့ အခန်းဝက တစ်ယောက်ယောက်က တားထားတယ်။ အဲဒီအချိန်မှာ ကိုလတ် တို့၊ မမြတို့လည်း ရောက်လာကြပြီး ဒီလိုပဲ အခန်းဝက တားကြ လို့ အပြင်ကပဲ ရပ်ကြည့်နေကြရတယ်။ မမြ မျက်နှာမှာတော့



www.burmeseclassic.com

www.burmeseclassic.com



အတော်တုန်လှုပ်နေပုံရတယ်။ ပါးစပ်ကလည်း "ဘုရား ဘုရား။ ချမ်းသာပါစေ ချမ်းသာပါစေ" လို့ ရွတ်နေဟန်တူပါတယ်။

ဘယ်လောက် ကြာသွားတယ်တော့ မသိဘူး။ ကြည်ကြည်လည်း နားကြပ်ကို တရွတ်ဆွဲပြီး အခန်းထဲက တစ်လှမ်းချင်း ထွက်လာတယ်။ မရတော့ဘူးဆိုတဲ့ သဘောပေါ့။ ကျွန်တော်ကတော့ အစကတည်းက သိပါတယ်။ နောက် ကျွန်တော့်မိန်းမ ရှိုက်ရှိုက်ပြီး ငိုတဲ့အသံ ကြားရတယ်။ ကျွန်တော့်အစ်မက ကြည်ကြည်ထွက်လာတော့ တစ်ခုခု မေးလိုက်တယ်။ ကြည်ကြည်က သူ့ကို မကြည့်ဘဲ "ကြည့်အဖို့တော့ အစ်ကိုတစ်ယောက် ဆုံးတာပဲ"လို့ ပြောတယ်။ သူ့မျက်နှာပေါ်မှာ ချွေးသီးချွေးပေါက်တွေလား၊ မျက်ရည်လားတော့ မသိဘူး။ စိုလို့ပဲ။ မျက်နှာလည်း မကောင်းဘူး။ ဒီတော့ ကျွန်တော့် အစ်မက ကျွန်တော့်နာမည်ကို ဟစ်ခေါ်လိုက်ပြီး အော်ငိုလိုက်တယ်။ "နင့်ကလေးတွေနှင့် ငါတို့ကို ပစ်ထားခဲ့တော့တာလား" ဆိုပြီး ကျွန်တော့်အိပ်ရာဆီကို လူတွေကြားထဲက တိုးဝှေ့ဝင်သွားတယ်။ မခင်သန်းက ကျွန်တော့်မိန်းမကို ပြေးပြီးဖက်လိုက်တယ်။ နောက် ကျွန်တော့်ချွေးမ အကြီးဆုံးကလည်း အော်ဟစ်ပြီး ငိုလိုက်တယ်။ ဟာဗျာ၊ ဆူလို့ညံလို့ပါပဲ။ ကျွန်တော်ကတော့ စုတ်ပဲ သပ်မိတယ်။

အိမ်ရှေ့ခန်းမှာလည်း လူတွေ ရှုပ်လို့ပဲ။ သားအလတ်က လူတွေကြားထဲက တိုးဝှေ့ပြီး တယ်လီဖုန်းဆီ သွားတယ်။ နံပါတ်တစ်ခုပြီးတစ်ခု လှည့်တယ်။ 'ဖေဖေ ဆုံးသွားပြီ'ဆိုတဲ့ သတင်းကို နီးစပ်ရာ လူအားလုံးကို ပြောနေတယ်။ နောက် အဝေးပြောဖုန်းဌာနကို ဆက်ခေါ်ပြီး နံပါတ်တွေ ဘာတွေပြော၊ ပြန်ချထားတယ်။ ပြီးတော့ ကျွန်တော့်အိပ်ခန်းဘက် ပြန်ဝင်သွားပြန်တယ်။

ပန်းရွှေပြည်စာအုပ်တိုက်



လူတွေ ယောက်ယက်ခတ်နေပေမယ့် ငိုနေတဲ့လူတွေကလွဲလို့ ဘယ်သူမှ စကားကျယ်ကျယ် မပြောကြဘူး။ တစ်ယောက်နှင့်တစ်ယောက် လက်တို့၊ မေးထိုး၊ လက်ခါ၊ ခေါင်းခါ ဒါလောက်ပဲ များတယ်။ အဲဒီအချိန်မှာ ကျွန်တော့်မြေး မိငယ်က အိပ်ရာကနိုးလာပြီး အော်ငိုလိုက်ပြန်တယ်။ သူ့အဖေက ကလေးဆီ ပြေးဝင်သွားပြီး ခဏနေတော့ ကလေးကို ချီထွက်လာတယ်။ ကလေးက ငိုတုန်းပဲ။ နောက် အပြင်ဘက်ရောက်တော့ လူတွေ အများကြီးမြင်လို့လား မသိဘူး။ တိတ်သွားတယ်။ ကလေးကို တစ်ယောက်ယောက်က ခေါ်တယ်။ ဒါပေမယ့် ကလေးက သူ့အဖေကိုပဲ ကပ်ထားတယ်။ ဘယ်သူမှ ခေါ်လို့မရတော့ သူ့အဖေလည်း ကလေးချီရင်းပဲ လုပ်စရာရှိတာ လုပ်ရတယ်။ ခါတိုင်းတော့ သူနိုးလာရင် သူ့အဖေက အဝတ်ပါလဲပေးပြီး အပြင်ဘက် ခေါ်လာ၊ အဘွားက ယူချီ၊ နည်းနည်းဆော့သေးလို့ ကျွန်တော်အိပ်တုန်းဆိုရင် သူတို့မြေးအဘွား ကျွန်တော့် လာနှိုးနေကျကိုး။ အခုလည်း ကျွန်တော့်အိပ်ခန်းဝရောက်တော့ ကလေးက အိပ်ရာဆီ လက်လွဲပြီး 'ပါးပါး'နှင့် အော်နေတယ်။ 'အဘိုးဆီ သွားမယ်'ပေါ့။ ကျွန်တော်လည်း ကလေးဆီလာဖို့ အားထုတ်ကြည့်တယ်။ လက်တစ်ဘက် ခြေတစ်ဘက် ကွာလာပြီး နေရာနည်းနည်းရွှေ့လို့ရတာ တွေ့ရတယ်။ ဒါနှင့် နောက် လက်တစ်ဘက်နှင့် ခြေတစ်ဘက် နည်းနည်းစီ ခွာပြီးရွှေ့တော့ တစ်လှမ်းနှစ်လှမ်း ဆိုသလို သွားလို့ရတာ တွေ့ရတယ်။ ကလေးဆီကိုတော့ မရောက်ဘူး။

နောက် ခဏနေတော့ အိမ်ရှေ့ခန်းက တယ်လီဖုန်း မြည်တယ်။ သားအလတ်လည်း ကလေးချီလျက်က တယ်လီဖုန်းကို သွားကိုင်လိုက်တယ်။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို၊ ဟုတ်ပါတယ်။ ဟုတ်ကဲ့။ ဟဲလို ဟဲလို။ သထုံလား။ သထုံဆေးရုံလား။ ဒေါက်တာစမ်းစမ်း ခဏခေါ်ပေးပါ၊ အရေးကြီးလို့ပါ။ ရန်ကုန်အိမ်က။ ဟုတ်ကဲ့"ဆိုပြီး အတော်ကြာအောင် စောင့်နေရတယ်။ နောက် 'အစ်မလား။ ဖိုးဝိတ်ပါ။ ဒီနေ့ မနက်စောစောကဖေဖေဆုံးသွားပြီ။ အေး၊ ဆုံးသွားပြီ။ အေး။ သေသွားပြီ။ မသိဘူး။ မနက်က အိပ်ရာကနိုးတော့ မရတော့ဘူး။ မသိဘူး၊ မဖြစ်ဘူး။ မနေ့ကညအထိ အကောင်း။ ဟင့်အင်၊ မသိဘူး။ မသောက်ဘူး၊ မသောက်ဘူး ထင်ပါတယ်။ ဟင့်အင်။ ဘာမှမတွေ့ဘူး။ အန်တီကြည်ခေါ်တယ်။ မမီဘူး။ စမ်းတယ်၊ လုပ်တယ်၊ မထိုးဘူး။ သူရောက်တော့ အသက်မရှိတော့ဘူးနှင့် တူပါတယ်။ အင်၊ အေး၊ လုပ်ပါတယ်။ အကြာကြီးပဲ။ အေးစက်မနေဘူး၊ မပို့ဘူး၊ ဘာမှ မလုပ်ရသေးဘူး။ အခြေအနေအရပဲ။ ဒီနေ့ မမီလည်း နက်ဖြန်မှလာပေါ့။ ကားနှင့်မလာပါနှင့်။ ရထားနှင့်ပဲ လာပါ။ မထူးပါဘူး။ အမေလား၊ အင်း၊ ကောင်းပါတယ်။ ရှိတယ်၊ ရှိတယ်၊ ရှိတယ်။ ခေါ်ထားတယ် အေးပါ"

သူ တယ်လီဖုန်းပြောနေတုန်းမှာ သူ့သမီးက တယ်လီဖုန်းအခွေအခွေကို ဖမ်းပြီးကိုက်နေလို့ ဖြောင့်ဖြောင့်ပြောရဟန် မတူဘူး။ "အေးအေး။ ဒါပဲ၊ ဒါပဲ။ မနက်က ခုနစ်နာရီမှ။ အေး၊ ဟုတ်တယ်။ မသိဘူး။ သမီး မဆွဲနှင့်။ လွှတ်လိုက်စမ်း။ အင်း၊ လွှတ်လိုက်စမ်းဆို။ ခြော် ဘာမှမဟုတ်ပါဘူး။ မိငယ် ဖုန်းကြိုးဆွဲကိုက်နေလို့။ အင်း ဒီနေ့ မသိဘူးကွ။ အခြေအနေ ကြည့်ရဦးမယ်။ ဘာမှ မလုပ်ရသေးဘူး။ မောင်မောင်လေးရော လာမလား၊ အေးလေ။ ဒါပဲနော်"

တယ်လီဖုန်းကို ပြန်ချပြီး မိငယ်လက်ထဲက ကြိုးကို အတော်ကြာ လုနေရတယ်။ မိငယ်က ကြိုးကို အတော်ကြာ မလွှတ်ဘဲ မျက်စိမှိတ် အတင်းအော်နေတော့ သူ့အိတ်ထဲက ဖောင်တိန်ဖြုတ်ပြီး





ကြိုးနှင့် လဲပေးနေရသေးတယ်။ မိငယ်ဆိုတဲ့ ကောင်မကလေးဟာ အားကြီး လက်မြဲတယ်။ သူ ဆုပ်ထားရင် တော်တော်နှင့် လုလို့ရောဘူး။

နောက် ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းများ ရောက်လာကြတယ်။ ကျောင်းသားတပည့်တွေလည်း ရောက်လာကြတယ်။ ဘယ်လိုဖြစ်တာလဲ။ ဘယ်တုန်းကလဲ။ ဘယ်သူရှိလား၊ ဘယ်ဝါလာသားနှင့် တိုးတိုးတိုးတိုး မေးကြမြန်းကြ။ တချို့ကလည်း ငိုလို့။ သိမ်းလှတို့၊ မစုတို့ကဆို မျက်ရည်တွေနှင့်။ ဘယ်လိုဖြစ်နေကြလဲ။ ကျွန်တော်လည်း ကိုယ်ကို နည်းနည်းချင်း ရွှေ့လို့ရရာက တဖြည်းဖြည်း အလင်းရောင်နှင့်ဝေးတဲ့နေရာကို သွားကပ်နေလိုက်တယ်။ ဒီတော့မှ ကျွန်တော်ဟာ လက်နှင့်ခြေနှင့် ကပ်ထားစရာရှိရင် ဘယ်ကိုမဆို သွားလို့ရတယ်ဆိုတာ သိရတယ်။ လူတွေကိုကြည့်ရတာ အစ် မျိုးပါပဲ။ သို့ပေမည့် ကျွန်တော့်အိမ်ကလူတွေ၊ မိတ်ဆွေတွေ၊ တပည့်ရင်းတွေကိုမြင်တော့ နှုတ်ဆက်ချင်ပါတယ်။ သို့ပေမည့် ကျွန်တော် တစ်ခုခုပြောမယ်လုပ်တိုင်း 'ကျွတ် ကျွတ် ကျွတ် ကျွတ်' ဆိုတဲ့အသံပဲ ထွက်လာတော့ သူတို့ ဘယ်နားလည်မလဲ။ ကျွန်တော် သိပါတယ်။ ဒါပေမယ့် ကျွန်တော့်မြေးအငယ်ကတော့ ကျွန်တော့်အသံကြားတိုင်း မျက်နှာကျက်ဆီကို မော့်မော့်ကြည့်ပြီး 'ပါးပါး'နှင့် အော်တယ်။ သူ့လက်ကလေးကို မြှောက်မြှောက်ပြီး လက်ညှိုးလည်း ထိုးပြတယ်။ ခါတိုင်းဆိုရင် သူ့လက်ညှိုးထိုးရာ မော့်မော့်ကြည့်ပြီး လူကြီးတွေက 'ဘာလဲသမီး။ အိမ်မြှောင်ကြီးလား။ ခေါ်လိုက် ခေါ်လိုက်'ဆိုတော့ ကလေးက သူ့လက်ကလေး မြှောက်အားရင်းက ချိုမိုင်မိုင်လုပ်သလို၊ လက်ယပ်ခေါ်သလို လုပ်တတ်တယ်။ အခုတော့ သူလုပ်ပြနေတာကို လူကြီးတွေကတော့ မကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကြဘူး။ သူကတော့ အပေါ်မော့ပြီး လက်ယပ်ခေါ်နေတယ်။ ကျွန်တော်လည်း ဆင်းလာဖို့ တစ်လှမ်းနှစ်လှမ်း ရွေ့လာပြီးမှ 'သင့်မယ် မထင်ပါဘူးလေ'လို့ အောက်မေ့ပြီး အပေါ်ကပဲ ကြည့်နေလိုက်ရပါတယ်။

နောက် ဘုန်းကြီးတစ်ပါး ကြွလာတာ တွေ့ရတယ်။ ဘုန်းကြီးက ရွတ်ဖတ်နေတဲ့အသံလည်း ကြားတယ်။ သပိတ်ထဲ ဆွမ်းထည့်ပြီး ကပ်တာလည်း မြင်တယ်။ နောက် သားအကြီးက ဘုန်းကြီးရှေ့နားကနေပြီး 'ဖေဖေရေ အမျှအမျှ'လို့ အော်လိုက်တော့ ကျွန်တော်လည်း 'ကျွတ် ကျွတ် ကျွတ် ကျွတ်'ဆိုပြီး မှောင်တဲ့ထောင့်ထဲကို ပြန်ဝင်ခဲ့တယ်။

နောက် အချိန်တွေမှာတော့ ကျွန်တော် လူတွေကို တယ်ပြီး မကြည့်ချင်တော့တာနှင့် ကိုယ့်ဘာသာကိုယ် မျက်နှာကြက်က အညိုရောင် ဇလီပြားပေါ်မှာ ကပ်နေလိုက်တယ်။ နောက်တစ်ခါ တိုင်ကြားကို သွားကပ်နေလိုက်တယ်။

အိမ်ထဲမှာတော့ ကျွန်တော့်အလောင်းကို ရေချိုးဖို့ ပြင်ဆင်ဖို့ လုံးပန်းနေကြတယ် ထင်ပါရဲ့။ ဘယ်သူက ဘယ်သွား ဘာလုပ်ဆိုတာတွေကို ကျွန်တော့်အစ်ကိုက စီမံခန့်ခွဲသံ ကြားရတယ်။ အိမ်ကလူတွေထဲမှာတော့ ဒီလို အလောင်းကိုကိုင်ဖို့ ဘာဖို့ဆိုတာ ဘယ်သူမှ လုပ်ဖူး လုပ်တတ်တဲ့လူ ရှိဟန်မတူပါဘူး။ တခြားလူတွေကို ခေါ်ခိုင်းရဟန် တူပါတယ်။ ကျွန်တော်လည်း အသံတွေသာ ကြားနေရတယ်။ ထွက်မကြည့်တော့ဘူး။

ညနေစောင်းလောက်ကျတော့ ကိုချစ်လှိုင် ရောက်လာတယ်။ ကိုချစ်လှိုင်ဆိုတာ ကျွန်တော်နှင့် ဆယ်နှစ်သားလောက်ကတည်းက ညီအစ်ကိုလိုခင်ခဲ့တဲ့ သူငယ်ချင်း။ သူဝင်လာပြီး အိမ်ရှေ့ခန်းမှာ





ပြင်ထားတဲ့ ကျွန်တော့်အလောင်းကိုကြည့်ပြီး သူ့မျက်နှာသူ လက်ဝါးနှင့် အုပ်ထားလိုက်တာကို ကျွန်တော် တိုင်ကြားကနေပြီး မြင်ရတယ်။

သူ့ကိုမြင်မှ ကျွန်တော် တစ်ခု သတိရတယ်။ ကျွန်တော့်မှာ အသက်အာမခံ ရှိတယ်။ ကျွန်တော့်မိန်းမအတွက် ငွေတစ်သောင်း ကျွန်တော်သေရင် ထုတ်ယူဖို့ ထားခဲ့တယ်။ နောက်ဆုံး ပရီမီယံ ဆောင် မကြာခင်ကမှ သွင်းထားခဲ့တာကို ကိုချစ်လှိုင် သိတယ်။ သတိမှ ရပါ့မလား။ အိမ်ကမိန်းမကလည်း လင်သေတယ်ဆို ဒါကို သတိရမယ် မဟုတ်ဘူး။

ကျွန်တော်လည်း ကိုချစ်လှိုင်ကို ပြောဦးမှဆိုပြီး 'ကိုချစ်လှိုင် ကိုချစ်လှိုင်'လို့ လှမ်းခေါ်လိုက်တယ်။ သူက မကြားဘူးနှင့် တူပါတယ်။ ကျွန်တော် ထပ်ခေါ်ပါတယ်။ သူက မော့တောင်မကြည့်ဘူး။ ဒါနှင့် 'ကိုချစ်လှိုင် ကိုချစ်လှိုင်၊ ကျွန်တော့်အသက်အာမခံ ငွေထုတ်ဖို့ လုပ်ပေးလိုက်ပါဦး။ အာမခံစာချုပ်က ကျွန်တော်ကိုင်နေကျ အိတ်ထဲမှာ။ အဲဒါလေး မမေ့ပါနှင့်။ ကျွန်တော့်မိန်းမမှာ ပိုက်ဆံ တစ်ပြားမှ မရှိဘူး။ သူလည်း ဘာမှ မလုပ်တတ် မကိုင်တတ်ဘူး။ ခင်ဗျား လိုက်လုပ်ပါဦး'လို့ အော်ပြောလိုက်ပေမယ့် သူကတော့ ကြားဟန် တူပါဘူး။ မျက်နှာအိုအိုနှင့်ပဲ ကျွန်တော့်အလောင်းနားကနေပြီး ဧည့်ခန်းအလယ်လောက်မှာ သွားထိုင်တယ်။

နောက် ကျွန်တော့်သားအကြီးဆုံးကို လက်ပြခေါ်ပြီး ရောက်လာတော့ နားနားကပ်ပြီး တစ်ခုခုပြောတယ်။ သူက လေသံနှင့် ပြောတာကို ကျွန်တော် မကြားဘူး။ ဒါပေမယ့် ကျွန်တော့်သားက ခေါင်းညိတ်ပြီး သူ့အနားက ထသွားလို့ အိပ်ခန်းဝရောက်မှ 'ဟေ့ မောင်မြင့်၊ မင့်ဖေဖေကိုင်နေကျ လက်ဆွဲအိတ်အညိုထဲမှာ ရှိလိမ့်မယ်'လို့ လှမ်းပြောလိုက်တာကြားမှ အသက်အာမခံစာချုပ်အရှာ



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းတာ သိရတယ်။ ဒါနဲ့ ကျွန်တော်လည်း စိတ်ချပြီး တိုင်ကြား ဝင်ကပ်နေလိုက်ပါတယ်။

ညနေ ငါးနာရီလောက်ကျတော့ တစ်ခါ ဟင်၊ ဟယ်၊ အမယ်လေးနှင့် အထိတ်တလန့် အံ့ဩသံတွေကြားရပြီး 'ဦးလေး ရေ၊ ကျွန်မတို့ကို ပစ်ထားခဲ့တော့တာလား။ ကျွန်မတို့ ဘယ်သူ့ သွား အားကိုးရမလဲဦးလေးရဲ့။ ဦးလေးရဲ့တူ ပြန်လာအောင်တော မှ မစောင့်တော့ဘူးလား'ဆိုပြီး ငိုနေတဲ့ အပုအသံ ကြားလိုက်ရတယ်။

သူက ညနေ လေးနာရီထွက် ဂျူတီကအပြန် အိမ်ဝင်လာနေ ကျကိုး။ အခုလည်း ခါတိုင်းလို ဝင်လာတာ။ ဒီရောက်မှ သိရဟန် တူပါတယ်။

ညမှောင်လာတော့ မီးတွေထွန်းတယ်။ အဲဒီအခါမှာလည်း ဒီလိုပဲ လာကြတုန်းပဲ။ လာတဲ့ဧည့်သည်တွေကို ကော်ဖီတိုက်နေတာ တွေ့ရတယ်။ ဘယ်သူမှ သောက်ချင်ကြပုံ မပေါ်ပါဘူး။ တချို့က လည်း စိတ်မကောင်းကြလို့။ တချို့ကလည်း မသာဆိုတော့ ရွံလို့နှင့်တူ ပါတယ်။ ကော်ဖီပန်းကန်တွေဟာ တချို့ ဒီအတိုင်းပဲ။ အေးလို့ ပိုးကောင်တွေ ကျသေလို့ အလဟဿ ဖြစ်နေတယ်။ ဆေးလိပ်တော ဖွာကြရဲ့။

အဲ- မီးတွေ ထွန်းလိုက်တော့ ကျွန်တော် တစ်ခု သတိပြုမိ တာက မျက်နှာကြက်မှာ ကျွန်တော့်လိုအကောင်တွေ တစ်ကောင် မက နှစ်ကောင်မက ဘယ်ကထွက်လာကြတယ် မသိဘူး။ နေ့ခင်း တုန်းကတော့ မမြင်ရဘူး။ သူတို့က မီးရောင်ရှိရာ ထွက်လာကြပြီ မီးနားမှာ တရစ်ရစ်ဝဲပြီး ပျံနေရာက မျက်နှာကြက်မှာလာနားထ ပိုးကောင်ကလေးတွေကို ဖမ်းစားနေကြတာကိုး။





ဒီတော့မှ ကျွန်တော်လည်း ဗိုက်ထဲက ဆာသလိုလို ရှိတာကို သတိပြုမိတယ်။ သူတို့လိုပဲ ပိုးကောင်ကလေးတွေ လိုက်ဖမ်းစားရ ကောင်းမလား စိတ်ကူးပါသေးတယ်။ ဒါပေမယ့် ကျွန်တော့်မှာက သူတို့လို ကျင်ကျင်လည်လည်မရှိဘူးဆိုတာ သိတယ်။

ခါတိုင်းစားနေကျ ထမင်းပွဲဆီ ကြည့်လိုက်တော့ ထမင်းပွဲတော့ ပြင်ထားတယ်။ ဘယ်သူမှ လာမစားကြသေးဘူး။ ထမင်းပွဲဆီရောက် အောင် နံရံကကပ်ပြီးဆင်းရင် ရမယ်ဆိုတာတော့ သိတယ်။ ဒါပေ မယ့် ထမင်းစားပွဲအောက်နားမှာ စောင့်နေတဲ့ ကြောင်နှစ်ကောင် ကိုလည်း ကြောက်ရသေးတယ်။ ဒါနှင့် အခြေအနေ စောင့်ကြည့် ဦးမယ်လေဆိုပြီး ငြိမ်နေရတယ်။

နောက်တော့ တခြားအကောင်တွေကို ကြည့်လိုက်တော့ တစ်ကောင်က ကျွန်တော့်ကို လာလေလို့ ခေါ်သလိုထင်လို့ သူ့နောက် ကို ထွက်လိုက်သွားမိတယ်။ အဲဒီအချိန်မှာ အောက်က လူတွေကို တော့ အမှတ်တမဲ့ပဲ။ ကျွန်တော့်လို အကောင်တွေနှင့်လည်း နည်းနည်း ရင်းဆိုသလို ရောနှောမိသွားတော့ ပျော်သလိုပါပဲ။ တစ်ကောင့် တစ်ကောင် လိုက်တမ်းပြေးတမ်း ကစားရတာမျိုးလည်း လုပ်ရတယ်။ ပျော်စရာပါပဲ။

တစ်ညလုံး မီးတွေထွန်းထားတော့ ကျွန်တော်တို့လည်း တစ်ညလုံး အဲသလိုပဲ ပြေးလိုက်၊ လိုက်လိုက်နှင့် အဖော်တွေနှင့် နေနေပြီး မှန်လယ်ပေါက်က အလင်းရောင်လာတော့ အိမ်ထဲကမီးတွေ သူတို့ ပိတ်လိုက်ကြတယ်။ ကျွန်တော့်အဖော်တွေလည်း ဘယ်ချောင် ဝင်ကုန်ကြတယ် မသိဘူး။ အလျှိုအလျှို ပျောက်ကုန်ကြတယ်။ ကျွန်တော်လည်း ခိုနေကျတိုင်ကြား ဝင်ကပ်နေလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံး ပြေးလွှားနေလို့ မောမောနှင့် အိပ်ပျော်များသွားသလား မသိတော့ဘူး။ တစ်နေ့လုံး လူတွေ ဘာလုပ်နေကြတယ်ဆိုတာ ကြားလည်း မကြား၊ မြင်လည်း မမြင်တော့ဘူး။

ညနေစောင်း ထင်ပါရဲ့။ တိုင်ကပ်နာရီကြီးက သုံးချက်ဆက်မြည်ပြီးတော့ ကျွန်တော် နိုးလာဟန်တူတယ်။ အဲဒီအချိန်လောက်မှာပဲ အိမ်ရှေ့က တက္ကစီတစ်စင်း ရပ်သံကြားရပြီး အိမ်ထဲက လူတွေ တံခါးဝ ထွက်သူက ထွက်၊ အောက်ဆင်း ပြေးသူက ပြေးနှင့် ဆူဆူ ဆူဆူကြားရတယ်။ နောက် ခဏနေတော့ 'ဖေဖေ၊ သမီးလာပြီ' ဆိုတဲ့ အသံရယ်၊ အိမ်ကလူတွေက စီခနဲ ထငိုလိုက်ကြတဲ့အသံရယ် ကြားလိုက်ရလို့ ကျွန်တော် လှမ်းကြည့်လိုက်တယ်။

အစတော့ အမှတ်မဲ့ပဲ။ 'ဖေဖေ' ဆိုတာ ဘယ်သူ့ကို ခေါ်တာပါလိမ့်။ ငါ့ကို ခေါ်တာနှင့်တော့ တူတာပဲ။ ဟိုမှာ သမီးပါလား။ သူ ဘယ်က လာပါလိမ့်။ ဘာလုပ်ဖို့ လာတာပါလိမ့်။ အို၊ ဟုတ်တယ်လေ။ သူ့အဖေဆုံးလို့ လာတာပေါ့။ ဒီတော့မှ ကျွန်တော် အောက်ကလူအားလုံးကို ကြည့်မိတယ်။

သမီးက အိမ်ထဲ ဝင်လာလာချင်း သူ့အမေကို တစ်ကိုယ်လုံး သိုင်းဖက်လိုက်တယ်။ သူ့အမေလည်း မျက်ရည်တွေကြားထဲက ပြုံးယောင်ယောင်ဖြစ်လာတယ်။ နောက် သမီးဟာ သူ့အမေကို အသာအယာထားခဲ့ပြီး ကျွန်တော့်အလောင်းနား သွား၊ ကျွန်တော့်မျက်နှာကို အုပ်ထားတဲ့ပဝါပါးကို အသာလှစ်ပြီး စိုက်ကြည့်နေတယ်။

သူက ဆရာဝန်ဆိုတော့ လူသေကို အထူးအဆန်းမို့ ကြည့်တာမျိုးတော့ မဟုတ်ပေဘူး။ 'ဪ ငါ့ကို လူတစ်လုံးသူတစ်လုံးဖြစ်အောင် ရှာဖွေကျွေးမွေး စောင့်ရှောက်ပညာသင်ပေးခဲ့တဲ့ ငါ့အဖေ အခု မရှိတော့ပါလား။ ငါတတ်တဲ့ ပညာကလေးနှင့်တောင် ကျေးဇူး မဆပ်လိုက်ရပါလား'လို့ အောက်မေ့ပြီးကြည့်တာနှင့် တူပါတယ်။

ပန်းရွှေပြည်စာအုပ်တိုက်



ကျွန်တော်လည်း သမီးကို စိုက်ကြည့်ရင်း သူရှိတဲ့နေရာရဲ့ အပေါ်တည့်တည့်လောက် ရောက်အောင် လာခဲ့တယ်။

"သမီး သမီး ဖေဖေ ဒီမှာလေ"လို့ ပြောလိုက်တယ်။ 'ကျွတ် ကျွတ် ကျွတ် ကျွတ်' ဆိုတဲ့အသံကို သူကြားတယ်နှင့် ဘူရဲ့။ အထက်ကို မော့ကြည့်တယ်။ ကျွန်တော်လည်း "သမီး သမီး" လို့ ထပ်ခေါ်တယ်။

ဒါပေမယ့် သူက ပြန်ငုံ့သွားပြီး အလောင်းပေါ်က ခုန သူ လှပ်ကြည့်တဲ့ ပဝါပါးကို အသာပြန်အုပ်ထားလိုက်တယ်။ နောက် သက်ပြင်းတစ်ချက်ချပြီး သူ့အမေရှိတဲ့နေရာကို ပြန်သွားထိုင်ရင်းက သူ့အမေကို ဖက်ထားတယ်။

ကျွန်တော်က "သမီးပြန်ရင် မေမေ့ကို ခေါ်သွားနော်"လို့ မှာပြောလိုက်သေးတယ်။ သူကတော့ ကြားဟန်မတူပါဘူး။

နောက် မကြာခင်ပါပဲ သူ့အနားမှာ လူတွေဝိုင်းလာပြီး မေးကြမြန်းကြ၊ သူကလည်း ဖြေလိုက်၊ မေးလိုက်။ တစ်ယောက်တစ်ခွန်းဆိုသလိုပါပဲ။

သူ မနေ့က ဖိုးဇိတ် ဖုန်းဆက်ဆက်ချင်း ဘူတာလှမ်းမေးတော့ အမြန်ရထားထွက်သွားပြီ။ ရန်ကုန်ကို ညရောက်တဲ့ရထားပဲ ရှိတယ်။ ဒါနှင့် မိတ်ဆွေတစ်ယောက်ရဲ့ကား ငှားပြီး လာမယ်လုပ်တော့ လမ်း စိတ်မချကြလို့ တားကြတာနှင့် ဒီနေ့မှ လာခဲ့ရတဲ့အကြောင်း။ အရေးထဲ သူလည်း စိတ်များပြီး ရထားလက်မှတ် ကြိုပြောဖို့မေ့လို့ ဘူတာရောက်မှ ရုံပိုင်ကြီးက လုပ်ပေးလို့ အထက်တန်းရ ခုံတစ်ခုံရခဲ့ကြောင်း။ သုံးဘီးသမားတွေ လောဘကြီးကြောင်း။ သထုံမှာ အလုပ်များကြောင်း။ လူနာတွေကို ပစ်ထားခဲ့ရကြောင်း။ သူ့ယောကျ်ားက ဖျားနေ၍ လိုက်မလာနိုင်ကြောင်း။ ခွင့်သုံးရက်သာ

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ကြောင်း။ နက်ဖြန်သဘက် သူ့ယောကျ်ား နေကောင်းလျှင် လိုက်လာမယ်ဆိုတဲ့အကြောင်း။ အကြောင်းစုံ ပြောပြနေတယ်။

သူ့အမေက "ခွင့်သုံးရက်ဆိုတော့ မနည်းဘူးလား သမီးရယ်။ ရက်လည်ပြီးမှ ပြန်ပေါ့"လို့ ပြောနေတယ်။

သမီးက "ရပါတယ်"လို့လည်း ပြောတယ်။ ကျွန်တော်က တော့ ဘာရယ်လို့ မဟုတ်ပါဘူး။ "ဟုတ်ပါရဲ့သမီးရယ်။ နေပါဦးလား။ တစ်ခေါက်တစ်ခေါက်ဆို လာဖြစ်တာမဟုတ်ဘူး"လို့ ပြောလိုက် မိသေးတယ်။ ဒါပေမယ့် သူတို့ကတော့ မကြားပါဘူး။

ဒါနှင့် ကျွန်တော့်ကို သုံးရက်ထားပြီး သဂြိုဟ်လိုက်ကြရော ဆိုပါတော့။ ဘယ်ကို ပို့တယ်၊ ဘာလုပ်ပစ်ကြတယ်ဆိုတာတော့ မသိတော့ဘူး။

ကျွန်တော် မသေခင်က သေရင် ဘာလုပ်ဘာလုပ်ဆိုတာ မှာခဲ့ဖူးသလား မမှာခဲ့လား မသိဘူး။ ဝိုးတိုးဝါးတားပဲ မှတ်မိတော့ တယ်။ သေရင် ခန္ဓာကိုယ်ကို ဆေးတက္ကသိုလ်လှူဖို့ စိတ်ကူးတော့ ဖြစ်ဖူးတယ်။ လှူဖြစ်သလား မလှူဖြစ်သလား မသိဘူး။ မြေမြှုပ် ဂူသွင်း ကမ္ပည်းထိုး ဆိုတာတွေလည်း စိတ်ကူးပေါက်ဖူးပါရဲ့။

ဒါပေမယ့် ဒါတွေက သိပ် အရေးမကြီးပါဘူးလေ။ သူတို့ လုပ်ချင်တာလုပ် ကျွန်တော်နှင့် မဆိုင်တော့သလိုပါပဲ။ ကျွန်တော်သာ သူတို့နေရာမှာဆိုရင်တော့ ဒီအလောင်းကြီး အိမ်ထဲကထွက်သွားရင် ပြီး ပြီးရော၊ ဘယ်လို ထွက်ထွက်ပေါ့။ သူတို့မှာတော့ လူကဲ့ရဲ့မှာ ကြောက်တာတို့ဘာတို့ ရှိနေသေးသလား မပြောတတ်ပါဘူး။ ကျွန်တော်တော့ သိပ် စိတ်မဝင်စားတော့ပါဘူး။





မသာချပြီး သုံးလေးရက်လောက်ကတော့ အိမ်မှာ လူပြတ် သွတယ်လို့ မရှိဘူး။ တစ်ယောက်မဟုတ် တစ်ယောက်က လာပြီး ဟိုဟာ မေး၊ ဒီဟာ မေး၊ ဟိုဟာ အရှာခိုင်း၊ ဒီဟာ အရှာခိုင်းနှင့်။ နောက်ပိုင်းတော့ ဘယ်သူတွေလာလို့ ဘာတွေ ပြောကြဆိုကြတယ် ဆိုတာ သိပ် သတိမထားမိတော့ဘူး။

ကျွန်တော်လည်း အဲဒီအချိန်ကျတော့ အဖော်တွေနှင့် နေတတ် သွားပါပြီ။ သို့ပေမယ့် တစ်ခါတစ်ခါတော့လည်း သူတို့တစ်တွေ စု စကားပြောနေကြတာကို နားစွင့်မိပါတယ်။

ညညဆို ကျွန်တော်က အဖော်တွေနှင့် လိုက်လိုက် ပြေးလိုက် လုပ်ရာက ကိုချစ်သိန်းဦးတို့၊ မောင်မြင့်တို့ စကရယ်ဘယ်ဝိုင်းက စီခနဲ စီခနဲ ထထ ငြင်းကြတာကြားရင် ငုံ့ကြည့်လိုက်မိပါတယ်။

ရက်လည်တဲ့နေ့မှာ ဘုန်းကြီးတွေကြွလာပြီး ဆွမ်းစားတာ ပြင်တယ်။ ပြီးတော့ ကျွန်တော့်မိန်းမနှင့် သားအကြီးက လှူဖွယ်ဝတ္ထု တွေကပ်ပြီး ဘုန်းကြီးတွေက ရွတ်ကြဖတ်ကြ၊ နောက် ရေစက်ချပြီး ကျွန်တော့်မိန်းမက ငိုသံပါကြီးနှင့် "ကိုသိန်းရေ၊ အမျှ အမျှ အမျှ။ ကြားလုံး အမျှ အမျှ အမျှ"လို့အော်ပြီးအမျှဝေတော့ ကျွန်တော် သာဓုခေါ်ရမယ်ဆိုတာ သိပါတယ်။

ဒါပေမယ့် ကျွန်တော့်ပါးစပ်ကတော့ "ကျွတ် ကျွတ်၊ ကျွတ် ကျွတ်" ဆိုတာပဲ ဆိုနိုင်တယ်။ ဒါလည်း သူတို့ ကျေနပ်အောင်ပေါ့လေ။

နောက်တစ်ခါ သမီးက မနက်ဖြန် သထုံကို ပြန်တော့မယ်ဆိုတဲ့ ညကပေါ့။ သူတို့ အိမ်ရှေ့ခန်းမှာ ထိုင် စကားပြောနေကြတယ်။

သမီးက "မေမေလည်း စိတ်ပြေလက်ပျောက် သထုံကိုလိုက်ခဲ့"လို့ ခေါ်နေတယ်။ ကျွန်တော့်မိန်းမလည်း လိုက်တော့ လိုက်ချင်တယ်။ ဒါပေမယ့် လိုက်ရကောင်းမလား၊ မလိုက်ရကောင်းမလား စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



နေဟန် တူပါတယ်။ သူ့သားအငယ်နှင့် မြေးအငယ်အတွက် နောက်ဆံတင်းနေတယ် ထင်ပါရဲ့။

မငယ့်အမေကလည်း 'နက်ဖြန် သမီးနှင့် တစ်ရထားတည်းပဲ မော်လမြိုင်ကို ပြန်မယ်။ အမေ လိုက်ချင်လိုက်ဖို့ဆိုပြီး လက်မှတ် အပိုတောင် ယူထားပြီးပြီ'တဲ့။ သားအငယ်နှင့် သားအလတ်တို့ကလည်း သူတို့နှစ်ယောက်ရယ်၊ မောင်မြင့်သိန်းရယ် နေရစ်ပါ့မယ် ဆိုတယ်။

ကျွန်တော့်မမကလည်း 'မခင်လိုက်သွားရင် သူလာပြီး ကလေး ကြည့်ပေးမယ်'လို့ ပြောနေတယ်။

မတူးတို့ကလည်း 'အကုန် ရွှေ့လာနေကြဦးမယ်။ ဖြစ်ပါတယ် လိုက်သာသွားပါ'လို့ ဝိုင်းတိုက်တွန်းနေကြတယ်။ ကျွန်တော့်မိန်းမ ကတော့ မတုန်မလှုပ်ပဲ။ စဉ်းစားနေ ထင်ပါရဲ့။

ကျွန်တော်လည်း သူတို့ပြောနေကြတာတွေ စိတ်ဝင်စားတာ နှင့် နားထောင်နေမိတတ်။ အဲဒီညက အဖော်တွေနှင့်တောင် လိုက် တမ်းပြေးတမ်း မကစားဖြစ်ပါဘူး။

ကျွန်တော့်မိန်းမဟာ မျက်နှာက ရွှင်ရွှင်ပျပျ မရှိလှပေမယ့် သိပ်ပြီး ပူဆွေးနေတဲ့ရုပ်တော့ မဟုတ်ဘူး။ ကျွန်တော် ကောင်းကောင်း သိပါတယ်။ သူကတော့ ဒီလိုပါပဲ။ ငိုချင်ရင်သာ ငိုမယ်၊ မှိုင်တွေပြီးတော့ မနေတတ်ပါဘူး။ အခုလည်း ဒီလိုပါပဲ။

တကယ်တော့ ကျွန်တော့်မိန်းမဟာ အိမ်ထဲမှာပဲ အိမ်အလုပ် နှင့် တကုပ်ကုပ်၊ သားတွေ သမီးတွေရဲ့ ဝတ်ကြီးဝတ်ငယ်လုပ်ပြီး နေခဲ့ရရှာတာပါ။ တစ်ခါ သားတွေသမီးတွေကြီးလာလို့ ဟိုဟိုဒီဒီ ရောက်ကုန်ကြတော့ မြေးတွေတာဝန်က ရောက်လာပြန်ရော။

ဒါကြောင့် ကျောင်းပိတ်ရက်တို့ဘာတို့ သားတွေ အားကြ တဲ့အခါ သူ့မိဘရပ်ဌာန်တို့၊ သမီးဆီတို့ သွားဖြစ်အောင် ကျွန်တော်





က ခဏခဏ တိုက်တွန်းရတယ်။ ဒါမှလည်း သူ့မှာ အနားရတော့ မှာပဲ။ ပြီးတော့ အိမ်မှာက သတိရစရာတွေကလည်း များတယ် မဟုတ်လား။ အခုလည်း သူ့မှာ လိုက်ချင်ရက်နှင့် နောက်ဆံတင်း နေရပြန်တယ်။

ဒါနှင့် ကျွန်တော်ကလည်း သူတို့ပြောနေကြတာထဲ ဝင်ပြီး "လိုက်သာသွား လိုက်သာသွား"လို့ ပြောလိုက်ရတယ်။

သူတို့တစ်တွေကတစ်ယောက်တစ်ခွန်း။ စကားက တိတ်တယ် လို့ကို မရှိတော့ ကျွန်တော်လှမ်းပြောလိုက်တာကို မကြားကြဘူးနှင့် တူပါတယ်။ ကျွန်တော်ပြောချင်တာလည်း ပြောလို့မရဘူး။ ပြောလို့ ရလည်း သူတို့ ကြားမှာ မဟုတ်ဘူး။ ကြားလည်း နားလည်ကြမှာ မဟုတ်ဘူးဆိုတာကို ကျွန်တော် မေ့သွားတယ်။

ဒါနှင့် "မခင်ရေ လိုက်သာသွား။ လိုက်သာသွား"လို့ ထပ် အော်မိပြန်တယ်။ ကျွန်တော်ကလည်း အော်ပြော၊ သူတို့ကလည်း မကြား။ ကျွန်တော်လည်း အားမလိုအားမရ ဖြစ်လာတာနှင့် မီးချောင်း ပေါ်အထိ ခုန်ဆင်းပြီး 'လိုက်သာသွား လိုက်သာသွား'လို့ အော်ပြန် တယ်။

ဒါလည်း ဘယ်လိုမှ ကြားပုံမရတာနှင့် တစ်ခါ မီးချောင်းအုပ် တဲ့ စလောင်းအတွင်းဘက် လှည့်ဝင်ပြီး "ပြောနေတာ ကြားရဲ့လား။ လိုက်သာသွား၊ လိုက်သာသွား။ သမီးအပြန် မင်းလိုက်သွား"လို့ အသံကုန် ဟစ်လိုက်တယ်ဆိုရင်ပဲ ဘယ်လိုဘယ်လို ဖြစ်သွားတယ် မသိဘူး။

"အမယ်လေး"

ငယ်သံပါအောင် အော်လိုက်ကြတဲ့လူတွေကြားထဲ ကျွန် တော် ရောက်သွားတယ်။ အဲဒီအနား စုထိုင်နေကြတဲ့ လူတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



အထိတ်တလန့် တစ်ယောက်တစ်ယောက် ဖက်လိုက်ကြ၊ ဘေးကို လိမ့်ဖယ်လိုက်ကြနှင့် အတော်ကလေး ရုတ်ရုတ်သဲသဲ ဖြစ်သွားတယ်။

"အမယ်လေး၊ အိမ်မြှောင်ကြီး၊ အိမ်မြှောင်ကြီး" မတူးက ကျွန်တော့်ကို လက်ညှိုးထိုးပြီး စကားတောင် မပီအောင် လန့်နေတဲ့ အသံနှင့် မျက်စိစုံမှိတ်ပြီး အော်နေတယ်။

ကျွန်တော့်မမက "ဟဲ့ မခင်။ အသာ ငြိမ်ငြိမ်နေ။ လန့်ပြီး အကျီထဲ လျှောက်ဝင်လိမ့်မယ်။ မလှုပ်နှင့်"ဆိုပြီး သတင်းစာတစ်ခု ကို ခေါက်ချိုးနေတယ်။

ကျွန်တော့်မိန်းမလည်း သူ့လက်မောင်းပေါ် ဖတ်ခနဲကျလာ တဲ့ ကျွန်တော့်ကို မကြည့်ဝံ့သလို မျက်နှာကို တစ်ဘက်လွှဲပြီး "လုပ်ကြပါဦး၊ လုပ်ကြပါဦး"နှင့် အော်နေတယ်။

ရှေ့ခန်းထဲမှာ ထိုင်နေကြတဲ့လူတွေလည်း ပြေးထွက်လာကြ တယ်။

အတော်ကြာမှ သမီးက ကျွန်တော့်မမလက်ထဲက သတင်းစာ ခေါက်ကို လှမ်းယူပြီး သူ့အမေရဲ့လက်မောင်းမှာ ကပ်နေတဲ့ ကျွန် တော့်ကို ခပ်ကြမ်းကြမ်းကလေး ကော် ပက်ထုတ်လိုက်တယ်။

ကျွန်တော်လည်း ဘယ်လိုဖြစ်သွားတယ် မသိဘူး။ ခန်းဆီး တစ်ခုကို ခုန်ပြီး ကပ်နေလိုက်ရတယ်။ ကံကြီးပေလို့သာပါလား။ ထမင်းစားခန်းထဲများ ရောက်သွားရင် ကြောင်တွေနှင့်တွေ့ပြီး ဒုက္ခ ကောင်းကောင်းမရောက်ပါလား။

ဒါတောင် မတူးက ခန်းဆီးဆီကို လက်ညှိုးထိုးပြပြီး "ဟိုမှာ ဟိုမှာ ရှိသေးတယ်။ အမယ်လေး လုပ်ကြပါဦး။ လုပ်ကြပါဦး"နှင့် အော်နေတယ်။

ပန်းရွှေပြည်စာအုပ်တိုက်



ကျွန်တော့်မမကတော့ "ဟဲ့၊ နေပေစေ၊ နေပေစေ။ သူ့ဟာသူ ထွက်သွားလိမ့်မယ်"လို့ ပြောလျက်ပါပဲ။

ဒါပေမယ့် မခင်သန်းက သမီးလက်ထဲက သတင်းစာခေါက် ကိုလှမ်းယူပြီး ပါးစပ်ကလည်း 'ရှူးရှူး'နှင့် ခြောက်ရင်း ခန်းဆီး အောက်ပိုင်းကို လှမ်းရိုက်ပြီး လှုပ်ပေးနေသေးတယ်။

ကျွန်တော်လည်း ခဏလောက် ရပ်စဥ်းစားနေပြီးမှ 'အေးလေ' လို့ အောက်မေ့ပြီး ခန်းဆီးပိတ်အတိုင်း လျှောက်တက်၊ ထရံဘက်ကူးပြီး တိုင်ပေါ်ရောက်။ အဲဒီကမှတစ်ဆင့် မျက်နှာကြက်ပေါ်ကပ်မိတော့မှ ကျွန်တော့်အဖော်တွေက ခါတိုင်းလိုပဲ တဂစ်ဂစ်နှင့် အော်ဟစ်ဆူညံ ပြီး လိုက်တမ်းပြေးတမ်း ကစားနေကြပြီလေ။

www.burmeseclassic.com

www.burmeseclassic.com

# အလှ ဘယ်မှာရှိပါလိမ့်

အခု ကျွန်တော်ရေးမယ့် အကြောင်းနှင့် သိပ်ဆိုင်လှတယ် တော့ မဟုတ်ဘူး။

ဒါပေမယ့် တစ်နေ့က ကျွန်တော် မြို့ထဲကအပြန် ဘတ်စ်ကား ပေါ်မှာ ကျွန်တော့်ရှေ့ကခုံမှာ ထိုင်နေတဲ့ အမျိုးသမီးတစ်ယောက်ကို အလယ်က မတ်တတ်ရပ်လိုက်လာတဲ့ လူတစ်ယောက်က လှမ်းပြီး 'အခု အလှတို့ ဘယ်မှာနေကြလဲ'လို့ နှုတ်ဆက်တဲ့အသံ ကြားရပြီး ဒီဟာကို သတိရလာတာပါပဲ။

ဘတ်စ်ကားပေါ်မှာ နှုတ်ဆက်နေတဲ့လူတွေကို ကျွန်တော် မသိပါဘူး။ အဲဒီ အလှဆိုတာ ဘယ်သူဘယ်ဝါဆိုတာ ကျွန်တော် မသိပါဘူး။ သို့သော်လည်း ဒီစကား ကျွန်တော့်နားထဲမှာ စွဲကျန် ရစ်တယ်။

"အခု အလှတို့ ဘယ်မှာနေကြလဲ"

ရှေ့ခုံက အမျိုးသမီးက ဘာပြန်ဖြေသလဲ ကျွန်တော် မကြား လိုက်မိဘူး။ 'အခု အလှတို့ ဘယ်မှာနေကြလဲ'ဆိုတာကိုသာ ကြား မိတယ်။





ဒီဟာကို ကြားပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်ဟာ တစ်ခါက ကျွန်တော်အကြိမ်ကြိမ် မေးခဲ့ဖူးတဲ့ ဒီမေးခွန်းကိုသာ ပြန်သတိရနေတော့ တယ်။

'အလှ ဘယ်မှာလဲ။ အလှဘယ်မှာနေလဲ။ အလှတို့ ဘယ်မှာ နေကြလဲ'

ဒီမေးခွန်းကို ကျွန်တော် လူတွေကိုသာမက သစ်ပင်တွေ၊ တောတောင်တွေ၊ ရေအိုင်တွေ၊ လယ်ကွင်းတွေ တွေ့သမျှကို မေးခဲ့ ဖူးပါတယ်။

အလှဟာ ကျွန်တော့်အချစ်ဦးပါ။

ကျွန်တော်ဟာ မိဘ အကြောင့်ကြနှင့် နေခဲ့ရတဲ့ ကျောင်းသား ဘဝက အလှကို တွေ့ခဲ့ပါတယ်။ အလှဟာ ရိုးသားတယ်။ တည်ငြိမ်တယ်။ လှတယ်။ ပကာသန မရှိဘူး။ သူ့ကို တွေ့တွေ့ ချင်းပဲ ကျွန်တော် ချစ်ခဲ့မိပါတယ်။

ဒါပေမယ့် သူ့ကို ကျွန်တော် မယူခဲ့နိုင်ပါဘူး။ ကျောင်းမှာ စာသင်တုန်းဆိုတော့ ဆရာသမား၊ မိဘ အဆုံးအမနှင့် စာကိုသာ ကြိုးစားသင်နေရတော့ အလှနှင့် ခဏခဏ မတွေ့ရပါဘူး။ ကျောင်း ပိတ်လိုက်လို့ ရွာကို ပြန်ရောက်တယ်ဆိုရင်ပဲ ကျွန်တော် အလှကို တွေ့အောင်ရှာပြီး သူနှင့်ပဲ နေခဲ့ပါတယ်။

သူနှင့် ချိန်းချိန်းပြီး တွေ့ကြတဲ့နေရာကတော့ ကျွန်တော်တို့ ရွာရဲ့ အပြင်ဘက်စပ်က လယ်ကွင်းနှင့် ရေကန်နှင့် တောတန်းကလေး ကို လှမ်းမြင်နေရတဲ့ သပြေပင်အုပ်ကြီးရဲ့ အောက်ပေါ့။ အရိပ်ကလည်း အေးမြတယ်။ ရှုခင်းကလည်း သာယာတယ်။ ဒီနေရာမှာ အလှဟာ ကျွန်တော့်ကို လာလာပြီး စောင့်နေလေ့ရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှာတော့ ကျွန်တော် အလှနှင့်တွေ့ရအောင် အဲဒီနေရာကိုသွားရာမှာ အလှကို မတွေ့ဘူး။ ကျွန်တော်နှင့် ကျောင်းနေဖက် သူငယ်ချင်းမောင်သင် ကို တွေ့လိုက်ရတယ်။ ကျွန်တော်နှင့် အလှ တွေ့နေကျနေရာမှာ မောင်သင် ဝင်ထိုင်နေတာတွေ့ရတော့ ကျွန်တော့်ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားတယ်။

သူထိုင်နေတာမြင်လို့ အလှ ရှောင်ထွက် ပုန်းကွယ်နေတာများလား။ ဒါမှမဟုတ် အလှကို သူ တွေ့လိုက်ပြီလား။

'မင်း ဒီမှာ ဘာလာလုပ်နေလဲ'လို့ ကျွန်တော်ကမေးတော့ မောင်သင်က 'ငါလား။ ဘာမှ မလုပ်ပါဘူး။ ထိုင်နေတာပေါ့'လို့ ဖြေပြီး ပြုံးပြတယ်။ သူ့ပခုံးပေါ်မှာလည်း ဓာတ်ပုံရိုက်တဲ့ ကင်မရာ တစ်လုံး လွယ်လို့။

မောင်သင်နှင့် ကျွန်တော်လည်း ခင်ပါတယ်။ သူဟာ ကျောင်းပညာမှာ တော်တဲ့လူမို့ နာမည်ကြီးပါတယ်။ မိဘက တတ်နိုင်သူများဖြစ်လေတော့ သူ့မှာ ပစ္စည်းကိရိယာလည်း စုံပါတယ်။ ကား ရှိတယ်။ ရေဒီယို ရှိတယ်။ ဓာတ်စက် ရှိတယ်။ ကင်မရာ ရှိတယ်။ ကဗျာလက်လည်းတော်တော့ မိန်းကလေးတွေကျလောက်အောင် အဖွဲ့အနွဲ့တွေလည်း သူက လုပ်တတ်ပါတယ်။ လူကလည်း လှူချောပါ။

မောင်သင်ကလည်း အလှကို ကြိုက်တဲ့လူပါပဲလို့ သူ့ကိုယ်သူ ကြေညာပြီး အလှကို စာတစ်တန်ပေတစ်တန်နှင့် ပိုးပန်းနေတဲ့လူပါ။ သူဖွဲ့ဆိုတဲ့ ကဗျာလင်္ကာတွေထဲမှာ အလှကိုချီးကျူးပြီးဖွဲ့တဲ့ ကဗျာတွေကို ကျွန်တော် ဖတ်ရဖူးပါတယ်။

သူ့စာတွေကို ကျွန်တော်တော့ သိပ်နားမလည်ပါဘူး။ ဒါပေမယ့် ကျောင်းမှာ ကျွန်တော်တို့သင်ခဲ့ရတဲ့ စာတွေနှင့်တော့ ခပ်ဆင်ဆင်ဟာတွေပဲ။





သို့လင်္ကာတွေထဲမှာ အလှရဲ့မျက်လုံးကို သမင်မမျက်လုံးနှင့် နှိုင်းခိုင်းထားတယ်။ အလှရဲ့ မျက်ခုံးကလေးကို လဆန်းသုံးရက်လနှင့် နှိုင်းထားပါတယ်။ အလှရဲ့ဆံပင်ကို ကျိုးနက်တောင် ပိတုန်းမှုံလို့ ဖွဲ့ဆိုပါတယ်။ လက်ချောင်းခြေချောင်းကလေးများကိုလည်း ခယောင်းတိုင်နှင့် ဥပမာ ပေးထားပါတယ်။ အလှရဲ့ မျက်နှာတစ်ခုလုံးကိုတော့ လမင်းကြီးနှင့် တင်စားထားတတ်ပါတယ်။ အလှရဲ့ဂုဏ်ကို တင်တဲ့အခါမှာ မဒ္ဒူသကနတ်ပန်းနှင့်တောင် နှိုင်းပြထားပါတယ်။

သူပေးထားတဲ့ဥပမာတွေကို ကျွန်တော် သိပ်ပြီး သဘောမပေါက်ပေမယ့် အလှဟာ တကယ်လှတယ်ဆိုတာကိုတော့ ကျွန်တော်လည်း ပြောရဲပါတယ်။

"မင်းကော ဘာလုပ်ဖို့ ဒီကိုလာလဲ"

သူက ကျွန်တော့်ကို မေးပါတယ်။

"ငါလား၊ ငါ အလကားပါပဲ"

ကျွန်တော်က သူ့လိုလူတစ်ယောက်ကို ပြောပြဖို့ မသင့်ဘူးလို့ သဘောပိုက်တာနှင့် အလှအကြောင်းကို မပြောတော့ပါဘူး။ ဒါပေမယ့် သူက ရိပ်မိတယ်ထင်ပါရဲ့။

"ဒီနေရာဟာ ရည်းစားနှင့်ချိန်းတွေ့ဖို့ သိပ်ကောင်းတဲ့နေရာကွ။ အရိပ် သိပ်ကောင်းတယ်။ လူလည်း ရှင်းတယ်"

ကျွန်တော် သူ့ကိုတော့ ဘာမှပြန်မပြောဘူး။ ဒါပေမယ့် ဒီနေရာမှာ အလှတစ်ယောက်တည်း ထိုင်နေတာ သူတွေ့သွားရင် ဘာများလုပ်လေမလဲလို့ စိတ်ထဲက တွေးမိတာနှင့် ကျွန်တော် ရင်ထဲမှာ ဒိတ်ခနဲဖြစ်သွားမိတယ်။

ကျွန်တော် ကျောင်းကထွက်ပြီး အလုပ်ဝင်လုပ်တော့ အလှရှိရာကို ကျွန်တော် သိပ် မရောက်တော့ဘူး။ ကိုယ့်အလုပ်နှင့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



နေထွက်ကနေဝင် လုံးပန်းနေရတော့လည်း အလှကို သတိမရတော့တဲ့ အချိန်တောင်* ရှိလာတယ် ထင်ပါတယ်။

ဒါပေမယ့် တစ်ခါတစ်ခါ ရွာပြန်ရောက်ဖို့ကြုံတဲ့အခါ အလှကို မြင်ရုံတော့ မြင်ခဲ့ရပါတယ်။ လူချင်း ချိန်းဆိုတွေ့ဆုံဖို့၊ မျက်နှာချင်းဆိုင် ထိုင်စကားပြောဖို့ ဆိုတာကတော့ အခွင့်မသာခဲ့ဘူးပေါ့။ နှစ်တွေလတွေ ပြောင်းသွားပေမယ့် ကျွန်တော့်အချစ်ဟောင်းကိုတော့ ကျွန်တော် တလည်လည်အောက်မေ့လျက်ပါပဲ။

ကျွန်တော် အလုပ်သင်ရင်း ဝင်လုပ်ရတဲ့ရုံးက စာရေးမ သုံးယောက် ရှိတယ်။

တစ်ယောက်က ရုပ်ချောတယ်။ မျက်လုံး လှတယ်လို့ နာမည်ကြီးတဲ့ မခင်မူ။

ကျန်နှစ်ယောက်အနက်မှာ တစ်ယောက်က မခင်မူလောက် မချောသော်လည်း ကိုယ်လုံးကိုယ်ထည် အဆစ်အချိုးကျတယ်လို့ နာမည်ကြီးတဲ့ တင်တင်ကြီး။

ကျန်တစ်ယောက်ကတော့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုမှာ ခေတ်မီတဲ့ ရန်ကုန်သူ ယဉ်ယဉ်မေ။

ကျွန်တော်ရောက်တယ်ဆိုရင်ပဲ သူတို့တစ်တွေဟာ ကျွန်တော်နှင့် အကျွမ်းတဝင် ဖြစ်သွားတယ်။ ကျွန်တော်က သူတို့ထက် နှစ်နှစ်သုံးနှစ်စီဆိုသလို ငယ်တော့ သူတို့က ကျွန်တော့်ကို မောင်အငယ်ကလေးတစ်ယောက်လို သဘောထားကြသလား မသိဘူး။

ကျွန်တော့်သူငယ်ချင်းတွေကတော့ ကျွန်တော့်ကို အင်မတန်အားကျကြတယ်လို့ ဆိုပါတယ်။ ဖိုးကော်လို့လည်း ပြောင်လှောင်ခေါ်ဝေါ်ကြပါတယ်။ သူတို့အကြောင်း စကားစပ်မိကြရင် 'လှတယ်ကွာ'၊ 'ချောတယ်ကွာ'၊ 'မှည့်တယ်ကွာ'၊ 'ကြိုက်တယ်ကွာ'ဆိုတာ ကျွန်တော့်သူငယ်ချင်းတွေ ပြောနေကျစကားပါပဲ။





ဒါပေမယ့် ကျွန်တော့်မျက်စိထဲမှာတော့ တစ်ယောက်မှ ကြည့်လို့မရပါဘူး။ ဒီလိုပြောရင် ကျွန်တော့်သူငယ်ချင်းတွေက ကျွန်တော့်ကို လိမ်တယ်ထင်ကြမှာစိုးလို့သာ အလိုက်အထိုက်ပြောနေရတာပါ။

တကယ်တော့ မခင်မူရော၊ တင်တင်ကြီးရော၊ ယဉ်ယဉ်မေရော သူတို့မှာရှိသမျှ အလှကလေးတွေကို တစ်နည်းမဟုတ် တစ်နည်း ဖျက်ဆီးပစ်ထားကြသူချည်းပဲလို့ ကျွန်တော် ထင်ပါတယ်။ သူတို့နှင့် ကျွန်တော့်ချစ်သူ အလှနှင့်ဟာ ကွာချင်တိုင်း ကွာပါတယ်။

တစ်နေ့မှာ မခင်မူက ကျွန်တော့်စားပွဲကို စာရွက်ယူသလိုလို ဘာလိုလိုနှင့် ညနေ ဘိုင်စကုပ်ကြည့်မလားလို့ မကြားတကြား မေးသွားတယ်။ ကျွန်တော်က 'ဝါသနာမပါဘူး မမ'လို့ ပြောလိုက်တယ်။ သူလည်း ကျွန်တော့်ကို တစ်ချက် ကြောင်ခနဲလှမ်းကြည့်ပြီး ထွက်သွားတယ်။ ကျွန်တော်လည်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်နေလိုက်တယ်။

ဘိုင်စကုပ်ကို ကျွန်တော် တကယ်လည်း ဝါသနာမပါတာပါ။ အယုံအကြည်လည်း မရှိပါဘူး။ ဘိုင်စကုပ်ကြည့်ရတာထက် ဇာက်လှည့်ပွဲကြည့်ရတာမှ ပျော်သေးတယ်။ ဘိုင်စကုပ်မှာ သရုပ်ဆောင်သူတွေကို ဘယ်သူဘယ်ဝါဆိုတာ သိနေရင် သာပြီး မကြည့်ချင်သေးတယ်။ ကျွန်တော် မယုံကြည်ဘူး။

သူတို့သရုပ်ဆောင်တာဟာ သဘာဝကျတယ်ဆိုပေမယ့် တကယ့်သဘာဝမှ မဟုတ်ဘဲ။ ဇာတ်ပွဲတို့ဘာတို့လည်း ကျွန်တော် မကြိုက်ဘူး။ အဲ ကတာခုန်တာကိုတော့ အကြိုက်သားပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



တင်တင်ကြီးက ကျွန်တော့်ကို ဝတ္ထုစာအုပ် ငှားပါတဲ့။ ကျွန်တော်က 'မရှိဘူး'လို့ ပြောလိုက်တယ်။ သူကလည်း နှုတ်ခမ်းစူပြီး ထွက်သွားလေရဲ့။

တကယ်ပါ။ ကျွန်တော် ခပ်ငယ်ငယ်ကတော့ ဝတ္ထု အင်မတန်စွဲခဲ့တဲ့သူပါ။ အိမ်က မုန့်ဖိုးပေးလိုက်တဲ့ ပိုက်ဆံဟာ မုန့်စားရတယ် မရှိပါဘူး။ ဝတ္ထုစာအုပ်ဝယ်တာနှင့် ကုန်တာပါပဲ။ အချစ်ဝတ္ထု၊ စုံထောက်ဝတ္ထု၊ စွန့်စားခန်းဝတ္ထု၊ တစ္ဆေသရဲဝတ္ထု အကုန်ဖတ်တာပါပဲ။

နောက်တော့ ဝတ္ထုဆရာတွေ လိမ်တာကိုတွေ့ပြီး ရှိတဲ့ဝတ္ထုစာအုပ်တွေ အကုန် မီးပုံရှို့ပစ်လိုက်ပါတယ်။ အေးရော။ နောက်ထပ်လည်း မဝယ်ဘူး။ ဖတ်လည်း မဖတ်ဘူး။ ငှားစရာလည်း မလိုတော့ဘူး။ ဆွေးနွေးစရာလည်း မလိုတော့ဘူး။

ယဉ်ယဉ်မေက တစ်ခါ ကျွန်တော့်ကို အိမ်ခေါ်ပြီး ထမင်းကျွေးတယ်။ ကျွန်တော်က မလာပါရစေနှင့် တောင်းပန်လို့မရတော့ 'မမတို့ နေ့တိုင်းစားတဲ့ ထမင်းဟင်းနှင့်ကျွေးပါ'လို့ ပြောတာကို၊ သူက 'အို မဟုတ်တာ။ တစ်ခါတလေ ဧည့်သည်ကျွေးတာပဲ။ ဖွယ်ဖွယ်ရာရာပေါ့'တဲ့။

တကယ်ပါ။ ကျွန်တော်ဖြင့် တစ်ခါနှင့် လန့်သွားတာပဲ။ ချက်ပြုတ်ထားလိုက်တာ စုံနေတာပဲ။ သူ့အိမ်က လူတွေကလည်း ဧည့်ဝတ်ပြုလိုက်ကြတာ ကျွန်တော့်မှာ အားနာလွန်းလို့ ချွေးပြန်ပါတယ်။ စားခဲ့ရတဲ့ ထမင်းဟင်းအကြောင်း ဘယ်ဟာက ဘယ်လိုကောင်းတယ်ဆိုတာတောင် သတိမရနိုင်ခဲ့ပါဘူး။

အပြန်မှာ သူတို့ကို 'ကျေးဇူးတင်ပါတယ်'လို့ ပြောခဲ့သလား၊ မပြောခဲ့သလားလည်း မမှတ်မိဘူး။ ကျွန်တော့်စိတ်ထဲမှာတော့ 'ငါ့ကို တမင်သက်သက် ခေါ်နှိပ်စက်တာ'လို့ပဲ အောက်မေ့ခဲ့မိပါတယ်။





ဒါနှင့် အလှ။

အလှဟာ မောင်သင်နှင့်ပဲ အကြောင်းပါရှာတယ်။ အလှဟာ ဘာမှ ထည်ထည်ဝါဝါ ရှိရှာသူမဟုတ်လေတော့ မောင်သင်နှင့် မှဖြစ်ပါ့မလားလို့ ကျွန်တော် ရင်ထဲက ပူမိပါတယ်။ အလှအပေါ် ကျွန်တော် သံယောဇဉ်မပြတ်ဘူးကိုး ခင်ဗျ။

အစတော့ ကျွန်တော် ဆုတောင်းပြည့်သလိုလိုပါပဲ။ ကြားတဲ့သတင်းက မောင်သင်ဟာ အလှကို မိဘများသဘောမတူဘဲ လိုက်ပေမယ့် သူ့မိန်းမ အလှကလေးကို လူလယ်ခေါင်မှာ တပြစားနှင့် မယားမှတ်မှတ်သားမှတ်မှတ် ပေါင်းနေပါသတဲ့။

ကျွန်တော်လည်း အလှအတွက် ဝမ်းသာပါတယ်။ သို့ပေမယ့် ထဲက ထင့်နေတာကလေးတစ်ခုကတော့ အလှဟာ ရိုးသားတယ်။ မောင်သင်က အင်မတန်စာနာတတ်ပြီး သူ့ကိုယ်သူလည်း အင်မတန် အထင်ကြီးတဲ့ ကောင်။ အလှကို သူ ကြာရှည်မြတ်နိုးတတ်ပါ့မလား။ အလှရဲ့အလှကို သူ ကြာရှည် ကြည့်တတ်မြင်တတ်ပါ့မလား။

ကာလအတော်ကြာညောင်းလို့ ကျွန်တော် ရွာကို တစ်ခေါက်ပြန်ရောက်တော့ အလှကို ဈေးသွားရင်း အဝေးကလှမ်းမြင်ခဲ့ရပါတယ်။ ကျွန်တော့်ရင်ထဲမှာ ဘယ်လိုနေတယ်ဆိုတာကို ပြောမပြတတ်ပါဘူး။

အလှဟာ အရင်အလှမျိုး မဟုတ်တော့ပါဘူး။ သူ့မျက်နှာ င်းလေးဟာ ညှိုးနေသလိုပါပဲ။ အရင်ကထက် အများကြီးလည်း န်သွားတယ်။ ချပ်လို့ပဲ။ သူ့ကိုကြည့်ရတာ တကယ့် တည်းတည်း လေးခင်ဗျ။ ဒါပေမယ့် ကျွန်တော့်မျက်စိထဲမှာ အလှဟာ လှတုန်းပါပဲ။ ဘယ်နေရာက ဘယ်လိုလှနေတယ်ဆိုတာတော့ ကျွန်တော် ပြောတတ်ဘူး။ သူ့ကို အဝေးကမြင်ရတဲ့ရုပ်သွင်က ကျွန်တော့်ကို တစ်ခုခုပြောပြနေသလိုပဲ။



www.burmeseclassic.com

www.burmeseclassic.com



သတင်း ထောက်လှမ်းကြည့်တော့ မောင်သင်ဟာ အလှကို လူရှေ့သူရှေ့မှာ ဂုဏ်တင်ထားပေမယ်လို့ သူတို့အိမ်တွင်းရေးမှာ တော့ သူကြိုက်သလိုခြယ်လှယ်ပြီး အလှကို ထိုးကြိတ်နှိပ်စက် တောင် လုပ်သတဲ့။

ဟုတ်ပါပြီ။ ကျွန်တော် မြင်ခဲ့ရတဲ့အလှဟာ ဒါတွေ အလုံးအလဲခံနေရတဲ့ လင်ဆိုးမယား အလှအသွင်ပါ။ သူ့ခမျာ ဘယ်လောက် နွမ်းလျနေရှာပြီလဲ။

ကျွန်တော် အလုပ်ရှိရာကို ပြန်မယ့်နေ့က အလှကိုလည်း ကြည့်ရင်း မောင်သင်နှင့်တွေ့ရအောင်ဆိုပြီး သူတို့အိမ်ဘက် ထွက်ခဲ့ပါသေးတယ်။ နောက် သူတို့အိမ်ရှေ့ရောက်မှ စိတ်ကူးတစ် ဖြစ်ပြီး တံခါးပေါက်ကိုကျော်ပြီး လျှောက်လာခဲ့တယ်။ မဝင်တော့ဘူ

မှောင်စလည်း ပျိုးနေပြီမို့ ကျွန်တော် သူတို့အိမ်ရှေ့က ဖြတ်လျှောက်သွားတာ ဘယ်သူမှ မြင်မိမယ်မထင်ဘူး။ ဒါပေမယ့် ကျွန်တော် ဆက်လျှောက်လာလို့ မှောင်ရိပ်ကျတဲ့ လမ်းကြားကလေး ထဲလည်း ဝင်မိရော နောက်က တစ်ယောက်ယောက် အပြေးလိုက် လာတဲ့အသံကြားလို့ လှည့်ကြည့်လိုက်တော့ အလှရယ်။ ငိုလို့။

“အလှ သူနှင့် မနေချင်ပါဘူး။ ကိုမောင်နှင့်လိုက်မယ် ကိုမောင်သွားရာ ခေါ်သွားပါ။ အလှကို သူနှင့် ပစ်မထားခဲ့ပါနှင့် အလှကို သူ နားမလည်ဘူး။ အလှကို နားလည်တာ ကိုမော တစ်ယောက်ပဲ ရှိပါတယ်။ ခေါ်သွားပါ ကိုမောင်ရယ်၊ နော၊ အလ လိုက်မယ်နော်”

ကျွန်တော် ဘာမှ ပြန်မပြောမိဘူး။ သူ့ကို ဆွဲယူပြီး ကျွ တော့်ရင်ခွင်ထဲမှာ ဖျစ်ညှစ်ထားလိုက်တယ်။ အတော်ကြာမှ သူ့ကို



ပြောတသစ္စာနှင့်ပဲ၊ ရင်ထဲက မချိလှစွာနှင့်ပဲ သူ့ကို လွှတ်ထားခဲ့ တယ်။

ကျွန်တော့်မှာ တာဝန်နှင့် ဝတ္တရားနှင့်။ အလှကို ခေါ်သွားရင် ဖြစ်မယ်ဆိုတာ ကျွန်တော် သိတယ်။ သူ့ယောကျ်ား မောင်သင် အထက်တန်းရှေ့နေကြီးပါ။ အလှ သူ့ဆီက ထွက်သွားတာကို နမြောစုံမက်လှမယ် မဟုတ်ပေမယ့် ဥပဒေနှင့် စကားပြောပြီး အောင်ပြန်ယူမယ့် လူမျိုးပါ။

ပြီးမှ သူ အလှကို ရှေးကထက် ပိုပြီး နှိပ်စက်ချင်နှိပ်စက်မယ်။ ဘက်က ခြောက်ပြစ်ကင်းဖြစ်အောင် သူက အလှကို ရပ်သိရွာ အမွန်းတင်ထားမယ်။ ပြီးတော့မှ ကွယ်ရာမှာ အလှကို သူ မယ်။ နှက်မယ်၊ နှိပ်စက်မယ်။

ကျွန်တော် ဒါတွေ တွေးမိပြီး အလှကို ခေါ်မသွားနိုင်ခဲ့ဘူး။ လှတစ်ယောက် ငိုယိုပြီး မှောင်မိုက်တဲ့လမ်းထဲမှာပဲ ကျန်ရစ်တယ်။ န်တော်လည်း အလှကို သူ သတ်တော့မပစ်နိုင်ပါဘူးလေဆိုတဲ့ ကြည်ချက်နှင့်ပဲ နှစ်သိမ့်ပြီး ပြန်ခဲ့တယ်။

ကျွန်တော် အလုပ်ခွင်ကို ပြန်ရောက်တော့ ကျွန်တော့်စိတ်တွေ ကောင်းကောင်း မကြည်လင်တော့ဘူး။ အလှကို သတိရတိုင်း စိတ် ကောင်းဘူး။

အလှ သေများ သွားမလားဆိုတာ တွေးမိရင် စိတ်ချောက်ချား တာနှင့် ကျွန်တော် အရက်သောက်မိတယ်။ ယုံကြည်တာ မယုံ ကြည်တာတွေ ဘေးဖယ်ထားပြီး ရုပ်ရှင်ကိုလည်း ကားလဲတိုင်း သွားကြည့်တယ်။ ဝတ္ထုစာအုပ်တွေကိုလည်း တွေ့ရာကဝယ်ပြီး ဖတ်တတ်လာတယ်။ မခင်မှုတို့၊ တင်တင်ကြီးတို့၊ ယဉ်ယဉ်မြ တို့နှင့်လည်း ရောရောနှောနှော လုပ်တတ်လာတယ်။ အိမ်ပြန်ရောက်

www.burmeseclassic.com



ပြီး ကိုယ့်တစ်ယောက်တည်းဆိုရင် ကျွန်တော်ဟာ ရာဇဝတ်မှုခင် တစ်ခုခုကို ကျူးလွန်ပြီး ပြေးပုန်းနေရတဲ့ လူလိုပဲ။ အလိုလို စိတ် အားငယ်တတ်လာတယ်။ ကြောက်တတ်လာတယ်။

ဒါနှင့်ပဲ ကျွန်တော် အပြင်ကိုထွက်နေတဲ့အချိန်က များ ရတယ်။

အရက်ကလေးဘာကလေးဝင်လို့ ရွှင်ရွှင်ပျပျဖြစ်လာပြီဆိုရ မခင်မှုဟာ ကျွန်တော့်မျက်စိထဲမှာ ချစ်စရာ ကောင်းလာသလိုပဲ မခင်မှုသာ မဟုတ်ဘူး၊ တင်တင်ကြီးကိုလည်း လှတယ်ထင်လာတ ပဲ။ ယဉ်ယဉ်မေလည်း မဆိုးပါဘူး။ သူတို့တစ်တွေနှင့် ကျွန်တော် အလျင်ကထက် ပိုပြီး အကျွမ်းတဝင်ဖြစ်လာပါတယ်။

နောက် ကျွန်တော် ရာထူးတက်ပြီး နယ်ဘက်ထွက်ခဲ့ရတော သူတို့တစ်တွေလည်း ကျန်ရစ်ကြတယ်။

ကျွန်တော်ဟာ နယ်ရောက်တော့လည်း အရက်ပဲ သော နေတာပဲ။ မူးအောင်လွန်အောင် သောက်သောက်ပြီးအိပ်ရာက နော တော့ ကျန်းမာရေးထိခိုက်မယ်ဆိုတာ သတိရပြီး အရက်ဖြတ် လုပ်ကြည့်တယ်။

သို့ပေမယ့် မမူးဘဲနှင့် နေနေရတာဟာ ပျင်းစရာကြီးဆို နည်းနည်းပါးပါးချင်း ပြန်သောက်တယ်။ ရီတီရီတီ ဖြစ်လာပြီဆို ရုပ်ရှင်သွားကြည့်၊ ဝတ္ထုဖတ်၊ ဒါမှမဟုတ်ရင် မခင်မှုတို့ ယဉ်ယ မေတို့ဆီ စာ ကောက်ရေးတယ်။

တစ်ခါတော့ မခင်မှုက ကျွန်တော့်ဆီ စာရေးတယ်။ အိမ်က သူ့ကို အရာရှိတစ်ယောက်နှင့် ပေးစားဖို့ စီစဉ်နေတ သူကလည်း အဲဒီအရာရှိကို မကြိုက်ဘူးဆိုတာ အကျယ်တ





ရေးထားတယ်။ စာထဲကအဓိပ္ပာယ်ကို ကျွန်တော် နားလည်သလို ကောက်ယူတော့ ကျွန်တော့်ဆီ သူလာချင်တဲ့သဘော။

ကျွန်တော်လည်း မူးမူးနှင့် ဘာစာပြန်ရေးလိုက်မိသလဲ မသိဘူး။ တစ်နေ့တော့ ကျွန်တော့်ဆီကို ကြေးနန်းတစ်စောင် ရောက်လာတယ်။ 'သူ လိုက်လာပြီ။ ဘူတာကနေ ကြိုပါ'ပေါ့။ ဒီလိုနှင့်ပဲ မခင်မှုနှင့်ကျွန်တော် ယူဖြစ်ကြရော ဆိုပါတော့။

သူ့ကို ကျွန်တော်က 'မမမှု'လို့ပဲ ခေါ်တယ်။ 'ခင်ဗျား၊ ကျွန်တော်'နှင့်ပဲ ပြောပါတယ်။ သူက မကြိုက်ဘူး။ ကျွန်တော့်ကို 'မောင်'လို့လည်း ခေါ်တယ်။ သူ့ကိုယ်သူလည်း 'မှုက' 'မှုက'နှင့် ထည့်ထည့်ပြောတယ်။ ကျွန်တော်က မူးနေတဲ့အခါတော့ အဲသလိုပဲ ခေါ်မိသလား မပြောတတ်ဘူး။

ကျွန်တော့်မိတ်ဆွေ အရာရှိတွေက မခင်မှုဟာ အင်မတန် ချော၊ အင်မတန်လှတယ်လို့ ပြောဆိုနေကြပါတယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာတော့ သူ့ကို ယူလို့သာယူလိုက်ရတယ်။ လှတယ်၊ ချောတယ်ဆိုတာ သိပ် ရှာလို့မတွေ့သလောက်ပါပဲ။

နောက်တော့လည်း မမမှုနှင့် ကျွန်တော်ဟာ မကြာခဏဆိုသလို ကတောက်ကဆတ် ဖြစ်လာတယ်။

စဖြစ်တာကတော့ ကျွန်တော်က ညညကျရင် မူးမူးနှင့် သူ့ ကိုဖက်ပြီး 'အလှ အလှ အလှလေးရယ်။ လာစမ်းပါ'လို့ ယောင်တတ်တယ်တဲ့ ခင်ဗျာ။

ဒါကို သူက အစတော့ သည်းခံနေပါသေးသတဲ့။ နောက်တော့ တစ်ခါ မဟုတ်၊ နှစ်ခါ မဟုတ် ခဏခဏဆိုသလို ဖြစ်တော့ သူလည်း ဘယ် သည်းခံနိုင်တော့မလဲ။ ပွင့်အန်ပြီး ထွက်လာတော့တာ ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါဟာတော့ အကြီးအကျယ်ရန်ဖြစ်ကြပြီး သူလည်း မြို့ကို ပြန်သွားတယ်။ ကျွန်တော်လည်း လိုက်ခေါ်ချင်စိတ် မရှိတာနှင့် မခေါ်ဘူး။ 'သူ့လိုမိန်းမမျိုးတော့ ငါ့မှာ နေရာတကာမှာ ရနိုင်တာပဲ'ဆိုတဲ့ စိတ်ကလည်း ရှိလို့ပါပဲ။

ဒါပေမယ့် အိမ်မှာ တစ်ယောက်တည်း ကျန်ရစ်ရတာတော့ ယောင်ချာချာပဲ။

ဒါနှင့် ပျင်းပျင်းရှိတာနှင့် မမတင်ဆီ စာတစ်စောင် ကောက်ရေးလိုက်တယ်။ မခင်မူ စိတ်ဆိုးပြီး ပြန်သွားတဲ့အကြောင်းနှင့် ကျွန်တော်တစ်ယောက်တည်း ပျင်းနေတဲ့အကြောင်းပါပဲ။

စာကိုထည့်ပြီးမှ မခင်မူကို ချောမော့ပြီး ပြန်လွှတ်ပေးဖို့ တစ်ကြောင်းနှစ်ကြောင်း ထည့်ရေးလိုက်ဖို့ကောင်းတာ မရေးလိုက်မိဘူးဆိုတာ သတိရတယ်။ နောက်ထပ်တော့ စာ မရေးဖြစ်တော့ဘူး။ မမတင်ဆီကလည်း ဘာမှ စာပြန်မလာဘူး။

မခင်မူနှင့် ကျွန်တော် အဲဒီတုန်းက တစ်ခါတည်း ကွဲသွားကြဖို့ပဲ။ ဒါပေမယ့် သူပြန်သွားလို့ လေးငါးလလောက်အကြာမှာ မမယဉ်ဆီက စာတစ်စောင် ရောက်လာတယ်။ သူလည်း သူနှင့် ကျောင်းနေဖက် တောအုပ်ကိုလှမောင်နှင့် လက်ထပ်တော့မယ့်အကြောင်းရယ်၊ မခင်မူလည်း ကိုယ်ဝန်အရင့်အမာနှင့်မို့ ကျွန်တော် ပြန်လာပြီး ခေါ်ဖို့သင့်တဲ့အကြောင်း။

ကျွန်တော်လည်း စာ ဖတ်ပြီးပြီးချင်း ခွင့်စာ ကောက်တင်ပြီး မြို့ကို ပြန်လာခဲ့တယ်။

ဟုတ်ပါတယ်။ ကျွန်တော့်မိန်းမဟာ ကိုယ်ဝန် အရင့်အမာနှင့်။ သူ့ကို အဲသလိုမြင်လိုက်ရတော့ သူ့ကို ညှာတာချင်တဲ့စိတ်တွေ ဘယ်ကပေါ်လာတယ် မသိဘူး။ သူ့ကိုကြည့်ရတာ အရင်က





...တ်လည်း ပိုပြီးလှနေသလိုပဲ။ ဒါနှင့် ကျွန်တော်လည်း သူ့ကို ...မော့ပြီး ပြန်ခေါ်လာခဲ့တယ်။ နောက်ကို အိပ်မက်ထဲမှာ 'အလှ ...လှ'လို့ မယောင်တော့ပါဘူးလို့လည်း ကတိပေးရတယ်။ သည် ...တိ တည်ရဲ့လား မတည်လားဆိုတာ တကယ်တော့ ကျွန်တော် ...ယ့်နှယ် သိနိုင်ပါ့မလဲ။ သူကတော့ ပြုံးပြုံးရွှင်ရွှင်ပဲ ပြန်လိုက်လာ ...ယ်။

မခင်မူ သမီးကလေးတစ်ယောက် မွေးလိုက်တော့ ကျွန်တော် ...ပျော်သွားတယ်။ သမီးကလေးဟာ သိပ်လှတာပဲ။ ဝင်းလို့ ...ည်လို့။ မွေးစကလေးငယ်ကလေးများ ဒါလောက်လှတာ ကျွန်တော် ...ခါမှ မမြင်ဖူးဘူး။

သမီးကလေးတင်လားဆိုတော့ ဘယ်ဟုတ်မလဲ။ မခင်မူဟာ ...ည်း သမီးကလေး မွေးတဲ့အချိန်မှာ သိပ်လှလာသလိုပဲ။ ကျွန်တော် ...ယ်က မမြင်ခဲ့ဖူးတဲ့ မခင်မူရဲ့အလှဟာ အံ့သြစရာပဲ။

ကျွန်တော် အရက်လည်း မသောက်တော့ဘူး။ အလုပ်ခွင်က ...လာရင် သူတို့သားအမိကိုပဲ ထိုင်ကြည့်နေတာပဲ။

ကျွန်တော့်အဖို့ အင်မတန်ပျင်းဖို့ကောင်းတဲ့ မြို့ကလေးဟာ ...ယာလာတယ်။ ကုက္ကိုပင်ကြီးတွေကလည်း စိမ်းလို့ အိလို့။ ...ထားလမ်းဘေး ရေကန်ကြီးတွေကလည်း ကြည်လို့ လဲ့လို့။ ...ခင်းထားတဲ့ ကျောက်ခဲတွေကတောင် ဖြူလို့ ဝင်းလို့။ ကျွန်တော် ...အပြင်ဝက လယ်ကွင်းနှင့် ရေကန်နှင့် တောအုပ်နှင့် သပြေပင် ... လှသလိုပဲ။ အားလုံး လှနေတာပဲ။

ဒီနောက် ကျွန်တော်နှင့်မခင်မူ ဘာပြဿနာမှမပေါ်ဘဲ သုံးလေး ...နေပြီး နှစ်နေရာလောက် ပြောင်းခဲ့ရွှေ့ခဲ့ရသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ကျွန်တော် ကံမကောင်းဘူးလို့ ဆိုရမလား။ ကျ
တော်တို့ရဲ့သမီးကလေး တွတ်တီးတွတ်တာနှင့် ခရာလုပြီဖြစ်
သမီးကလေးဟာ ရုတ်တရက် အပြင်းဖျားပြီး ဆေးမရှိဘာ
အရပ်မှာ တစ်ခါတည်း ဆုံးသွားရှာတယ်။

အို၊ အဲဒါ ကျွန်တော်တို့ ကမ္ဘာပျက်တာပဲ။ မခင်မူဆို
ငိုလိုက်တာ အရမ်းပဲ။ သူငိုနေတာကိုကြည့်ပြီး ကျွန်တော်လည်
ရင်ထဲက စိမ့်ပြီး မျက်ရည်ကျရတာပေါ့။ သူ့ကိုလည်း ဘယ်လိုသ
သွားမှန်း မသိဘူး။ သူ့နဂိုအလှကလည်း အဲသလို ပူပုံပန်းရုပ်မျိုးနှ
ပိုပေါ်လာသလား မသိဘူး။ ငိုနေတဲ့သူ့ကိုတောင် 'မောင်ရှိပါ
တယ် မူရယ်။ အားမငယ်ပါနှင့်' လို့ ပွေ့ပိုက်ချော့မော့ခဲ့ရပါ
တယ်။

နောက်တစ်ခါ သမီးကလေးအတွက် သောကတွေ ငြိမ်းေ
သလောက် ရှိလာပြန်တော့ မခင်မူနှင့် ကျွန်တော်ဟာ ဘာရယ်
မဟုတ်ဘူး။ ကအောက်ကဆတ်တွေ များလာကြပြန်ပါတယ်။

ကျွန်တော်က မခင်မူကို မပြုမပြင် နဂိုယဉ်လို့ အမွန်းတ
ချင်ပေမယ့် သူက မရဘူး။ ပွဲလမ်းသဘင် အပြင်ထွက်စရာရှိ
ဖီးလိမ်းခြယ်သပြီးမှ ထွက်ချင်တယ်။ 'ပြောင်တင်းကြီးမောင်ရယ်
လူမြင်လို့မတင့်တယ်ပါဘူး' လို့ သူက ဆိုချင်တယ်။ ကျွန်တော်
ဘာပြောရမလဲ။ လူမြင်သူမြင်ကိစ္စဟာ သူ့အဖို့ အင်မတန် အ
ကြီးနေတာကိုက ကျွန်တော်နှင့် တစ်ရန်ပါပဲ။

နောက် ကျွန်တော်လည်း ဘာရယ် မဟုတ်ပါဘူး။ အပေ
အသင်းနှင့် ကြုံတဲ့အခါ အရက်ကလေးဘာကလေး ပြန်သောက်
လည်တတ်ပတ်တတ် ဖြစ်လာပြန်တယ်။





ဒီအထဲမှာ သွားရင်းလာရင်းဆိုသလိုပါပဲ။ အင်မတန် ချစ်စရာကောင်းတဲ့ မိန်းကလေးတစ်ယောက်နှင့်လည်း တွေ့လာတယ်။ ကျွန်တော်အားရင် အဲဒီကောင်မကလေးဆီကိုပဲ သွားသွားနေတော့ မခင်မူနှင့် တစ်ခါ မသင့်မမြတ်ဖြစ်ကြပြန်ရော။

ကောင်မကလေးကို ကျွန်တော် ဘယ်လိုချစ်မှန်း မသိဘူး။ အလှကိုချစ်တာလို တည်တည်ငြိမ်ငြိမ်တော့ မဟုတ်ဘူး။ မခင်မူကို ချစ်တာလို မူးမူးယစ်ယစ်နှင့် အချစ်မျိုးလည်း မဟုတ်ဘူး။ ကလေးစိတ်၊ ကလေးမှု မပျောက်တပျောက် သူ့အပြုံးကလေးက ချစ်စရာဖြစ်နေသလား မသိဘူး။ လှတယ်လို့ ခေါ်ရမလားပဲ။

ဒီအချိန်မှာတော့ မခင်မူဟာ ကျွန်တော့်ကို သိပ်ပြီး ဆူဆူပူပူ မလုပ်တော့ဘူး။ သူ့ကို ကျွန်တော် ပစ်ထားခဲ့မှာကို ပူနေသလားတော့ မသိဘူး။ သူ့ကိုယ်သူ အသက်ကြီးသွားပြီ၊ မလှတော့ဘူးလို့ ထင်သလား မသိဘူး။ အစွမ်းကုန်ပြုပြင်ပြီး ဖီးလိမ်းနေတော့တာပဲ။

ကျွန်တော် သောက်တာစားတာ သူ မကြိုက်ပေမယ့် အိမ်မှာ အရက်ပုလင်းတွေ ဘာတွေလည်း ဝယ်ထားတတ်တယ်။ ကျွန်တော် ရုံးဆင်းချိန်ဆိုရင် သူ့ကို အိမ်မှာပဲ ဖီးလိမ်းဝတ်စား အလှပြင်ပြီးသား တွေ့ရတာပဲ။

ကျွန်တော်ကတော့ သူ ဒီလိုလုပ်လေ မကြည့်ချင်လေပဲ။ အိုသွားရင် အိုသွားတဲ့အတိုင်း နေတာကမှ ကျွန်တော့်စိတ်ထဲမယ် လှတယ် ထင်ချင်ထင်ဦးမယ်။ လိမ်းကျံခြယ်သထားတဲ့ သူ့မျက်နှာကို ကျွန်တော် တစ်ခါမှ မနမ်းမိဘူးခင်ဗျာ။

အရက်ကလေး အနည်းအကျဉ်းဝင်သွားပြီး ဝေဝေဝါးဝါးတားတားဖြစ်လာရင်တော့ သူ့ကို အပျင်းပြေသဘော ပွေ့မိလိုက်မိပါရဲ့။ တခြားအချိန်မှာဆိုရင် သူ ပြောတတ်တယ်၊ 'မောင့်မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ မူနှင့်တွေ့လိုက်ရင် ရှုံ့နေတာပဲ'တဲ့။ ကိုယ့်ဟာကိုယ်လည်း မှန်ထဲ ပြန်ကြည့်မိပါတယ်။ ဟုတ်တယ်၊ သူပြောသလို ရှုံ့နေတာပဲ။

ကျွန်တော်ယူထားတဲ့ ကောင်မကလေးကလည်း အစသာ ချစ်ဖို့ကောင်းတာပါ။ နောက် သူ့ကိုယ်သူ အရာရှိကတော်ဆိုတာ သိလည်း လာရော၊ အရာရှိကတော်ဆို အငယ်ဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့။ လိမ်းတတ် ခြယ်တတ်၊ ဝတ်စားဆင်ပြင်တတ် ဖြစ်လာတယ်။

ကျွန်တော်က မခင်မူကိုပြောလို့မရပေမယ့် သူကတော့ ငယ်လို့ လင့်အာဏာသုံးပြီး ဒါတွေ ဘာမှမလုပ်နှင့်လို့ ဟန့်တားတယ်။ မရတော့ဘူး။ 'မိန်းမဆိုတာ လှချင်တာပဲ'တဲ့။ ဒါနှင့် ကျွန်တော်က 'မလှဘူး။ ငါမကြိုက်ဘူး'ဆိုတော့၊ သူက 'ကိုကိုက ဝယ်ပေးရမှာစိုးလို့ ပြောတာလား'တဲ့။

ကျွန်တော်လည်း ချဉ်လာရော။ သူ့ကို ငါ ဘာလုပ်ဖို့ ယူထားမိပါလိမ့်လို့လည်း တွေးရော။

သူ့ဆီမို့ ရောက်လိုက်ရင် အနံ့တစ်မျိုးကို လှိုင်နေအောင် ဆွတ်ထားတာတို့၊ မျက်နှာကို မွှန်နေအောင် လိမ်းခြယ်ထားတာတို့၊ သူ့မျက်နှာက ပြုံးထားပေမယ့် ကျွန်တော် သဘောကျအောင်လို့သာ ပြုံးရတယ်။ တကယ့်အပြုံး မဟုတ်တာတို့၊ အဲသလို စိတ်ထဲကမပါဘဲ လုပ်တာမျိုး ကျွန်တော် ကြည့်မရဘူး။ သည်းခံလို့ မရဘူး။

တစ်ခါတော့ ကျွန်တော် စိတ်ပေါက်ပေါက်ရှိတာနှင့် 'သွား။ ခုချက်ချင်း မျက်နှာသစ်ပစ်လိုက်စမ်း'လို့ အော်ငေါက်ပြောမိတယ်။ သူက ပေကတ်ကတ်လုပ်နေလို့ ကျွန်တော်လည်း စိတ်ထွက်လာပြီး ပစ်ခတ်တီးလိုက်မိတယ်။ ဟာ၊ ကောင်မကလေးလည်း ဘာမပြော ညာမပြော တအီအီနှင့် ကလေးလို ထိုင်ငိုတော့တာပဲ။





ဒီတော့ ကျွန်တော်လည်း သူ့ကိုကြည့်ပြီး သနားသွားသလို ဖြစ်လာလို့ သူ့အနားထိုင်ပြီး ချော့မော့မိပြန်တယ်။ အဲဒီမယ် တစ်ခါ သူက ကိုကိုက သူ့ကိုမချစ်ဘူး ဘာဘူးနှင့် ချွဲတဲ့တဲ့ ဖြစ်လာပြန်တာနှင့် ကျွန်တော် သူ့ကိုတွန်းပစ်ပြီး ထွက်ခဲ့ရော။

မိန်းမများ တယ်ခက်တယ်။ မလိမ္မာချင်ကြဘူး။ ကျွန်တော်က သူလုပ်တာတွေကို အမြဲလိုလို ကန့်ကွက်နေတော့ သူ့စိတ်ထဲမယ် ကျွန်တော် သူ့ကို ပစ်ထားခဲ့တော့မယ် ထင်ဟန်တူပါရဲ့။

သူကတော့ မခင်မူလို ကျွန်တော်ပစ်ထားခဲ့မှာ ပူရတဲ့အရွယ်တော့ မဟုတ်ဘူးပေါ့။ သို့ပေမယ့် လစ်သာတုန်း လစ်မှလို့ သဘောထားဟန် တူပါတယ်။ ကျွန်တော့်ရုံးက စာရေးကလေးတစ်ယောက်နှင့် လစ်ပြေးကြပါလေရော။

ကျွန်တော်လည်း စိတ်ကုန်ခန်းတာနှင့် အသာပဲ ကြည့်နေလိုက်တယ်။ ကောင်ကလေးရဲ့အလုပ်ထွက်စာ ရုံးရောက်လာတော့ ကျွန်တော် တင်မပေးလိုက်တော့ဘူး။ စာရေးကြီးကိုခေါ်ပြီးတော့ ကောင်ကလေး အလုပ်ပြန်ဆင်းပါစေလို့ ပြောလိုက်ရတယ်။ သူ့ထွက်စာကိုလည်း ကျွန်တော်ပဲ ဆုတ်ပစ်ခဲ့တယ်။ ကျွန်တော်လည်း ခွင့်ယူပြီး မခင်မူနှင့်အတူ မြို့ကို ပြန်လာခဲ့တယ်။

*   *   *

မမတင်နှင့်တွေ့တော့ ဖော်ဖော်ရွှေရွှေပဲ။ သူက အိမ်ထောင်မပြုသေးတော့ အပျိုကြီးပေါ့။ ဒါပေမယ့် အရင်လေးငါးနှစ်ဆီက မမတင်တော့ မဟုတ်တော့ဘူး။ အာရဲလျှာရဲနှင့် အပျိုကြီးစာရင်းထဲ ဝင်နေပြီလို့ ပြောတယ်။ ဒါတောင် သူ့ကိုယ်ကာယအလှကို သူ ဆိန်းသိမ်းထားနိုင်သေးတာ တွေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အရွယ်ပမာဏကိုကြည့်ရတာတော့ ပိုထွားလာတာ တွေ့ရတယ်။ ဟိုတုန်းက ချုပ်ထားတဲ့ အဝတ်အစားတွေ မကုန်သေးလို့လားတော့ မသိဘူး။ သူ့ကိုယ်ခန္ဓာနှင့်ဟာ အားလုံး တစ်ကြပ်နေတယ်။ ကျွန်တော် တစ်ခါက သူ့ဆီ စာရေးလိုက်တဲ့အကြောင်းတော့ ဘာမှ စပ်မပြောမိကြဘူး။

မမယဉ်ကတော့ အခု ကလေးနှစ်ယောက် အမေ။ သူ့ယောကျ်ား ကိုလှမောင်ဟာ တောပစ်သွားရင်း ကျားသစ်ကိုက်လို့ သေတော့ သူလည်း မုဆိုးမ ဖြစ်နေရှာတယ်။ အိမ်မှာ သူ့အမေရယ်၊ တောက ကျူဖော်လောင်ဖက်ခေါ်ထားတဲ့ တူကလေးရယ်၊ ဒါပဲ ရှိတော့တယ်။ အလုပ်ကတော့ လုပ်လျက်ပဲ။

* * *

ကျွန်တော် ရွာကိုတော့ မရောက်ဘူး။ ဒါပေမယ့် မောင်သင်တို့ ဒီမြို့ကို ရွှေ့နေကြပြီလို့ သတင်းရတော့ အလှကို သတိရတယ်။ အလှလည်း ပါလာမှာပဲ။ သူတို့အိမ်ကို သွားလည်ဦးမှပဲလို့ အောက်မေ့ပေမယ့် မခင်မူက မလိုက်ချင်ဘူး။

သူက အလှကို မုန်းတဲ့လူဆိုတော့ အလှရှိရာကို ဘယ်ခေါ်လို့ရမလဲ။ အလှဆိုတဲ့နာမည်ကို သူက မကြားချင်ဆုံးပဲ။

ရုံးကို ကျွန်တော်သွားလည်ရင်း ရှေ့နေကြီးဦးသင်နှင့်တော့ တွေ့ခဲ့တယ်။ သူက ကျွန်တော့်ကိုတွေ့တော့ ဝမ်းသာအယ်လဲဖက်လဲတကင်းလုပ်ပြီးတော့ 'အိမ်ကို လာလည်ပါဦးကွာ'လို့ ဖိတ်ခေါ်ရှာတယ်။ သူ့မှာ အလုပ်တွေ များကြောင်း၊ အမှုတွေ များကြောင်း ညည်းတွားသလို ကြွားသလိုလိုနှင့် ပြောသွားတယ်။





ကျွန်တော်က အလှအကြောင်းမေးတော့ သူက ရှိပါတယ်လို့ပဲ ပြောတယ်။ တကယ်တော့ သူ အလှကို သိပ်ဂရုစိုက်ပုံ မပေါ်တော့ဘူး။ သူ့ကြည့်ရတာကတော့ အင်မတန်အောင်မြင်နေတဲ့ လက္ခဏာပါပဲ။

ကျွန်တော်ရတဲ့ ခွင့်နှစ်လ မကုန်ခင်မှာပဲ မခင်မူနှင့် ကျွန်တော် အတောက်ကဆတ်ဖြစ်ကြပြန်တယ်။ သူက ကျွန်တော့်ကို မမတင်နဲ့ စွပ်စွဲတယ်။ 'အားအားရှိရင် သူ့ဟာမဆီ သွားနေတာပဲ'တဲ့။

ကျွန်တော်က သူ့ကို ဘာမျှ ပြန်ပြီးချေပမနေဟော့ဘူး။ဂရုစိုက်သလိုပဲ သွားမြဲလာမြဲပဲ။ နောက်တစ်ခါ မမယဉ်နှင့်လည်း စွတ်ပြန်တယ်။ ဒါလည်း ကျွန်တော် ဘာမှ ပြန်မပြောခဲ့ဘူး။

သူက မကျေနပ်ဘူး။ မမတင်ဆီ သွားငိုသတဲ့။ မမယဉ်ဆီ သွားငိုသတဲ့။

ကျွန်တော်လည်း အမြင်ကတ်ကတ်နှင့် လျှောက်ချည်းလည်နေတာ များတယ်။ အိမ်ကိုတော့ မိုးချုပ်မှပဲ ပြန်တာများတယ်။ တစ်ခါတလေလည်း သူငယ်ချင်း အပေါင်းအသင်းနှင့် အိမ်မပြန်ဘဲ သောက်စားနေလိုက်တယ်။ ဒါနှင့် တစ်ခါ မခင်မူနှင့် ပေါက်ကွဲကြပြန်ရော။

"မောင် အရင်လိုကို မဟုတ်ဘူး။ ခုတစ်ခေါက် ပြန်လာမိတာ များတာပဲ။ အဆက်ဟောင်းတွေနှင့် ပြန်တွေ့ပြီး မူ့ကိုချည်း ပြဿနာရှာထိုးနေတာ။ ဒီတစ်ခါ မောင်ပြန်သွားရင် မူ့ကို ခေါ်မသွားချင်တော့ဘူး ထင်တယ်"

"မခေါ်ချင်ဘူးလည်း မဟုတ်ဘူး။ ခေါ်ချင်တယ်လဲ မဟုတ်ဘူး။ လင်နှင့်မယားဆိုတာ တရားဝင် မကွဲခင်တော့ အတူတူနေကြ



www.burmeseclassic.com

www.burmeseclassic.com



သွားကြရမှာပဲ။ မမမှ မလိုက်ချင်လည်း နေရစ်ခဲ့ရုံပဲ။ မလိုက်ချင်တဲ့လူကို ကျွန်တော်ကလည်း ခေါ်မသွားချင်ဘူး"

"သိပါတယ်၊ သိပါတယ်။ မောင်က ဒါတွေပါ စဉ်းစားပြီးပြီကိုး။ လိုက်ချင်တဲ့လူက ရှိနေပြီကိုး"

မခင်မှ ငိုတယ်။ အမှန်ပြောရရင် ကျွန်တော့်မှာ မိန်းမတွေ ယောက်ငိုနေတာတွေ့ရရင် စိတ်မခိုင်တတ်ဘူး။ သူငိုနေတာ ကြာကြာကြည့်ရရင် ကျွန်တော် စိတ်ပြောင်းသွားပြီး ဝင်ချော့မိမှာစိုးတာနှင့် အဝတ်အစား ကပျာကယာဝတ်ပြီး ခြေဦးတည့်ရာ ထွက်လာခဲ့တယ်။

"မင်းကလည်းကွယ်။ အမှုလေး သနားပါတယ်။ နည်းနည်းပါးပါးလည်း ဂရုစိုက်ဦးမှပေါ့။ ကိုယ့်မယားပဲဟာ"

မမတင်က ကျွန်တော့်အပြစ်တင်သလို ပြောတော့ ကျွန်တော် ဘာမှ ပြန်မပြောခဲ့ဘူး။

"အမှုကို မမ အစက သတိပေးတယ်။ ကိုယ့်ထက်ငယ်တဲ့ ကလေး ယူပြီး တော်ကြာ မနိုင်မနင်းဖြစ်လာရင် ခက်မယ်လို့။ မင်းကို သူ သိပ်ချစ်ရှာတာ။ ကိုယ့်အကြောင်းပေါ့ ယဉ်ရယ်တဲ့ စိတ်ဆင်းရဲအောင်တော့ မလုပ်ပါနှင့်ကွယ်"

မမယဉ်က ကျွန်တော့်ကို ဖျောင်းဖျတယ်။

"ကျွန်တော်က သူ စိတ်ဆင်းရဲအောင် မလုပ်ရပါဘူး မမယဉ် သူ့ဟာသူ လုပ်နေတာပဲ"

"မင်းက မယားငယ်တွေဘာတွေ ယူလို့ဆို"

"ဒါက အလကားပါ။ ခဏတဖြုတ်ကိစ္စပဲ"

"မိန်းမဆိုတာတော့ စိတ်ညစ်တာပဲကွယ့်"





"ယောကျ်ားလည်း စိတ်ညစ်တာပဲ မမယဉ်။ ကျွန်တော် ဆိုလို့ သူ့ကို ညှဉ်းနေတာ မဟုတ်ပါဘူး။ သူ့လုပ်ပုံကိုလည်း ကြည့်ဦးမှပေါ့"

"အမှု ဘာလုပ်လို့လဲ"

"မသိဘူး မမယဉ်။ ကျွန်တော်လည်း မပြောပြတတ်ဘူး။ သူလုပ်လိုက်ရင်တော့ ကျွန်တော် မကြိုက်တာချည်းပဲ"

"ဘာတွေများ လုပ်လို့လဲကွယ်။ အမှုဟာ မင်းကို သိပ်ချစ်ရှာပါတယ်။ မင်းမကြိုက်တာကို မလုပ်နှင့်ဆိုရင် သူ လုပ်မှာ မဟုတ်ပါဘူး။ မင်းက ပြောပြပေါ့"

"နားမလည်ဘူး မမယဉ်ရဲ့။ ပြောလည်း လုပ်တာပဲ"

"နားလည်အောင် ပြောပေါ့ကွယ်"

ကျွန်တော် မမယဉ်ကို ဘာမှ ပြန်မပြောတော့ဘူး။ တကယ်တော့လည်း ဟုတ်တယ်။ ကျွန်တော် ဘာ မကြိုက်ဘူး၊ ဘာကြိုက်တယ်ဆိုတာကို ကျွန်တော်က ဘယ်သူ့မှ နားလည်အောင် မပြောပြတတ်တာလည်း ပါမယ်။

မမယဉ် အိမ်ကထွက်ပြီး ကျွန်တော် ခြေဦးတည့်ရာ လျှောက်ခဲ့မိတာကတော့ အလှတို့အိမ်။ မောင်သင်နှင့် တစ်နေ့ကတွေ့လို့ သူပေးခဲ့တဲ့ လိပ်စာအတိုင်း လျှောက်လာခဲ့ရာမှာ ကျွန်တော့်စိတ်တွေဟာ လေးလံထိုင်းမှိုင်းနေပါတယ်။

အဲဒီအချိန်အခါမှာ ကျွန်တော်ဟာ အလှကိုတွေ့ရရင်တောင် ကြည်လင်လာလိမ့်မယ် မထင်ပါဘူး။ သို့ပေမယ့် ကျွန်တော့်မသိစိတ်က အလှကို တောင့်တနေမိသလား။ ကျွန်တော် သွားချင်စိတ် ပေါ်လာလို့ သွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝမှာ 'ဦးသင် (ဘီအေ–ဘီအယ်လ်၊ တရားရုံးချုပ်ရှေ့နေ)' ဆိုတဲ့ ဆိုင်းဘုတ်တွေ့တော့ ကျွန်တော် တံခါးဖွင့်ပြီး ဝင်ခဲ့တယ်။ ခြေလှမ်းကတော့ ခပ်လေးလေးပဲ။ အိမ်ကြီးနားကျတော့ ခိုင်းတဲ့ လူတစ်ယောက်လာပြီး ဘာကိစ္စရှိလို့လဲ၊ ဘာလဲနှင့် စစ်ဆေးတယ်။ ကျွန်တော်က ဦးသင်ဆီ ပို့ပေးပါပြောတော့ အဲဒီလူက အိမ်အပြင် ဘက်ဘေးက ခြံထဲကို ခေါ်သွားတယ်။

အဲဒီမှာ ကြိမ်နှင့်ရက်တဲ့ စားပွဲကုလားထိုင်တွေချပြီး ထိုင်နေတဲ့မောင်သင်ကို တွေ့ပါတယ်။ သူထိုင်နေတဲ့ ကုလားထိုင်ရဲ့ အောက်က မြေကြီးပေါ်မှာ ပုလင်းတွေနှင့်။ စားပွဲပေါ်မှာတော့ ရေခဲခွက်ရယ်၊ စားစရာ တစ်ပန်းကန်ရယ်။

“ထိုင်ကွာ သူငယ်ချင်း။ မင်း ဘာသောက်မလဲ”

“မင်းသောက်တာပဲ သောက်မယ်ကွာ”

သူက သူ့ကုလားထိုင်ဘေးက ဝီစကီပုလင်းကို ယူပြီး ကျွန်တော့်ကို လှမ်းပေးပါတယ်။ ကျွန်တော်လည်း လှမ်းယူပြီး ကုလားထိုင် အလွတ်တစ်လုံးမှာ ဝင်ထိုင်ပါတယ်။

“မင်း ဘယ်သူက ပြောလိုက်လဲ”

ကျွန်တော်က သူ ဘာမေးတာမှန်းမသိလို့ သူ့ကို လှမ်းကြည့်လိုက်တော့ သူက ကျွန်တော့်ကို အကဲခတ်သလိုကြည့်ရင်း ဘာမှ မပြောဘဲ ဆိုဒါပုလင်းတစ်လုံးကိုဖွင့်ပြီး 'ကဲ၊ သောက်ပါဦးကွာ ပြီးမှ ပြောတာပေါ့'လို့ ဆိုပြန်တယ်။ ကျွန်တော် သူပြောနေတာကို 'ဘာမှ နားမလည်ဘူး သူငယ်ချင်း'လို့ ပြန်ပြောလိုက်တယ်။

“မင်း ဘာလုပ်ဖို့လာတာလဲ အခု”

ကျွန်တော် အပြောရခက်သွားတယ်။ သူ ဘာတွေမေးနေလဲ ဆိုတာလည်း ကျွန်တော် မသိဘူး။ ကျွန်တော် ဘာလုပ်ဖို့လာလဲဆိုတာ သူ ဘာလို့မေးလဲ။





“မင်းမေးတာတွေ ငါ တစ်ခုမှ နားမလည်ဘူး”

“ဒါဖြင့် သောက်ကွာ။ မင်း ဘာမှ သိပုံမရပါဘူး”

သူ့စကားတွေက တကယ်ပဲ ဆန်းနေလို့ ကျွန်တော်လည်း ခွက်ထဲ ဆိုဒါနှင့် ရေခဲ ထည့်ပြီးသောက်ရင်း သူ့ကိုပဲ စိုက်ကြည့်နေလိုက်တယ်။

နောက် အတော်ကြာမှ သူက စကားလွှဲပြီး–

“ဟေ့၊ တစ်နေ့က ငါ မင့်မိန်းမနှင့် ဈေးနားမှာ တွေ့ခဲ့တယ်။ ပြောဘူးလား။ တကတည်း အမူက ကြီးလာမှ ပိုချော ပိုလှနေပါလားကွ၊ ဟင်။ မင်း တယ် ကံကောင်းတဲ့အကောင်ပဲ”

“တော်စမ်းပါကွာ။ ငါဖြင့် စိတ်ပျက်လွန်းလို့”

“ဖြစ်ရသကွာ။ ဒါလောက်လှ၊ ဒါလောက်ချောတဲ့မိန်းမကို များ စိတ်ပျက်ရတယ်လို့”

“မင်း မသိပါဘူး သူငယ်ချင်းရာ။ ဒါထက် အလှကော ကောင်းရဲ့လား”

“အေး။ ဒါကြောင့် မင်းဝင်လာတော့ ငါမေးတာ။ မင်း ဘယ်သူ ပြောလိုက်လဲလို့။ ငါက မင်း တစ်ယောက်ယောက်က ငါ မိန်းမ လင်နောက်လိုက်ပြေးတဲ့သတင်း ပြောလိုက်လို့ လာတယ် ထင်တာ”

ကျွန်တော် ရုတ်တရက် လန့်ဖျပ်သွားပါတယ်။

“ဘာ၊ ဘာ၊ ဘယ်လိုကွ”

“အလှ လင်နောက်လိုက်ပြေးပြီလေကွာ။ မနေ့ညက”

ကျွန်တော် ဘာမှ ဆက်မမေးမိဘဲ လက်ထဲကကိုင်ထားတဲ့ အရက်ခွက်ကိုပဲ သောက်မိလား မသောက်မိလားမသိဘဲ အကြာကြီး ငေးနေမိတယ်။ အတော်ကြာမှ–



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူနှင့် လိုက်ပြေးတာလဲကွ"

"ချာတိတ်ကလေးပါ။ ငါ့အိမ်ခိုင်းထားတဲ့ ချာတိတ်။ ငါလည်း စိတ်ကုန်တာနှင့် ဘယ်မှ လိုက်မရှာတော့ဘူးကွာ။ သွားပါစေတော့လို့ ထားလိုက်တယ်။ အတော်မိုက်တဲ့ မိန်းမကွာ။ အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် လိုက်သွားတာ"

ကျွန်တော် သူ့ကို ဘာမျှ ဝင်မထောက်တော့ဘူး။ သူ့ကိုလည်း မကြည့်ဘဲ စိတ်ထဲကလည်း အပြေးအလွှား ဆုံးဖြတ်ချက်တစ်ခုကို ချနေမိတယ်။ အလှကို မတွေ့တွေ့အောင် ကျွန်တော် လိုက်ရှာမယ်။

ကျွန်တော် လက်ထဲက မသောက်ရသေးတဲ့ အရက်ခွက်ကို စားပွဲပေါ် ချလိုက်ပြီး ထိုင်ရာကထတော့ မောင်သင်ဟာ ကျွန်တော့်ကို တအံ့တဩကြည့်နေတယ်။ ကျွန်တော်က 'ငါ ပြန်တော့မယ် သူငယ်ချင်း' လို့ ပြောပြောဆိုဆိုလှည့်ထွက်ခဲ့တော့ သူလည်း လက်ထဲက ငှဲ့လက်စအရက်ပုလင်းကြီးကိုင်လို့ 'ဟောကောင် ဟေ့ကောင်'နှင့် ဝင်းဝအထိ နောက်က လိုက်လာသေးတယ်။ ကျွန်တော်လည်း သူ့ကို လှည့်မကြည့်ဘဲ ဝင်းတံခါးကိုဖွင့်ပြီး ခြေလှမ်းကျဲကျဲနှင့် လျှောက်ထွက်ခဲ့ပါတယ်။

၅

## စာရေးဆရာ

သားကလေးတစ်ယောက် လူလားမြောက်ရေးအတွက် သောက အေးနိုင်ရှာသော ကျွန်တော့်မိတ်ဆွေတစ်ယောက်က သူ့သားအတွက် ဘာလုပ်ရမည်ကို ကျွန်တော်နှင့် လာတိုင်ပင်သည်။

"ခင်ဗျားသား အခု အသက် ဘယ်လောက်ရှိပြီလဲ"

"ငါးနှစ်"

"အမယ်လေး၊ ကိုယ့်လူနှယ် ပူပူပန်ပန်ရှိတတ်ရန်ကော။ ကိုယ်က လူပျိုပေါက်အရွယ်လောက်များ ရှိပြီလားလို့"

"မဟုတ်ဘူးဗျ။ ကျုပ်သားက တစ်မျိုး။ ဒီအကောင်ဟာ အရွယ် နှင့်မလိုက်အောင် မဟုတ်ကဟုတ်က ပြောတတ်နေတယ်ဗျာ။ အဲဒါ"

"ဘယ်လို မဟုတ်ကဟုတ်ကလဲ။ ခင်ဗျားကလည်း ဒီအရွယ် ဆိုတာ ဒီလိုပဲ မဟုတ်ကဟုတ်ကပြောတဲ့ အရွယ်ပဲဗျ။ ဘုရားစကား တရားစကားတော့ ဘယ်ပြောတတ်မလဲ"

"မဟုတ်ဘူးလေ။ သူ့ဟာက တကယ့်ကို မဟုတ်ကဟုတ်က ကြံကြံဖန်ဖန်တွေကို ပြောတတ်တာဗျ။ ခင်ဗျား မသိဘူး။ ကျုပ်မှာ ဒါနှင့်ပဲ တစ်နေ့တစ်နေ့ စိတ်မအေးနိုင်အောင် ဖြစ်နေရတယ်ဗျ"

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ တကယ်ပင် စိတ်မအေးနိုင်သည့်အသွင်အပြင် ပေ

နေပါသည်။

"ဘာတွေများ ပြောလို့လဲဗျာ"

"တစ်နေ့က သူက အိမ်ထဲကထွက်အလာ ခြံဝက ညော့်သည်

လာတာမြင်တော့ တစ်ခါတည်း ယိုင်တိုင်ယိုင်တိုင်လုပ်ပြီး လဲ

လျှောက်ပြသတဲ့။ ညော့်သည်က ဘာဖြစ်တာလဲမေးတော့ ကျွန်တော

အဖေ့ ဝီစကီပုလင်း ခိုးသောက်လာတာ နည်းနည်း များသွားလို့ပါ

ဘာမှ မဖြစ်ပါဘူး'လို့ ပြောသတဲ့ဗျာ။ အဲဒါ ညော့်သည်က အဟုတ်မှတ်

လို့ ကျွန်တော့် စိုးရိမ်တကြီး လာပြောတယ်ဗျာ။ ကဲ"

"တကယ်ကော ဒီကလေး ဒီလို အရက်တို့ဘာတို့ ခိုးသော

လေ့ရှိသလား"

"ဟာ၊ ဘယ်ကလာ ခိုးသောက်ရမှာလဲ။ ကျွန်တော့်အိမ်မှ

အရက်ပုလင်းတွေဘာတွေ ရှိပေမယ့် လုံလုံခြုံခြုံ ထားတာပါ

ဘယ်သူမှ ခိုးသောက်လို့ မရပါဘူး။ ဒီကောင် သက်သက်ညာပြော

တာ"

"ကလေးပဲဗျာ"

"ဟုတ်ပါတယ်။ ကလေးလို့ ဆိုရပေမယ့် သူ့ဟာက ယုတ္တိ

ယုတ္တာနှင့်ဗျ။ ဒါတင် မကသေးဘူး။ ဟိုတလောကလည်း ကျွန်တော

တို့မရှိတုန်း ကျွန်တော်တို့နှင့် ညီအစ်ကိုလိုခင်တဲ့ မိတ်ဆွေတစ်ယော

လာတော့ သူ ဒီအိမ်မှာ မနေချင်ဘူး။ သူ့ကို တစ်နေရာရာ ခေ

သွားပါဆိုလို့ ကျွန်တော့်မိတ်ဆွေက သူ့ကို ခေါ်သွားပြီး ကားတ

ပတ် မောင်းရသတဲ့။ အဲဒါ သူက ဒီအိမ်မှာက ဖေဖေနှင့်မေမေ

အမြဲ ရန်ဖြစ်နေကြတာ။ သားလည်း စိတ်ညစ်လှပြီ။ သူတို့နှင့်လည်





နေချင်တော့ဘူး။ ရေထဲဖြစ်ဖြစ် ဆင်းသေမယ်။ တောင်ပေါ်က

ဖြစ်ဖြစ် ခုန်ချမယ်လို့ ပြောသတဲ့။

"ဒါနှင့် ကျွန်တော့်မိတ်ဆွေလည်း သိပ် စိတ်မကောင်းဖြစ်လို့

နောက်ဆုံး ကျွန်တော်တို့ကို အကဲခတ်ပြီး သင့်သင့်မြတ်မြတ် နေ

ကြဖို့ လာပြောတယ်။ ကျွန်တော်တို့ လင်မယားဟာ ဘယ်တော့မှ

ရန်မဖြစ်ပါဘူးဗျာ။ ခွန်းကြီးခွန်းငယ်တောင် မများဖူးပါဘူး။ ဒီလူ

ဘာတွေလာပြောနေပါလိမ့်လို့ နားမရှင်းတာနှင့် ရှင်းလင်းအောင်မေး

တော့မှ ကလေးက ဒီလိုဒီလို ပြောတယ်ဆိုတာ သူက ပြန်ပြောပြတယ်။

ခင်ဗျား စဉ်စားကြည့်လေ။ ကဲ–

"အဲဒီကိစ္စ သူ့ကို မဟုတ်ကဟုတ်က ပြောလို့ဆိုပြီး ရိုက်နှက်

ဆုံးမလို့ကော ရမလား။ သူကပြောတာ ထားလိုက်ပါတော

ယုံတဲ့လူတွေကလည်း ယုံတယ်။ ကျွန်တော်တော့ ဒီကောဖြစ်မယ်။

ကတ်တယ်ဗျာ။ ဒီအကောင် ကြီးလာရင် ဘယ်လိုစားဖော်တွေ

ဖြစ်လာမလဲ မသိဘူး။ ကျွန်တော့်မှာတော့ စိတ်ခရှုးကြီးပြောတဲ့

"မပူနှင့်ဗျ။ ခင်ဗျားသားဟာ ခင်ဗျားလို ရာယ်"

ဖြစ်မလာတောင် စာရေးဆရာ ကဗျာဆရာတော လို့ ပြောရတာလဲ။

တယ်။ ကျွန်တော် ပြောရပါတယ်"

ကျွန်တော်က ဤသို့ပြောလိုက်လျှင် ဘူး။ ဒီလို ပြောလိုက်

အံ့အားသင့်သွားသလို ပါးစပ်အဟောင်း လုပ်လာကြလိမ့်မယ်

မျက်ခုံးပင့်၍ ကြည့်ကာ 'ဗျာ'ဟု ဆိုလို ကြောင့်ပြောတယ်ဆိုတာ

"ဟုတ်ပါတယ်။ ခင်ဗျားသား ငယ တ်ကတွေ လျှောက်ပြော

မဟုတ်ကဟုတ်ကတွေ ကြံဖန်ပြောတ းကြီးရိုက်တာ ခံရတာကို

ကဗျာဆရာ စာရေးဆရာ ဖြစ်လာမှာ ကာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လားဗျာ။ ခင်ဗျားပြောသလိုဆိုရင်တော့ ကျုပ်သား မပစ်လိုက်ရသေးဘူးပေါ့။ လုပ်စမ်းပါဦး။ ဘယ်လိုကြောင့်လဲ"

"ခင်ဗျားဘာသာ ပစ်ချင် ပစ်၊ မပစ်ချင်လည်း နေ။ ခင်ဗျား သားဟာ သူ မဟုတ်ကဟုတ်က လျှောက်ပြောနေတာတွေကို သူများ တကယ်ယုံအောင် ပြောတတ်တာကတော့ သေချာတယ်။ အဲဒါ စာရေးဆရာပဲ"

"ဟုတ်မှလည်း လုပ်ပါဆရာရယ်။ ခင်ဗျားလည်း စာရေး ဆရာပဲ။ စာရေးဆရာဆိုတာ ဒီလိုပဲ ဖြစ်လာတတ်သလား"

"သိပ် သေချာတာပေါ့ဗျာ။ ကျွန်တော် ငယ်ငယ်ကဆိုရင် ခင်ဗျားသားထက်တောင် မဟုတ်ကဟုတ်က ပြောခဲ့တယ် ထင်ပါ

င်။ ဒါပေမယ့် ကျွန်တော်က ခင်ဗျားသားလောက် မတော်ဘူး။
လေ့ရှ
ူများယုံအောင် ခပ်တည်တည် မဖြီးတတ်ဘူး။ အဲဒါ ကျွာ

အရက်ပုလင်း
ဘယ်သူမှ ခိုးငေ ်ပါဦး၊ ဘယ်လိုလဲ"
၏မိတ်ဆွေသည် ကျွန်တော် ပြောပြနေသည်တို့ကို
တာ"
"ကလေးပဲ စိတ်ဝင်စားနေပါလေသည်။
"ဟုတ်ပါတ ဥပမာ ကျွန်တော် လေးငါးခြောက်နှစ်သား
ယုတ္တာနှင့်ဗျ။ ဒါတင် ကိုယ်ကျွန်တော် လူဝင်စားဆိုပြီး ညာပြောခဲ့
တို့မရှိတုန်း ကျွန်တော်ဝ
လာတော့ သူ ဒီအိမ်မှာ ဦး။ စိတ်ဝင်စားစရာပဲ"
သွားပါဆိုလို့ ကျွန်တော့် သို့ ရှေးက ရုပ်ကလည်း ချော၊ ပညာလည်း
ပတ် မောင်းရသတဲ့။ အဲ ပညာဆို အကုန်လုံးတတ်၊ မြင်းစီးလှံထိုး
အမြဲ ရန်ဖြစ်နေကြတာ။ ည လေးမောင်ရှုပ ဝင်စားတဲ့လူဗျ"





"တကယ်ကော ဟုတ်များနေလို့လားဗျာ။ ငယ်ငယ်ကဆိုတော့ ခင်ဗျား တကယ် မှတ်မိနေတာကော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ပါဘူးဗျာ။ တကယ်က ကျွန်တော် ဘာမှ မှတ်မိနေ တာ မဟုတ်ပါဘူး။ ကျွန်တော် ဘုန်းကြီးကျောင်းသွားနေတော့ ရပ်ပေါ်မှာနေတဲ့ ရှုးကြောင်ကြောင် ဖိုးသူတော်ကြီးတစ်ယောက် ပြောပြတဲ့ ပုံထဲကဟာတွေကို ကိုယ့်ဟာလုပ်ပြီး ပြောတာ။ အဲဒါ တော့ ကျွန်တော် မှတ်မိတာပေါ့"

"လူတွေကတော့ ခင်ဗျားပြောတာကို ယုံကြတယ် မဟုတ် လား"

"မယုံတဲ့လူက များပါတယ်"

"ဘယ်လိုကြောင့်လဲ"

"ကျွန်တော်က အပြောမကောင်းလို့ရင်လည်း ဖြစ်မယ်။ ဒါမှမဟုတ် ကျွန်တော့်လိုပဲ ဒီပုံကို နားထောင်ဖူးတဲ့ ကစားဖော်တွေ က ဒီကောင် အလကားညာတာ။ ဒါ ဖိုးသူတော် အရူးကြီးပြောတဲ့ ပုံပဲလို့ လျှောက်ပြောလို့ရင်လည်း ဖြစ်မယ်ထင်တယ်"

"နေပါဦး။ ခင်ဗျား အဲဒါတွေကို ဘာဖြစ်လို့ ပြောရတာလဲ။ ခင်ဗျားငယ်ငယ်က ပြောတာတွေလေ"

"အဲဒါတော့ ကျွန်တော် မပြောတတ်ဘူး။ ဒီလို ပြောလိုက် ရင် လူတွေက ကျွန်တော့်ကို အရေးတယူ လုပ်လာကြလိမ့်မယ် ထင်လို့များ ဖြစ်မလားမသိဘူး။ အဲ- ဘာကြောင့်ပြောတယ်ဆိုတာ တော့ မမှတ်မိဘူး။ အဲသလို မဟုတ်ကဟုတ်ကတွေ လျှောက်ပြော လို့ အဖေရိုက်တာ၊ အမေရိုက်တာ၊ ဘုန်းကြီးရိုက်တာ ခံရတာကို တော့ မှတ်မိနေတယ် ထင်တယ်"

"ဘယ်လိုဟာတွေပြောလို့ ရိုက်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဟာတွေပြောလို့လဲဆို အားလုံးတော့ မမှတ်မိဘူး။ တစ်ခါတုန်းကတော့ ကျွန်တော့် အဖေဟာ ဟို ဘဝတုန်းက ကျွန်တော့်သား ဖြစ်ခဲ့တယ်ဆိုတာတို့။ အဲဒီတုန်းက ကျွန်တော်ဟာ သားကိုး သိပ်ချစ်ပြီး ရိုက်လည်း မရိုက်ဘူး။ လိုချင်တာတွေ အကုန်လုံးဝယ်ပေးတယ် ဆိုတာတို့။ ကျွန်တော့်အမေဟာ ဥစ္စာစောင့် လိုယောင်ဆောင်ပြီးလာနေတာ အချိန်စေ့ရင် သူ့သိုက်ထဲ သူ ပြန်သွားရမှာ ဆိုတာတို့"

"ဒါတွေ ခင်ဗျား တစ်နေရာရာက ကြားဖူးထားတာတွေ ဖြစ်မှာပေါ့နော်"

"ဒါပေါ့ ဒါပေါ့။ တစ်ခါမှာတော့ အမေက 'ဒါတွေ နင် လုပ်ကြံပြီးပြောတာ။ နင့်ကို ဘယ်သူကပြောလဲ' လို့ ရိုက်ပြီးစစ်တော့ ကျွန်တော်ကလည်း 'ဒါတွေ ကျွန်တော် လုပ်ကြံပြီးပြောတာ မဟုတ်ဘူး။ ဘုန်းကြီး ဦးနန္ဒိယ ပြောပြတာ' ဆိုပြီး ဖွင့်ပြင်းတာနဲ့ အမေလည်း စိတ်တွေဘာတွေဆိုးပြီး 'ဒီဘုန်းကြီးဟာ ဘုန်းကြီးတန်မယ် ကလေးကို မဟုတ်ကဟုတ်ကတွေ ပြောရပါမို့လား' ဆိုပြီး ကျွန်တော့်ကို ဘုန်းကြီးကျောင်း ခေါ်သွား၊ ဘုန်းကြီးဦးနန္ဒိယကို အကျိုးအကြောင်း ပြောပြပြီး လျှောက်တော့ ကျွန်တော့်ကို ဘုန်းကြီးက စစ်။ စစ်လို့မရတော့ တစ်ခါ 'နင့်ကို ငါကမပြောပါဘဲနဲ့ နင် ဒီလိုပြောရသလား' ဆိုပြီး ကြိမ်နှင့်ချ"

"နေပါဦး။ ခင်ဗျားကကော ဘာဖြစ်လို့ ဘုန်းကြီးနန္ဒိယကို သက်သေထူလိုက်ရတာလဲ။ တကယ်ကော ပြောဖူးလို့လား"

"မသိဘူးလေဗျာ။ မဟုတ်ကဟုတ်ကဆိုတာ အဲဒီလိုဟာမျိုးတွေ နေမှာပေါ့။ ဘုန်းကြီးကပြောတာ ဖြစ်ချင်လည်း ဖြစ်မှာပဲ။





တခြား တစ်ယောက်ယောက်ကပြောတာ ဖြစ်ချင်လည်း ဖြစ်မှာပဲ။ ဖိုးသူတော်ကြီးပြောတာလည်း ဖြစ်ချင်ဖြစ်မှာပဲ"

ကျွန်တော့်မိတ်ဆွေသည် ကျွန်တော် ပြောပြနေသည်တို့ကို စဉ်းစားရင်း အတော်ကြာအောင် ငေးနေပြီးမှ 'ကလေးမို့ ကြံကြံဖန်ဖန် ပြောတာလည်း ဖြစ်နိုင်ပါတယ်လေ' ဟု ခပ်လေးလေး ဆိုပါသည်။ သူ့သားအကြောင်းလည်း သူ စဉ်းစားနေဟန် တူပါသည်။

"ဟုတ်ချင်လည်း ဟုတ်မယ်။ ဒါပေမယ့် ကလေးမို့ဆိုတာ ဟုတ်ချင်မှလည်း ဟုတ်မယ်။ ကျွန်တော်ဟာ ကလေးတုန်းကလည်း မဟုတ်ကဟုတ်က ပြောတာပဲ။ လူပျိုပေါက်ကလေး ဖြစ်လာတော့လည်း ပြောတာပဲ။ အဲဒီလို မဟုတ်ကဟုတ်က ဆိုတာကတော့ အခုလည်း ပြောတုန်းပဲဗျ"

"ဘယ်လိုဟာတွေတုံးဗျ"

"ဘယ်လိုဟာတွေလဲဆိုတော့ ဥပမာဗျာ။ ကျွန်တော်တို့ကျောင်းသားအရွယ် လူပျိုပေါက်တုန်းက ကျွန်တော်တို့နှင့်အတန်းတူ မိန်းကလေးတစ်ယောက်ရှိတယ်"

"ချောချောလှလှကလေးလား"

"အင်း၊ မပြောတတ်ဘူး။ ဒါပေမယ့် အတော်တော့ သဘောကျစရာကောင်းတဲ့ မိန်းကလေးပဲ။ အဲဒီမိန်းကလေးကို ကျွန်တော် သဘောကျတယ်။ ကြိုက်တယ်။ ဒါပေမယ့် ကျွန်တော် ဘယ်လို စရမယ်ဆိုတာ မသိခဲ့ဘူး။

"သူနှင့်ကျွန်တော်ဟာ အတန်းတူချင်းမို့ မေးထူးခေါ်ပြောလောက်တော့ သိတယ်။ ဒီထက် မပိုဘူး။ စကားလည်း ရေရေလည်လည် မပြောဖူးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ အဲဒီကျောင်းက



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးစာမေးပွဲကို ဖြေခဲ့ကြတုန်းက သူနှင့်ကျွန်တော် တစ်ခုံတည်း ဟိုဘက်စွန်း ဒီဘက်စွန်း ထိုင်ပြီး ဖြေခဲ့ကြရတယ်။

"အဲသလို စာမေးပွဲဖြေလို့ နောက်ဆုံးနေ့မတိုင်ခင် တစ်ည မှာတော့ ကျွန်တော့်စိတ်တွေ မငြိမ်ဘူး။ သူ့ကို တစ်ရက်ပဲ တွေ့ရ မြင်ရတော့မယ်ဆိုပြီး ဘာမဆိုင်ညာမဆိုင် လွမ်းနေတာ။ ဒါနှင့် သူ့ အကြောင်း ထိုင်စဉ်းစားရင်း နက်ဖြန်တော့ သူ့ကို စကားတစ်ခုခုတော့ ပြောလိုက်မှ ဖြစ်တော့မယ်ဆိုပြီး တစ်ညလုံး စာထိုင်ရေးတယ်။ ရေးလိုက်၊ ဖျက်လိုက်၊ အသစ်ပြန်ရေးလိုက်နှင့် အဲဒီညက စာရေးစက္ကူ တစ်ကတ်ကုန်တော့ စာနှစ်ရွက်ပဲကျန်တဲ့ ရည်းစားစာ လှလှပပ တစ်စောင် ရတယ်။ အဲဒီစာကလေးကို ကျွန်တော် အခေါက်ခေါက် ပြန်ဖတ်၊ သူဖတ်ရတဲ့အခါ ဘယ်လိုနေမလဲဆိုတာ စိတ်ကူးနှင့် ထင် မြင်ကြည့်။ ပြီးတော့ စာကလေးကို သေသေချာချာခေါက်ပြီး အိတ် ထဲ ထည့်ထားတယ်။ စာမေးပွဲ နောက်ဆုံးနေ့၊ နောက်ဆုံးအချိန်ပြီး ရင် သူ့ကို တစ်နည်းနည်းနှင့် ပေးလိုက်ဖို့။

"အဲဒီညက ကျွန်တော် စာတစ်လုံးမှလည်း မကျက်ဖြစ်ဘူး။ နောက်နေ့ အချိန်နီးမှ ကပျာကယာ ရေမိုးချိုးပြီး စာမေးပွဲခန်းမရှိရာ ကို ပြေးလာခဲ့ရတယ်။ အချိန်မှ တကယ့် မီရုံကလေး။

"စာမေးပွဲခန်းမထဲရောက်လို့ စပြီး ဖြေကြတယ်ဆိုရင်ပဲ ကိုယ့်စာနှင့်ကိုယ် အာရုံစိုက်နေကြရတော့ တစ်ယောက် တစ်ယောက် လှည့်မကြည့်မိကြဘူး။ ဒါပေမယ့် ကျွန်တော့်မှာ အိတ်ထဲကစာကလေး သူ့ဆီရောက်အောင် ဘယ်လိုလုပ်ပြီး ပေးရမလဲဆိုတာ စဉ်းစားနေ ရတာနှင့် အစပိုင်းမှာ အဲဒီနောက်မေးခွန်းတွေကျွန်တော်ကောင်းကောင်း မဖြေနိုင်ပါဘူး။ အရေးထဲမှာ ဖြေလို့ တစ်မျက်နှာမှ မပြည့်သေးဘူး။ ကျွန်တော့်ဖောင်တိန်က မင်ကုန်ပါလေရောဗျာ။





"ကျွန်တော်လည်း ရုတ်တရက် ဘာလုပ်ရမှန်းမသိ ဖြစ်သွား ပြီးမှ ဟိုဟိုဒီဒီ လှည့်ကြည့်ရင်း စာမေးပွဲစောင့်တဲ့ဆရာကို ကျွန်တော် မင်ကုန်သွားတဲ့အကြောင်း ပြောလိုက်ရတယ်။ ခန်းမကြီးတစ်ခုလုံး မင်အိုးပါလာတဲ့ကျောင်းသားက အတော်ရှားနေသလား မသိပါဘူး။ တော်တော်နှင့် ကျွန်တော့်ဆီ ပြန်ရောက်မလာလို့ အခက်ကြုံနေတုန်း မှာ ကျွန်တော့်ခုံတစ်ဘက်စွန်းဆီက ဒေါက် ဒေါက် ဒေါက်ဆိုပြီး ခေါက်တဲ့အသံကြားရလို့ လှည့်ကြည့်လိုက်တော့ သူက ပြုံးပြပြီး ဖောင်တိန်ကလေးတစ်ချောင်း လှမ်းပေးနေတယ်။ ကျွန်တော်ကလည်း မမ်းသာအားရနှင့် အပိုလားလို့မေးတော့ သူက ပြုံးပြီး ခေါင်းညိတ် ပြတာနှင့် ကျွန်တော် လှမ်းယူပြီး ဆက်ဖြေလိုက်တာ၊ တကယ်ဗျာ။ ရေးလို့ကောင်းလိုက်တဲ့ ဖောင်တိန်ကလေး။ ညက်နေတာပဲ။

"နောက် အတော်ကြာမှ ဆရာ မင်အိုးယူလာတော့ စာဖြေတာ ခဏချထားပြီး မင်ကုန်သွားတဲ့ ကျွန်တော့်ဖောင်တိန်ထဲ မင်ထည့် ရတယ်။ ဒါပေမယ့် သူ့ဖောင်တိန်လေးကို ကျွန်တော် ပြန်ပေးလိုက်ရမှာ နှမြောနေသလိုပဲ။ ဒါနှင့် ကျွန်တော် သူ့ဘက် လှည့်ကြည့်လိုက်တော့ သူကလည်း သူ့စာသူ ကုန်းဖြေနေတာမို့ ကျွန်တော့်ဘက်ကို ကြည့် မနေဘူး။ နောက် ကျွန်တော်က သူ့ လှည့်အကြည့်ကိုစောင့်ပြီး ဖောင်တိန်ကလေးကို ချက်ချင်း ကမ်းမပေးလိုက်သေးဘဲ ထောင်ပြ လိုက်တော့ သူကလည်း ဘယ်လိုနားလည်သွားတယ် မသိဘူး။ ကျွန်တော့်ကို ပြုံးပြပြီး 'ပြောမနေနှင့်၊ ဖြေလို့ကောင်းရင် ဆက်သာဖြေ' ဆိုတဲ့ အမူအရာနှင့် ခေါင်းကို တစ်ချက်ငဲ့ပြီး မေးယမ်းပြလိုက်တယ်။

"ကျွန်တော့်စိတ်ထဲမှာ အတော့်ကို ပျော်သွားတယ်။ သူနှင့် အဲသလိုအမူအရာနှင့် စကားပြောရတာကိုက တစ်မျိုးပဲ။ တစ်ယောက် နှင့်တစ်ယောက် ရေးကထက် ပိုပြီး ရင်းနှီးလာသလိုပဲ။ သူ့မှာတော့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုရှိတယ် မသိဘူး။ ကျွန်တော့်မှာတော့ အတော် ဝမ်းသာသွားတယ်။ စာမေးပွဲက ဖြေလျက်တန်းလန်းဆိုတော့ ဘာမှတော့ ရေရေလည်လည် မပြောရဘူး။ ပြီးမှပဲ အားရပါးရ ပြောရတော့မှာပဲ။

"ရေးလို့ဖြေလို့ကောင်းလိုက်တာဆိုတာ မပြောနှင့်တော့။ တကယ်ပဲ။ စောစောက ဘယ်လိုဖြေရမယ် မသိအောင်ဖြစ်နေတဲ့ မေးခွန်းတွေပါ ဖြေလို့ရသွားပြီး ဉာဏ်တွေလည်း ပွင့်ပွင့်လာသလိုပါပဲ။ နောက်ပိုင်းတော့ ကျွန်တော့်စိတ်ကူးနှင့် ကျွန်တော် သူ့ဘက်ကိုတောင် လှည့်မကြည့်တော့ဘဲ တွန်းရေးလိုက်တာ အချိန်စေ့လို့ ခေါင်းလောင်းတီးတော့တောင် ကျွန်တော်က ရေးလို့ကောင်းတုန်း။ စာရွက်တွေ လိုက်သိမ်းတဲ့ဆရာ အနားရောက်လာမှ ဖြေထားတာတွေ ပြန်စစ်၊ အဖြေလွှာကို ဆရာ့လက်ထဲထည့်ပြီး သူ့ဘက်ကို လှည့်ကြည့်လိုက်တော့ သူ မရှိတော့ဘူး။ ဘယ်အချိန်ကပြီးလို့ ဆင်းသွားတယ် မသိဘူး။

"ကျွန်တော်လည်း သူ့ဖောင်တိန်ကလေး ပြန်ပေးဖို့နှင့် ကျွန်တော့်အိတ်ထဲက စာကလေး သူ့လက်ထဲ ထည့်လိုက်ဖို့ ဒီလို အခါအခွင့်မျိုး လက်လွှတ်ခံလို့မဖြစ်ဘူးဆိုပြီး စာမေးပွဲခန်းထဲက ကမန်းကတန်း ပြေးဆင်းခဲ့ရတယ်။

"လှေကားရင်းမှာ သူ့ကိုမတွေ့တာနှင့် တစ်ခါ မိန်းကလေးတွေ နားနေတဲ့အခန်းဘက် လှည့်ကြည့်တော့ အဲဒီမှာလည်း သူ မရှိ။ သူနှင့်တွေ့နိုင်မည့်နေရာ၊ တွေ့တတ်တဲ့နေရာတွေ အကုန်လိုက်ကြည့်လို့ ဘယ်မှာမှ မရှိတော့ ကျွန်တော် စိတ်မငြိမ်တော့ဘူး။

"သူနှင့်အတူတွဲနေကျ မိန်းကလေးတွေ မေးတော့လည်း ဘယ်သူမှ အသေအချာ မပြောနိုင်ကြဘူး။ အခုတင်ပဲ ဟိုနားမှာ မြင် လိုက်သလိုလို၊ ဒီနားမှာ တွေ့လိုက်သလိုလို။ ကျွန်တော့်ကိုလည်း





သက်ကတဲ့မျက်လုံးတွေနှင့်ကြည့်လို့။ ကျွန်တော်ကတော့ ဒါတွေ ဂရုမစိုက်အားပါဘူး။

"ကျွန်တော့်မှာ ခက်တာက သူက ဘယ်မှာနေလို့ ဘယ်ပြန်သွားတာမှန်း မသိတာပဲ။ ကျွန်တော်နှင့်အတန်းတူတာရယ်၊ နာမည်ရယ်၊ ကျွန်တော့်ကို ပြုံးပြတာရယ်၊ ဒါပဲသိတယ်။ သူ့နေရပ်ကို ဘယ်သူမှလည်း သိပ်မသိကြဘူး။

"ဘယ်လိုက်ရမှန်းမသိတော့ ကျွန်တော်လည်း ကြံရာမရ ကျောင်းအုပ်ကြီးရုံးခန်းက စာရေးကြီးဆီသွား သူ့နာမည် ပေးပြီး စုံစမ်းရတယ်။

"အလျင်ကတော့ မိန်းကလေးကျောင်း ဘော်ဒါမှာနေတာပဲကွ။ အခုတော့ မသိဘူး'လို့ စာရေးကြီးက ပြောလိုက်တော့ ကျွန်တော် တစ်ခါမှ မရောက်ဖူးတဲ့ မိန်းကလေးဘော်ဒါဆောင်ဆီကို လိုက်ခဲ့ရပြန်တယ်။

"ဆရာမကြီးဆီရောက်တော့ ခပ်တည်တည်နှင့်ပဲ ဖောင်တိန်ပြန်ပေးဖို့ဆိုပြီး ဝင်စုံစမ်းရတယ်။

"ငါလည်း မသိဘူးဟဲ့။ နှစ်ဦးပိုင်းလောက်ကတော့ ဒီမှာနေတာပဲ။ နောက် သူ့အဖေလား တစ်ခါလာပြီး မြို့ထဲကအမျိုးတွေရဲ့ အိမ်ကနေ ကျောင်းတက်မယ်ဆိုပြီး နုတ်သွားတယ်။ လိပ်စာတော့ ဒို့ကလည်း မမေးလိုက်မိဘူး။ သူ့အဖေကတော့ မြစ်ကြီးနားကတဲ့။ ဟိုမှာရှိတာက သူ့အစ်ကိုလား၊ ဦးလေးလား။ သစ်တောအရေးပိုင်ဆိုသလိုလို၊ လမ်းအရေးပိုင်ဆိုသလိုလိုပဲ။ ငါလည်း သေသေချာချာ မသိဘူး'လို့ ပြောလိုက်ပြန်တော့ တစ်ခါ ကျွန်တော့်မှာ အဲသလိုပဲ သေသေမချာနှင့်ပဲ သစ်တောအရေးပိုင်တို့ လမ်းအရေးပိုင်တို့ဆိုတဲ့ သူတွေနေရာကို မယောင်မလည်သွားကြည့်ရပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်နှင့်က ဘယ်လိုမှ ပတ်သက်ဖူးတာ မဟုတ်တော့ ဒီအတိုင်းလည်း ဝင်မမေးရဲဘူး။ အပြင်ကပဲ အကဲခတ်ရင်း စောင့်ကြည့်ရတယ်။ ဒါပေမယ့် အဲဒီအိမ်တွေမှာက ညေ့သည်ဆိုလို့ အရိပ်အရောင်တောင် မမြင်ရပါဘူး။

"ဒီအတွင်းမှာ ကျွန်တော်ဟာ ဘိုင်စကယ်တစ်စီးနှင့် မြစ်ကြီးနား ရထားထွက်ချိန် ဘူတာရုံ သွားသွားစောင့်ရတာကလည်း နေ့တိုင်းပါပဲ။ တစ်ပတ်နှစ်ပတ် သွားကြည့်လို့ သူတို့အရိပ်အရောင် မတွေ့ရမှ ကျွန်တော် လက်လျှော့ခဲ့ရတယ်။

"ကျွန်တော်လည်း သူ့ဖောင်တိန်ကလေး အိတ်ထဲမှာ အမြဲဆောင်ထားပြီး ရောက်လေရာမှာ သူ့ကို ရှာတာပဲ။ ကျောင်းပိတ်လို့ အိမ်ကို မိဘကျေနပ်ရုံ တစ်ပတ်နှစ်ပတ် ပြန်နေပြီး ကျွန်တော် မြန်မာပြည်အနှံ့အပြား အကြောင်းအမျိုးမျိုးနှင့်ခရီးထွက်ခဲ့ပါတယ်။ အဲ- ကျွန်တော်သွားလေရာမှာတော့ တခြားဟာတွေ ဘာတွေ မေ့ခဲ့မေ့ခဲ့ သူ့ဖောင်တိန်ကလေးကတော့ ကျွန်တော့်အိတ်ထဲမှာ အမြဲပါလာတာပဲ။ သူ့ကိုလည်း ကျွန်တော် ဘယ်တော့မှ မမေ့ဘူး"

ကျွန်တော်က စကားကို ခဏရပ်ထားပြီး ဆေးလိပ်မီးညှိနေသဖြင့် ကျွန်တော့်မိတ်ဆွေလည်း ဆေးလိပ်မီးညှိပြီးလျှင် ကျွန်တော် ဆက်ပြောလိမ့်မည်အထင်နှင့် ကျွန်တော့်အား စိတ်ဝင်စားစွာ ကြည့်လျက် စောင့်နေပါသည်။

ကျွန်တော်က ဘာမျှ ဆက်မပြောဘဲ ဆေးလိပ်ကိုသာ အားရပါးရဖွာနေလိုက်သောအခါတွင်မှ သူက 'ဒါနှင့် သူ့ကိုတော့ ဘယ်မှာမှ မတွေ့ရတော့ဘူးပေါ့'ဟု ထောက်ပေးပါသည်။ ကျွန်တော်လည်း အာ့ အတော်ခြောက်နေပြီဖြစ်၍ အလိုက်သင့်အလျားသင့်ပင် 'ဟုတ်တယ်'ဟု ဖြေလိုက်ရပါသည်။





ထို့နောက် စကားပြတ်သွားကြပြန်ပြီး ကိုယ့်အတွေးနှင့်ကိုယ် အတော်ကြာအောင် ငြိမ်နေကြရာမှ သူက မကျေနပ်နိုင်သေးသလို 'နောက်တော့ကော'ဟု ဆက်မေးနေပါသည်။

ကျွန်တော်လည်း သူ့အား ဘာမျှ ပြန်မပြောဘဲ ထိုင်ရာမှထကာ နံရံပေါ်က အင်္ကျီချိတ်၌ ချိတ်ထားသော ကျွန်တော်၏ အပေါ်အင်္ကျီ အတွင်းအိတ်မှ ဖောင်တိန်အဟောင်းကလေးတစ်ချောင်းကို သွားယူပြီး သူ့ရှေ့သို့ ထိုးပေးလိုက်ပါသည်။ သူက အံ့အားသင့်သွားသလို ပါးစပ် တစ်ချက်ဟလိုက်ပြီး ကျွန်တော့်အား တစ်ခဏမျှ ကြည့်နေလိုက်ပါသည်။

ထို့နောက်တွင်မှ သူသည် ကျွန်တော် ကမ်းပေးနေသော ဖောင်တိန်ကလေးကို လှမ်းယူကာ အသာအယာ အဖုံးကို ဖွင့်၊ နစ်သွားက စာများကို ဖတ်၊ အိုး၌ပါသော တံဆိပ်များကို ကြည့်လုပ်နေပြီးမှ 'အတော်တောင် ဟောင်းနေမှပဲ။ အေးလေ၊ ဒါ ရှေးရှေးကပစ္စည်းပဲ။ အခု ဒါမျိုး ဘယ်မှာမှ မတွေ့ရတော့ဘူး'ဟု တအံ့တဩ ဆိုလိုက်ပါသည်။

အတန်ငယ်ကြာမှ ဖောင်တိန်ကလေးကို လှည့်ပတ်ကြည့်ရင်း 'အေးဗျ၊ နော်။ ဒီအိုးမှာလဲ 'ခင်'လို့ ထွင်းထားပါလား။ သူ့နာမည်က 'ခင်'တဲ့လား။ ခင်ဗျားဟာ အတော် အစွဲအလမ်းကြီးတဲ့လူပဲ။

'အတော်လည်း အသိမ်းအဆည်းကောင်းတဲ့လူဗျာ။ ဒါလောက် ကြာရှည်လများ မပျောက်မပျက်အောင် သိမ်းထားနိုင်တာကို ကျွန်တော် တော့ အံ့လို့မဆုံးပါဘူး။ ဒါထက် ဒီဖောင်တိန်ကလေး ခင်ဗျားဆီ ရောက်နေတာ အခုဆို နှစ်ပေါင်း ဘယ်လောက်များ ရှိနေပြီလဲ။ ခင်ဗျား ကျောင်းသားဘဝကဆိုတော့ ဒါ အနည်းဆုံး နှစ်ပေါင်း နှစ်ဆယ်ငါးဆယ်လောက်တော့ ရှိရောပေါ့'ဟု တအံ့တဩ ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က `ဣန္ဒြေရရပင် သူကမ်းပေးလိုက်သော ဖောင်တိန် ဟောင်းကလေးကို လှမ်းယူရင်း 'ဟာ၊ မရှိသေးပါဘူး။ ခင်ဗျား ယုံ ချင်ယုံ မယုံချင်နေ၊ ဒီဖောင်တိန် ကျွန်တော့်လက်ထဲ ရောက်နေတာ ဒီနေ့ပါနှင့် သုံးရက်ရှိပြီ'ဟု ပြောလိုက်သောအခါ ကျွန်တော့်မိတ်ဆွေ မှာ သူ့နားကိုပင် သူ မယုံကြည်နိုင်သလို သူ၏မျက်ခုံးများလည်း မြောက်တက်သွားကာ ပါးစပ်ကလည်း 'ဗျာ'ဟူသော အာမေဋိတ်သံ ထွက်လာပါသည်။ အတန်ကြာမှ-

သုံးရက်၊ ဟုတ်လား၊ ဘယ့်နှယ်။ ဒါ ခင်ဗျားပြောတဲ့ ဟို ကျောင်းသားဘဝက စာမေးပွဲဖြေရင်း ခင်ဗျားကြိုက်နေတဲ့ မိန်း ကလေးက"

ကျွန်တော်က သူပြောနေသည်တို့ကို နားမထောင်ဘဲ ဖြတ်၍-

"ဒီဖောင်တိန်ကို ကျွန်တော် လွန်ခဲ့တဲ့ အင်္ဂါနေ့က လမ်း ဘေးမှာ သေတ္တာကလေးနှင့် ဖောင်တိန်ပြင်တဲ့ ကုလားကလေး တစ်ယောက်ဆီမှာတွေ့လို့၊ အထူးအဆန်း ဒါ ကျုပ် ဟိုကျောင်းသား ဘဝက ကိုင်ခဲ့ရတဲ့ ဖောင်တိန်မျိုးမို့ ငါးကျပ်နှင့် ဆစ်ပြီး ဝယ်လာ တာ။ အလကား ဘာစိတ်ကူးမှ မရှိပါဘူး။ အစက အဲဒီ 'ခင်' ဆိုတဲ့နာမည် ပါလာတာတောင် မသိပါဘူး။ အိမ်ရောက်မှ ဆေးကြော ပွတ်တိုက် လုပ်တော့မှ ပေါ်လာတာ။ အိုးအမည်းက ဝါတောင် နေပါပြီ'ဟု ပြောလိုက်ပါသည်။

သို့တိုင်အောင် သူက မကျေနပ်နိုင်သေး။

"ဒါ အနီး၊ ဒါ ဟို ခင်ဗျားပြောတော့ ခင်ဗျား ဟိုတုန်းက ခင်ဗျားကောင်မလေး၊ နေပါဦး၊ ဘယ်လို ဘယ်လို သူ့နာမည်က"

"သူ့နာမည်က မအေးမိတဲ့"





"ခင် မဟုတ်ဘူးလား။ ဩော်၊ ဒုက္ခပါပဲ။ ဒါနှင့် ဒီ 'ခင်' ဆိုတာ ဘယ်သူလဲ။ ရှုပ်ကုန်ပြီ"

"ဘယ်သိနိုင်မလဲ။ 'ခင်'ဆိုတာ ကိုဘခင်လည်း ဖြစ်နိုင်တာပဲ"

"ဟာ၊ ဒုက္ခပါပဲ။ ခင်ဗျားဟာ ဟုတ်တော့မလိုလိုနှင့် ကျွန်တော် အဟုတ်မှတ်လို့ နားထောင်နေတာ။ ခင်ဗျားဟာ တကယ့်ကို ကြံကြံဖန်ဖန်ကြီး"

"အေးလေ။ ဒါကြောင့် ခင်ဗျားကို ကျွန်တော်ပြောတယ် ဟုတ်လား။ ခင်ဗျားသား အရွယ်နှင့်မလိုက်အောင် မဟုတ်ကဟုတ်က တွေ ပြောတတ်တယ်ဆိုတုန်းက ကျွန်တော်က ဒီအကောင်ကြီးလာ ရင် စာရေးဆရာ ကဗျာဆရာ ဖြစ်လာပါလိမ့်မယ်လို့"

* * *

www.burmeseclassic.com

www.burmeseclassic.com

# နှဲ့သမားစံရှုန်း

ဟိုး ရှေးခေတ်က ရယ်စရာ ပုံတစ်ခုကို ကြားဖူးတယ်မဟုတ် လား။

နှဲ့ကို တရုတ်အပေါင်ဆိုင် သွားပေါင်တာ အပေါင်ဆိုင်တရုတ် ကြီးက ငါးကျပ်ပဲ ပေးမယ်ဆိုတော့ နှဲ့ပေါင်တဲ့လူက 'နည်းလွန်း တယ် ပေါက်ဖော်ကြီးရာ။ ဒီနှဲ့ကို မမှုတ်ဘဲနေရင်တောင် တစ်ဆယ် ပေးမယ့်လူ ရှိပါတယ်'လို့ပြောတဲ့ ပုံလေ။

ဟုတ်ပါတယ်။ ဒီ နှဲ့ဆိုတဲ့ တူရိယာပစ္စည်းမျိုးဟာ မမှုတ်တ တဲ့လူ မှုတ်နေရင် အင်မတန် နားကြားပြင်းကတ်စရာ ကောင်း တယ်။ နှဲ့မှုတ်သင်စလူများ လေ့ကျင့်နေပြီဆိုရင် 'ဟေ့၊ ငါ့ကြ ဘယ်သူ လာဆွဲတာလဲ'လို့ မေးသူက မေးတယ်။ 'မမှုတ်ဘဲနေ ဘယ်လောက်ပေးရမလဲ'လို့ မေးသူက မေးတယ်။

ရွာထဲမှာ မှုတ်နေရင် အရှေ့ခုနစ်အိမ်၊ အနောက် ခုနစ်အိမ် တောင်ခုနစ်အိမ်၊ မြောက်ခုနစ်အိမ် နားမခံသာကြလွန်းလို့ ရွာသူကြီး သွားတိုင်။ သူကြီးက တစ်ခါ နှဲ့ကျင့်နေတဲ့လူကို 'သွားကွယ် မ သုသာသန်ဇရပ်တို့ ဘာတို့ သွားပြီးမှုတ်ချေ'လို့ နှင်ရတဲ့အထိပဲ





ဒါပေမယ့် မှုတ်တတ်တဲ့လူ မှုတ်ပြီဆိုပြန်တော့လည်း အင်မတန် သာယာနာပျော်ဖွယ် ဖြစ်တတ်ပါတယ်။ အလွမ်းအဆွေး အမှိုင် တီးလုံး မှာလည်း ဒီ နှဲ့ကောင်းရင် ဘဝင်စိမ့်အောင် လွမ်းရတတ်ပါတယ်။ အမြူးအခုန် အယိုင်ဆိုတာမျိုးကျတော့လည်း ဒီက မြူးရင် မြူး သလောက် အရှူးအမူး ကကြခုန်ကြရတာပါပဲ။

ဒါပေမယ့် တစ်ခုရှိတာက ဘာ တူရိယာပစ္စည်းဖြစ်ဖြစ် တီးတဲ့မှုတ်တဲ့အခါမှာတော့ အဲဒီ တီးမှုတ်သူရဲ့ ကိုယ်ပိုင်လက်သံ၊ ကိုယ်ပိုင်လေသံ အစွမ်းအစကလေးများဟာ ထင်ရှားနေတတ်ပါတယ်။

အတီးအမှုတ်အနေနှင့် ပြောရရင် သာမန် သီချင်း ပိုရုံ၊ တီးဝါးမှန်ရုံဆိုတာလောက်တော့ နည်းနည်းပါးပါး ဝါသနာရှိမယ်၊ ဆရာ ကောင်းကောင်းနှင့် သင်ပြီး လေ့ကျင့်မယ်ဆိုရင် ဖြစ်နိုင်ပါတယ်။ တီးလို့ရပါတယ်။ သို့သော်လည်း တကယ်တမ်းဆိုရင် ကိုယ်ပိုင် လက်သံ၊ လေသံဆိုတာကလေးများမှာသာ ထင်ရှားသိသာနေတတ်တဲ့ အချည်အသွေးကလေးတွေကတော့ သင်လို့မရနိုင်ဘူး ထင်ပါတယ်။

အကြမ်းအားဖြင့် တခြားစကားလုံးလည်း မရှိတာနှင့် အတတ် ပညာတို့၊ အနုပညာတို့ဆိုတဲ့ စကားတွေနှင့်ပဲ ပြောပါရစေတော့။ အတတ်ပညာကို သင်လို့ရတယ်။ အနုပညာကိုတော့ သင်လို့မရဘူး။ တကယ်တော့ ဒီစကားလုံးတွေဟာ သိပ်တော့ တိကျလှတာ မဟုတ် ဘူး။

ကျွန်တော်ပြောချင်တာက ဒီနှဲ့ဒီနှဲ့ပဲ တော်ရုံတတ်တဲ့လူ မှုတ် တာနှင့် တကယ့် အနုပညာဗီဇပါလာပြီး ဂီတပါရမီရှိသူမှုတ်တာဟာ တစ်ခါတစ်ခါ ဆီနှင့်ရေ ကွာသလို ကွာနေတတ်ပါတယ်။ ဘာတူရိယာ ဖြစ်ဖြစ် ကိုယ်ပိုင်လက်သံ၊ ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်လေဆိုတာတွေ ရှိနေလို့သာ ဂီတပညာရှင်ရယ် ဘာရယ်လို့ ရှိနေကြတာပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ရင် ဒီခေတ်ထဲမှာတော့ ဘယ်သူမဆို ဘာတူရိယာဖြစ်ဖြစ် ကွန်ပျူတာနှင့် တီးမှုတ်နေကြတော့မှာပေါ့။

ဒီလိုပါ။

တစ်နေ့က ကျွန်တော့်မိတ်ဆွေတစ်ယောက်နှင့်အတူ မော် တော်ကားကိုပြင်နေတဲ့ စက်ဆရာတစ်ယောက်ရဲ့ အလုပ်ရုံကို လိုက် သွားရင်းနှင့် အဲဒီစက်ဆရာ စက်ကို ကိုင်တွယ်ပုံ၊ လက်နက်ကိရိယာ သုံးစွဲပုံ၊ ဝက်အူလှည့်ပုံ၊ တူထုပုံကအစ အင်မတန် ကြည့်ကောင်းလို့ ကျွန်တော်က 'တယ် ကျင်လည်တဲ့လူပဲ'လို့ မှတ်ချက်ချမိတော့ ကျွန်တော့်မိတ်ဆွေက 'ဒီလူက စက်ဆရာပေမယ့် အနုပညာသည်ပ လို့ပြောတာ သတိရမိလို့ စက်ပြင်ဆရာကို ဘာကြောင့် အနုပညာ သည်လို့ ပြောတာပါလိမ့်လို့ တွေးရင်း၊ တစ်ဆက်တည်း 'အနုပညာ ဆိုတာ ဘာလဲ။ 'အနုပညာသည်' ဆိုတာကကော ဘယ်လိုလူမျိုး ဆိုတာတွေကို တောင်စဉ်ရေမရ စဉ်းစားမိပြီး ဟို အလျင် ကျွန်တော် ခပ်ငယ်ငယ်က သိကျွမ်းခင်မင်ခဲ့ဖူးတဲ့ နဲ့သမား ကိုစံရွှန်းဆိုတဲ့လူ ပြေးသတိရမိလို့ပါ။ သူ့အကြောင်း နည်းနည်း ဆက်စဉ်းစားမိလို့

* * *

အမှန် သူ့နာမည် စံရွှန်းပါ။

ငယ်ငယ်ကတည်းကစပြီး သူများနည်းတူ စာသင်ခဲ့ပေမယ့် ဘာစာတစ်လုံးမှ ကောင်းကောင်းမတတ်ခဲ့လို့ လူမှုကိစ္စ အကြောင်း ကြီးငယ်ရှိတဲ့အခါ သူ့နာမည်တောင် သူ အပြည့်အစုံ မှန်ကန်အောင် မရေးတတ်တော့ လက်မှတ်ထိုးလိုက်ရင် 'စံရွှန်း'ဖြစ်သွားပြီး အ စံရွှန်း တွင်နေတော့တာ။





တကယ်တော့ သူဟာ ဘုန်းကြီးကျောင်းမှာ သူများတွေထက် တောင် ကြာကြာနေခဲ့ရတာပဲ။ သူများတကာ လေးငါးနှစ်ဆို သူက ဆယ်နှစ်လောက်တောင် နေခဲ့ရထင်ပါရဲ့။ ဒါနှင့်တောင် သင်ပုန်းကြီး မကုန်နိုင်လို့ ကျောင်းထိုင်ဆရာတော်က 'စံရွှန်း လက်ထက်ကျခါမှ ငါ့ကျောင်းလည်း နာမည်ပျက်ပါပြီ'လို့ ဆိုရသတဲ့။

စာနှင့်ကျတော့ ပါရမီကလည်း အတော်နည်းရှာတာ ထင်ပါရဲ့။ ရိုက်နှက်ပြီးသင်လည်း နာရုံပဲတဲ့။ ကြာတော့ ကျောင်းထိုင်ဆရာတော် ဦးပဉ္ဇင်းကြီးပါ စံရွှန်းကို ဘေးမဲ့ပေးလိုက်ကြရသတဲ့။

ဒီအထဲမှာ သူ့ဝါသနာက တစ်မျိုး။

လူမှန်းသိတတ်စ အရွယ်ကစပြီး သဘော်ရိုးကို အပေါက် ဖောက်၊ ငှက်ပျောရွက်လိပ် ထိပ်ကပြားပြီး အခင်တပ်၊ နဲ့အမှုတ်နှင့် မှုတ်၊ အဟုတ်တူအောင် မှုတ်နိုင်ဆိုပဲ။ အတော်ကလေးကြီးလာလို့ ကာလသားအရွယ်ကျတော့ ဝါးပလွေမှုတ်တာ နားထောင်လို့ တယ် ကောင်းသတဲ့။

နောက် ပလွေမှုတ်ရတာ အားမရဘူးဆိုပြီး ထီးရိုးဝါး ခပ် သေးသေးကို သံချွန် မီးဖုတ်ထိုးပြီး အပေါက်ဖောက်၊ နဲ့အခင်ကိုတော့ သူ့ဘာသာသူ ကြံဖန်လုပ်ပြီး မှုတ်ပြန်သတဲ့။ ဒါထဲမှာ နဲ့ဆိုရင် အော်လံပါမှ အသံကောင်းတယ်ဆိုပြီး ဘုရားရှေ့မှာ ဘုန်းကြီး တရိ တသေတင်ထားတဲ့ ကြေးပန်းအိုးကလေးတွေထဲက တစ်လုံးခိုးပြီး လည်ပင်းဖြတ်၊ ရေတွင်းပတ်လည်ကအုတ်ခုံမှာ အသေအချာသွေး၊ သူ့နဲ့အဖို့ အော်လံကလေး တပ်၊ သူ့စိတ်ကူးကလေးနှင့်သူ တည့်ပြီး ပျော်နေတုန်း ဘုန်းကြီးကမိသွားတော့ ကြိမ်လုံးနှင့်ကို လိမ့်ဆော်တာပဲ တဲ့။ 'ဒီအသက်အရွယ်အထိ မိုက်လုံးကြီးရမလား'ပေါ့။ ဒီတုန်းက စံရွှန်းဟာ လူပျိုပေါက်ကလေးနှင့် တူပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



တောဘုရားပွဲတို့ ဘာတို့မှာ နှံကို အစုံလိုက် ဝယ်လို့ရမှန်း သိပေမယ့် စံရွှန်းမှာ ဘုန်းကြီးကျောင်းကပ်နေရတဲ့ အကောင်။ ဘယ်မှာ ပိုက်ဆံရှိလိမ့်မလဲ။

အဖေအမေကလည်း လယ်သမားသာ ဆိုတယ်။ လယ်ပိုင် ယာပိုင်၊ ကျွဲပိုင် နွားပိုင် ရှိတဲ့လူတွေမှ မဟုတ်ဘဲ။ သူများလယ်ထဲ မှာ အငှားလုပ်ရတဲ့ သူရင်းငှားတွေပဲ။

စံရွှန်းကတော့ အများအားဖြင့် ဘုန်းကြီးက ကျွေးမွေးပြုစု ထားရတယ် ဆိုပါတော့။ အရွယ်ရောက်လာလို့ သူ့မိဘတွေက မတတ်နိုင်ကြတော့ ဘုန်းကြီးကပဲ ပရိက္ခရာအစုံ အကုန်စိုက်ပြီး သင်္ကန်းဆည်းပေးရတယ်လို့ ဆိုပါတယ်။

ဘုန်းကြီးက စံရွှန်းကို အနည်းဆုံး တစ်ဝါတော့ ဆိုရမယ် လို့ပြောပေမယ့် စံရွှန်းက ဝါမဝင်ခင်ဘဲ လူဝတ် လဲလိုက်သတဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ ဒီပြင် ရှင်ကျင့်ဝတ် သိက္ခာပုဒ်တွေကို ထိန်းနိုင်ပေမယ့် နစ္စ ဂီတ ဝါဒိတဆိုတာတွေကို မထိန်းနိုင်လို့ သဲဒဏ် ရေဒဏ် ထမ်းရတာ ကြာတော့မတတ်နိုင်လို့ ထွက်လိုက် ရတယ် ဆိုပါတယ်။

ကိုရင်ဝတ်ကြီးနှင့် နှံမှုတ်လို့ ဦးပဉ္ဇင်းကြီးက လိုက်ရိုက်တာ ပြေးရင်းလွှားရင်း နှံမှုတ်ပြီး ပြေးခဲ့ရတဲ့အကြောင်း သူက ပြန်ပြောတတ် ပါတယ်။

“ပြေးနေရင်း နှံမှုတ်လို့ရသလား ကိုစံရွှန်းရယ်’လို့ ကျွန်တော် ကမေးတော့ သူက ‘မသိပါဘူးကွာ။ ငါလည်း နှံမှုတ်လို့ ကောင်း နေတုန်း ဦးဇင်းကြီးက အနားရောက်လို့သာ ထပြေးရတာ။ နှံသံက ပြတ်ဟန်မတူပါဘူး’လို့ ပြန်ဖြေပါတယ်။





တကယ်က သူ ငယ်ငယ်က နှံမှုတ်ခဲ့တယ်ဆိုပေမယ့် သူမှုတ် ခဲ့ရတဲ့ နှံတွေက နှံရယ်လို့မှ မဟုတ်ဘဲ။ သူ့ဘာသာ ကြံဖန်ထွင်း ဖောက်ပြီး မှုတ်ရတာတွေဆိုတော့ အပေါက်က မမှန်။ အသံက ကောင်းနှင့် နားငြီးရုံပဲ ရှိတော့မပေါ့။ ပြီးတော့ သူက ကိုရင်ကြီး မဟုတ်လား။ ဦးပဉ္ဇင်းကြီး ရိုက်မယ်ဆိုလည်း ရိုက်ချင်စရာပဲပေါ့။

သူ နှံအစစ်ကို စပြီးမှုတ်ဖူးတာကတော့ သူတို့ရွာက ပွဲနှင့် လမ်းနှင့် အကြီးအကျယ်ချတဲ့ မယ်တော်ပျံတစ်ခုမှာ လာတီးတဲ့ ဆိုင်းအဖွဲ့တစ်ခုက နှံဆရာကြီး ဆရာထွေးရဲ့နှံကို ခိုးပြေးပြီး တော ထဲ သွားမှုတ်တုန်းကပဲတဲ့။ အဲဒီတုန်းက စံရွှန်းကလည်း ရှင်လူထွက်စ နှင့် တူပါတယ်။ မယ်တော်ပျံမှာ ဆိုင်းဝင်တယ်ဆိုကတည်းက ဆိုင်းဝိုင်းနားကကို မခွာတော့ဘူးလို့ ဆိုတယ်။

သူ အထူးသဖြင့် မျက်စိကျနေမိတာကတော့ သိတဲ့အတိုင်းပဲ။ ဆရာထွေးရဲ့နှံပေါ့။ အဲဒီအနားကကို မခွာနိုင်အောင် ဖြစ်နေသတဲ့။ ဆိုင်းနားတဲ့အချိန်များမှာ ဆရာထွေးဟာ သူ့နှံကို သူထိုင်တဲ့ ခြေ ပေါတဲ့ ထိုင်ခုံနောက်မှီမှာ ချိတ်ပြီး တရေးတမောအိပ်လေ့ ရှိသတဲ့။

စံရွှန်းဟာ သာမန်အားဖြင့် လက်ဆော့ခြေဆော့ မရှိပါဘူး။ ဆင်းရဲပေမယ့် ဆရာသမားမိဘ အဆုံးအမရှိသူ ဖြစ်ပါတယ်။ ဒါပေမယ့် နှံကိုလည်း အရူးအမူးလိုချင်နေတာနှင့် အခါအခွင့်က လည်း သင့်လာတော့ သူ့အဖို့ ဆရာထွေးရဲ့ ထိုင်ခုံနောက်မှီမှာချိတ် ထားတဲ့ နှံကလွဲလို့ ဘာမှမမြင်တော့ဘူးလို့ ဆိုပါတယ်။

ဒီလိုနှင့်ပဲ ဆရာထွေးလည်း တစ်ရေးမှိန်းရာက နိုးတော့ သူ့ နောက်မှီမှာချိတ်ထားတဲ့ နှံကို မတွေ့ရတော့ဘူးပေါ့။ ဒါနှင့် သူ စိတ်ထဲက မကျေမချမ်းနှင့် ရွာထဲက နွားကျောင်းသားတွေ နေမှာပဲဆိုပြီး နေ့လယ်နေ့ခင်း ဆိုင်းနားတဲ့အချိန် ရွာပတ်လည်က နွားစားကျက်



www.burmeseclassic.com

www.burmeseclassic.com



တွေဘက် လျှောက်ပြီး ချောင်းသတဲ့။ တစ်နေ့ကျတော့ တောထဲက နဲ့မှုတ်သံ ကြားမိပါလေရောတဲ့။

စံရွှန်းကလည်း အပါးပဲ။ နဲ့ကိုခိုးပြီး တောထဲ သွားမှုတ်တယ် ဆိုပေမယ့် နဲ့သံကြားရာ ဆရာထွေးလိုက်လာမယ်ဆိုတာ တွက်ပြီးသား။ ဒီတော့ တစ်နေရာတည်းမှာ အကြာကြီးနေပြီး မမှုတ်ဘဲ ရွာပတ်လည်က တောတွေထဲက နေရာအနှံ့ ရွှေ့ရွှေ့မှုတ်သတဲ့။

မြောက်ဘက်တောထဲဝင် သီချင်းတစ်ပုဒ် သူ ရသလိုမှုတ်ပြီးရင် ရွာကိုပတ်စီးတဲ့ ချောင်းချောက်ထဲကနေ အရှေ့ဘက်တောကို ကူးမှုတ်သတဲ့။ အရှေ့ဘက်တောက တစ်ခါ တောင်ဘက် ပြေးလိုက် ပြန်သတဲ့။ တောင်ကနေ တစ်ခါ အနောက်ပေါ့လေ။

ဒီလိုနှင့်ပဲ ဆရာထွေးလည်း စိတ်တွေဘာတွေဆိုးပြီး မမိမိအောင်ကို ဖမ်းမယ်ဆိုပြီး လိုက်တာပဲတဲ့။ ရွာကလူတွေကိုလည်း ပြောသတဲ့။ ရွာကလူတွေကတော့ စံရွှန်းပဲဆိုတာ ရိပ်မိကြပေမယ့် ဘယ်သူမှတော့ ဘာမှ မပြောကြဘူးတဲ့။

အဲသလိုဖြစ်လေ ဆရာထွေးကြီး ဒေါသဖြစ်လေပဲတဲ့။ ညနေ ဆိုင်းတီးချိန်ကျတော့ သူ့မှာ အပိုပါတဲ့နဲ့နှင့် တီးရမှုတ်ရလို့ မအားဘူးပေါ့။

အဲဒီအချိန်မှာ စံရွှန်းကလည်း သူ့နဲ့ တစ်နေရာ ဝှက်ထားခဲ့ပြီ။ ဆရာထွေးနောက်နားက အသာ ကပ်ထိုင်၊ ဆရာထွေးရဲ့ လက်ပေါက်တွေ မှတ်။ နောက်ထပ် နဲ့တစ်လက် ထပ်ခိုးဖို့တော့ စိတ်မကူးတော့ပါဘူးလို့ ဆိုတယ်။ ဒါပေမယ့် ဆရာထွေးကတော့ သူ့ထိုင်ခုံနောက်မှီမှာ နဲ့ မချိတ်တော့ဘူးတဲ့။

မနက်ခင်း၊ နေ့လယ်ခင်းများမှာ ဆိုင်နားတဲ့အချိန်ဆိုရင် စံရွှန်းကလည်း မနေ့ကအတိုင်း တောထဲဝင် သီချင်းတစ်ပုဒ် မှုတ်





လိုက်၊ နေရာရွှေ့လိုက်နှင့် အခဲမကျေနိုင်တဲ့ ဆရာထွေးကလည်း နဲ့သံ ထွက်နားထောင်ပြီး ကြားနာလိုက်၊ တောင်ဘက်က ကြားလို့ တောင်ဘက်စွတ်လိုက်တော့ နဲ့သံက အနောက်ဘက်ရောက်သွား။ တစ်ခါ အနောက်ဘက်လိုက်ပြန်တော့ မြောက်ဘက် ရောက်လိုရောက်၊ တောင်ဘက် ပြန်ရောက်လိုရောက်နှင့် ဆရာထွေးကို အတော်မောရသတဲ့။

ဒီလိုနှင့်ပဲ ဒုတိယနေ့ကုန်ပြန်တော့ နေ့လယ်က လိုက်တမ်းပြေးတမ်း ကစားခဲ့ကြတဲ့ ဆရာထွေးနှင့် စံရွှန်းတို့ဟာလည်း ဆိုင်းဝိုင်းထဲ ပြန်ရောက်လာကြပြန်ရောတဲ့။

တတိယနေ့မှာတော့ ဘယ်လိုက ဘယ်လို ဖြစ်သွားတယ် မသိဘူး။ စံရွှန်းလည်း ရွာရဲ့မြောက်ဘက်က တောထဲဝင်၊ သစ်ပင်တစ်ပင်ရဲ့ခွကြားမှာ အဝင့်သားထိုင်ပြီး နဲ့ဆရာကြီးစတိုင်နှင့် မနေ့ညက မှတ်သားလာတဲ့ ဆရာထွေးရဲ့လက်ပေါက်တွေ တစ်ခုချင်း စမ်းပြီး မှုတ်တော့တာပါပဲတဲ့။

အဲဒီနေ့ကျမှ မှုတ်ရတာ ထူးထူးခြားခြားအာတွေ့ပြီး မှုတ်လို့ကောင်းလိုက်တာ ဆိုပဲ။ သူ့ဘာသာသူတောင် နဲ့ကို ဒါလောက်မှုတ်နိုင်လိမ့်မယ်လို့ တစ်ခါမှ မထင်ခဲ့ဘူးတဲ့။ ဒါနှင့် သူလည်း မှုတ်လို့ ကောင်းကောင်းနှင့် သီချင်း သူရသလောက်ဆုံးတော့ ခါတိုင်းလို နေရာပြောင်းဖို့တောင် သတိမရဘဲ အခေါက်ခေါက် ပြန်ကျော့နေမိသတဲ့။

အဲဒီမှာ နဲ့သံကြားလို့ ထလိုက်လာတဲ့ နဲ့ရှင်ဆရာထွေးနှင့် ဝါးတစ်ရိုက်လောက်အလိုမှာမှ ကပျာကယာ သစ်ပင်ပေါ်က ခုန်ပြီး ပြေးရသတဲ့။ အဲဒီအခါမှာ ဆရာထွေးဟာ သူထင်ထားသလို သူ့နောက် စွတ်ပြီးမလိုက်ဘဲ တစ်နေရာကရပ်ပြီး 'ဟေ့ ဟေ့ မောင်ရင်၊



www.burmeseclassic.com

www.burmeseclassic.com



ရပ်ဦး ရပ်ဦး၊ မပြေးနှင့်၊ မပြေးနှင့်၊ ဒီကိုလာ ဒီကိုလာ။ မင့်ကို အဲဒီနဲ့ လိုချင်ရင် ပေးမယ်။ ဒီကို ခဏလာဦး။ လာပါကွယ့်။ မင့်ကို ဘယ့် နှယ်မှ မလုပ်ပါဘူး’လို့ ခေါ်နေသတဲ့။

စံရွှန်းကလည်း ဘာလုပ်ဖို့ ခေါ်တာမှန်း မသိတော့ ဆုတ်ဆိုင်း ဆုတ်ဆိုင်းနှင့် ပြေးတာပဲတဲ့။ ဒီတော့မှ ဆရာထွေးလည်း သူ့နောက် ပြေးလိုက်လာရင်း ‘ဟေ့ကောင်၊ ငါ တကယ်ပြောတာပါကွ။ ရပ်ပါဦး။ မင်းနဲ့မှုတ်ချင်ရင် အဲဒီနဲ့ကို မင်းပဲ ယူလိုက်ပါ။ ဒီကို လာပါဦး။ ငါ ပြောပါဦးမယ်”လို့ ခေါ်ပြန်သတဲ့။

ဒါနှင့် စံရွှန်းလည်း မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ရပ်စောင့် နေတော့ ဆရာထွေးဟာ သူ့ကို ရန်ပြုမယ့်အမူအရာမပြဘဲ နီးရာ သစ်ပင်ရိပ်တစ်ခုမှာ ချွေးသုတ်ရင်း ဝင်ထိုင်ပြီး သူ့ကို လက်ပြပြီး ခေါ်လိုက်သတဲ့။

ဒီတော့မှ စံရွှန်းက နဲ့ဆရာကြီးကို ခပ်လှမ်းလှမ်းက ထိုင်ရှိခိုး ပြီး ‘ကျွန်တော် လိုချင်လွန်းလို့ ယူမိတာပါခင်ဗျား။ ရှိကြီးခိုးပါရဲ့။ သူကြီးကိုလည်း မတိုင်ပါနှင့်။ ဒိနဲ့ကိုလည်း ပြန်မပေးပါရစေနှင့်။ နဲ့ ပြန်ပေးရမယ်ဆိုရင်တော့ ကျွန်တော် လွတ်အောင်ကို ပြေးရမှာပဲ ခင်ဗျ’ လို့ ပြောသတဲ့။

ဒီတော့ ဆရာထွေးကလည်း ‘အေးပါ၊ အေးပါ။ အစကတော့ နဲ့ပြန်လိုချင်လှလို့ မဟုတ်ဘူး။ မင်းကို သတ်ချင်လို့ လိုက်တာကွ။ သိလား။ အခု ဒီနေ့ မင်း နဲ့မှုတ်နေတာကြားရတော့ ငါ စိတ်ပြောင်း သွားတာ။ မင်း နဲ့မှုတ်ရင် ဖြစ်မယ်။ နဲ့ ဒီလောက်မှုတ်ချင်နေတာ များ ဒီလိုလုပ်ဖို့ မလိုပါဘူးကွာ။ ‘ဆရာ ကျုပ် နဲ့မှုတ်ချင်တယ်’လို့ ပြောရင် ငါ သင်ပေးပါတယ်။ မင်း ဒါလောက် အာစရှာစရှိရင် ငါ





သင်ပေးနိုင်ပါတယ်။ ကဲ– မှုတ်စမ်း။ မင်း ခုနက သစ်ပင်ပေါ်မှာ ထိုင်မှုတ်နေတဲ့ ‘တောတောင်စွယ်’လို့ ခိုင်းသတဲ့။

စံရွှန်းကလည်း အစတော့ မယုံတစ်ဝက် ယုံတစ်ဝက်နှင့် မရဲတရဲ မှုတ်ပြသတဲ့။ လက်ပေါက် လွဲသွားတဲ့အခါတို့၊ စည်း မှား သွားတဲ့အခါတို့ကျတော့ ဆရာထွေးက ပါးစပ်တီးလုံးနှင့် ဆိုပြပြီး သူ့ပေါင် သူပုတ် စည်းလိုက်ပြီး ပြင်ပေးသတဲ့။

ဒါနှင့် အဲဒီသစ်ပင်အောက်မှာတင်ပဲ စံရွှန်းလည်း ဆရာထွေး ရဲ့တပည့် ဖြစ်မှန်းမသိ ဖြစ်သွားသတဲ့။

စံရွှန်းဟာ စာသင်လို့သာ မတတ်နိုင်တာ။ နဲ့မှုတ်တာကျတော့ သူ့ဆရာက တစ်ခေါက်နှစ်ခေါက် ရှေ့က ကြောင်းပေးလိုက်ရင် ဖြူးနေအောင်ကို မှုတ်နိုင်သတဲ့။

ဆရာထွေးကလည်း ‘မင်းကတော့ နဲ့မှုတ်ဖို့ကို မွေးလာတဲ့ အကောင်ပဲ။ တစ်နေ့တော့ နဲ့သမားအကျော်အမော် ဖြစ်ဦးမှာပဲ။ ငါ နှင့်လိုက်ခဲ့’လို့ ခေါ်သတဲ့။

ဒါနှင့် ဆရာထွေးတို့ အဲဒီ မယ်တော်ပျံ အရိုးကောက်ပွဲ နောက်ဆုံးည တီးပြီးလို့အပြန်မှာ စံရွှန်းတစ်ယောက် အဝတ်ထုပ် ကလေးတစ်ထုပ်ပိုက်ပြီး ပါသွားတယ်လို့ ဆိုပါတယ်။

ဟုတ်ပါတယ်ခင်ဗျာ။

စံရွှန်းဟာ ဆရာထွေးပြောသလို နဲ့ဆရာအကျော်အမော် ဖြစ်ဖို့ပါပဲ။ သူ့နဲ့သံဟာ တကယ့်ကို သာယာပါတယ်။ ကျွန်တော် ကျောင်းပိတ်လို့ ရွာပြန်သွားတဲ့အခါ နဲ့သမား ကိုစံရွှန်းကို တစ်ခါ တစ်ခါ တွေ့ရတတ်ပါတယ်။ တစ်ခါတစ်ခါတော့လည်း သူ့ကို ဟိုကသည်က နဲ့မှုတ်ဖို့ခေါ်သွားကြလို့ ရွာမှာ မတွေ့ရပါဘူး။ ရွာ မှာ သူရှိနေရင်တော့ သူ့နဲ့သံကို တစ်နည်းမဟုတ်တစ်နည်း ကြား နေရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရပ်ထဲရွာထဲ ကာလသားတွေ အိုးစည် ဒိုးပတ်တီးဖို့ အကြောင်းကြီးငယ်ရှိရင် ဒီပြင်လူတွေ ဘယ်လို နဲ့ မှုတ်တတ်မှုတ်တတ် စံရွှန်းမဟုတ်ရင် မမြိုင်ဘူးလိုပဲ။ စံရွှန်းကလည်း နဲ့သာမှုတ်ရမယ် ဆိုရင် ပိုက်ဆံရရ မရရ ပျော်တာပဲ။

သူ့နဲ့သံဟာ ဆွဲဆောင်မှုရှိတယ်လို့သာ ကျွန်တော် ပြောတတ်တယ်။ ဘယ်လို ဆွဲဆောင်သလဲဆိုတာ မပြောပြတတ်ဘူး။ တကယ်ပါ။ နဲ့ဆိုတဲ့ တူရိယာမျိုးဟာ သူချည်းသက်သက်ဆိုရင် နားထောင်လို့ ကောင်းခဲဘိခြင်း။

အဲ–ကိုစံရွှန်းရဲ့ နဲ့သံကတော့ဗျာ။ ပြောလို့ပြောတာ မဟုတ်ပါဘူး။ ခုနေများ အနီးအနားမှာ သူရှိနေရင် ‘ကဲ၊ ကိုစံရွှန်း၊ တစ်ပုဒ်လောက် မှုတ်ပြစမ်းပါဗျာ’လို့သာ ပြောလိုက်ချင်မိပါတယ်။ ထူးခြားချက်တစ်ခုကတော့ ဘယ်နေရာ ဘယ်အချိန်မှာ ကြားကြား၊ ဒါ သူ့နဲ့သံပဲဆိုတာ ပြောနိုင်လောက်အောင်ကို ထူးခြားပါတယ်။

ကျွန်တော်သာ မဟုတ်ပါဘူး။ ကိုစံရွှန်းရဲ့နဲ့သံ သာယာတာကိုတော့ တစ်ရွာလုံးက ပြောနိုင်ကြပါတယ်။ ကလေးသူငယ်ချင်းများကအစ ဘုန်းကြီးရဟန်းများအထိ သိကြပါတယ်။ သက်တော်ခုနစ်ဆယ်ကျော်ပြီဖြစ်တဲ့ ဂိုဏ်းထောက်ဆရာတော်ကြီးကတောင် ‘သူ့ပါရမီပဲကွယ်’လို့ အမိန့်ရှိဖူးတယ် ဆိုပါတယ်။

ထူးတယ်ဆိုတာ တကယ်ပါ။ သူ့မှာ ပုဇွန်စ ဘဝအကျိုးပေးကနည်းရှာလို့ စီးပွားဥစ္စာလည်း ဘာမျှမရှိ။ စာသင်လို့လည်း မတတ်။ လယ်ယာကိုင်းကျွန်းအလုပ်ဆိုလည်း ဘာတစ်ခုမှ လူချင်းတူအောင် မလုပ်တတ်။ ဘုန်းကြီးကျောင်း ကပ်ရပ်စားနေရတာ။ လူ့လောကမှာတော့ ဘာမှ အသုံးမကျတဲ့လူပါ။ သူ့မှာ ဆရာထွေး ပြောသမျှနဲ့မှုတ်ဖို့သက်သက် လူဖြစ်လာရတယ်ဆိုတာ အတော်မှန်တဲ့ စကားနှင့်တူပါရဲ့။





အဲ အဲ၊ ကျွန်တော်ပြောလက်စ စကားပြတ်သွားလို့။ စံရွှန်းအဲသလို ဆရာထွေးနှင့်ပါသွားပြီး သူ့ဆရာ မျှော်မှန်းသလို နဲ့ဆရာအကျော်အမော် ဖြစ်မလာဘဲ ဘာဖြစ်လို့ ရွာပြန်ရောက်လာရလဲဆိုတာ ပြောဖို့ ကျန်သွားတယ်။

စံရွှန်းဟာ ဆရာထွေးသင်ပြပေးလို့ စီးကျဝါးကျ မှုတ်တတ်ပြီဆိုတော့ သူ့ဆရာရဲ့မျက်နှာနှင့် ဆိုင်းအဖွဲ့ထဲမှာ နေရာရတယ်ဆိုပါတယ်။ တစ်ခါတစ်ခါ ဆရာထွေးနေရာမှာတောင် ဝင်ဝင်ပြီး မှုတ်ခွင့်လာသတဲ့။ ဆရာထွေးကလည်း ရှေး ပညာသည်ကြီးဟာကိုး။ ဩစာတိက္ကမလည်းရှိတော့ စံရွှန်းလည်း မျက်နှာမငယ်ဘူးပေါ့။

ဒါပေမယ့် ဆိုင်းအဖွဲ့ထဲက တခြား မျက်နှာ သိပ်မရသူတွေကတော့ စံရွှန်းလို လမ်းက ကောက်ရလာတဲ့အကောင်မျိုးကနေရာရနေတာကို မနာလိုကြဘူးပေါ့။ ဒါထဲမှာ စံရွှန်းဆိုတဲ့ကောင်ကအကျင့်က တယ်ပြီးမကောင်းချင်ဘူး။ တွေ့ကရာအကျီ ဆွဲဝတ်သွား၊ တွေ့ကရာဆေးလိပ်တို ကောက်ဖွာသွား၊ တွေ့ကရာထမင်းပွဲ ဝင်နှိုက်စားသွားဆိုတဲ့ စည်းကမ်းမဲ့တာကလေးတွေ ရှိတယ်။ ဆရာထွေးရဲ့မျက်နှာနှင့်မို့သာ သည်းခံနေကြရပေမယ့် တယ်တော့ မကြည်ဖြူချင်ကြဘူး။

စံရွှန်းဟာ ခုနက ကျွန်တော်ပြောခဲ့သလို ခိုးတတ်ဝှက်တတ်တော့ မဟုတ်ဘူး။ စည်းကမ်းမရှိတာပဲ ဆိုပါတော့။ ကျွန်တော်နှင့်သိကျွမ်းခင်မင်ခဲ့တဲ့ကာလအတွင်းမှာ ကျွန်တော့်ဆီက (အဖေ့ဆီက ကျွန်တော်ခဏယူထားတဲ့) ဒန်းဟီးလ်ဆေးတံတစ်ချောင်းနှင့် ကျွန်တော့် အက်စ်အိုရှပ်အင်္ကျီတစ်ထည် ယူသွားပြီး ဖျောက်ပစ်ဖူးပါတယ်။

အင်္ကျီကတော့ ဒါလောက် မဟုတ်ပါဘူး။ တန်လှရင် တစ်ဆယ့်ငါးမတ်ပေါ့။ ဆေးတံကတော့ ဟိုခေတ်ကကိုပဲ သုံးလေးဆယ်



www.burmeseclassic.com

www.burmeseclassic.com



ပေးရပြီး အဖေ သိပ်မြတ်နိုးတဲ့ပစ္စည်းမို့ ကျွန်တော် လိုက်တောင်းရ ပါတယ်။

"အေးကွာ၊ ငါလည်း ပြန်လာပေးမယ်လို့ပါပဲ။ ဟောဒီခေါင်မိုးက ထန်းလက်ကြားမှာ ထိုးထားတာ။ မနက်ကျတော့ မရှိတော့ဘူးကွ။ ငါ ရှာလို့တွေ့တော့ လာပေးမနော"

သူ့မှာတော့ ဘာမှအရေးမကြီးသလိုပါပဲ။ ဆေးတံတစ်ချောင်း အစိတ်သုံးဆယ်ပေးရတယ်ဆိုတာကို သူက မယုံချင်ဘူး။ 'မင့်ဟာ တောက်တီးတောက်တက်ကွာ။ ဆေးတံပဲ။ နဲ့ထက်တောင် အဖိုးတန် သလား။ နဲ့တစ်လက် တစ်ဆယ်ပဲ ပေးရတာပဲ'လို့ ပြောနေပါတယ်။ သူ့အဖို့ လောကကြီးမှာ ဘယ်လိုအရာမျိုးမှ နဲ့ထက် တန်ဖိုးရှိတယ် ထင်ဟန် မတူပါဘူး။

အဲ အဲ၊ သူက အဲသလို စည်းကမ်းမရှိလုပ်တတ်တော့ သူ့ကို ခင်မင်သူတွေကတောင် သိပ်ပြီး အရေးမပေးရဲအောင် ဖြစ်ရတယ်လို့ ကြားရဖူးပါတယ်။ သူက နဲ့ပဲမှတ်တတ်တယ်။ တခြား လူမှုလူရာ ဘာမှနားမလည်တော့ ကြာတော့ သူ့ကို မကြည်ညိုကြဘူး။ မကြည်ဖြူကြဘူးလို့ သိရပါတယ်။

ဆရာထွေးတစ်ယောက်သာ သူ့ရဲ့ နဲ့ပါရမီကို နားလည်ပြီး ဆရာကြီးနေရာကနေရလို့ သူ့ကို သည်းခံနိုင်တာ ဖြစ်ပါလိမ့်မယ်။

သူ့ကုသိုလ်ကံက ဆိုးချင်လို့လား မသိဘူး။ သူ့ဆရာ ဆရာထွေးဟာ အသက်အရွယ် သိပ်မကြီးသေးခင် ကျောက်ရောဂါနဲ့ သေသွားတော့ စံရွှန်းတစ်ယောက်လည်း ယောင်လည်လည်နဲ့ နေရာပျောက်သွားတော့တာပေါ့။

ဒီလိုနဲ့ပဲ သူ အိမ်ကို ပြန်ရောက်လာတယ်။ သူ့မှာ နဲ့တစ် လက်ကလွဲလို့ ဘာမျှမပါခဲ့ဘူး။ သူသွားတုန်းကအတိုင်းပဲ အဝတ် ထုပ်ကလေးတစ်ထုပ်နဲ့ ပြန်ရောက်လာသတဲ့။





သူ အိမ်ကို ပြန်ရောက်လာတယ်ဆိုတာထက် ဘုန်းကြီး ကျောင်းကို ပြန်ရောက်လာတယ်ဆိုတာက ပိုပြီး' မှန်ပါလိမ့်မယ်။ သူ ဆရာထွေးဆီ လိုက်သွားပြီးနေတဲ့ လေးငါးနှစ်အတွင်းမှာ ရွာမှာ သူ့အဖေက ပိုးထိလို့ဆုံးပြီး၊ သူ့အမေကလည်း အားကိုးအားထား ရှိလို့ နောက်အိမ်ထောင်ပြုလိုက်ရတော့ သူ့မှာ ပြန်စရာ အိမ်မရှိဘဲ ဖြစ်သွားတာပေါ့။

ဒါပေမယ့် ထူးခြားတာတစ်ခုက သူ့ကို ငယ်ငယ်က မွေးကျွေး ခဲ့ရောက်လာတဲ့ ဆရာတော်ဘုန်းကြီးဟာ စံရွှန်း ဖျင်းတာ နဲ့တာ သုံးမကျတာကို သိလျက်နဲ့ သူ့ကို မငြိုငြင်ပါဘူး။

စားစရာ ထူးထူးဆန်းဆန်းကလေးရှိရင် စံရွှန်း၊ အဝတ်အထည် အစကလေးဘာကလေးရ စံရွှန်း။ အလှူအတန်းရှိလို့ ကျောင်းမှာ ဆေးလိပ်ကလေးဘာကလေးကအစ လှိုင်နေရင် ဆရာတော်ကိုယ်တိုင် 'ဟဲ့ စံရွှန်းကိုလည်း ပေးလိုက်ကြပါ'လို့ သတိတရ ပြောတတ် သတဲ့။

တစ်ခါတစ်ခါ ဒါယကာ ဒါယိကာမများက ဆရာတော်ကို ကမ္မဝတ္ထုငွေစကလေးကဘာလေး လာလှူကြရင်တောင် တစ်ကျပ် ခွဲပြားကတော့ စံရွှန်းဆီ ရောက်တတ်ပါသတဲ့။ ပြီးတော့ ရှစ်ရက် တောင်း၊ လပြည့်လကွယ်နဲ့ အခါကြီးရက်ကြီးများကလွဲရင် နဲ့ကို လည်း ကြိုက်သလို မှုတ်ခွင့်ပေးထားသတဲ့။ ကဲ။

စံရွှန်းက စည်းနဲ့ကမ်းနဲ့ မနေတတ်တာကို သိကြလို့ ရွာ ကလူတွေက သူ့ဆိုရင် သတိနဲ့ ဆက်ဆံကြပေမယ်လို့ မေတ္တာ တော့ မပျက်ကြဘူး ထင်ပါတယ်။ ကိုယ့်ရွာသားမို့လည်း ဖြစ်ပါလိမ့် မယ်။ သူ့ကိုတော့ သဒ္ဓါကြပါတယ်။ သူ့မှာ ဆေးလိပ်ပေးတဲ့လူနဲ့၊ ထတ်ဖက်ပေးတဲ့လူနဲ့၊ ထမင်းကျွေးတဲ့လူနဲ့၊ အဝတ်အထည်တောင် ဝယ်ပေးတဲ့လူရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စံရွှန်းဟာ အိုးခြေအိမ်ခြေမရှိတဲ့လူမို့ သနားလို့ ပေးကြတာရယ်
လို့တော့ ပြောမပြဖြစ်ဘူးထင်ပါတယ်။ ရွာထဲမှာ သူ့လိုပဲ အိုးခြေ
အိမ်ခြေမရှိသူတွေ အတော်များများ ရှိကြပါတယ်။ ဒါပေမယ့်
တခြား အိုးခြေအိမ်ခြေမရှိသူများကိုတော့ ဟိုဟာဒီဟာ တောက်တို
မည်ရ ထင်းခွေရေခပ်အလုပ်ကလေးများ ကြုံသလိုခိုင်းစေပြီး
ထိုက်သည့်အားလျော်စွာ ကွမ်း ဆေး လက်ဖက်ကအစ အနည်းအကျဉ်း
ပေးကြပါတယ်။

စံရွှန်းကျတော့ ထင်းတစ်ချောင်း အခွေမခိုင်းဘဲ၊ ရေတစ်ပုံး
အဆွဲမခိုင်းဘဲ သက်သက်ပေးကြတာ။ တကယ်က သူ့မှာ တခြား
လူတွေထက် ထူးခြားတာဆိုလို့ နှုတ်မှတ်တတ်တာတစ်ခုပဲ ရှိတယ်ထင်
တယ်။ ဒါကိုက ပီယဆေးလို ဖြစ်နေသလားတော့ မသိဘူး။

ကျွန်တော့်ဆေးတံကလေး စံရွှန်းယူပြီး ဖျောက်လိုက်တုန်းက
ကျွန်တော် အင်မတန်မှ နှမြောမိသော်လည်း စံရွှန်းကိုတော့ စိတ်
မဆိုးမိဘူးထင်ပါတယ်။

နှဲခိုးသွားလို့ ဒေါပွပြီး ထထလိုက်နေတဲ့ ဆရာထွေးတော
သူ့နှဲသံကြားရတာနှင့် ဒေါသပြေပျောက်ရသေးတာပဲ။ ကျွန်တော်
ကော ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ။

သူဟာ တကယ်တော့ အနုပညာသည် သက်သက်ပါ။ သူ့
နှဲသံကို နားထောင်ပြီး စိတ်နှလုံးမှာ ရွှင်မြူးကြည်နူးရတာကတော့
ဆရာထွေးအစ ကျွန်တော်အဆုံး ရွာက ဘုန်းတော်ကြီးနှင့် ရွာ
ရွာသား အားလုံးပါပဲ။

ကဲ၊ စံရွှန်းလိုလူတစ်ယောက် ခင်ဗျားအသိုက်အဝန်းထဲ ရောက်
လာရင် ခင်ဗျားကော ဘယ်လို သဘောထားမလဲ။

* * *

## ကွက်ကြားမြင်ရသောဘဝနှစ်ခု

မနေ့ညက မိတ်ဆွေတစ်ယောက်၏အိမ်တွင် လုပ်သော
'ငွေရတုသဘင်' မင်္ဂလာပွဲသို့ ရောက်ခဲ့သည်။

လူ သိပ်မများသော်လည်း နှစ်ပေါင်း အစိတ်ကျော်က ရင်းနှီး
ခင်မင်ခဲ့သော မိတ်ဆွေတစ်စုချည်းဖြစ်၍ ရှေးဟောင်းနှောင်းဖြစ်များ
ပြောကြရင်း ရယ်ကြမောကြ နောက်ပြောင်ကြနှင့် အတော်ညဉ့်နက်မှ
အိမ်ပြန်ရောက်သည်။

သူတို့ အိမ်ထောင်ကျသည်မှာ နှစ်ဆယ့်ငါးနှစ်တင်းတင်း
ပြည့်ခဲ့ပြီ။ သားတွေသမီးတွေလည်း ကြီးကြပြီ။ အချို့က ကောလိပ်
တက်နေကြပြီ။ အကြီးဆုံးသားက အလုပ်ပင် ဝင်လုပ်နေပြီ။

သူတို့ကိုကြည့်ရသည်မှာ ဝမ်းသာကြည်နူးစရာ ဖြစ်၏။

နှစ်ဆယ့်ငါးနှစ်၏ဟိုဘက်က ချစ်ခဲ့ခင်ခဲ့ ကြင်နာခဲ့ကြသော
သူတို့နှစ်ယောက်သည် ယခု လေးဆယ်ကျော် ငါးဆယ်အတွင်းသို့
ရောက် လာကြသည့်တိုင်အောင် ချစ်ကြခင်ကြ ကြင်နာကြတုန်းပင်။
ဤ နှစ်ဆယ့်ငါးနှစ်အတွင်းလည်း ကြီးကျယ်သောပဋိပက္ခမှုများ
မရှိခဲ့ဟု သိရသည်။ ကောင်းလေစွ။

**ပန်းရွှေပြည်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သူတို့၏အိမ်ထောင်ရေးသည် သာယာဖြောင့်ဖြူးခဲ့သည်။ အောင်မြင်ခဲ့သည်။ သူတို့ဘဝ ချမ်းမြေ့ခဲ့သည်။ ကောင်းလေစွ ဖြစ်ခဲလေစွ၊ ရခဲလေစွ။

ကျွန်တော် အိပ်ရာထဲရောက်မှ သူတို့အကြောင်း ပြန်ပြောင်း စဉ်းစားရင်း တောင်ရောက်မြောက်ရောက် ကိုယ့်ပတ်ဝန်းကျင်က လူများအကြောင်း၊ သူတို့လောက် ကံမကောင်းသူများအကြောင်းပါ တွေးတောနေမိသဖြင့် တော်တော်နှင့် အိပ်လို့မရ။

“ဆရာရယ်၊ ချို ဆရာ့ဆီလာတိုင်း ဒုက္ခတွေ သယ်သယ် လာသလိုဖြစ်နေတော့ ဆရာလည်း စိတ်ညစ်မှာပဲ။ အားတော့ နာပါ တယ်။ ဒါပေမယ့် ချို့မှာ တိုင်ပင်စရာဆိုလို့ ဆရာပဲရှိလို့၊ ဆရာ့ကို ပဲ လာလာ အပူကပ်ရတာပဲ”

ကျွန်တော် တက္ကသိုလ်တွင် ဆရာလုပ်နေစဉ်က မခင်ချို သည် ဥပစာအောက်တန်းကျောင်းသူအဖြစ် ကျွန်တော်နှင့် စတင် သိခဲ့သူဖြစ်သည်။ အင်္ဂလိပ်စာ အနည်းငယ်ညံ့နေ၍ အပိုချိန်သင်ပေး ရသော တပည့်များတွင် တစ်ယောက်ဖြစ်၏။

နောက်တော့ ဤသို့ အပိုခေါ်သင်ပေးသော တပည့်များက ကျွန်တော်၏တပည့်ရင်းများ ဖြစ်လာကာ ကျွန်တော့်အားလည်း အမိအဖ ဦးကြီးဦးလေးအရင်းကဲ့သို့ ရင်းနှီးခင်မင်နေကြသည်။

ဤသို့ ခင်မင်လာကြသူများတွင် မခင်ချိုက နာမည်နှင့်လိုက် အောင် နှုတ်ချိုသည်။ လူချစ်အောင် ပြောတတ်သည်ဖြစ်၍ သူနှင့် ပိုခင်သလို ရှိခဲ့၏။

မခင်ချို ကျွန်တော့်ဆီသို့ လာတိုင်းလိုလိုပင် သူနှင့်အတူ ပါပါလာတတ်သော ဘီအေ ပထမနှစ်ကျောင်းသား ကိုအောင်တင် ဆိုသူကိုလည်း မခင်ချိုနှင့်ပတ်သက်၍ ကျွန်တော် ခင်မင်ခဲ့သည်။





သူတို့နှစ်ယောက်ကို ကြည့်ရသည်မှာ ကြည်နူးစရာတစ်မျိုး ဖြစ်ခဲ့ သည်။

ကိုအောင်တင်က မခင်ချို၏စာအုပ်များ၊ ထီးများနှင့် ပိုက်ဆံ အိတ်ကလေးများကို ကိုင်၍ လိုက်လာတတ်ပြီး မခင်ချိုက ကိုအောင်တင်၏အပေါ်အင်္ကျီကို လက်ညှိုးနှင့်ချိတ်ကာ ပခုံးပေါ် တင်၍လာတတ်သည်။

အတန်းလူမစုံမီ သူတို့နှစ်ယောက်နှင့် ကျွန်တော် ရယ်စကားပြော သော ရှိသည်။ ချစ်စရာ ကလေးများပါပေ။

ကိုအောင်တင် ဘီအေအောင်တော့ အင်္ဂလိပ်စာ အမှတ်ကောင်း သဖြင့် အင်္ဂလိပ်စာဌာနတွင် နည်းပြဆရာအလုပ် ရသည်။ မခင်ချိုက အင်္ဂလိပ်စာညံ့သဖြင့် ထိုစဉ်က ဘာသာတိုင်းလိုလို အင်္ဂလိပ်လို ဖြေရသော စာမေးပွဲများ၌ ကျရှုံးနေသည်။

မခင်ချို အင်္ဂလိပ်စာ တော်လာအောင် ကိုအောင်တင်ရော ကျွန်တော်ပါ ကူညီပေးကြရပါသည်။ သို့သော် မခင်ချိုသည် ဥပစာတန်း အောင်အောင် မနေရတော့။

ကိုအောင်တင်က အသစ်ဖွင့်သော ကော်ပိုရေးရှင်းတစ်ခုတွင် အကြီးတာဝန်အမှုဆောင်အရာရှိ အလုပ်ရသဖြင့် ကျောင်းက ထွက် သွားတော့ မခင်ချိုပါ ပါသွားသည်ဟု သိလိုက်ရ၏။ ဘယ်ဆီ ရောက်သွားကြသည် မသိ။

ကိုအောင်တင့်အမေနှင့် နှမများက ကိုအောင်တင် မိန်းမယူ သည်ကို ကန့်ကွက်ကြသည်ဟု သဲ့သဲ့မျှ ကြားလိုက်မိသည်။ ဘာ ကြောင့်မှန်းတော့ မသိ။

သုံးလေးနှစ်ခန့် ကြာမည် ထင်သည်။ ကိစ္စတစ်ခုနှင့် ဗိုလ်ချုပ် ဈေးသို့ ရောက်ခဲ့စဉ်က ကိုယ်ဝန်အရင့်အမာနှင့် မခင်ချိုကို ရှောင်တခင်



www.burmeseclassic.com

www.burmeseclassic.com



တွေ့ခဲ့ရသည်။ ကိုအောင်တင့်အကြောင်း မေးတော့ မျက်စိမျက်နှာ မကောင်းသည်ကို ကျွန်တော် သတိပြုလိုက်မိသည်။

"မန္တလေးမှာပဲ ဆရာ။ ချိုတော့ မေမေတို့အိမ်မှာ ပြန်နေတယ် လာလည်ပါဦး"ဟု ပြောကာ လိပ်စာပေးသည်။

ကျွန်တော်လည်း ဆက်လက် စပ်စုမနေချင်တော့သည်နှင့် "လာလည်ပါဦးမည်"ဟု ပြောပြီးထွက်ခဲ့သည်။

ဤသို့ မခင်ချိုနှင့်တွေ့ပြီး သုံးလေးလအကြာ တစ်နေ့တွင် ကျွန်တော့်အိမ်သို့ ကိုအောင်တင် ရောက်လာသည်။ အကြောင်းမကြား ဘာမကြား သူ ရုတ်တရက်ရောက်လာသည်ကို အံ့သြနေ၍ ကျွန် တော်က ဘာမျှမမေးမိ။ သူက အပေါ်အင်္ကျီကို ချွတ်၍ချိတ်ရင်း 'ချိုနှင့် တွေ့လား'ဟု မေးသည်။

"တွေ့တယ်လေ။ ဟိုတလောဆီက ဈေးထဲမှာ။ တကတည်း မှပဲ ဗိုက်ကြီးကို အက်နေတာပဲ"

ကျွန်တော်က နောက်လိုက်သည်။

ကိုအောင်တင်က မချိပြုံကလေးပြုံးကာ ပါးစပ်မှ ဝှူးခ လေမှုတ်ထုတ်လိုက်ပြီး စီးကရက်တစ်လိပ်ကိုထုတ်၍ မီးညှိမွှာက အတန်ကြာမှ–

"ချို ဘာပြောလဲ"

"ဟင့်အင်း၊ ဘာမှမပြောဘူး။ ချို မေမေတို့အိမ်မှာ ပြန်နေ တယ်လို့ပဲ ပြောသွားတယ်"

ကိုအောင်တင်က အတန်ကြာအောင် ဘာမျှမပြောဘဲ သူ့ လက်မနှင့် လက်ခလယ်ထိပ်တွင် ညှပ်၍ကိုင်ထားသော စီးကရက် ကို လက်ညှိုးဖြင့်ပုတ်ရင်း စဉ်းစားနေသည်။ ထို့နောက်မှ–

"ကွဲနေကြတယ်"





"ထင်သားပဲ။ ဘာဖြစ်ကြတာလဲ"

"အရှည်ကြီးပါဗျာ။ ဖြည်းဖြည်းမှ ပြောတာပေါ့။ အခု အဲဒါ …နှင့်တွေ့လည်းတွေ့၊ မတွေ့လည်း ဆရာနှင့်ပဲ ကိစ္စပြီးပြတ်အောင် …ပ်လို့ ရမလားဆိုပြီး ဆင်းလာခဲ့တာပဲ။ ခွင့်ကလည်း သိပ်မလွယ်ဘူး။ …န်ဘက်ခါ ညရထားနှင့် ပြန်ရမယ်"

ညနေ ထမင်းစားအပြီးတွင် နှစ်ယောက်သား တက္ကသိုလ် …ယ်မြေထဲ လမ်းလျှောက်ကြရင်းတွင်မှ ကိုအောင်တင်က–

"ဆရာ ချိုတို့အကြောင်း ဘယ်လောက်သိလဲ"

"ကျွန်တော် ဘာသိမလဲ။ ခင်ဗျား သိသားပဲ။ ကျွန်တော်သိ …က ချိုတစ်ယောက်ပဲ။ သူ တစ်ခါခေါ်လာလို့ သူ့မောင်လေးဆိုတဲ့ …ာတိတ်ကို မြင်ဖူးတယ် ဒါပဲ။ ဘာဖြစ်လို့လဲ"

"ချိုတို့ဟာ ပြောရမှာတော့ မကောင်းဘူး ဆရာရယ်။ ဒါပေ …ယ့် ဆရာ့ကိုတော့ အစ်ကိုလိုခင်လို့ ပြောရတော့မှာပဲ။ သူတို့အမျိုး …တွက အနာကြီးရောဂါ ရှိသတဲ့ဆရာ"

ကျွန်တော် ဘာမျှပြန်မပြောမိ။ ကိုအောင်တင့်ကိုသာ စိုက် …ကြည့်လိုက်မိသည်။

"ပြီးတော့လည်း ဆရာရယ်။ ပြောရတာတော့ စိတ်မချမ်းသာ …ရာကြီး။ သူ့အမေတို့မှာလည်း သူတစ်ယောက်ပဲ အားကိုးစရာရှိတော့ …အားလုံး ကျွန်တော်နှင့် လိုက်နေကြမယ့်အရေးကလည်း ရှိသေးတယ်"

ကျွန်တော့်စိတ်ထဲက လှုပ်ရှားနေသော်လည်း ငြိမ်ငြိမ်ပင် …ားထောင်၍ လိုက်လာခဲ့သည်။ ကျွန်တော်တို့ အင်းလျားကန်ဘက် သို့ထွက်ခဲ့ကြပြီး ထိုင်နေကျ ကမ်းနဖူးကလေးတွင် ထိုင်မိကြသော အခါမှ ကိုအောင်တင်က ဆက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ စဉ်းစားကြည့်လေ။ ရိုးရိုးဆင်းရဲလို့ ကျွေးမွေးထားရတာက အရေးမဟုတ်ဘူး။ ကျွန်တော်က အစိုးရအရာရှိ။ အဆင့်အတန်းအလိုက် မိတ်ဆွေနှင့်၊ အပေါင်းအသင်းနှင့်"

ဆရာ စဉ်းစားကြည့်လေဆိုသည်တွင် ကျွန်တော်သည် မခင်ချိုကို ပြန်၍ ပုံဖော်ကြည့်လိုက်မိသည်။

မခင်ချိုသည် ရုပ်ရည် အသင့်အတင့်ရှိသည်။ အဝတ်အစားသေသပ်ကျစ်လစ်သည်။ ချစ်စဖွယ်အသွင်အပြင် ရှိသည်။ မိန်းမပီသသည် ခေါ်ရမလား။

သူ၏ တောက်ပသောမျက်လုံးကလေးများက ကစားသလိုလုပ်တတ်သည်။ ချစ်အောင်ခင်အောင် ပြောတတ်သည်။ အများအားဖြင့် သနပ်ခါးထူထူ လိမ်းထားတတ်သည်။ သူ့မိဘ ဆင်းရဲသည်ဆိုသည်ကို သူ့ကြည့်ရုံနှင့်တော့ မသိနိုင်။ သူ့ကို ကြည့်ရသည်မှာတော့ နွမ်းပါးသူတစ်ယောက်နှင့် သိပ်မတူ။ အနာကြီးရောဂါဆိုသည်ကိုလည်း ရှာလို့မရ။ သူ့ရုပ်ရည်မှာတော့ ကြည်ကြည်လင်လင်ပဲဖြစ်သည်။

ကျွန်တော် တစ်ခါမြင်ဖူးသော သူ့မောင်ကလေးမှာလည်း လူရည်သန့်ကလေးဟု ကျွန်တော်ထင်သည်။ သို့သော် အမှန်လိုသိဖို့ကတော့ ခက်သည်။ သနပ်ခါး ထူထူလိမ်းထားတာ ဒါကြောင့်များလားဟု စိတ်ထဲ၌ ထင့်ခနဲဖြစ်မိသော်လည်း သူပြောသော ဤရောဂါမျိုး၏လက္ခဏာကို ဘယ်မှာရှာကြည့်ရသည်ကို ကျွန်တော်မသိပါချေ။ ကျွန်တော်တော့ မယုံပါ။

"ချိုကလည်း ခေါင်းမာတယ်ဆရာရဲ့။ သူ့အမေတို့၊ ဒေါ်လေးတို့၊ မောင်လေးတို့ကို ခေါ်မထားရရင် ချို သူတို့နှင့်ပဲ ပြန်နေမယ်ဆိုတာနှင့် ပြန်ချင်ပြန်ဆိုပြီး လွှတ်လိုက်တာ ခြောက်လလောက်ရှိပြီ။ စာတစ် စောင်မှ မရေးဘူးလေ"





"ခင်ဗျားကကော ရေးရဲ့လား"

"သူက ပြတ်သလိုလုပ်သွားတော့ ကျွန်တော်ကလည်း ဘယ်ရေးတော့မလဲ"

"အခုကော ချိုနှင့် ဘယ်လို"

"အခု ကျွန်တော် ရန်ကင်းက ဦးလေးအိမ်မှာ တည်းတယ်။ ချိုနှင့် မတွေ့ရသေးဘူး။ အဲဒါ ဘယ်လို သွားတွေ့ရမယ်ဆိုတာတောင် မပြောတတ်သေးဘူး"

"ဘာဖြစ်လို့လဲ ကိုအောင်တင်။ ကိုယ့်မိန်းမ ကိုယ်သွားတွေ့တာပဲ။ ဘယ်လို သွားတွေ့တွေ့ပေါ့"

"မဟုတ်သေးဘူးဆရာ။ သူက ကျွန်တော့်ဆီက ပြန်သွားတာဟာ အပြတ်သဘော ဆင်းသွားတာဆိုရင် ကျွန်တော် ဒီအတိုင်းသွားလို့ ဘယ်ဖြစ်မလဲ"

"ဒါနှင့်နေပါဦး။ ခင်ဗျား ခုပြောတာတွေကို ဘယ်လိုလုပ်သိသလဲ။ အစက မသိဘူးလား။ မဟုတ်ပါဘူး။ ကျွန်တော်က အပြစ်တင်တာ မဟုတ်ပါဘူး။ သိချင်လို့ မေးတာပါ"

"အစက မသိလို့ပေါ့ဆရာရယ်။ နောက် ဒီလိုပဲ လူပြောသူပြောဆိုသလို သိရတော့ ကျွန်တော်လည်း စိတ်ထဲမတင်မကျနှင့်အတော် ချိန်ဆနေပြီးမှ ချို့ကိုပဲ မေးလိုက်တယ်"

"ဒါမျိုးဆိုတာ ဟုတ်ရင် ဖုံးထားလို့ရမယ် မထင်ဘူး။ ပြောတတ်ဘူးလေ။ အင်း၊ အဲဒီတော့ ချိုက ဘာပြောလဲ"

"အဲဒီမေးခွန်းကို ဆင်းသာ သွားရော၊ မဖြေဘူး။ အဲဒါမေးလိုက်ကတည်းက ချိုနှင့်ကျွန်တော်လည်း မပြေမလည် ဖြစ်တာပဲ။ ဟုတ်နေလို့များ ရှောင်ထွက်သွားတာလား။ မဟုတ်လို့များ စိတ်နာသွားတာလား၊ မတွေးတတ်အောင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်အခြေအနေ ရှုပ်ပြီဆိုသည်ကို ကျွန်တော် တွေးလိုက်မိသည်။

"နှစ်ခုစလုံး ဖြစ်နိုင်တာချည်းပါပဲလေ။ အင်း၊ အတော်ခက်တဲ့ကိစ္စပဲ။ အေးလေ၊ ခင်ဗျား ကျွန်တော့်ဆီလာခဲ့တာ ဒီကိစ္စဆိုတော့ ကျွန်တော် အခြေအနေသွားကြည့်ရမယ် ဆိုပါတော့။ ကဲ– ဝန်မလေးပါဘူးလေ"

သို့နှင့် ကျွန်တော် မခင်ချိုတို့အိမ်ဘက်သို့ မေးမြန်းစုံစမ်းပြီး ရောက်ခဲ့ရသည်။

ရပ်ကွက်အခြေအနေ အိမ်အခြေအနေကို ကြည့်ရသည်မှာတော့ ကိုအောင်တင်ပြောသလို ဟုတ်ပုံမရ။ မခင်ချို၏ အိမ်တွင်တွေ့ရသော သူ့အမေ၊ သူ့မောင်ကလေးနှင့် ခေတ္တလာနေသော မခင်ချို၏ ဒေါ်လေးဆိုသူတို့ကို ကြည့်ရသည်မှာတော့ သန့်သန့်ပြန့်ပြန့် များပါပေ။ ဆင်းရဲသည်ဆိုသည်မှာတော့ ဟုတ်ကောင်း ဟုတ်မလား မသိ။

"ချို ဘာမှ အထူးအထွေပြောစရာ မရှိပါဘူးဆရာ။ ပြောပြနေလို့လည်း ဘယ်သူမှ နားလည်မယ့်ကိစ္စ မဟုတ်ပါဘူး။ ဒီတော့ သူ အခု လိုက်လာတာ ချိုတို့ကို ခေါ်ဖို့ဆိုလည်း ဒီအမေနှင့် မောင်ကလေးထားခဲ့ပြီး ချို လိုက်နိုင်မယ် မဟုတ်သေးပါဘူး။ ချိုနှင့်ကွာရှင်းဖို့ စကားပြောချင်တယ်ဆိုလည်း ခုချက်ချင်းတော့ ချို ဘာမှ မစဉ်းစားနိုင်သေးဘူးလို့သာ ပြောလိုက်ပါ"

မခင်ချိုစိတ်ကတော့ ပြတ်နေပုံရပါသည်။

သို့သော် ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုသလို သူ့အပေါ်တွင် ကိုအောင်တင်က အနိုင့်အထက် ပြုကျင့် ပြောဆိုမည်ဆိုလျှင် သူ့ကိုယ်သူ ကာကွယ်ရန်၊ ကိုအောင်တင်ကို ဟန့်တားရန်





နောက်ဆုံး ဖဲတစ်ချပ် ကိုင်ထားချင်သေးသည့်သဘော ဖြစ်မည်ထင်ပါသည်။

ကိုအောင်တင်လည်း နှစ်ရက်သုံးရက်နေပြီး ပြန်သွားသည်။ မခင်ချိုနှင့် ကျွန်တော်လည်း မတွေ့ဖြစ်တော့။

* * *

ဒပ်ဖရင်ဆေးရုံတွင် မခင်ချို သားကလေးတစ်ယောက် ခုနစ်ပေါင် ရှစ်အောင်စ ဖွားမြင်သည်ဆိုသည့် သတင်းကိုတော့ အင်္ဂလိပ်–မြန်မာ သတင်းစာ သုံးလေးစောင်တွင် ကြော်ငြာပါသည်။ အောင်တင်–ခင်ချို အမည်နှင့်ပင် ပါသည်။

ထူးဆန်းသလိုလိုထင်၍ မခင်ချိုအား ဆေးရုံသွားတွေ့ရန် စိတ်ကူးဖြစ်မိသေးသော်လည်း အရေးကြီးသည့်ကိစ္စမဟုတ်၍ မေ့သွားသည်။ နောက်တော့လည်း ကိုယ့်ကိစ္စနှင့်ကိုယ် သတိမရတော့။ တစ်နှစ်နှစ်နှစ် ကုန်သွားသည် ထင်သည်။

ဤသို့ပင် မေ့မေ့ပျောက်ပျောက်ဖြစ်နေရာမှ မခင်ချို ကျွန်တော့်ရုံးခန်းသို့ ဖြုန်းခနဲရောက်လာပြီး နှစ်ခါလည်ခန့်ရှိ သူ့သားအတွက် ကိုအောင်တင်ထံမှ ထောက်ပံ့ကြေးရလိုကြောင်းနှင့် တိုင်ပင်ပါသည်။

မခင်ချိုက ကိုအောင်တင်နှင့် ကွဲ။ ကလေးမျက်နှာမြင်ပြီး ရုံးတစ်ရုံးတွင် အောက်တန်းစာရေးဝင်လုပ်ရာမှ များမကြာမီ အထက်တန်းစာရေး ဖြစ်လာသည်ဟု သာမန်အားဖြင့် သိရသည်။

"ရုံးတွေဘာတွေ လျှောက်နေရင် လူကြားလို့ မကောင်းပါဘူး မခင်ချိုရယ်။ ဆရာ့သဘော ပြောရရင်တော့ သူ့ဆီ စာရေးပြီး

www.burmeseclassic.com



အကျိုးအကြောင်းပြောရင် သူလည်း ပေးမှာပါပဲ ထင်ပါတယ်။ ဒီလူ မရိုင်းပါဘူး”

မခင်ချိုက ‘ဒီလူ မရိုင်းပါဘူး’ ဆိုသောစကားကို သိပ်အယုံအကြည်ရှိဟန် မတူ။ ကျွန်တော့်အား တစ်ချက်လှမ်းကြည့်လိုက်ပြီး မဲ့ပြုံးကလေး ပြုံးပြသည်။ ပြီးမှ–

“ချို သူ့ဆီ စာမရေးချင်ဘူး ဆရာရယ်”

“ဆရာ ရေးလိုက်မယ်လေ။ သူ့လိပ်စာကော သိလား”

“သိပါတယ်ဆရာ။ ချို့သူငယ်ချင်း မြင့်မြင့်တို့ မန္တလေးက လာလို့ သူ့အကြောင်းတွေ အကုန်ပြောပြပါတယ်။ အခု သူက မိန်းမတောင် ယူတော့မလို့တဲ့။ စက်ရှင်မင်းကြီးဟောင်းတစ်ယောက်ရဲ့သမီး ဆိုလား။ မန္တလေးကောလိပ်မှာ ဆရာမတဲ့”

“မခင်ချိုက ပြန်မှ လိုက်မသွားဘဲကိုးကွ။ သူ ယူမယ်ဆိုလည်း အပြစ်တော့ မတင်နှင့်ပေါ့”

“ချို အပြစ်မတင်ပါဘူး ဆရာရယ်။ အပြစ်တင်တာ မဟုတ်ပါဘူး။ ဆရာသိအောင်လို့ ပြောတာပါ။ ကလေးအတွက်လည်း ချို သူ့ကို ဘာမှမတောင်းဘူးလို့ စိတ်ကူးခဲ့ပြီး ထားပါ။ ချို့ဘာသာ ချို ဖြစ်သလိုလုပ်မယ်ဆိုပြီး နေခဲ့တာပါ။ အခုအခြေအနေက ချို မာနခံနေရင် ကလေး ဒုက္ခဖြစ်မယ့်အခြေအနေမို့၊ ကလေးကလည်း ဆရာရယ် ကံမကောင်းရှာဘူး ဆိုရမှာပဲ။ ချူချာတယ်။ တစ်လတစ်လ ဆေးဖိုးဝါးခကိုက ချို မတတ်နိုင်အောင် ဖြစ်နေတယ်။ မေမေက လည်း ကောင်းကောင်းမမာဘူး ဆရာရဲ့”

မခင်ချို ပြန်သွားတော့ ကျွန်တော်က ကိုအောင်တင့်ထံသို့ စာတစ်စောင် ကောက်ရေးလိုက်သည်။ ကျွန်တော့်အနေနှင့် ဘာလုပ်သင့်သည်ဆိုသည်ကို မပြောဘဲ မခင်ချို ကျွန်တော့်ထံ လာသည့်





အကြောင်း၊ မခင်ချိုနှင့်ကျွန်တော် စကားပြောသွားသည့် အကြောင်းသာ ဖြစ်သည်။

ထိုစာကို ထည့်လိုက်ပြီးနောက် ကိုအောင်တင့်ထံမှ စာ ပြန်လာမည်ထင်ပြီး ကျွန်တော် စောင့်မျှော်နေသည်။ သူ့ဆီက စာလာမှ မခင်ချိုနှင့် သွားတွေ့တော့မည်။ သို့သော် သူ့ဆီကလည်း ပြန်စာ မလာ။ ကျွန်တော်လည်း မခင်ချိုဆီ မရောက်ဖြစ်။

တစ်နေ့တော့ မခင်ချို ကျွန်တော့်ရုံးသို့ ဖုန်းဆက်သည်။ “ကျွန်မကိစ္စ ဆရာ့ လာပြောမလို့ပဲ ဆရာ။ ကလေးက နေမကောင်းလို့ ဆေးရုံ တင်ထားရတယ် ဆရာ။ ဆယ်ရက် ရှိပြီ။ အခုတော့ ပေါက်ချရပါပြီ။ အသေလွတ်ပြီ ဆိုပါတော့ဆရာ။ ဖြစ်တာကတော့ အပြင်းဖျားပြီး တက်တာပေါ့ဆရာ။ ကျွန်မလည်း ရုံးက တစ်ဘက်၊ အိမ်ကလည်း အမေကလည်း ဘာမှမလုပ်တတ် မလုပ်နိုင်နှင့် နီးရာ ဆေးတိုက်ပဲ ပြေးပြေးပြီး ဆေးထိုး၊ အဖျားကမကျ၊ ဒါလည်း ကလေးက ဆက်တက်နေတော့ ဆေးတိုက်က ဆရာဝန်ကလည်း ဆေးရုံတက်ဖို့ အကြံပေးတယ်။ ဒါနှင့် ချိုတို့လည်း ဆေးရုံပဲ ပြေးရတော့တာပေါ့။ မင်နင်ဂျိုက်တစ်စ်တဲ့ ဆရာရယ်။ ကံကြီးပေလို့ ပေါ့။ ဟုတ်ကဲ့ ဆရာ။ ချိုလည်း အခုမှပဲ ရုံးတက်နိုင်တယ်။ အခုလေ ချိုတို့ဦးလေးတစ်ယောက်ရဲ့ မိတ်ဆွေ ရှေ့နေတစ်ယောက်နှင့် အမှုအပ်ပြီး ရုံးကိုပဲ တင်လိုက်တယ်ဆရာ။ ဟုတ်ကဲ့။ ကျွန်မ ဆရာ့ဆီ လာခဲ့ပါဦးမယ်”

“အေးအေး။ ဆရာ တတ်နိုင်တာရှိလည်း ပြောလေ။ အေးကွာ။ ဘဝဆိုတာ ဒီလိုပါပဲ။ အေး၊ ကောင်းပြီ”

တယ်လီဖုန်း ချလိုက်ပြီး ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိသလို ခေတ္တ ငေးနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မခင်ချိုမှာ ကိုယ့်တပည့်ဖြစ်၍ သနားသည်။ စားစရိတ် အလျှော်ခံရသောကိုတင်အောင်မှာလည်း ခင်မင်သူဖြစ်၍ သူ့ အတွက် စိတ်မကောင်း။ သူတို့နှစ်ဦးစလုံး၏ အမှားများကို အချော ခံရသော လူမမည်အတွက်လည်း စိတ်မချမ်းသာ။

နောက် နှစ်ပတ်ခန့် ကြာမည်ထင်သည်။ မခင်ချို ကျွန်တော့် ရုံးခန်းသို့ ရောက်လာသည်။ အနည်းငယ် ပိန်ကျသွားသည်ကို သတိပြုလိုက်မိ၏။

"မပြောပါနှင့်တော့ ဆရာရယ်။ ချိုဖြင့် လူဖြစ်လာကတည်းက ဒါလောက် တစ်ခါမှ သောကမဖြစ်ခဲ့ဖူးဘူး"ဟု အစချီကာ သူ့ကလေး ဆေးရုံတင်ရစဉ်က ကသီလင်တ ပေးခဲ့လွှားခဲ့ရသည့် အဖြစ်အပျက် ပေါင်းစုံကို ပြန်ပြောင်းပြောပြပါသည်။

"အခုတော့ကော"

"အခုတော့ သားလည်း ဆေးရုံက ဆင်းရပြီ ဆရာ။ ကံကြီး ပေလို့သာပေါ့။ ဒါပေမယ့် သိပ် ဂရုစိုက်နေရတယ်ဆရာရယ်။ အစားအစာကအစ ဆေးဝါးဆို တကယ့် နိုင်ငံခြားဆေးတွေချည်း ဝယ်ရတယ်။ ဈေးကလည်း ကြီးလိုက်တာ မပြောနှင့်တော့။ ဝယ်ရတာ လည်း ခက်နှင့်။ ချိုဖြင့် စိတ်ကိုကုန်တာပဲ။ လိုက် လိုက်ရတာ လိုက် လိုက်ရတာ"

"အေးကွာ။ လူ့လောကဆိုတာ ဒုက္ခနှင့် ဘယ်ကင်းမလဲ ကဲ၊ အခု မခင်ချို ဆရာ့ဆီလာတဲ့အကြောင်း အထူးရှိသလား ဆရာ ဘာလုပ်ပေးရမလဲ။ ပြော"

မခင်ချိုသည် ရုတ်တရက် ဘာမျှမပြောသေးဘဲ တစ်ဘက် သို့ လှည့်ငေးနေပြီး အတန်ကြာမှ "ဆရာ့ကိုတော့ ချို အမိအဖ လိုမို့ လာပြောရတာ။ အားတော့ သိပ်နာပါတယ် ဆရာရယ်။ ချို





တတ်နိုင်ရင် ချို့ကိစ္စတွေ၊ ဒုက္ခတွေပေါ့ ဆရာရယ်။ ဆရာ့ကို သိတောင် မသိစေချင်ပါဘူး။ ဒါပေမယ့် ချို့မှာ ဆရာကလွဲလို့ တခြား အားကိုးစရာ ဘယ်သူမှမရှိဘူး ဆရာရဲ့။ ဒီတော့ အား နာနာနှင့်ပဲ ပြောရမှာပဲ။ ချို ငွေ နည်းနည်းလိုတယ်ဆရာ"ဟု ဆိုသည်။

ထိုနေ့က မခင်ချို လိုသည်ဆိုသော ငွေသုံးရာကို ကျွန်တော် ထုတ်ပေးလိုက်ပြီး "မခင်ချို ချောင်လည်မှပဲ ပြန်ပေးချင် ပေးတာပေါ့။ ဆရာ့မှာ ငွေ အရေးတကြီးမလိုလှပါဘူး"ဟု ပြောလိုက်သည်။

မခင်ချိုလည်း ရုံးခန်းထဲမှာပင် ကျွန်တော့်အား ထိုင်ကန်တော့ပြီး မျက်ရည်စက်လက်နှင့် ထွက်သွားသည်။ သူ ထွက်သွားပြီး နာရီဝက်မှ ကြောခင်ပင် ကိုအောင်တင် ရောက်လာလေသည်။

"ဟာ၊ အခုပဲ ချို ဒီကထွက်သွားတယ်။ ခင်ဗျားနှင့် နည်းနည်း ခဲ လွဲသွားတယ်"

"မြင်တယ်လေ။ ကျွန်တော်လာတော့ သူဝင်သွားတာ မြင် လိုက်တာနှင့် ကျွန်တော်လည်း အပြင်ဘက်က လက်ဖက်ရည်ဆိုင် ဝင်ထိုင်နေလိုက်တယ်။ သူထွက်သွားတာမြင်မှ ကျွန်တော် ဝင်လာ ခဲ့တာပဲ"

"အင်း၊ ခင်ဗျားတို့ နှစ်ယောက်ကြားမှာ ကျွန်တော်လည်း မှုန်သွားတိုင် ဖြစ်နေပြီ။ ကဲ ဆို၊ အခုဘာကိစ္စ"

"ဘာကိစ္စရမလဲ ဆရာရဲ့။ ရုံးက သမ္မန်စာနှင့်ခေါ်လို့ လာရ တာပေါ့"

"သြော် သြော်"

"တော်တော်ဆိုးတဲ့ မိန်းမဗျာ။ သက်သက် ကျွန်တော့်အရှက်ကို ခွဲဖို့"



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်တင်က အတော်မကျေမချမ်း ဖြစ်နေပုံရပါသည်။ ဒီကိစ္စထဲ ကျွန်တော်ပါ ပါသည်ထင်လေသလား မသိ။ သူ့မျက်နှာထားမှာ ခါတိုင်းလို မဟုတ်။

"ဒီလိုလည်း သဘောမထားနှင့်လေ ကိုအောင်တင်။ ခင်ဗျားကို အရှက်ခွဲဖို့ရယ်လို့တော့ ဘယ်ဟုတ်မလဲ။ မခင်ချို ဒီလို မဟုတ်ပါဘူး"

"ဆရာက ချိုရဲ့ဆရာကိုး"

သူက စကားနာထိုးသည်။

"ဒီလိုပါ ဒီလိုပါ ကိုအောင်တင်။ ချို့ဆရာဆိုတာ ကျောင်းမှာတုန်းက စာသင်ပေးရတဲ့ဆရာပါ။ ခင်ဗျားလည်း ချို့ဆရာပါပဲ။ ခင်ဗျားတို့ကိစ္စမှာ ကျွန်တော်က အကြံဉာဏ်ပေးလို့ မဟုတ်ပါဘူး။ မဟုတ်တဲ့အပြင် ကျွန်တော်က ရုံးက လျှောက်တာမျိုး မလုပ်ဖို့တားပြီ။ ခင်ဗျားဆီကိုတောင် စာတစ်စောင် ရေးလိုက်ပါသေးတယ်။ ရရဲ့မဟုတ်လား"

"ရပါတယ်။ ရပါတယ် ဆရာစာ။ ကျွန်တော်လည်း ပြန်ရေးမလို့ပါပဲ။ ဒါပေမယ့် အင်း ဒါပေမယ့်"

ကိုအောင်တင်သည် ဘာမျှဆက်မပြောဘဲ သူ၏တင်းမာနေသောမျက်နှာကို တစ်ဘက်သို့ လှည့်ထားလိုက်သည်။

သို့နှင့် ကျွန်တော်က–

"ကဲ ကိုအောင်တင်၊ စိတ်ဆိုးနေလည်း အလကားပဲ။ အခု ခင်ဗျားအတွက် ကျွန်တော် ဘာလုပ်ပေးရမလဲ ဆိုတာသာ ပြော"ဟု ခပ်ပြတ်ပြတ်ပြောလိုက်တော့မှ ကိုအောင်တင်လည်း အနည်းငယ်ပြုံးလာကာ "ကျွန်တော်ကတော့ ဒီကိစ္စ တစ်ခါတည်းရှင်းသွားရင် ကြိုက်တာပဲ။ အပြီးအပြတ်ဖြစ်အောင် လုပ်ဖို့လာခဲ့တာပဲ။ ဆရာ တတ်နိုင်သလိုသာ ကြည့်လုပ်ပေတော့" ဟု ဆိုပါသည်။





"ဒီလိုလေ။ တစ်ခါတည်းပဲ အပြတ်ဆိုတာက မိန်းမက ကွာရှင်းပေးလိုက်ရင် မိန်းမနှင့်တော့ ပြတ်တာပေါ့။ ကလေးဆိုတာကတော့ ခင်ဗျားကလေးပဲ။ ပြတ်လို့ မရဘူး။ ကလေးအတွက် စရိတ်ပေးရင်ပေး၊ မပေးဘဲ ခင်ဗျား ခေါ်မွေးချင်တယ်ဆိုလည်း တရားရုံးချုပ်လျှောက်ပြီး အမိန့်ရရင် ခေါ်။ ဒါပဲ"

ကိုအောင်တင်သည် သက်ပြင်းချကာ မျက်နှာကို လက်ကိုင်ပဝါနှင့်ထုတ်သုတ်ပြီး "ဗျူး၊ ဘယ်ဟာမှ မကောင်း"ဟု ဆိုပါသည်။

"ချိုနှင့်ကော တွေ့ချင်သေးသလား"ဟု ကျွန်တော်က မေးတော့ ကိုအောင်တင် ခေါင်းကိုအတွင်ယမ်းပြီး "မတွေ့ချင်ဘူးဗျာ။ တွေ့ချင်လို့မှ သူ့ကို ခုနက ရှောင်နေလိုက်တာ။ အခြေအနေက မရတော့ဘူးဆရာရဲ့"ဟု ပြောပါသည်။

ကျွန်တော်တို့က ရုံးအပြင်ဘက်တွင် နှစ်ဦးနှစ်ဘက် ကျေသည်အောင် အားထုတ်ကြသေးသော်လည်း နှစ်ဘက်ကလည်း မျက်နှာချင်း ဆိုင်လို့မရ။ ဈေးလည်း မတည့်ကြတော့သည်နှင့် ကိုအောင်တင်အမှု ရုံးသို့ ရောက်သည်။

ရုံးရောက်သွားသည်နှင့် တရားသူကြီးက မယားစရိတ်၊ ကလေးစရိတ် တစ်လလျှင် ၇၅ ကျပ် ပေးစေ အမိန့်ချမှတ်လိုက်သည်။ သို့နှင့် ကိုအောင်တင် မန္တလေးသို့ ပြန်သည်။ ကျွန်တော့်ကိုပင် နှုတ်ဆက်မသွားတော့။

တကယ်တော့ နှစ်ဘက်စလုံးနှင့် ခင်မင်သူအဖြစ် ပြဿနာပေါ်လာသောအခါ ဘုန်းကြီးအမှု ရှာပတ်သလို စိတ်မကောင်းဖြစ်ရသည် မှန်သော်လည်း ပြီးသွားပြန်သော်လည်း ကာယကံရှင်မဟုတ်သူများမှာတော့ မေ့မေ့ပျောက်ပျောက်ဖြစ်သွားသည်။

ဤအမှုအပြီးတွင် ကိုအောင်တင်လည်း မလာတော့။ မခင်ချိုကိုလည်း မတွေ့တော့။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိစ္စ ဤတွင် ပြတ်သင့်သော်လည်း နောက်ဆက်တွဲကလေးများအတွက် အကြောင်းက ဖန်တီးလာပြန်သည်။

တောင်ငူမှ ပြောင်းလာမည့် ကျွန်တော့်မိတ်ဆွေ တစ်ယောက်က သူ့အတွက် ကမာရွတ်ထဲတွင် အိမ်တစ်လုံး သို့မဟုတ် တစ်ခန်း ကျယ်ကျယ်ငှားပေးပါရန် စာရေးလိုက်သဖြင့် ကမာရွတ်ရှိ မိတ်ဆွေတစ်ယောက်၏အကူအညီဖြင့် ငှားရန်ရှိသော အိမ်ခန်းများ၊ အိမ်လွတ်များကို လျှောက်ကြည့်ကြရင်း ကျွန်တော်ရောက်ဖူးသော လမ်းတစ်လမ်းထဲသို့ ဝင်သည်။

ဘယ်တုန်းက ဘာကိစ္စနှင့် ရောက်ဖူးသည်ကို မမှတ်မိ။ လမ်းထိပ်တွင် 'မြလေးရုံလမ်း'ဟု စာတွေ့သည်။ သည်စာကို မှတ်မိနေခြင်းသာ ဖြစ်၏။ လမ်းထဲသို့ ဝင်သွားရင်းမှ တဖြည်းဖြည်းပေါ်လာသည်။

ဤလမ်းထဲမှာ ယခင်က မခင်ချိုတို့ နေသွားသည်။ သူတို့နေသွားအိမ်ကိုလှမ်းကြည့်တော့ တခြားလူများ ရောက်နေသည်ထင်သည်။ ဤတွင်မှ 'မခင်ချိုတို့ ဘယ်ဆီများ ရောက်နေကြရှာပါလိမ့်'ဟု တွေးကြည့်မိတော့သည်။

ထိုသို့ တွေးကြည့်မိစဉ်မှာပင် ယခင် မခင်ချိုတို့ နေသွားသောအိမ်၏တစ်ဘက်ခန်းမှ လူငယ်တစ်ယောက် အပြေးကလေးထွက်လာပြီး "ဆရာ ဆရာ။ ဘယ်ကိုလာတာလဲ ဆရာ"ဟု နှုတ်ဆက်သည်။

ကျွန်တော် သူ့ကို ကောင်းကောင်းသိသည်။ သူက ကျွန်တော့်တပည့်အဖြစ် မခင်ချိုထက် ကြာကြာနေဖူးသူ၊ ပို၍ လက်ပွန်းတတီးရှိသူဟု ဆိုနိုင်သည်။

"ဩော် မောင်ဘလှ။ မင်း ဒီမှာနေတာ ကြာပြီလား"

"သိပ်မကြာသေးဘူးဆရာ၊ ဝင်ထိုင်ပါဦးဆရာ"





"အေး၊ ထိုင်သေးတာပေါ့ကွာ"

အိမ်ထဲသို့ ကျွန်တော်ဝင်မိလျှင် မောင်ဘလှက သူ့ဇနီးနှင့်ကလေးများကိုခေါ်ကာ ကျွန်တော်နှင့် မိတ်ဆက်ပေးသည်။

သူ့ဇနီးမှာ ရိုးရိုးအေးအေးပင်။ နာမည်ကလည်း အေးအေး။

ကလေး လေးယောက်မှာ အကြီးဆုံးသမီးက ခြောက်နှစ်၊ ဒုတိယသားက လေးနှစ်၊ သူ့အောက် မတ်တတ်ပြေးသမီးက နှစ်နှစ်နှင့် အငယ်ဆုံးက နို့စို့အရွယ်သားတို့ ဖြစ်၏။

မောင်ဘလှက အစိုးရဌာနတစ်ခုတွင် ရုံးအုပ်ဟု သိရသည်။ သူတို့အိမ်မှာ အေးချမ်းသာယာပုံ ရ၏။

"အေး၊ တွေ့ရတာ ဝမ်းသာတယ်ကွာ။ နေရေးထိုင်ရေးကောင်းပြေကြရဲ့မဟုတ်လား"

"ပြေပါတယ်ဆိုပါတော့ ဆရာ။ ဒီခေတ်မှာတော့ ဒီလိုပဲကောင်းပြေအောင် ကြည့်နေရတာပဲဆရာ။ အေးရေ ကော်ဖီလုပ်ကွာ"

ကျွန်တော်က ဘာမှမလုပ်ရန် အတန်တန်တားသည့်ကြားက သူ့မိန်းမက ကလေးကို မောင်ဘလှပေါင်ပေါ် လာတင်ပြီး ပြုံးရွှင်စွာ နောက်ဘက် ဝင်သွားသဖြင့် ကျွန်တော်လည်း အေးအေးဆေးဆေးပင် ဆေးပေါ့လိပ်တစ်လိပ်ကို မီးညှိဖွာကာ ထိုင်စကားပြောနေလိုက်ပါသည်။

"မောင်ဘလှတော့ သိမလား မပြောတတ်ဘူး။ အလျှင် ဟိုဘက်ခန်းမှာ ဆရာ ယူနီဗာစီတီမှာတုန်းက တပည့်မခင်ချိုဆိုတာ နေသွားတယ်။ သူတို့ရှိတုန်းက ဆရာ တစ်ခေါက်ရောက်ဖူးတယ်"

မောင်ဘလှသည် အတန်ကြာစဉ်းစားသလိုလုပ်နေပြီးမှ "ဩော် [illegible]တ်တယ်ဆရာ။ သူ့ယောကျာ်းက တက္ကသိုလ်မှာ ဆရာလုပ်သွားတယ်။ ပြီးတော့ စိုက်ပျိုးလား၊ မြေကျေးရှင်းလား ဝင်သွားတာ[illegible]။ နာမည်တော့ ကျွန်တော် ကောင်းကောင်းမသိဘူး"

www.burmeseclassic.com



"အေး အေး၊ ဟုတ်တယ်။ ကိုအောင်တင်တဲ့။ ဆရာတို့ မိတ်ဆွေပါပဲ"

"ဩော်၊ ဟုတ်ပြီ။ အဲဒီ မခင်ချို၊ ကျွန်တော်တို့ ဒီရောက်လာ တော့ သူ မရှိတော့ဘူး ဆရာ။ ဒါပေမယ့် သိပါတယ်။ သူက ဟိုဒင်း ဆရာရယ်၊ အဲဒီ ဆရာကိုအောင်တင်နဲ့ကွဲပြီး ဒီလာနေတာ နောက် စစ်ဗိုလ်တစ်ယောက်နှင့်ရပြီး တစ်ခါ အဲဒီစစ်ဗိုလ်ကလည်း မယားကြီးသားကြီးနှင့်။ မယားကြီး ပစ်ထားခဲ့ပြီး သူနှင့်နေတာ ခုတော့တစ်ခါ ဒီစစ်ဗိုလ်ကလည်း လူရှုပ်ပါဆရာ။ တွေ့ရာ မိန်းမယူ အခုတော့ တပ်ကတောင် ထွက်ရဆိုလား။ မခင်ချိုနှင့်လည်း မပေါင် တော့ပြန်ဘူး။ မခင်ချိုလည်း ဘယ်ရောက်သွားမှန်း မသိရတော့ဘူး"

"အို၊ အနော့ ကလေးကော"

"စစ်ဗိုလ်နှင့်ကတော့ ကလေး မကျန်ရစ်ပါဘူး ထင်ပါတယ် ဆရာ"

"မဟုတ်ဘူးလေ။ ကိုအောင်တင်နှင့်ရတဲ့ ကလေး"

"ဩော်၊ အဲဒီကလေးကတော့ ဆုံးရှာတယ်ဆရာ။ ကလေး ဆုံးပြီး မကြာခင်ဘဲ မခင်ချိုအမေကြီး ဆုံး။ နောက်တော့ မခင် လည်း ဘယ်လိုဖြစ်တယ် မသိဘူး။ အဲဒီစစ်ဗိုလ်နှင့် တွဲတွဲနေရာ ပါသွားတာပဲ။ သူ့မောင်လေးတစ်ယောက်ရှိတာလည်း ရေတပ်ထဲလာ ဝင်သွားသတဲ့"

"ဩော်၊ ဖြစ်မှဖြစ်ရလေ"

"မခင်ချိုလည်း ဆရာရယ်၊ အဲသလို သောကတွေ ကြုံ ဒီက ပြောင်းသွား။ သူ့အလျှင်ယောကျ်ားကလည်း ကလေးဆုံး လာသေးသတဲ့။ ဒီလူလည်း နောက်ထပ် အိမ်ထောင်နှင့်၊ စိတ်ညစ် ပါ ဆရာရယ်။ သူတို့ဟာက"





"ဘယ်လိုလဲကွယ့် ဆိုစမ်းပါဦး"

"အဲဒီလူကလည်း မခင်ချိုနှင့်ကွဲပြီး တစ်နှစ်နှစ်နှစ်လောက်ကြာ တော့ နောက်အိမ်ထောင်ပြုတယ်။ နောက်အိမ်ထောင်ကလည်း အဆင်မပြေဘူး။ စက်ရှင်မင်းကြီးသမီးဆိုလား။ မာနကလည်း ခပ် ကြီးကြီး။ ဒီလူက ဒီလိုဆရာရဲ့။ သူ့ကို ပညာသင်ဖို့အတွက် သူ့နှမနှစ်ယောက်နှင့် အမေက ဈေးရောင်းပြီး စရိတ်ထောက်ရတာ တဲ့။ အဲဒါ မိန်းမရတော့ မိန်းမသြဇာ မိန်းမမျက်နှာချည်း ဖြစ်နေ တော့ နှမတွေ၊ အမေတွေ အနားမကပ်နိုင်ဘူးတဲ့။ သူ့ကိုလည်း မိန်းမက ဂရုမစိုက်တော့ မခင်ချိုဆီပဲ ပြန်လာချင်သလိုလို၊ သူလည်း စိတ်ညစ်ပြီးအရက်တွေသောက်။ ထင်ရာလုပ်နှင့် အကျင့်ပျက်သလိုလို ဖြစ်နေတယ်။ မခင်ချို သားကလေးဆုံးတော့ သူ ရောက်လာသေး သတဲ့။ ဒါပေမယ့် မခင်ချိုက အတွေ့ကို မခံတော့ဘူးတဲ့"

"ဩော်၊ မောင်ဘလှ အတော်သိတာပဲ။ ဆရာတော့ မင်း အခုပြောမှာပဲ သိတယ်။ သူတို့နှင့်တော့ ခင်ပါရဲ့"

"သိဆို ဆရာရယ်။ ကျွန်တော့်မိန်းမ အေးအေးနှင့် အဲဒီ ကိုအောင်တင်ရဲ့နှမ ရင်ရင်နှင့်က သူငယ်ချင်းဆရာရဲ့။ ကိုအောင် တင်နှင့် သူ့မိန်းမ မပြေလည်တာတွေ၊ သူတို့ ဆင်းရဲပေမယ့် အစ်ကိုက ပြန်မကြည့်နိုင်တာတွေ၊ သူတို့အစ်ကို အရက်သမားကြီး လုံးလုံး ဖြစ်နေတာတွေ လာလာဖောက်သည်ချနေတော့ ကြားနေ တာပေါ့ ဆရာ။ မခင်ချိုအကြောင်းကတော့ ကျွန်တော့်ညီနှင့် ယောက်မက မခင်ချိုတို့အဖွဲ့ဆရာရဲ့။ ဒီလို ပတ်သက်လာတော့ သူတို့ အကြောင်းက ကြားနေရတာပေါ့ ဆရာရယ်။ ကျွန်တော် ဒီအိမ်ပြောင်း လာတော့တောင် ကျွန်တော့်ခယ်မက 'ဟိုဘက်ခန်းက ချိုတို့နေသွားတဲ့ အခန်း'လို့ ပြောသေးတယ်။ ဒါကြောင့် ဆရာမေးတော့ ကျွန်တော် ဦးစားကြည့်တာ။ သိတာပေါ့။ အဲဒီ မခင်ချိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘလှထံမှ မခင်ချိုအကြောင်းနှင့် ကိုအောင်တ အကြောင်း ကြားခဲ့ရသည့်ညက ကျွန်တော်၏ စိတ်များသ လေးလံလျက်ရှိသည်။ ကိုအောင်တင်ကိုလည်း သနားသလိုလို ဖြ မိသည်။ မခင်ချိုအတွက်လည်း ရင်ထဲ၌ မချမ်းသာ။ သူတို့ ယောက် ချစ်ချစ်ခင်ခင်ရှိသည်ကို ကျွန်တော်ကိုယ်တိုင် မမြင်ဖူးလျ ဤမျှ စိတ်မကောင်းဖြစ်ချင်မှ ဖြစ်မည်။

ဘာကြောင့်လဲ။ ဘာကြောင့် ဒီလို ဖြစ်ကုန်ကြရလဲ ဟုလ အဖြေရှာနေမိ၏။

များမကြာမီပင်လျှင် ကျွန်တော်၏ထံသို့ ဩစတြေးလျ လေယာဉ်စာတစ်စောင် ရောက်လာပါသည်။ ဩစတြေးလျ ကျွန်တော့်မိတ်ဆွေ ဘယ်သူရှိသည်ဟု စဉ်းစားမရ။ ပို့သူ၏လိပ်စာ ကြည့်မိရာတွင်မှ 'မခင်ချို'ဟု တွေ့ရသဖြင့် အံ့ဩစွာပင် စာ ဖောက်ဖတ်လိုက်ပါသည်။

* * *

ဆစ်ဒနီမြို့၊ ဒီဇင်ဘာလ ၁ ရ

ဆရာ

ချို ဘယ် ရောက်နေရောက်နေ ဆရာကိုတော့ အမြဲ သတိရ ပါပဲ။ ဆရာကို သတိရနေဖို့အကြောင်းကလည်း ချို့မှာ ရှိပါတယ် ဆ ချိုတို့အင်တာမှာတုန်းက အင်္ဂလိပ်စာညံ့လို့ ဆရာ့ဆီ အပို သင်တန်း တက်ရတုန်းက ဆရာပြောခဲ့တာတွေလေ။ 'ပြောပါ၊ ရဲရဲပြောပါ၊ မှားသွာ ဆရာ ပြင်ပေးမှာပေါ့၊ ရေးပါ၊ လေ့ကျင့်ပါ၊ ဖတ်ပါ၊ ကိုယ်မှားတာ ကိုယ် ပြင်နိုင်တာပေါ့။ ဒီလိုနှင့်ပဲ ဖတ်ရင်းရေးရင်း ပြောရင်းက မှားရင်းပြင်ရင်း တတ်သွားရမှာပဲ' ဆိုတာလေ။





ချို ဒီလို ဆရာအဆုံးအမဟာ ကျောင်းသင်ခန်းစာတွင် မကပါဘူးဆရာ။ ချို့အဖို့မှာတော့ ဘဝသင်ခန်းစာပါ ရပါတယ်လို့ သဘောထားပါတယ်။ အမိုးလည်း တန်ပါတယ်။

အစပိုင်းတော့ ငိုငိုရယ်ရယ်နှင့်ပဲ ဆရာ့အားကိုးနှင့် မှားခဲ့ ယွင်းခဲ့ပြီးတော့ ဆရာပေးမပေးတော့ အမှားတွေပြင်ရင်း တတ်လာတာပဲဆရာ။

ချို့ဘဝမှာလည်း ဒီလိုပဲ။ ချို မှားသွားပြီဆိုတာသိတာနှင့် ချို့ဘာသာချို ပြင်တာပဲ။ ဒီလိုနှင့်ပဲ ခုတော့ ချို လောကကို အတော်အသင့် ရင်ဆိုင်တတ်ပါပြီ ဆရာ။

အခု ချိုဟာ အလျင် ဆရာ့ဆီ ဒုက္ခတွေ သယ်သယ်လာပြီး ငိုငိုပြ နေတဲ့ ချို မဟုတ်တော့ဘူးဆိုတာ (ဆရာ့တပည့် လူလားမြောက်ပြီပေါ့ ဆရာ ရယ်) ဆရာသိရင် စိတ်ချမ်းသာအောင်လို့ ဒီစာကို ရေးလိုက်တာပါ။

တကယ်တော့ ချိုဟာ ငိုတတ်တဲ့လူမျိုး မဟုတ်ပါဘူး ဆရာ။ ဆရာနှင့် တွေ့တဲ့အခါတော့ ဆရာ့ကို အဖေလိုအားကိုးတဲ့ စိတ်ကလေးက ဝင်ဝင်လာလို့ မျက်ရည်ကျမိတာပါ။

အခု ဒီမှာ ချိုလည်း စိတ်သစ်လူသစ်နှင့် ဘဝသစ် ထူထောင်ဖို့ ကြိုးစားနေတယ်ဆိုတာရယ်၊ ချို့ဘဝ ချိုပျော်နေတယ် ဆိုတာရယ် ဆရာ သိစေချင်လို့ပါ။

အတိတ်က ချို့အမှားတွေကိုတော့ အတန်းငယ်ကလေးတုန်းက လေ့ကျင့်ခန်းလုပ်တဲ့ စာအုပ်တွေလိုပဲ မေ့ပစ်လိုက်ပြီဆရာ။ ချို့ ဘဝပတ်ဝန်းကျင်မှာ ပါခဲ့တဲ့ လူအားလုံးထဲမှာ ဆရာ့ကိုတော့ ချို မမေ့ပါဘူး။ ဆရာ့ကျေးဇူးတွေကို ချို တစ်နေ့နေ့ တစ်နည်းနည်းနှင့် ပြန်ဆပ်ပါ့မယ်။ ဆရာ့ကို ချို အဝေးကနေ ကန်တော့လိုက်ပါတယ်။

ဆရာ့တပည့်
မခင်ချို



www.burmeseclassic.com

www.burmeseclassic.com



စာကို ကျွန်တော် နှစ်ခေါက်သုံးခေါက်ဖတ်ပြီး မခင်ချိုနှင့် ပတ်သက်၍ လေးလံနေသော ကျွန်တော်၏စိတ်တို့သည် ပေါ့ပါးသွားသည် ထင်မိ၏။ သူပြောသလိုပင် အမှားများကိုပြင်ရင်း သူ့ဘဝ သူ သာယာလာအောင် ဖန်တီးနိုင်ပါစေဟုလည်း ဆုတောင်းမိသည်။

ဤအတွေးနှင့် တစ်ဆက်တည်းပင် နောက်အိမ်ထောင်နှင့် အဆင်မပြေဖြစ်ရာမှ အရက်သမားဖြစ်နေသည်ဆိုသော ကိုအောင်တင် အကြောင်း မောင်ဘလှ ပြောပြလိုက်သည်ကို ပြေး၍ သတိရမိ၏။ ကိုအောင်တင်ဘဝ သာယာပါဦးမည်လားဟုလည်း ပူပန်မိသည်။

'အင်း၊ တကယ်တော့ မှားသွားပြီဆိုတာ အသေအချာ သိရင်တောင် ပြင်ဖို့ဆိုတာကလည်း လူတိုင်းအဖို့ လွယ်တာမဟုတ်ပါဘူးလေ။ ဆရာ့ဩဝါဒ အဖိုးတန်တယ်လို့ မခင်ချိုစာထဲမှာ ဆိုထားပေမယ့် ဆရာ့စကား ဆရာ သံသယဖြစ်လာတယ်။ မှားရင်း ပြင်ရင်းနှင့် စာရွက်ပါ ဆုတ်ပစ်လိုက်ရတာမျိုးလည်း ရှိတယ် မခင်ချို။ ဒါထက် နေပါဦး။ ဒီကောင်မလေးကလည်း သူ ဩစတြေးလျားကို ဘယ်လိုရောက်သွားတယ်၊ ဘယ်သူနှင့်နေတယ်၊ ဘာလုပ်နေတယ်ဆိုတာကလေးများ ထည့်ရေးရောပေါ့။ အေးလေ၊ အေးလေ။ သူ့လိပ်စာ ပါသားပဲ။ နောက်တော့ သိရမှာပေါ့'ဟု စိတ်ထဲက အောက်မေ့ရင်း အပြင်ဘက်သို့ လှမ်း၍–

"မောင်မြရေ၊ ဆရာ့ကို နိုင်ငံခြား လေယာဉ်စာရွက် လေးငါးခု သွားဝယ်ပေးစမ်းကွာ။ ရော့ ဒီမှာ ပိုက်ဆံ လာယူ"ဟု ခေါ်လိုက်ပြီး၊ မောင်မြ ဝင်လာသောအခါ ပိုက်ဆံထုတ်ပေးရင်း "ဩစတြေးလျားကို တံဆိပ်ခေါင်း ဘယ်လောက်ထပ်ကပ်ရသေးလဲဆိုတာပါ မေးခဲ့ကွာ"ဟု မှာလိုက်ရပါသည်။

* * *



# မကြွင်သာသည်

ဤဘော်ဒါဆောင်သို့ မအေးမြင့် ရောက်လာသည်မှာ ဆယ်နှစ်ကျော်ခဲ့ပြီ။ ဤအဆောင်သို့ မရောက်မီ အခြားဘော်ဒါဆောင်များ၌လည်း နေခဲ့ဖူးသည်။

သို့သော် အခြား ဘော်ဒါဆောင်များမှာ စည်းကမ်း သိပ်မရှိ။ ရှုပ်သည်။ ကိစ္စရှုပ်သည်။

ယခုအဆောင်မှာ ဆရာမယောင်း အပျိုကြီးတစ်ယောက် ည်ထောင်အုပ်ချုပ်ပြီး စည်းကမ်းကြီးသည်ဟု နာမည်ရသည်။ ကျောင်းသူမိဘများ စိတ်ချလက်ချ ထားနိုင်ကြသော်လည်း ကိုယ့်အလုပ်နှင့်ကိုယ် လွတ်လပ်စွာ သွားလာနေထိုင်လိုသူများအဖို့ ကြာကြာ မနေနိုင်။

အလုပ်တွင် အိုဗာတိုင်ဆင်းရန်ရှိသူများ ဤအဆောင်စည်းကမ်းများနှင့် လုံးဝ မသင့်လျော်ပါ ဆိုသည့် စာကို အတိအလင်း ရေးထားသည်။

ဤအဆောင်၌ ဆယ်နှစ်ကျော် နေလာခဲ့ပြီး၍ တစ်ယောက် အကြောင်း တစ်ယောက် ကောင်းစွာသိနေကြသည့် မအေးမြင့်



www.burmeseclassic.com

www.burmeseclassic.com



ပင်လျှင် အဆောင်မှ ထွက်ခွင့်ဝင်ခွင့်ကို အတိအကျလုပ်ရသည်။ ညရှစ်နာရီထက် ပို၍ မည်သူ့အားမျှ ခွင့်မပြု။

အခါကြီးရက်ကြီး ပွဲလမ်းသဘင်ရှိလျှင် ကိုးနာရီအထိ ခွင့်ပြုသော်လည်း ထိုထက်နောက်ကျ၍ အဆောင်သို့ ဝင်ခွင့်မပြု။ ပိတ်ချိန်တိတိတွင် တံခါးကိုသော့ခတ်ပြီးပါက မည်သူ့အားမျှ ဖွင့်မပေးတော့။

ယနေ့ မအေးမြင့် ညကိုးနာရီအထိ ထွက်ခွင့်တောင်းခဲ့သည်။ သွားစရာတွေကလည်း များသည်။ အရေးအကြီးဆုံးကိစ္စကတော့ သူ့ကျေးဇူးရှင် ဘဘကြီးကို သွား၍ကန်တော့ရန် ကိစ္စ။ သီတင်းကျွတ်ပြန်ပြီ မဟုတ်လား။

နံနက်ပိုင်း လုပ်ကိုင်ဆောင်ရွက်စရာများကို အားလုံးလုပ်ပြီး ရေမိုးချိုး ဖီးလိမ်းဝတ်စားကာ သူ့အခန်းသူ သော့ခတ်၍ ထွက်လာသောအခါ အဆောင်သူများက သူ့အား နှုတ်ဆက်ကြသည်။

အချို့က 'မမမြင့်'၊ အချို့က 'အန်တီမြင့်'၊ အချို့က 'မာမီမြင့်'။

သိပ်ကြီးလှပြီဟု မဆိုနိုင်စေကာမူ ကျောင်းသူကလေးများအဖို့တော့ 'မာမီ'ခေါ်လောက်ပြီ။ ဤအဆောင်တွင် အနေအကြာဆုံးဖြစ်၍ သူက အဆောင်ကိစ္စများတွင် လက်ထောက်အဆောင်မှူးပမာ ဖြစ်နေရာ သူ့အား လေးစားချစ်ခင်သူလည်း များပါသည်။

အကြောင်းမသိသူများက အဆောင်မှူးအပျိုကြီးအား အပေါင်းဆိုးသည်ဟု မတည့်ကြသော်လည်း၊ မအေးမြင့်က ဘာမဆို ပြေလည်အောင် ပြောဆိုဖျန်ဖြေတတ်၍ အဆောင်သူများ ကိစ္စကြီးငယ်ရှိလျှင် မအေးမြင့်နှင့်သာ ဖြေရှင်းရလေ့ရှိသည်။





"မမမြင့် ဒီနေ့ တယ်လှပါလား။ ဒါ ဘယ်ကိုလဲ။ ရည်းစားနဲ့ ချိန်းထားတယ်ထင်တယ်"ဟု စာရေးမကလေးမူမူက လှေကားအဆင်း ဆီးနှုတ်ဆက်သဖြင့် မအေးမြင့်က နှုတ်ခမ်းတွင် လက်ညှိုးတစ်ချောင်းထောင်၍ ကပ်ကာ၊ "ရှူး တိုးတိုး၊ မာမီကြီး ကြားသွားလို့ ညည်းတို့ကို ခေါ်စစ်နေဦးမယ်"ဟု ပြုံးရွှင်စွာပြောလျက် ထွက်ခဲ့သည်။

ရှေ့ဦးစွာ အဆောင်နှင့်မလှမ်းမကမ်းရှိ ဘတ်စ်ကားမှတ်တိုင်သို့ လျှောက်လာခဲ့ပြီး ယနေ့သွားရန် အစီအစဉ်ကို စိတ်ထဲတွင် ချကြည့်လာခဲ့သည်။

ရှေ့ဦးစွာ ပြည်သူ့မုန့်တိုက်။ ပြီးတော့ ဈေး။ သူလိုသည့် ပစ္စည်းကလေးများကို စိတ်ကူးသည်။ ယနေ့ ပိတ်ရက်။ တချို့ဆိုင်တွေတော့ ဖွင့်ကောင်းပါရဲ့။

ကိုကိုကြီးက အချို မကြိုက်။ မမမာက ထောပတ်နံ့ရတာ မကြိုက်။ ကိုကိုကြီးသားအကြီးဆုံး ဘိုဘိုက အစားမမက်၊ ကစားစရာ တစ်ခုခုပါမှ။ မီးမီးက ခေါ်လီရုပ်လှလှ။ အငယ်ဆုံးဇော်ဇော်ကတော့ သကြားလုံးပါသည့်မော်တော်ကား။ ဘဘကြီးအတွက် စောစောကဝယ်ထားသော ပုဆိုးနှင့် မျက်နှာသုတ်ပဝါ။

သူ့လက်ဆွဲခြင်းထဲမှ ပါပြီ။ ဘဘကြီးစားဖို့တော့ ဆိုင်ရောက်မှ နူးနူးညံ့ညံ့ စားလို့ရတာတစ်ခုခု ကြည့်ဝယ်တော့မည်။

ဤအခါ ဤရက်အတွက် စောစောကပင်တွက်ချက်ကာ သုံးရသည့်လခထဲမှ နည်းနည်းချင်း ဖဲ့၍ဖဲ့၍စုလာခဲ့၍သာ ဤသို့ ဝယ်နိုင်ခြမ်းနိုင်သည် ဆိုဦးတော့။ အရာရာတွင် တိုင်းကာထွာကာ လုပ်ရသည်။

www.burmeseclassic.com



ဘဘကြီးက ဤကဲ့သို့သော အခါကြီးရက်ကြီးများတွင် လာကန်တော့သောအခါ သူ့အား မုန့်ဖိုး ငါးဆယ်၊ တစ်ရာ၊ နှစ်ရာ စသည့်ပေးနေကျ။ သို့သော် သူက ဒါကို မလိုချင်။ နှစ်စဉ် ထိုသို့ ရသောမုန့်ဖိုးကို ဘဘကြီးအတွက် တစ်ခုခုဝယ်ထားမြဲ။ သြော် ဘဘကြီးကတော့ သူ့ကျေးဇူးရှင် မဟုတ်လား။

* * *

မအေးမြင့် ဘဘကြီးတို့အိမ်ရောက်လာတော့ ဆယ်နှစ်သမီးလောက် ရှိဦးမည်။ သူ့အဖေဆုံးသွားပြီးနောက် နှစ်နှစ်ခန့်ကြာတော့ စားဝတ်နေရေးကျပ်တည်း၍ အမေ နောက်အိမ်ထောင်ပြုသဖြင့် မအေးမြင့်ကို မေမေကြီးက ကောက်ယူမွေးစားကာ ကျောင်းထားပေးသည်။

ဘဗကြီး၊ မေမေကြီးကိုမှာ ကိုကိုကြီး၊ ကိုကိုလေး သားနှစ်ယောက်သာ ရှိသည်။ သူတို့အိမ်တွင် အိမ်ဖော်များ၊ ကားမောင်းသမားများရှိကြသော်လည်း အိမ်ထဲတွင် မအေးမြင့်က လက်တိုလက်တောင်းလုပ်ကိုင်ပေးရသည်။

ကျောင်းသွားတော့ ကိုကိုကြီး၊ ကိုကိုလေးတို့က မော်တော်ကားနှင့် သွားရသည့်ကျောင်း။ မအေးမြင့်က အိမ်နားက ကျောင်း။

တစ်အိမ်လုံးက သူ့အပေါ်တွင် ကောင်းကြပါသည်။ တစ်ခါတစ်ခါ မေမေကြီးက ဆူပူကြိမ်းမောင်းတတ်သည်မှအပ သူ့ဘဝ ငြိမ်းချမ်းပါသည်။

အမေနှင့် မောင်ကလေးများကို တစ်ခါတစ်ခါ လွမ်းမိတတ်သော်လည်း သူ့ဘဝနှင့်သူ ကိုယ့်ဘဝနှင့်ကိုယ် တခြားစီလို ဖြစ်နေ





သောကြောင့် သူ့ဘဝဟောင်းကို စိတ်ထဲမှ ဖယ်ထုတ်ထားပြီး ဘဘကြီးတို့ မေမေကြီးတို့နှင့် ကိုကိုကြီး ကိုကိုလေးတို့ကိုသာ ပိုပြီး အားထားလိုက်တော့သည်။ သူ့အဖို့ တခြားအားကိုးစရာကလည်း မရှိတော့သလောက် ဖြစ်သည်။

မေမေကြီး မကွယ်လွန်မီ သုံးလေးနှစ်က သူသည် ဘဘကြီးတို့အိမ်မှ ထွက်ကာ ဘော်ဒါဆောင်တစ်ဆောင်သို့ ရောက်ခဲ့သည်။ ဘဘကြီးနှင့် မေမေကြီးတို့ကိုယ်တိုင် လိုက်ပို့သည်။

ထိုအခါက ဘဘကြီးတို့၊ မေမေကြီးတို့ မျက်နှာမကောင်းကြ။ မေမေကြီး၏မျက်နှာမှာ တင်းမာနေသယောင်ယောင် ရှိ၏။ ကျောင်းလခ၊ စာအုပ်ဖိုးနှင့် အဆောင်လခ တစ်လတစ်ခေါက် ဘဘကြီး လာပေးသည့်အခါပေး၍၊ အဆောင်မှူးထံ တယ်လီဖုန်းဆက်၍ သူ သွားယူသည့်အခါ ယူခဲ့ရသည်။

နောက်တစ်နှစ် သူ ဆယ်တန်းအောင်၍ ရုံးတစ်ရုံးတွင် ဘဘကြီးက အလုပ်ရှာပေးပြီးသည့်နောက်တွင် သူ လစဉ် ထောက်ပံ့ကြေး သွားမယူတော့။ လိုလျှင် တောင်းဟု ဘဘကြီးက ပြောသော်လည်း မအေးမြင့်က မတောင်းတော့။

သူ အလုပ်ဝင်လုပ်ပြီး နောက်မကြာမီ ကိုကိုကြီး နိုင်ငံခြားသို့ ပညာတော်သင်သွားရသည်တွင် သူနေသောအဆောင်သို့ ကိုကိုလေး လိုက်လာသည်။

"အမြင့်၊ နင် အိမ်ပြန်လာခဲ့။ အခု ကိုကိုကြီးလည်း မရှိဘူး။ ငါလည်း မကြာခင် ဗိုလ်သင်တန်း သွားရမယ်။ အိမ်မှာ ဖေဖေတို့ မေမေတို့ချည်း"ဟု ပြောသည်။

ကိုကိုလေးကတော့ အစကတည်းက မအေးမြင့်အား အဆောင်သွားထားသည်ကို အပြင်းအထန်ကန့်ကွက်သူ ဖြစ်သည်။ ဘဘကြီးကလည်း သမီးအရင်းလို ချစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မအေးမြင့်က 'မေမေကြီး ပြန်ခေါ်မှ သွားတော့မည်'ဟု စိတ်ထဲက အောက်မေ့ထားလိုက်၏။ ကိုကိုလေးကိုတော့ သင့်အောင် ကြည့်ပြောလိုက်သည်။ နောက် မေမေကြီးကလည်း မခေါ်တော့၍ သူ မေ့မေ့ပျောက်ပျောက်နေလိုက်သည်။

နောက် ကိုကိုကြီး နိုင်ငံခြားကပြန်လာပြီး သူတို့အသိုက်အဝန်း ထဲက အမာဆိုသည့် အမျိုးသမီးနှင့် ကြီးကြီးကျယ်ကျယ်လက်ထပ် သည်။ တာဟီရကိစ္စ မအေးမြင့် သွားပြီးကူညီလုပ်ကိုင်ပေးရသည်။

လက်ထပ်ပြီး ကိုကိုကြီးက 'ငါတို့ အိမ်ခွဲနေမယ်။ အမြင့် နင် ငါတို့နှင့် လိုက်နေလှည့်'ဟု သူ့ကို အရေးတယူ နေရာပေးသည်။ အိမ်ခွဲနေသည်ကပင် သူ့ကို ခေါ်ထားဖို့ဟု ကိုကိုကြီးက ပြောသည်။ သို့သော် သူက မလိုက်တော့။

ဘယ်သူမှမရှိတော့ နောက်ပိုင်း အမာ ကလေးမျက်နှာမြင် တိုင်း မအေးမြင့်လိုက်၍ ကူရသည်။ အမာက သွေးနုသားနု ဘာမှ မလုပ်နိုင်မကိုင်နိုင်မို့ မအေးမြင့် သွားကူရသည်ချည်း။

ယခု အတော်အတန်ကြီးလာ၍ လက်လွှတ်ပြီဟုဆိုရသော ကလေးသုံးယောက်စလုံး မအေးမြင့်လက်နှင့် မကင်းကြ။ တစ်အိမ်လုံး က မအေးမြင့်ကို ချစ်ကြသည်။

စောစောပိုင်းက ကိုကိုကြီးက 'အမြင့် အမြင့်'နှင့် အရေးပေး လွန်း၍ အမာက မကြည်ဖြူသလိုဖြစ်ခဲ့သော်လည်း၊ နောက် သူ့ အပေါ်တွင် ရိုးသားဖြူစင်သောနှလုံးဖြင့် ကူညီသော မအေးမြင့် အား ချစ်ခင်လာသည်။

အမာ့သားအကြီး မွေးပြီး မကြာမီ မေမေကြီး အသည်းအသန် မမာ၍ ဆေးရုံတင်ရရာ ဆေးရုံမှာပင် ကွယ်လွန်သွားသည်။ မအေး မြင့် အလုပ်မှ ခွင့်ယူ၍ ဆေးရုံ လိုက်စောင့်အိပ်ပြီး ဝတ်ကြီးဝတ်ငယ်





ပြုရသည်။ မေမေကြီးဆုံးပြီး ရက်လည်ပြီးမှ သူ့အဆောင်သို့ ပြန် သည်။

"ဘဘကတော့ ငါ့သမီး ပြန်လာမယ်ဆိုရင် ဝမ်းသာတယ်။ ဒါပေမယ့် သမီး ချမ်းသာရာမှာပဲ နေပါ"ဟု ပြောသည်။

ထိုစဉ်က အမျိုးမျိုးသောအကြောင်းများကို စဉ်းစားကာ သူ အဆောင်သို့သာ ပြန်လာခဲ့သည်။ အိမ်တွင် ကိုကိုကြီးတို့ ပြန်ရွှေ့ လာနေကြရန် အစီအစဉ်ရှိသဖြင့်လည်း သူ စိတ်ချလက်ချ ပြန်လာ ခြင်းဖြစ်သည်။

* * *

"ဟော အန်တီမြင့်"

မုန့်ဘူးတွေ၊ စက္ကူအိတ်တွေ တစ်ထုပ်တစ်ပိုးနှင့် မအေးမြင့် ရောက်သွားတော့ ကလေးများက ဝမ်းသာအားရ ဆီးကြိုနှုတ်ဆက် ကြသည်။ ပြီးလျှင် မအေးမြင့်လက်ကအထုပ်အပိုးများကို သူတစ် ထုပ် ငါတစ်ထုပ် ကူ၍သယ်ကြသည်။ ကလေးပီပီ ဘူးထဲအထုပ်ထဲက ပါလာသည်တို့ကို ဖွင့်ကြည့် နှိုက်ကြည့်ကြသည်။

"ဟောဒါ သားသားဖို့။ ဟုတ်တယ်လား အန်တီမြင့်။ ဒါ စားသားဖို့လား"

"အေး အေး။ ငါ့မှာ ရှာလိုက်ရတာ။ အရုပ်ဆိုင်တွေကို ရော။ ကြိုက်ကဲ့လား သား"

"ကြိုက်တယ်"

"အန်တီမြင့်၊ မီးမီးဖို့ကော"

www.burmeseclassic.com



မအေးမြင့်က သူ့ရင်ဘတ်သူ လက်ဖြင့်ဖိလိုက်ကာ မျက်လုံး ပြူးလျက် 'ဟောတော်၊ မီးမီးဖို့ မေ့လာခဲ့ပြီ'ဟု ပြောသည်တွင် ကလေးက ငိုမဲ့မဲ့ဖြစ်သွား၍ ကပျာကယာထိုင်ချပြီး ကလေးကို ဖက်လိုက်ကာ–

"အလကားပြောတာ၊ အလကားပြောတာ။ အန်တီက စတာ" ဟု ပြောပြီး သူ့ခြင်းထဲက ဒေါ်လီရုပ်ကလေးကို ယူ၍ ကလေးရှေ့ ထောင်ပြလိုက်မှ ကလေးမျက်နှာကလေး ဝင်းလက်ပြုံးရွှင်လာသည် နှင့် မအေးမြင့်က သူ့ပါးကလေးကို ဘယ်ပြန်ညာပြန်မွှေးလိုက်သည်။

သူ့ခြင်းထဲတွင် တစ်ခုခုပါလာမှန်းသိသော ဇော်ဇော်က သူ့ အတွက် လက်ဆောင်ကို သူ့ဘာသာသူ နှိုက်ယူပြီး မီးမီးကို နမ်းနေ သော မအေးမြင့်၏ကျောပေါ်ဖက်တက်ကာ မျက်နှာကို သူ့ဘက် အတင်းဆွဲလှည့်ပြီး မအေးမြင့်၏ပါးကို နမ်းလိုက်သည်။ မအေးမြင့် မျက်ရည်တွေ ဝဲလာပြီး ကျောပေါ်ကကလေးကို ရှေ့သို့ဆွဲယူကာ တင်ပါးကို လက်ဝါးဖြင့် အားမလိုအားမရမနာအောင်ချရင်း–

"ချွေးကောင်ကလေး။ တတ်လိုက်တာ လွန်ပါရော"ဟု လိုက်သည်။

ကလေးများနှင့် မအေးမြင့် နှုတ်ဆက်နေကြပုံကို ကြည့်နေ သော အမာက–

"ဖျက်ဆီးမယ့်သူ တစ်ခေါက်တစ်ခေါက် ပြန်သွားရင် မှာ ဒီကောင်တွေ ပြောမကောင်းလွန်းလို့ တစ်ခါတစ်ခါ တုတ်ကိုင် ရတယ် သိလား။ ညည်းက တစ်ခါတလေ လာ အလိုလိုက်သွား ဒီမှာ ညည်းသားတွေ သမီးတွေ ဘယ်လောက် ဆိုးကျန်ရစ်ခဲ့ မှတ်ထား အငယ်ကောင်ကဆို ငါကရိုက်ရင် အန်တီမြင့်နှင့် သွားနေမယ်တဲ့ ကဲ– ငါတော့ မပြောချင်ဘူး"ဟု ဝင်ပြောသည်။



မအေးမြင့် မျက်ရည်လည်ရပြန်ပြီ။ ဇော်ဇော်ကိုဖက်လျက်က မျက်နှာကို နောက်သို့ခွာ၍ ဇော်ဇော့်မျက်နှာကိုကြည့်ကာ "ဟုတ်လား သားသား"ဟုမေးလျှင် ကလေးက သူ့အမေကို ကွက်ခနဲ လှမ်းကြည့် လိုက်ပြီး ခေါင်းညိတ်ပြသည်။

စောစောက ဝရန်တာဘက်တွင် သတင်းစာဖတ်နေသော ကိုကိုကြီးကို လှမ်းကြည့်လိုက်သောအခါ ကိုကိုကြီးမှာ သတင်းစာကို မျက်နှာပေါ်တွင် အုပ်လျက် အိပ်ပျော်သွားဟန်တူသည်။ ခဏနေ တော့ အပေါ်ထပ်မှ ဘဘကြီး ဆင်းလာသည်။ မအေးမြင့်က လှေကား မှ ပြေးကြိုပြီးတွဲတော့ "သမီး အဆောင်မှာ အဆင်ပြေရဲ့လား" ဟု မေးသည်။

"ပြေတယ် ဘဘကြီး"

"အေး၊ အေး။ အဆင်ပြေရင် ပြီးရော။ ဒီနေ့ အလုပ်အားလို့ လား"

"သီတင်းကျွတ်ပိတ်ရက် ဘဘကြီး။ သမီး ဘဘကြီးကို လာကန်တော့တာ"

"အေး။ သာဓု သာဓု။ ဟိုဟာဒီဟာတွေ ဝယ်မလာနှင့်။ လက်အုပ်ချီပြီး ကန်တော့ရင် ပြီးတာပဲ။ ဘဘကြီးမှာ ဘာမှ မလိုဘူး။ အခု အလုပ်မှာကော အဆင်ပြေရဲ့လား"

"ပြေတယ် ဘဘကြီး။ အခု သမီး ယူဒီ ဖြစ်ပြီ။ လခလည်း တိုးရတယ်"

"အေး အေး။ လခနှင့်မလောက်ရင် ဘဘဆီ တယ်လီဖုန်း ဆက်လိုက်"

ဘဘကြီးအား အိမ်ရှေ့ခန်းပို့ခဲ့ပြီး ထမင်းစားခန်းဘက်သို့ ပြန်လာကာ ကြောင်အိမ်ထဲမှ လင်ပန်းတစ်ချပ်ကို ထုတ်သည်။ ဆွဲ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းထဲမှာ လုံချည်၊ မျက်နှာသုတ်ပဝါနှင့် မုန့်များ၊ သစ်သီးများကို လင်ပန်းတွင် လှလှပပတင်ကာ–

“လာကြဟေ့ သားတို့သမီးတို့။ ဘိုးဘိုးကို ကန်တော့ကြမယ်” ဟု အော်ရင်း အိမ်ရှေ့ခန်းသို့ထွက်ခဲ့သည်။

အမာသည် ဝရန်တာတွင် သတင်းစာဖြင့် မျက်နှာကိုအုပ်၍ အိပ်နေသော ကိုကိုကြီးကို သွားနှိုးခေါ်ခဲ့သည်။ မကြာမီ အားလုံး ဘဘကြီးရှေ့တွင် ရှိရှိသေသေထိုင်မိကြသည်။

“ကဲ၊ ကိုကိုကြီးက တိုင်ပေး”

“စိတ်ထဲက မှန်း ကန်တော့လိုက်ကြပါဟာ”

“ဩ၊ မောင်ကလည်း ကလေးတွေ လိုက်ဆိုရအောင်ပေါ့” ဟု အမာက ထောက်ပေးသည်။

“ကဲ ကဲ ကဲ၊ အားလုံး လိုက်ဆိုကြ။ ကျွန်တော်ကျွန်မတို့သည် လူကြီးများအပေါ်၌ လည်းကောင်း၊ တစ်ဦးအပေါ် တစ်ဦး၌လည်းကောင်း သံသရာဘဝအဆက်ဆက်မှစ၍ ယနေ့ထက်တိုင်အောင် ကာယကံမှ အပြစ်ကြီးအပြစ်ငယ်၊ ဝစီကံမှ အပြစ်ကြီးအပြစ်ငယ် တစ်ကြိမ်တစ်ခါ တစ်ရံတစ်ဆစ် ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်များကို သည်းခံတော်မူပါ။ ခွင့်လွှတ်တော်မူပါရန် အရိုအသေ အလေးအမြတ် လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏။ ကဲ ကန်တော့ကြ သုံးကြိမ်နော်”

ကိုကိုကြီး၏အသံမှာ တုန်နေသည်။ အဖေကြီးရှေ့တွင် ဦး သုံးကြိမ်ချကာ နေရာမှထ၍ ဝရန်တာဘက်သို့ ခပ်သုတ်သုတ်ပြန် သွားသည်။ ဘဘကြီးက နှုတ်မှ တရှုရှု ဆုအရှည်ကြီးပေးပြီး မအေးမြင့်အား ငွေနှစ်ရာ မုန့်ဖိုးပေးသည်။





မအေးမြင့်က “မယူဘူး ဘဘ။ နောက် သမီးမှာမရှိမှ တောင်းပါရစေ”ဟု ငြင်းသော်လည်း ဘဘကြီးက မရ။ အတင်း ပေးသဖြင့် ယူလိုက်ရသည်။ စိတ်ထဲက သိပ်မကောင်း။

ညနေခင်းဘက်ရောက်ကြတော့ ဘိုဘိုက “ဟေ့ လာ၊ တို့ အန်တီမြင့်ကို ကန်တော့ကြမယ်။ ပြီးတော့ မုန့်ဖိုး တောင်းရမယ်။ အန်တီမြင့်ကြီး ထောလာတယ်ကွ”ဟု ဆိုသဖြင့် ကျန်ကလေးများက “အေး၊ ဟုတ်တယ်”ဟု သဘောတူကြသည်။

ဤအသံကို ဝရန်တာမှ ကိုကိုကြီးကကြားသဖြင့် အမာ့ကို လှမ်းခေါ်သည်။

မကြာမီ အမာ အိမ်ပေါ်တက်သွားပြီး လေးထောင့်စက္ကူအိတ် တစ်ခုနှင့် ပြန်ဆင်းလာသည်။ နောက် ထမင်းစားခန်းထဲသွားကာ ချခဲ့သေတ္တာကိုဖွင့်၍ ကိတ်မုန့်များ၊ လိမ္မော်သီးများထည့်၍ ကန်တော့ ပွဲပြင်ကာ ကလေးများအား ပေးလိုက်သည်။

ကလေးများ အန်တီမြင့်ရှေ့တွင် ထိုင်မိကြသောအခါ မီးမီး က “ဖေဖေ သမီးတို့လိုက်ဆိုဖို့ ခုနကလို လာပြီး ခေါ်ပေးပါဦး”ဟု အော်ခေါ်လိုက်ရာ မအေးမြင့်က အပြေးအလွှားတားလိုက်သည်။ ကိုကိုကြီးက ထလာပြီး မအေးမြင့်နောက်နားကရပ်ကာ ‘ကဲ ကဲ လိုက်ဆိုကြ။ ကျွန်တော်ကျွန်မတို့သည် အန်တီမြင့်ခေါ် ခေါ်အေးမြင့် ခေါ် အမြင့်အပေါ်’ ဟု တိုင်ပေးနေသဖြင့် မအေးမြင့်က ‘ဟာ ကိုကို ကြီးကလည်း မဟုတ်တရုတ် ကလေးတွေကို။ ကဲ ကဲ ဘာမှ ဆိုမနေ ကြနှင့်။ ဒီအတိုင်းပဲ ကန်တော့ကြ။ အဲ အဲ ဟုတ်ပြီ။ သာခု သာခု သာခု။ ဒီသား ဒီသမီး ဒီမိသားစု စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ပျော်ပျော်ရွှင်ရွှင်နေနိုင်ကြပါစေ။ နေနိုင် ကြပါစေ”ဟု ကြားဖူးနားဝဖြင့် ဆုပေးကာ မျက်ရည်သုတ်၍



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှထပြီး ထမင်းစားပွဲပေါ်တင်ထားသည့် သူ့ခြင်းထဲမှ ပိုက် ဆံအိတ်ယူ၍ စောစောကပင် သူထည့်လာခဲ့သော ကျပ်တန်အသစ် ကလေးများကို ကလေးများအား ဝေပေးလိုက်သည်။

"အန်တီမြင့် မပြန်နှင့်ဦးနော်"

"အန်တီမြင့် မီးမီးတို့နှင့် တစ်ညလောက် အိပ်ပါ။ ညကျ ဗွီဒီယိုကြည့်ရအောင်"

"အန်တီမြင့်၊ ဖေဖေကြီးကို ကားမောင်းခိုင်းပြီး မီးထွန်းပွဲ လျှောက်ကြည့်ရအောင် မပြန်နှင့်နော်"

"ဟုတ်တယ် အမြင့်။ ညည်းကိုကိုကြီး အခု သဘော်သား ကားဝယ်ထားတယ်တော့။ မီးထွန်းပွဲကြည့်လို့တော့ သိပ်ကောင်းမှာ။ ဒီည ဒီမှာအိပ်ပါလား။ မနက်မှ ပြန်ပေါ့"

"နော်၊ အန်တီမြင့် နော်"

ကလေးများက ပူပူဆာဆာတားကြသည်ကို သူ ဘာမှ ကတိမပေးဘဲ ခပ်ငေးငေးစဉ်းစားနေလိုက်ပြီး အတန်ကြာမှ ထမင်း စားခန်းတွင် အမာနှင့် ထိုင်၍စကားပြောသည်။

အမာက မအေးမြင့်ထက် နှစ်နှစ်သုံးနှစ် ကြီးဟန်တူသည်။ ကိုကိုကြီးထက်ပင် တစ်နှစ်ကြီးသည်ဟု ပြောသံကြားဖူးသည်။

"ညည်းကိုကိုလေး မိန်းမ ပြင်ဦးလွင်မှာ ဆုံးသွားတာ ကြားလား"

မအေးမြင့်ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားသည်။ ပါးစပ်မှလည်း 'ဟင်'ဟု လွှတ်ခနဲဆိုမိသည်။ ပြီးတော့ ကိုကိုလေးမျက်နှာကို ဖြေ မြင်လိုက်မိ၏။

"ဖြစ်မှဖြစ်ရလေ မမမာရယ်။ ဘယ်လို ဖြစ်တာတဲ့လဲ"

"သားအိမ်လမ်းကြောင်းမှာ ကင်ဆာဖြစ်တယ်ဆိုလား။ မပြော တတ်ပါဘူးလေ။ သနားပါတယ်။ သူ့ခမျာ လေးဆယ်တောင်





ပြည့်ရှာသေးဘူး။ မိန်းမက ချောကချောနှင့်။ သေခါနီးတော့ ာစ်ခါတည်း ပိန်ချပ်သွားတာ ကြည့်စရာမကောင်းဘူး။ ကိုကိုလေး ာ ရှေ့တန်းမှာ စစ်ရေးကပ္ပနေလို့ သေမှ လာသဂြိုဟ်ပြီး သူ့ခမျာ ားကြိတ်ပြီး ပြန်သွားရရှာတာ။ ရက်လည်အောင်တောင် မနေဘူး။ စ်ဗိုလ်မို့သာပေါ့"

"ဖြစ်ရလေ ကိုကိုလေးရယ်"

သေသူကိုတော့ သူ မမြင်ဖူးလိုက်။ ကိုကိုလေး၏ရုပ်အသွင် ကိုသာ ဖမ်းကြည့်ပြီး မျက်နှာထားတင်းတင်းနှင့် စစ်တိုက်နေသော ွတ်တရွတ်သမား ကိုကိုလေးကို မျက်စိက မြင်ယောင်၍နေလေသည်။

နောက် တစ်ညနေလုံး မီးဖိုထဲတွင် အမာနှင့် ဟိုအကြောင်း ဒီအကြောင်း ရောက်တတ်ရာရာပြောရင်း ထမင်းဟင်း ချက်ကြ သည်။ ညနေစာထမင်းစားဝိုင်းမှာ ဆူဆူညံညံ ပျော်ပျော်ရွှင်ရွှင် ရှိကြသည်။ ကိုကိုကြီးမှတစ်ပါး အားလုံး ဘာဘကြီးပါမကျန် ပျော် နေကြသည်။

ကိုကိုကြီးကမူ ခေါင်းအုံနေသည်ဆိုကာ စကားလည်း များများ ပြော။ ထမင်းလည်း ဟုတ်အောင်မစားဘဲ ပန်းကန်ထက်ဝက် လောက်ကုန်သော် ဇွန်းခက်ရင်းကိုချခဲ့ပြီး ထသွားသည်။

"ကိုကိုကြီး နေမကောင်းဘူးလား"ဟု မအေးမြင့်က မေး သည်ကို ခေါင်းအုံလို့ဟု တိုဆတ်ဆတ်ဖြေကာ အိမ်ပေါ်သို့ တက် သွားသည်။

'ဘတ်စပရို သောက်မလားမောင်' ဟု အမာက လှမ်းမေးသည် ကို လှေကားပေါ်မှ လှည့်မကြည့်ဘဲ 'နေပါစေ'ဟု ပြောသွားသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ညနေ ခုနစ်နာရီခွဲတွင် မအေးမြင့် ရေမိုးချိုးပြီး ပါလာသော အဝတ်များလဲကာ ပြန်ရန်ပြင်ဆင်တော့ ကလေးများက ဆူဆူညံညံ တားကြပြန်သည်။ ယခုတစ်ကြိမ်တွင်မူ မအေးမြင့်က–

"အန်တီ အဆောင်မှူးကို မပြောခဲ့ရဘူး သားတို့ရယ်။ နောက်မှ လာအိပ်မယ်။ မနက်စောစောလည်း အန်တီ သွားစရာရှိသေး လို့"ဟုပြောကာ ထွက်လာတော့ အပြင်ဘက်တွင် မှောင်စပြုပြီ။ အမာက အိမ်ပေါ်သို့လှမ်း၍–

"မောင်ရေ၊ အမြင့် ပြန်တော့မယ်။ လိုက်ပို့ဦးမလား။ ဒီမှာ သားတို့က မီးထွန်းထားတာတွေ လိုက်ကြည့်ချင်ကြတယ်"ဟု အော် ပြောသည်နှင့် မရှေးမနှောင်း ကိုကိုကြီး ဆင်းလာသည်။

"ကိုကိုကြီး ခေါင်းအုံနေတာ နေပါစေ။ အမြင့် ကိုယ့်ဘာသာ ကိုယ် ပြန်မယ်။ လွယ်ပါတယ် လိုက်မပို့ပါနှင့်"

"ရပါတယ်။ အမာရော လိုက်မှာလား"

"ဟင့်အင်း။ အိမ်မှာ အဖေကြီးတစ်ယောက်တည်း။ အမာ မလိုက်တော့ပါဘူး"

နောက်က အမိုး မတင်ရသေးသော သဘော်သားကားက လေး ပေါ်သို့ ကလေးများ တစ်ယောက်ပြီးတစ်ယောက် ကျော်ခွ တက်ကြ သည်ကိုစောင့်ပြီး သူလည်းတက်ရန်ပြင်နေသည့် မအေးမြင့်အား အမာက လှမ်း၍–

"အမြင့်က ရှေ့က ကိုကိုကြီးနှင့် သွားထိုင်လေ"ဟု အော်ပြော သည်။

ကိုကိုကြီးကလည်း–

"အမြင့်။ လာဟေ့ ရှေ့ကို လာ"ဟု ခေါ်သဖြင့် ကားရှေ့ခန်း ကိုကိုကြီးဘေးက တံခါးကိုဖွင့်ပြီး ဝင်ထိုင်လိုက်သည်။





အိမ်ထဲမှ ကားလှိမ့်ထွက်လာပြီး လမ်းမပေါ်ရောက်လျှင် ကိုကိုကြီးက လည်ချောင်းရှင်းလိုက်ပြီး–

"အမြင့် နင့်ကို အမာကလည်း ချစ်တယ်။ ကလေးတွေ ကလည်း ချစ်တယ်။ ဖေဖေကလည်း ချစ်တယ်။ တကယ်ဆို နင် တို့ဆီ ပြန်လာပြီး နေဖို့ကောင်းပြီ ထင်တယ်"ဟု ပြောလိုက်သည်။

မအေးမြင့်က ဘာမျှပြန်မပြော။

မအေးမြင့်မှာ လူကသာ ငြိမ်နေသည်။ သူ၏ အတွေးများက အတိတ်ဆီသို့ တရိပ်ရိပ်ပြန်ပြေးလျက်ရှိသည်။ ကိုကိုကြီးက ကြီးမား သော နှလုံးသားနှင့် မေတ္တာရှင်။ ကိုကိုလေးက ဖွတ်တရွတ်သမား။ သူတို့ညီအစ်ကို တုတ်တစ်ပြက် ဓားတစ်ပြက် အချင်းများကြတော့ မေမေကြီးက သူတို့ကို ဘာခေါ်ပြောသည် မသိ။ နောက်တစ်ရက် အတွင်း သူ့အခန်းသို့လာကာ–

"အမြင့်၊ ညည်း ဘော်ဒါဆောင်တစ်ဆောင်ဆောင် သွားနေမှ ဖြစ်တော့မယ်"ဟု ခပ်တင်းတင်းပြောကာ ဘာဘကြီးနှင့်အတူ သူ့အား မြို့ထဲက မိန်းကလေးဘော်ဒါဆောင်တစ်ခုသို့ လိုက်ပို့လိုက်ကြသည်။

* * *

လမ်းတွင် ကိုကိုကြီးက အက်ကွဲသောအသံဖြင့် စကား ဆက်ပြောလာသည်။ နောက်က ကလေးများကလည်း မီးအလှ ထွန်းထားသည်ကိုတွေ့တိုင်း ဆူညံအော်ဟစ် သြဘာပေးလာ ကြသည်။ ကားရှေ့ခန်းမှောင်ပျပျတွင် လက်ကိုင်ပဝါကို အခေါက်လိုက် ကိုင်ရင်း ကားဆွဲရာသို့ ပါလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးနာရီထိုးရန် ငါးမိနစ်အလို အဆောင်ရှေ့ ကားရပ်လိုက်သော အခါ မအေးမြင့် ကားတံခါးကိုဖွင့်ဆင်းပြီး အသာပြန်ပိတ်ကာ မည်သူ့ကိုမျှ နှုတ်ဆက်မနေတော့ဘဲ နောက်ခန်းက ကလေးများက–

'အန်တီမြင့် တာ့တာ'ဟု သံပြိုင် နှုတ်ဆက်လိုက်ကြသည်ကို လှည့်မကြည့်တော့ဘဲ လက်ပြရုံပြထားခဲ့ပြီး အဆောင်လှေကားအတိုင်း အပြေးတက်ခဲ့သည်။ ကားကလေး ပြန်ထွက်သွားသည်ကိုပင် မမြင် လိုက်တော့။ လှေကားထိပ် မီးရောင် အလင်းဆုံးနေရာသို့ရောက်လျှင် သူပြေးတက်လာသည်ကို ရပ်ကြည့်နေသော မူမူက–

"ဟင် မမြင့် မျက်နှာတွေ နီလို့ပါလား။ နေမကောင်းဘူး လား။ အအေးမိလာတယ်ထင်တယ်"ဟု စိုးရိမ်တကြီး ဆီးပြောသည်ကို လည်း လက်သာခါပြထားခဲ့သည်။ သူ့အခန်းရောက်တော့မှ လက်ထဲ ကခြင်းကို စားပွဲပေါ်တင်ထားခဲ့ပြီး သူ့ကိုယ်သူ အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်လေ၏။

# တစ်ကွေ့ တစ်ကမ္ဘာ တစ်သံသရာ

လွန်ခဲ့တဲ့လကတည်းက ကျွန်တော်နှင့်အတူ အိမ်ထောင်ကြီး တစ်ခုကို လက်တွဲတည်ဆောက်ခဲ့ပြီး အဲဒီအိမ်ထောင်ကြီးရဲ့တာဝန် တွေကို နှစ်ပေါင်းသုံးဆယ်ကျော်ကျော် ကျေကျေပွန်ပွန် အောင်အောင် မြင်မြင်ထမ်းဆောင်သွားတဲ့ ကျွန်တော့်ဇနီး မမြစိန် ဆုံးပါးသွား ပါတယ်။ လောကဝေါဟာရကတော့ ကျွန်တော်ဟာ မုဆိုးဖိုပေါ့။ ဒီမုဆိုးဖို မုဆိုးမဆိုတဲ့ ဝေါဟာရဟာ အရွယ်မလွန်ခင် အိမ်ထောင် ဖက် ဆုံးပါးသွားသူများမှာသာ ထင်ရှားသိသာတယ် ထင်ပါတယ်။ အဓိပ္ပာယ်ကတော့ ခပ်ငုပ်ငုပ်ပါပဲ။ အိမ်ထောင်ဖက် သေဆုံးသွား တော့ ကျန်ရစ်သူဟာ တောထဲမှာ အမဲသားရှာစားတဲ့ လုဒ္ဒကမုဆိုးလို အမဲရှာရတဲ့ စရိုက်လက္ခဏာကိုများ ရည်ပြီး ဒီဝေါဟာရ တပ်ခဲ့ကြ သလား မသိပါဘူး။ အဲသလိုဆိုရင်တော့ ကျွန်တော့်လို ခြောက်ဆယ် ကျော် ခုနစ်ဆယ်အတွင်းမှာ အိမ်ထောင်ဘက် ဆုံးပါးသွားသူမှာ အမဲသားငါး မရှာတော့တဲ့အတွက် ဒီမုဆိုးဖိုဆိုတဲ့ ဝေါဟာရ သိပ် ထင်ရှားတော့ဘူး ထင်ပါတယ်။ ဒီအသက်ဒီအရွယ် ဒီအသိနှင့် အမဲသားငါးရှာသူ ရှိတော့ ရှိမှာပါပဲ။ ရှားပါလိမ့်မယ်။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမဆိုလေ။ ကိုယ်နှင့် အတူတကွ နှစ်ပေါင်းသုံးဆယ် ကျော်· လေးဆယ်နီးပါး နေသွားတဲ့ ဘဝကြင်ဖော် ရုတ်တရက် ကိုယ့်မျက်စိအောက်ကပျောက်သွားတော့ လွမ်းတာဆွေးတာတွေ မရှိဘူး ထားဦး။ ယောင်ချာချာတော့ ဖြစ်ရပါတယ်။ တစ်ခါတစ်ခါ သူ့အကြောင်း စဉ်းစားလိုက်တဲ့အခါ သူ အသက်ထင်ရှားရှိစဉ်ကလို သူ့မျက်နှာ၊ သူ့စကား၊ သူ့လှုပ်ရှားမှုလောက်နှင့် မပြီးတော့ဘဲ စိတ် ကူးထဲမှာတင် အမျှင်မပြတ်ပေါ်လာတဲ့ သူ့ဘဝ ကိုယ့်ဘဝ တစ် လျှောက်လုံး အတွေးတစ်စပ်တည်းဝင်လာတတ်လို့ တွေးရာက ငေး၊ ငေးရာက ငိုင်၊ တစ်ခါတလေ အမှတ်မထင် သက်ပြင်းကလေး များ ချမိထင်ပါရဲ့။ နေသားမကျခင် ရက်များကဆိုရင် သားတွေ ချွေးမတွေ၊ မြေးတွေက တစ်ယောက်တစ်လဲ ကျွန်တော့်အနီးအနား နေပြီး စကားမရှိစကားရှာ ပြောနေတတ်ကြတယ်။ ဒါကို ကျွန်တော် သိပါရဲ့။ နောက်ပိုင်းရက်တွေမှာတော့ စိပ်ပုတီးကိုင်ပြီး မျက်စိမှိတ် ပါးစပ်က တရွရွလုပ်နေတော့ သူတို့ စိတ်ချသွားကြဟန် တူပါတယ်။

ကျွန်တော့်ဇနီးသည်နှင့် ကျွန်တော်ဟာ ငယ်ငယ်က လူငယ် ချင်းရည်ငံပြီး လက်ထပ်ခဲ့ကြသူများ မဟုတ်ကြပါဘူး။ လူကြီး မိဘများစီမံရာကို သဘောတူလက်ခံခဲ့ကြပြီးမှ တစ်ဦးနှင့်တစ်ဦး မြင်ဖူးကြသူများ ဖြစ်ကြပါတယ်။ လက်ထပ်တဲ့အချိန်မှာတော့ ကျွန် တော်က သုံးဆယ်။ မမြစိန်က နှစ်ဆယ်ပါ။

အဲ၊ ကျွန်တော် ဘာဖြစ်လို့ သုံးဆယ်အထိ အိမ်ထောင်မပြု ဘဲ လူပျိုကြီးလုပ်နေရသလဲဆိုတဲ့ မေးခွန်းကို သာမန်ဖြေရမယ်ဆိုရင် ပညာသင်တာ မပြီးလို့။ လူ့လောကမှာ တင့်တောင့်တင့်တယ် အခြေမကျသေးလို့လို့ ဖြေရပါတယ်။ ပညာသင်နေတဲ့လူအဖို့ သုံးဆယ်





ဆိုတဲ့ အသက်ဟာသိပ်ပြီး ကြီးလှပြီရယ်လို့ မဆိုနိုင်ဘူးပေါ့။ ဒါပေမယ့် ကျွန်တော့်မှာ တခြားအကြောင်းကလည်း ရှိခဲ့ပါတယ်။

သိပ်ကြီးကျယ်တဲ့အကြောင်းရယ်လို့တော့ မဟုတ်ပါဘူး။

အခု ပြန်တွေးကြည့်ရင် ကျွန်တော် ရူးရူးနှမ်းနှမ်းလုပ်ခဲ့တာ တွေဟာ ရယ်စရာလို့မဆိုနိုင်တောင် အဲဒီတုန်းက ဖြစ်ခဲ့တာတွေ ဖြစ်လောက်အောင်လောက် မကြီးကျယ်ဘူးလို့ မြင်ပါတယ်။ သို့ သော်လည်း ကျွန်တော့်အတွေးမျှင်ထဲက အဲဒီအတိုင်း ရောက်သွား တဲ့အခါ ကျွန်တော့်မျက်စိထဲမှာ ဓာတ်ပုံရိုက်ထားသလို အရာထင် နေတဲ့ စာတစ်စောင်ကို ပြန်မြင်ပြီး ရင်ထဲမှာ အနာဟောင်းက ပြန်ကြွလာသလို ထင်မိပါတယ်။ ကျွန်တော် အလွတ်ရနေပြီး ခေါက်ရိုးက ဘယ်စာလုံးတွေပေါ် ကျတယ်ဆိုတာကိုပါ မှတ်မိနေတဲ့ စာတစ်စောင်။

* * *

*မောင်မောင်*

*မင်းရှို့တဲ့ မီးက မမကို လောင်ပြီ။ တကယ်တော့ မမ ရင်မဆိုင် ရဲတော့ဘူး။ မင့်ကို မမပေးဖူးတဲ့ကတိကို ဖျက်ရတော့မယ်။ ဒီကိစ္စ မမ ဘယ်သူ့ကိုမှ ဖွင့်မပြောရဲသလို မင်းကလည်း ဘယ်သူ့ကိုမှ မဟလိုက်ပါလေနှင့်။ ဒီစာကို မင်းဖတ်ပြီးရင် မီးရှို့ဖြစ်အောင် ရှို့လိုက်ပါ။*

*မောင်မောင့်ကို အသက်ပေးချစ်တဲ့*

*မမလှိုင်*

* * *



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဲဒီစာကို အခေါက်ပေါင်းများစွာ တစ်ခေါက် တစ်ခေါက်ဆို အကြာကြီးဖတ်ပြီး ကျွန်တော့်မျက်စိထဲမှာ စွဲထင်နေရစ်လောက်အောင်ရှိတော့မှ သူ့ဆန္ဒအတိုင်း မီးရှို့ပစ်ခဲ့ရတယ်။

ကျွန်တော့်ရင်ထဲမှာ ဟာလာဟင်းလင်းကြီးဖြစ်ပြီး ကျန်ရစ်တယ်။ ကျွန်တော် ယောကျ်ားပေမယ့် အဲဒီတုန်းက ကျွန်တော်ဟာ အသက်နှစ်ဆယ်မှ မပြည့်သေးတဲ့ကလေးသာသာ ဘာမှ သိပ် မသိတတ်သေးတဲ့အရွယ်။ ကျွန်တော် ငိုခဲ့ရတယ်။ ရက်ပေါင်းများစွာ ငိုခဲ့ရပါတယ်။

နောက်တော့ ကျွန်တော် ကျောင်း ပြန်သွားတယ်။ စာကြိုးစားတယ်။ ဘာရည်ရွယ်ချက်မှ မရှိပေမယ့် စာထဲမှာ နစ်မြုပ်နေရင် တခြားဟာတွေကို မေ့ထားလို့ရတယ်။

အထိုက်အလျောက် အပေါင်းအသင်းမိတ်ဆွေ ရှိခဲ့သော်လည်း မိန်းကလေးတွေကိုတော့ အရောမဝင်ခဲ့ပါဘူး။ ဒီလိုနှင့်ပဲ ကျွန်တော်ဟာ ကောလိပ်မှာ လေးနှစ်နေခဲ့တဲ့အတွင်း စာသမား ခွစာ ဖြစ်ခဲ့ရတယ်။

နောက် နိုင်ငံခြားပညာတော်သင်အဖြစ် သွားရတော့လည်း မိန်းမချော မိန်းမလှကလေးတွေ တွေ့ပါတယ်။ သူတို့နှင့် နီးစပ်အောင် ကျွန်တော် မကြိုးစားခဲ့တော့ပါဘူး။ မီးလောင်ခံရဖူးတဲ့ကလေး မီးမြင်ရင် အလိုလိုလန့်နေသလို ဖြစ်နေတယ်လို့ ဆိုချင်လည်း ဆိုနိုင်ပါတယ်။

ဒီလိုနှင့်ပဲ နိုင်ငံခြားက ပြန်လာလို့ ရာထူးရာခံနှင့် ဖြစ်လာတော့ မိန်းကလေးရှင်များက ဝိုင်းဝိုင်းလည်နေအောင် စကားကမ်းလှမ်းကြပြန်ပါတယ်။





ကျွန်တော်ဟာ သိပ်မာနကြီးတဲ့လူစား မဟုတ်ပေမယ့် မိန်းကလေးတွေနှင့် ပတ်သက်လာရင် ခပ်ကင်းကင်းနေလေ့ရှိတော့ အမေ့မှာ သားကို နားချလို့မရနိုင်တိုင်း လာပြီး စပ်ကြဟပ်ကြတဲ့လူတွေကို အားနာရတယ်ပေါ့။ တချို့ကို မျက်နှာပူရတယ်ပေါ့။

'ရှုပ်လွန်းလို့ အမေ' လို့ ကျွန်တော်ပြောတာကို အမေ သဘောကျပေမယ့် ကျွန်တော့်အတွက် အသက်အရွယ်ကြီးတဲ့အခါ သားဆောက်သမီးခံတို့၊ ဘာတို့ ဆိုတာအထိ အမေက ပူပန်မိဟန် တူပါတယ်။ 'ဒီလိုချည်းတော့ ဘယ်ဟုတ်မလဲသားရယ်' လို့ ပြောပါတယ်။

နောက် အမေကိုယ်တိုင်ရွေးချယ်တဲ့ မိန်းကလေးကို အမေနှင့် ကျွန်တော် သွားကြည့်ကြတယ်။

ကျွန်တော် တစ်ခါမှ မမြင်ဖူးပေမယ့် အဖေရှိတုန်းက ဆွေလိုမျိုးလို နေခဲ့ကြတဲ့မိတ်ဆွေတွေလို့ အမေက ပြောပါတယ်။ အမေနှင့် လိုက်သွားတုန်းကတော့ ကျွန်တော့်စိတ်ထဲမှာ အမေ စိတ်ကျေနပ်ရုံလောက်ပဲလို့ သဘောထားပြီး မိန်းကလေးဆိုတာကို သိပ်စိတ်မဝင်စားလှပါဘူး။ တွေ့ရမြင်ရရုံပါပဲ။ ဘာမှ သိပ်ထူးမယ်ထင်ခဲ့ပါဘူး။

ဒါပေမယ့် ကျွန်တော်ထင်တာ မှားတယ်။ ဒီမိန်းကလေးမှာ ဘာတွေထူးခြားတယ်ဆိုတာတော့ အပ်ကျမတ်ကျ မပြောတတ်ဘူး။ ဒါပေမယ့် သူ့ကိုမြင်တော့ ကျွန်တော် စိတ်လှုပ်ရှားရတယ်။

မှန်ပါတယ်။ သူဟာ ကျွန်တော် မြင်ဖူးတွေ့ဖူးသမျှ မိန်းမတွေထက် မမလှိုင်က လွဲရင်ပေါ့လေ။ တစ်ဆိတ်စာ ပိုပြီး လှတယ်။ ဆွဲတယ်၊ သိမ်မွေ့တယ်၊ မိန်းမပီသတယ်လို့ ထင်လိုက်မိတယ်။ ဒါနှင့် အဲဒီကအပြန်မှာ ကျွန်တော် 'အမေ့သဘောပဲ' လို့ ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့် မိန်းကလေးမိဘတွေ ဘယ်လိုညှိနှိုင်းလို့ ဘယ်လို ပြေလည်ကြတယ်တော့ မပြောတတ်ဘူး။ သတင်းစာတွေထဲမှာ ကျွန်တော်တို့ လူကြီးမိဘချင်း စေ့စပ်ကြောင်းလမ်းပြီးဖြစ်တဲ့အကြောင်း နှစ်ရက်သုံးရက် ဆက်ပြီးပါလာတယ်။

မင်္ဂလာသတင်းအနေနှင့် သိပ်မထူးခြားပေမယ့် ကျွန်တော့် ဘွဲ့တွေ ရာထူးတွေနှင့်ဆိုတော့ လူအတော်များများ သတိပြုမိကြဟန် တူပါတယ်။ ကျွန်တော့်မိတ်ဆွေတွေကလည်း တယ်လီဖုန်းဆက်ပြီး လူပျိုကြီးစွံသွားတာကို ချီးမွမ်းထောပနာ ပြုကြတယ်။

တချို့ကတော့ မိန်းကလေးကို အခု အမေခေါ်ပြမှ ကျွန်တော် မြင်ဖူးတာဆိုတာကို သိကြပြီး 'နောက်ကြောင်း ရှင်းရဲ့လား ဆိုတာကို လည်း ကြည့်ဦးနော်။ တော်ကြာ အမှုလွန်ပြီးမှ ဥစ္စာရှင်ပေါ်လာလို့ လူပျိုကြီး ဒုက္ခရောက်နေဦးမယ်'လို့ နောက်ကြတယ်။

သူတို့ပြောတာကတော့ အနောက်အပြောင်သက်သက်ပဲ ဆို တာကို ကျွန်တော် သံသယမရှိပေမယ့် စိတ်ထဲမှာတော့ ထင့်ခနဲ ဖြစ်သွားမိတယ်။

ဒီလောက် ချော၊ ဒီလောက် လှ၊ ဒီလောက် မိန်းမပီသတဲ့ မိန်းကလေး အသက်နှစ်ဆယ်အထိ ချစ်သူခင်သူမရှိဘဲ ကြီးပြင်းလာပါ့ မလားဆိုတဲ့အတွေးက ကျွန်တော့်ကို နှိပ်စက်ပြန်ပါတယ်။

ရှိနေရင်ကော ဘယ်လိုလုပ်မလဲ။ ကျွန်တော် မပြောတတ်ပါ ဘူး။ သူ့မှာ ကျွန်တော်နှင့်မတွေ့ခင် အချစ်အခင်ရှိနေတာ မှန်ရင် တော့ ကျွန်တော်က ကြားက ဖြတ်ယူမသွားသင့်ပေဘူး။ ဒါကို မှုအားဖြင့် ကျွန်တော် လက်ခံနိုင်ပါတယ်။

တကယ့် လက်တွေ့မှာတော့ ဘယ်လိုနေမယ် မသိဘူး မိုးမပြိုဘူး ပြိုခဲ့သော်ပေါ့လေ။ ကျွန်တော် ဒါအတွက်တော့ သိပ်အလေး အနက်မဟုတ်တောင် ထည့်တော့ စဉ်းစားထားမိတယ် ထင်ပါတယ်





တစ်နေ့တော့ ကျွန်တော့်ရုံးကို လူငယ်ကလေးတစ်ယောက် ရောက်လာပါတယ်။ ကျွန်တော့်နာမည်ကို မေးပြီး 'အစ်ကိုကြီးမှာ အချိန်ရရင် နာရီဝက်လောက် စကားပြောခွင့်ပြုပါ'တဲ့။

သူ့ကြည့်ရတာ မွန်မွန်ရည်ရည်ပါပဲ။ သူ့ကိုယ်သူ မိတ်ဆက် တာကတော့ သူဟာ တက္ကသိုလ်မှာ ပညာသင်ဆဲလို့ ဆိုပါတယ်။ တတိယနှစ်လောက် ထင်ပါတယ်။ မိဘအခြေအနေ ရှိပါတယ်။ တက္ကသိုလ်က ဘွဲ့ရပြီးရင် မိဘလက်ငုပ် အလုပ်အကိုင်ကို ဆက် လုပ်ရမယ်လို့လည်း ဆိုပါတယ်။

ပထမတော့ ကျွန်တော့်စိတ်ထဲမှာ စနောင့်စနင်း ဖြစ်မိတယ်။ သူ ဒါတွေကို ဘာကိစ္စ လာပြောနေတာလဲ။ အလုပ်အကိုင်ကိစ္စဆို ရင် နောက်နေ့မှ လာပါလားလို့ ပြောလိုက်တော့မလို့ပဲ။

ကျွန်တော်ကလည်း အဲဒီနေ့က အစည်းအဝေးတစ်ခုတက်ဖို့ ရှိနေတယ်။ အစည်းအဝေးက နေ့လယ် တစ်နာရီမှ။ သူတောင်းတာ ကလည်း နာရီဝက်လောက်ပဲ။

ဘာမှန်းမသိရသေးတဲ့ ကိစ္စကို စိတ်ရှုပ်ခံပြီး နောက်တစ်နေ့ အထိ ရွှေ့မထားတော့ပါဘူးလို့ အောက်မေ့တာနှင့် နာရီကိုကြည့်ပြီး 'ထဲ၊ လာထိုင်။ မင့်ကိစ္စကိုပြော။ နေ့လယ်ကျ ကျုပ်က အစည်းအဝေး တစ်ခု သွားတက်ရဦးမယ်။ နာရီဝက်လောက်တော့ ရလိမ့်မယ်'လို့ ပြောလိုက်ပါတယ်။

လူငယ်ဟာ မွန်မွန်ရည်ရည်ပါပဲ။

သူ ကျွန်တော့်စားပွဲက ကုလားထိုင်မှာ ရိုရိုသေသေဝင်ထိုင် ပြီး သူပြောဖို့စကားကို ရုတ်တရက်ရှာမတွေ့နိုင်သလို စပြီးပြော တော့ တောင်းတောင်းပန်ပန်နှင့် သူ့မှာ သောကဖြစ်နေရတဲ့ကိစ္စမို့ တခြား ဘာမှလည်းမကြံတတ်လို့ ဖြစ်ချင်ရာဖြစ်ဆိုပြီး မျက်စိမှိတ်



www.burmeseclassic.com

www.burmeseclassic.com



လာကြောင်း နိဒါန်းတွေချီနေလို့ 'ကဲ ငါညီ။ လိုရင်းကိုပဲ ပြော။ ကျုပ်ကို တောင်းပန်နေစရာ မလိုဘူး" လို့ ခပ်ပြတ်ပြတ် ပြောလိုက်ရတယ်။

တကယ်တော့ သူလည်း ဘယ်က စပြောရမှန်းမသိလို့ တအဲအဲဖြစ်နေတာနှင့် တူပါတယ်။ ကျွန်တော့်ကို အားနာမှုကလည်း ရှိနေတော့ တော်တော်နှင့် လိုရင်းကိုမရောက်နိုင်ဘူး။

ကျွန်တော်လည်း စိတ်ရှည်ရှည်နှင့်ပဲ မျက်မှောင်ကုတ်ပြီး နားထောင်နေလိုက်မိပါတယ်။

သူ အဲသလို အထစ်ထစ်အငေါ့ငေါ့နှင့် အားတုံ့အားနာဖြစ်ပြီး လိုရင်းကိုမရောက်နိုင်တဲ့ စကားလုံးကို အားလုံးခြုံပြီး အဓိပ္ပာယ်ကောက်ကြည့်ရတာတော့ သူဟာ အခု ကျွန်တော်နှင့်လက်ထပ်မယ့် မမြစိန်နှင့် လူငယ်ချင်း ရည်ငံနေခဲ့ကြတယ်။

အခု လူကြီးများ စီမံတဲ့ကိစ္စ မိကောင်းဖခင်သားသမီးရိုး ခေါင်းညိတ်ခဲ့ရပေမယ့် စိတ်တော့ ချမ်းသာနိုင်ကြမယ် မဟုတ်ဘူး။

ဒီတော့ သူတို့ကို သနားသက်ညှာသောအားဖြင့် ကျွန်တော်က နောက်ဆုတ်နိုင် ဆုတ်ပေးဖို့၊ သူပြောတာတွေတော့ အများကြီး။ ဒါပေမယ့် အချုပ်ကတော့ ဒါပါပဲ။

ကျွန်တော် ဒီစကားကို ကြားကြားချင်း စိတ်ထဲမှာ ထောင်းခနဲ ဒေါသဖြစ်မိပေမယ့် သူပြောတဲ့အတိုင်း ဟုတ်နေရင်ဆိုတဲ့အတွေးက ကျွန်တော်ရဲ့ဒေါသကို အရှိန်သတ်ပေးလိုက်ပါတယ်။

မှန်ပါတယ်။ ကျွန်တော်ဟာ သူတစ်ပါး ချစ်ရေးခင်ရေးမှာ ငွေအားဂုဏ်အားနှင့် ဝင်လုယူတဲ့လူဆိုးမျိုးတော့ အဖြစ်မခံပါဘူး။

ပြီးတော့ ကျွန်တော့်ရင်ထဲကပူလျက် စဉ်းစားမိတာကတော့ အဲဒီလို ချစ်သူရှိနေတဲ့မိန်းကလေးတစ်ယောက်ကို ကျွန်တော် လက်ထပ်ယူလိုက်ရင်လည်း ကျွန်တော့်အိမ်ထောင်ရေးဟာ မသာယာနိုင်ပါဘူး။





လူကြီးချင်း စကားပြောပြီးတဲ့နောက် ကျွန်တော် သူတို့အိမ်ကို မိသားဖသားပီပီ တစ်ခေါက်နှစ်ခေါက်ရောက်လို့ မမြစိန်နှင့်လည်း တွေ့ရပါတယ်။

သူ့မျက်နှာ အကဲခတ်ရတာ ကျွန်တော်နှင့် နည်းနည်းစိမ်းနေသေးလို့လား မပြောတတ်ဘူး။ သိပ် ရွှင်ရွှင်ပျပျ မရှိတာတော့ အမှန်ပဲ။ ဒါပေမယ့် ပူပန်သောကဖြစ်ရတဲ့ လက္ခဏာတော့ မမြင်မိပါဘူး။

သူနှင့်တွေ့ရတဲ့ တစ်ကြိမ်နှစ်ကြိမ်မှာ ကျွန်တော်က သူ့ထက် အသက်နှစ်ဆယ်လောက် ကြီးနေလို့ သူ့အနေနှင့် ကြည်ဖြူနိုင်ပါ့မလား။ သူ့မှာ ရွယ်တူရွယ်တန် ချစ်သူများအနေနှင့် ရှိနေမလား ဆိုတာတွေ အကဲခတ်ကြည့်တော့ ဘာမှ မသိသာပါဘူး။ သာမန်ပါပဲ။

သူနှင့် အခုမှတွေ့ဖူးတဲ့ သူစိမ်းယောကျ်ားတစ်ယောက်ကို ချက်ချင်း အရောဝင်ပစ်လိုက်ဖို့ ဝန်လေးတတ်တဲ့ ဣန္ဒြေရှင်မိန်းကလေးတို့ရဲ့ သာမန်အရှက်တရားပဲလို့ ကျွန်တော် ထင်ပါတယ်။ ဒါကလွဲလို့ သူ့မှာ ကျွန်တော့်အပေါ် မနှစ်သက်တဲ့အမူအရာ ဘာမျှ မတွေ့ရပါဘူး။

အခု ကျွန်တော့်ရှေ့မှာထိုင်နေတဲ့ ကျောင်းသားလူငယ်ကို အကဲခတ်ရင်း သူပြောတဲ့စကားတွေကို ကျေညက်အောင် စဉ်းစားပြီး လူငယ်ကို ကျွန်တော် ဘာမှ စကားမပြန်သေးဘဲ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပါတယ်။

"ဟယ်လို၊ မမြစိန် ရှိလား။ မမြစိန် အစ်ကိုကြီးပါ။ ထွန်းညိုပါ။ မမြစိန် အခု အားသလား။ အိမ်မှာ ဘယ်သူတွေ ရှိနေလဲ။ အို ဟုတ်ပါဘူး။ အစ်ကိုကြီး ခဏလာခဲ့လို့ ရမလား။ အင်း၊ ဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ မဟုတ်ဘူး။ ညှော်သည်တစ်ယောက်နှင့်။ အေး၊ ကောင်းပြီ ဘာမှ လုပ်မထားနှင့်။ ခဏပဲ ပြောစရာရှိလို့။ အင်း၊ အရေးကြီးသလား ဆို ရောက်တော့ ပြောမယ်လေ။ အေး၊ ကျေးဇူးပဲ"

နောက်ပြီး ကျွန်တော့်ရုံးချုပ်ကို ဖုန်းဆက်ပြီး ဒီနေ့ အစည်းအဝေးကို ကျွန်တော်မတက်နိုင်တဲ့အကြောင်း ပြောလိုက်တယ်။

"ကဲ၊ လာ၊ သွားရအောင်"

"ဘယ်ကိုလဲ ခင်ဗျာ"

"ဘယ်ကို သွားရမလဲ။ မမြစိန်ဆီကိုပဲ သွားရမှာပေါ့။ မင်းကိစ္စ ကျုပ်ကိစ္စ အဆုံးအဖြတ်ပေးဖို့က မမြစိန်ပဲ။ ကဲ၊ လာ၊ သူ့ဆီ သွားကြမယ်"

လူငယ်က ခပ်ကြောင်ကြောင်ဖြစ်သွားပြီး "ကျွန်တော်ပြောတာက ဒီလိုပါခင်ဗျ။ ကျွန်တော် အခုလို အစ်ကိုကြီးကို"နှင့် ဆုတ်ဆိုင်းဆိုင်း လုပ်နေသေးတယ်။

"အေးပါလေ။ ကျုပ် နားလည်ပါတယ်။ ကျုပ်နှင့် မမြစိန်တို့က ဘာမှဖြစ်တာ မဟုတ်ပါဘူး။ လူကြီးချင်း စေ့စပ်ထားတာလောက်ပဲ။ မင်းတို့ကိစ္စ မမြစိန်ကပါလိုလားရင် ကျုပ်က နောက်ဆုတ်ဖို့ လွယ်ပါတယ်။ ဆုတ်လည်း ဆုတ်ပေးပါ့မယ်။ ကျုပ်အတွက် မင်းတို့ စိတ်မဆင်းရဲစေရဘူး။ ကဲ၊ လာ"

ကျွန်တော် ဒီလူငယ်ကို သနားသွားတယ်။ သူ့ကိစ္စ တကယ်မဟုတ်ဘဲနှင့်တော့ သူ ဘယ်နည်းနှင့်မှ အခုလို ကျွန်တော့်ဆီအထိ အရဲစွန့်ပြီး လာပြောမယ် မဟုတ်ပါဘူး။ သူ့ကြည့်ရတာ အလကားသက်သက် လာနှောင့်ယှက်တဲ့လူတော့ မဟုတ်ပေဘူးလို့ ကျွန်တော် ယုံကြည်တဲ့အတွက် အခုလို စိမ်လိုက်ရခြင်း ဖြစ်ပါတယ်။





ကျွန်တော့်ရင်ထဲမှာ ပူလောင်နေပေမယ့် ဒီကိစ္စ သူပြောသလို ဟုတ်ရင် သူတို့ကိုပဲ ဦးစားပေးလိုက်တော့မယ်လို့လည်း အောက်မေ့ထားလိုက်ပါတယ်။

ကျွန်တော့် မော်တော်ဆိုင်ကယ်ပေါ် သူက နောက်ကထိုင်လို့ အဲဒီလူငယ်နှင့် ကျွန်တော် မမြစိန်တို့အိမ် ရောက်သွားတဲ့အချိန်က အိမ်မှာ လူရှင်းနေတဲ့အချိန်ပါ။ လူကြီးတွေ အလုပ်သွား၊ ကလေးတွေ ကျောင်းသွားနေကြပါတယ်။

ကျွန်တော်က ရှေ့ဆောင်ပြီး မမြစိန်တို့အိမ်ထဲ ဝင်သွားတယ်ဆိုရင်ပဲ မမြစိန် မျက်နှာတစ်ချက် ပျက်သွားတယ်။ ကျွန်တော်ကလည်း ဒါကို အကဲခတ်လာတဲ့လူဆိုတော့ သတိပြုလိုက်မိပါတယ်။ ဒါပေမယ့် မမြစိန်ဟာ သူ့မျက်နှာကို ခပ်တင်းတင်း ပြင်ထားလိုက်ပါတယ်။

"မိဘစကားကို နားထောင်မယ်လို့ ဆုံးဖြတ်ပြီးတဲ့နောက်မှာ ကျွန်မရဲ့အဆုံးအဖြတ်ကို ပြင်စရာမရှိတော့ပါဘူး။ တခြား ဘယ်လို မေးခွန်းမျိုးကိုမှ ကျွန်မ မဖြေနိုင်ပါဘူး။ ဒီကိစ္စကို လူကြီးများ စိမ်ထားဆိုပေမယ့် အဓိက ကျွန်မနှင့် အစ်ကိုကြီးပါ။ ကျွန်မတို့နှစ်ယောက်နှင့် တိုက်ရိုက်ပတ်သက်တဲ့ကိစ္စ။ ကျွန်မဘက်က လူကြီးတွေစိမ်ထားတာကို ပြင်စရာအကြောင်း ဘာမှမရှိပါဘူး။ အစ်ကိုကြီးဘက်ကတော့ အစ်ကိုကြီး သဘောပါပဲ"

သူ့စကားက ပြတ်သားလွန်းနေသလား မသိပါဘူး။ ကျွန်တော့်ဆီ သူတို့ကိစ္စ လာပြောတဲ့လူငယ်လည်း အိမ်ထဲဝင်လာကတည်းက မမြစိန်ရဲ့မျက်နှာကိုပဲ အားကိုးတကြီး စိုက်ကြည့်လာတာ မမြစိန်ရဲ့ စကားကြောင့် သူ့မျက်နှာဟာ တစ်ခါတည်း ညှိုးကျသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ ဘာတစ်ခွန်းမျှ မပြောတော့ဘဲ ကြမ်းပြင်ကို အကြာကြီးစိုက်ကြည့်နေပြီး 'ဒီလိုဆိုရင်တော့ ပြီးပြီပေါ့လေ။ အစ်ကိုကြီးကို သက်သက် လာနှောင့်ယှက်သလိုဖြစ်သွားတာကိုတော့ ကျွန်တော် တောင်းပန်ပါတယ်။ ကဲ- ကို သွားမယ် မြ'ဆိုပြီး ထပြန်မယ်လုပ်တော့ ကျွန်တော်ကပဲ 'နေဦးလေ။ ကျုပ်နှင့်အတူ လာတာ။ ကျုပ်နှင့်ပဲပြန် ပေါ့။ ကဲ၊ မမြစိန်။ အစ်ကိုကြီးလည်း ပြန်မယ်။ ကိစ္စက ဒါပါပဲ' ဆိုပြီး ကျွန်တော်လည်း ထပြန်ခဲ့တယ်။

တံခါးဝရောက်တော့ ကျွန်တော်တို့နောက်က ကပ်လိုက်လာတဲ့ မမြစိန်ကို ကျွန်တော်က 'ပြင်ချင်ရင် အချိန်မရွေး ပြင်လို့ရတယ် မမြစိန်'လို့ ပြောခဲ့ပါသေးတယ်။

မမြစိန်က ဘာအမူအရာမှ မပြ။ ဘာစကားတစ်ခွန်းမှ မပြောဘဲ နှုတ်ခမ်းကို စေ့နေအောင်ပိတ်ထားပြီး ခေါင်းကိုသာ ယမ်းလိုက်ပါတယ်။

အပြန်လမ်းတစ်လျှောက်လုံး ကျွန်တော်တို့ ဘာစကားတစ်ခွန်းမှ မပြောခဲ့ကြပါဘူး။ ပြောဖို့စကားကလည်း ကုန်ပြီထင်ပါတယ်။

ကျွန်တော့် စိတ်ထဲကတော့ 'ကဲ၊ ကိုယ့်လူ၊ ကျေနပ်ပြီလား' မေးလိုက်ချင်ပါတယ်။ ဒါပေမယ့် ဒီစကား ကျွန်တော့်နှုတ်က ထွက်မလာပါဘူး။ ကျွန်တော် ဒါလောက် မရက်စက်ပါဘူး။

သူ့စိတ်ထဲ ဘယ်လိုခံစားနေရတယ်ဆိုတာ ကျွန်တော် နားလည်နိုင်ပါတယ်။ ရင်ထဲမှာ သောကအပြည့်နှင့် သူ မမြစိန်ကို နှုတ်ဆက်ပြီး ထွက်ခဲ့ပုံကိုကြည့်ပြီး သူ စောစောက ပြောခဲ့တဲ့စကားတွေကို ကျွန်တော် ယုံချင်တယ်။ ယုတ္တိလည်း ရှိပါတယ်။

ကျွန်တော့်ရုံးကိုပြန်ရောက်ကြတော့ ကျွန်တော့်ကို သူ အထူး အားနာတဲ့အကြည့်နှင့်ကြည့်ပြီး မချိပြုံး ပြုံးပြတယ်။ ကျွန်တော်က





ကျေးဇူးတင်ကြောင်း၊ ဒုက္ခပေးမိတဲ့အတွက် အားနာကြောင်း တုန်တုန်ယင်ယင်နှင့်ပြောပြီး ကျွန်တော် ကမ်းပေးလိုက်တဲ့လက်ကို သူ့လက်နှစ်ဖက်နှင့် စုံဖမ်းပြီး လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်တဲ့အနေနှင့် ဆုပ်ကိုင်ပါတယ်။

ပြီးတော့ လက်ကိုလွှတ်ပြီး ချာခနဲ လှည့်ထွက်သွားတယ်။ သူ့မျက်နှာအသွင်အပြင်ဟာ ကျွန်တော့်မျက်စိထဲက တော်တော်နှင့် ထွက်ပါဘူး။

နောက်တော့ ဒီကိစ္စ မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်လို့ ဆိုရမှာပါပဲ။ မေ့ပျောက်ထားနိုင်လောက်စရာ အခြေအနေကလည်း ဆိုက်လာပါတယ်။

မမြစိန်နှင့် ကျွန်တော် စထရင်းဟိုတယ်ခန်းမမှာ သိုက်သိုက်မြိုက်မြိုက် လက်ထပ်လိုက်ကြပါတယ်။ အခါအခွင့်သင့်တိုင်း အကဲခတ်နေတဲ့ ကျွန်တော်ဟာ မမြစိန်ရဲ့ အမြဲ ရွှင်ပျနေတဲ့မျက်နှာလေးကို ကြည့်ပြီး စောစောက ကျွန်တော်ပြောပြခဲ့တဲ့ကိစ္စတွေဟာ တကယ်မှ ဟုတ်ရဲ့လား။ ဟိုလူ သက်သက်မျှား လာနောက်တာလားလို့တောင် တစ်မျိုး ပြင်စဉ်းစားမိလောက်အောင်ပါပဲ။

လက်ထပ်ပြီးတော့ ကျွန်တော်တို့ ဟန်းနီးမွန်းသဘော ဟောင်ကောင်၊ တိုကျိုတို့အထိ အပျော်ခရီး ထွက်ခဲ့ကြပါတယ်။

အဲဒီရက်ပိုင်းက စိတ်ထဲမှာ သိပ်မရှင်းနိုင်သေးတဲ့ ကျွန်တော်ဟာ မမြစိန်ကို အချိန်ရတိုင်း သတိထားပြီး ကြည့်နေခဲ့ပါတယ်။ မှာကတော့ သတိရစရာ ဘာအတိတ်မှ မရှိခဲ့သလိုပါပဲ။

မမြစိန်ဟာ ကျွန်တော်နှင့် လက်မထပ်ခင်ကတော့ သာမန်ချောမိန်းမလှကလေး တစ်ယောက်ပါပဲ။ ကျွန်တော်နှင့် လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အခုလို ခရီးထွက်လာကြလို့ သူ့အကြောင်း ပိုပိုသိလာရတဲ့ အချိန်မှာတော့ သူဟာ ကိုယ်ကာယရော စိတ်ပါလှတဲ့ မိန်းကလေး တစ်ယောက်အဖြစ် တွေ့မြင်ရပါတယ်။

ကျွန်တော့်ကိုယ် ကျွန်တော် အိမ်ထောင်ရေး အင်မတန်ကံ ကောင်းတဲ့လူတစ်ယောက်အဖြစ် မြင်မိတာနှင့်အမျှ သူ့ကို ကျွန်တော် သိပ်ချစ်၊ သိပ် အလိုလိုက်ခဲ့တယ်။ သူ့ကို တခြားလူတွေ စေ့စေ့ကြည့် တာတောင် ကျွန်တော် မကြိုက်နိုင်သလို ဖြစ်လာတယ်။

သူ့ကို လှလို့စိုက်ကြည့်နေတဲ့ လူငယ်လူရွယ်ကလေးများဆိုရင် ကျွန်တော်က ရှေ့ကသွားရပ်ပြီး 'ဘာကြည့်တာလဲ' မေးပြီး ဆွဲထိုး ချင်စိတ် ဖြစ်မိတယ်။

ဒါနှင့် တစ်ဆက်တည်း ကျွန်တော်နှင့်မရခင်က သူနှ ရည်ငံဖူးတယ်ဆိုပြီး ကျွန်တော့်ရုံးကို လာပြောတဲ့လူငယ်ကိုလည်း ခဏခဏ သတိရပြီး ကျွန်တော့်မှာ မနာလိုဝန်တိုစိတ်တွေ ဖြစ် ရပါတယ်။

လင်နှင့်မယား လျှာနှင့်သွားဆိုသလို တစ်ခါတစ်ခါ သူနှ ကျွန်တော် စကားကတောက်ကဆတ် ပြောမိ ဆိုမိ၊ စိတ်တိုမိကြ မယ့် ကျွန်တော်မှတ်မိသလောက် အကြီးအကျယ် စိတ်ဝမ်းကွဲလော အောင်တော့ ဘာမှ မဖြစ်ခဲ့ဘူးထင်ပါတယ်။

သူက ဖြစ်စေ၊ ကျွန်တော်က ဖြစ်စေ မနှစ်သက်စရာစကား ပြောမိလို့ တစ်ယောက်နှင့်တစ်ယောက် စကားမပြောဘဲနေကြ လည်း တစ်မနက်ခင်း၊ တစ်ညနေခင်းလောက်ထက် ပိုပြီး မကြာ ဘူး ထင်ပါတယ်။

ကျွန်တော်တို့ အိမ်ထောင်သက် နှစ်ပေါင်း သုံးဆယ် ကာလအတွင်း ကျွန်တော်တို့မှာ သား သုံးယောက် ထွန်းထားပါတ အားလုံး လိမ္မာကြပါတယ်။ ပညာ ချွန်ကြပါတယ်။





သားဦးကလေး မွေးပြီးတဲ့အချိန်ကစပြီး ကျွန်တော်က 'အဖေ ကြီး'၊ သူက 'မေမေ' ဖြစ်လာတယ်။ သူ တစ်ခါတလေ နေမကောင်း လို့ ညည အိပ်မပျော်ရင် ကျွန်တော်က သူ့အိပ်ရာနှင့် မလှမ်းမကမ်း မှာ ပက်လက်ကုလားထိုင်နှင့် စာဖတ်ရင်း စောင့်ပေးလေ့ရှိပါတယ်။

"အဖေကြီးကလည်း စိတ်ပူတတ်ရန်ကောကွယ်။ အိပ်တာ မဟုတ်ဘူး။ မေမေ အိပ်မရဘူးဆိုပေမယ့် ပုတီးစိပ်နေတာပဲ။ အိပ် ပေါ့။ တော်ကြာ အလုပ်တွေကလည်း များပါဘိသနှင့်။ အိပ်ရေးပျက် ပြီး နေမကောင်းဖြစ်ဦးမယ်"လို့ သူက ကျွန်တော့်အတွက် ပူပန်တတ် တယ်။

ကျွန်တော်က "အိုကွာ။ မအိပ်ချင်သေးလို့ မအိပ်တာပါ။ မေမေ့ကို စောင့်တာမဟုတ်ပါဘူး။ မေမေ့ဘာသာ မေမေ ပုတီးစိပ်မှာ ဖြောင့်ဖြောင့်စိပ်။ ခဏနေရင် ကိုလည်း အိပ်မှာပါ"လို့ သူ စိတ် မပူအောင် ပြောရပါတယ်။

ဒီနောက် သားတွေသမီးတွေ လူလားမြောက်လာကြပြီး အသီး အသီး အိမ်ထောင်တွေဘာတွေ ပြုကြတော့၊ တစ်ခါ မကြာခင်အတွင်း မှာပဲ မြေးကလေးတွေ ပေါ်လာတော့ ကျွန်တော်က 'ဘိုးဘိုးကြီး' သူက 'မေမေကြီး' ဖြစ်လာကြပြန်ပါတယ်။

ယေဘုယျအားဖြင့် သာယာငြိမ်းချမ်းတဲ့ဘဝလို့ ဆိုနိုင်ပါ တယ်။ ဒါပေမယ့် လူ့ဘဝဆိုတာက ငြိမ်းချမ်းတဲ့သဘော မရှိပါ ဘူး။ ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်ကတော့ တရစ်ပတ်ပတ် လည်လျက် ပါပဲ။ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုတာတွေကတော့ ပုထုဇဉ်တွေ ဘယ်သူမှ ပြေးလို့မလွတ်နိုင်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ရဲ့ ပျော်ရွှင်ချမ်းမြေ့တယ်ဆိုတဲ့ မိသားစုမှာ ကိုယ်တတ်နိုင်လို့ကတော့ စိတ်ဆင်းရဲစရာကို ဘယ်လိုမှ လက်မခံပေမယ့် အသက်ငါးဆယ်ကျော်အထိ ရုပ်ရည်ကြည်လင်တုန်း၊ ကျက်သရေရှိတုန်း မမြစိန်မှာ ကုသို့မရတဲ့ရောဂါ စွဲကပ်လာပါတယ်။

သားတွေကလည်း ဆရာဝန်တွေ၊ ချွေးမတွေကလည်း တချို့ဆရာဝန်။ တချို့ စိန်ပွဲစား။ အင်အားကတော့ လိုလေသေးမရှိလို့ဆိုနိုင်ပါတယ်။

ဒါပေမယ့် သူ့ရောဂါက ကုလို့မရတော့ဘူးဆိုတာ သေချာတဲ့ အစိတ်အပိုင်းရောက်လာတော့ ညည ကျွန်တော်က ပရိတ်တွေရွတ်တယ်။ ပင်စင်ယူပြီးတဲ့နောက်ပိုင်းမှာ ကျွန်တော်ဟာ ဘာသာရေးဘက် အတော်ကလေးလိုက်ခဲ့တော့ ဒီလိုအရေးမှာ ရွတ်နိုင်ဖတ်နိုင်တာကို ကျေးဇူးတင်ရတယ်။

အဲဒီအချိန်မှာ မမြစိန်ဟာ အတော် ပိန်ချုံးနေပြီ။ သူ့မျက်နှာကတော့ ကြည်လင်တုန်း လှပတုန်းပဲလို့ ကျွန်တော် ထင်ပါတယ်။ အဲဒီအချိန်မှာပဲ သူ့သား ဆရာဝန်တို့၊ ချွေးမ ဆရာဝန်တို့က အနားမှာ ပက်သဒင်းအဆင်သင့်နှင့် မလစ်လပ်ရအောင် လူလဲနှင့် စောင့်ကြရပြီ။

မနက်လင်းလာပြီဆိုရင် ဟိုအိမ်ဒီအိမ်က ဈေးဝယ်တဲ့ ကားနှင့်ပါလာကြတဲ့ မြေးတွေက 'မေမေကြီး နေကောင်းလား'ဆိုပြီး လာလာနမ်းကြတယ်။ သူ့ဝေဒနာက ပြင်းပြပေမယ့် သူ့မျက်နှာက ငြိမ်းချမ်းပါတယ်။

"ဘိုးဘိုးကြီးကို ဂရုစိုက်ကြနော်။ ညကလည်း တစ်ညလုံး ပရိတ်တွေ ရွတ်နေတယ်။ အအိပ်ခိုင်း၊ ဘိုးဘိုးနေမကောင်းရင် အားလုံး ဒုက္ခရောက်ကြလိမ့်မယ်"





တကယ်က သူရောကျွန်တော်ပါ လွတ်ကျွတ်နေကြပါပြီ။ ဘယ်သူ့အတွက် ဘယ်သူကမှ ပူပန်နေကြဖို့ မရှိတော့ပါဘူး။ သားတွေအားလုံး လူလားမြောက်ကြပြီး မြေးတွေကလည်း သူတို့အလားအလာကလေးတွေနှင့် သူတို့ အပြိုင်းအရိုင်း တက်လာကြပါပြီ။

သူပြောသလို 'ဘိုးဘိုးကြီး' တစ်ခုခုဖြစ်လျှင် ဒုက္ခရောက်ရစ်မယ့်လူဆိုလို့ ဒီလောကကြီးမှာ မရှိတော့ပါဘူး။ တစ်ယောက်ယောက်သေသွားရင် ဒုက္ခရောက်ရစ်မယ့်လူဆိုလို့ သူနှင့်ကျွန်တော်ပဲ ရှိပါတယ်။ ဒါကို သူလည်း ကောင်းကောင်းသိပါတယ်။

အဲ၊ အဲသည်လိုနှင့်ပဲ သူ မျက်စိမှိတ်သွားပါတယ်။ ငြိမ်သက်လှပါတယ်။ ညင်သာလှပါတယ်။ ငြိမ်းချမ်းလှပါတယ်။ ပက်သဒင်းနှင့် စောင့်နေတဲ့ ဆရာဝန်တွေတောင် အံ့သြရပါတယ်။ ပက်သဒင်း မလိုခဲ့ပါဘူး။

ထုံးစံအတိုင်း ရက်လည်ပြီး အားလုံးနေသားတကျ ပုံမှန်ပြန်ရောက်ဖို့ ကြိုးစားကြရတဲ့အပိုင်းကို ရောက်လာပါတယ်။

ကျွန်တော်လည်း တရားနှင့် ဖြေတတ်ပါတယ်။ ပူဆွေးငိုကြွေးခြင်း မရှိတော့သလောက်ပါပဲ။ ဒီအသက်အရွယ်၊ ဒီအတွေ့အကြုံ၊ ဒီအသိနှင့် သေခြင်းတရားဆိုတာ ဘုရားတောင် မလွန်ဆန်နိုင်ခဲ့တဲ့ တရားဆိုတာကို သဘောပေါက်ပါတယ်။

ဒါပေမယ့် အိမ်မှာက သူ့လက်ရာခြေရာတွေ မြင်ရတိုင်း သူ့ကို အောက်မေ့ပြီး ရင်ထဲကနာသလို ဖြစ်ဖြစ်သွားရတတ်ပါတယ်။

အဲသလိုဖြစ်တဲ့အခါ ကိုယ်ကိုယ်တိုင် လူ့ပြည်မှာနေဖို့ ရက်သားများ မကျန်တော့ဘူးဆိုတာကို ဆင်ခြင်မိပြန်တော့ ရင်ထဲကအနာဟာ သက်သာရာ ရသွားသလိုပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားယောကျ်ားတွေချည်း မွေးထားတာမို့ သူ့ပစ္စည်းကလေးတွေ ဘယ်လို ခွဲခြမ်းပေးကမ်းရမယ်ဆိုတာကို ချွေးမများရဲ့အကူအညီနှင့် ကျွန်တော်က စီမံခန့်ခွဲရပါတယ်။ အဝတ်အထည်အသစ်တွေကိုတော့ သမီးတို့ပဲ ခွဲဝေယူကြ၊ အဟောင်းအနွမ်းတွေကိုတော့ အိမ်မှာဝေယျာဝစ္စလုပ်ပေးတဲ့ လူတွေကို ပေး။ ရွှေငွေ လက်ဝတ်လက်စားတွေကိုတော့ သင့်သလို ဝေဖန်ထုခွဲပြီး သူ့အတွက် ရှူမယ်။

အဲသည်လို စီမံခန့်ခွဲနေကြတဲ့ရက်ပိုင်း တစ်နေ့မှာ အိမ်ကိုကပ္ပိယ ဒါယကာတစ်ယောက်နှင့် ဘုန်းကြီးတစ်ပါး ကြွလာပါတယ်။

ကျွန်တော်တို့လည်း ဘယ်အရပ်က ဘာကိစ္စနှင့် ကြွလာမှန်းမသိတဲ့ အဲဒီဘုန်းကြီးကို နေရာထိုင်ခင်းပေး အရိုအသေ ဦးချကန်တော့ပြီး ကပ္ပိယကြီးကိုလည်း ထိုင်ဖို့ပြောပြီး 'အရှင်ဘုရား ကြွလာတဲ့ကိစ္စကို အမိန့်ရှိတော်မူပါဘုရား'လို့ လျှောက်လိုက်ရပါတယ်။

"ဘုန်းကြီးကို ဒကာကြီး တစ်ခါတော့ တွေ့ဖူးတယ်။ မှတ်မိမယ်တော့ မထင်ဘူး"

"အမိန့်ရှိပါ ဘုရား"

"ဘာမှတော့ ပြောဖို့ မရှိပါဘူး။ ဟိုတလောဆီက ဘုန်းကြီးတို့ ကမ္မဋ္ဌာန်းရိပ်သာကို လာလာနေတဲ့ ဒကာကြီးတစ်ယောက် ဖုန်းလာတဲ့ သတင်းစာကို ဘုန်းကြီး အမှတ်မထင်ကြည့်ရင်း ဒကာမကြီး ကွယ်လွန်တဲ့ နာရေးကြော်ငြာတွေ့လိုက်လို့ ဘုန်းကြီး လာခဲ့တာဆိုပါတော့။ လာတဲ့ကိစ္စကတော့ အထွေအထူးရယ်လို့ မဟုတ်ပါဘူးကွဲ၊ ကပ္ပိယကြီး။ အဲဒီ အထုပ်ကလေး"လို့ ဘုန်းကြီးက ပြောလိုက်တာနှင့် ကပ္ပိယကြီးက သူ့အပေါ်အင်္ကျီ မိုးကုတ်အိတ်ထဲက လေးထောင့် အထုပ်ကလေးတစ်ခုကို ထုတ်ယူလိုက်ပါတယ်။





ဒီပစ္စည်းကို ကပ္ပိယကြီးက ကိုင်ထားတုန်းမှာပဲ ဘုန်းကြီးက–

"ဒီပစ္စည်းကို ဒကာကြီးလည်း မြင်ဖူးမယ်မထင်ဘူး။ ဒါဟာ ဒကာမကြီးရဲ့ပစ္စည်း။ ဘုန်းကြီး ဟို လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်ကျော်ဆီက ရဟန်းဘောင်ဝင်တော့ ဟောဒီ ကပ္ပိယကြီးဆီ အပ်ထားတာ။ ဘုန်းကြီးလည်း တရားနှင့်မွေ့လျော်နေတော့ ဒါကို မေ့နေတယ်။ အဲ၊ အဲဒီ ဒကာမကြီးရဲ့ နာရေးကြော်ငြာတွေ့မှ သတိရပြီး ကပ္ပိယကြီးကို မေးတော့ ရှိသေးတယ်ဆိုတာနှင့် အခု သက်ဆိုင်ရာကို လာပေးတာပဲ။ ကဲ၊ ကပ္ပိယကြီး။ အဲဒီအထုပ် ဟောဒီက ဒကာကြီးဦးထွန်းညိုကို ပေးခဲ့ပေတော့"ဆိုပြီး ဘုန်းကြီးလည်း ပြောပြောဆိုဆို ထိုင်ရာက ထပြီး ပြန်ကြွသွားလို့ ကျွန်တော်တို့လည်း အံ့သြလျက်ကပဲ ဦးချလိုက်ကြရပါတယ်။

ပြီးတော့ ကျွန်တော်တို့ဟာ မင်တက်မိသလို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အတော်ကြာအောင် ဘာစကားမှ ဘယ်သူမှ မပြောနိုင်ကြပါဘူး။

အတော်ကြာသွားမှ ကျွန်တော့်လက်ထဲကို ကပ္ပိယကြီး ထည့်သွားတဲ့ လေးထောင့်အထုပ်ကလေးကို တုန်တုန်ယင်ယင်နှင့် ဖြည်နေစဉ်မှာ ဘေးက သားတွေ၊ ချွေးမတွေက အသက်တောင်မရှူဘဲ အထုပ်ကလေးကို စိုက်ကြည့်နေကြတယ်။

အပေါ်က ပတ်ထားတဲ့ စက္ကူတွေ ခွာချပြီးတော့ လေးထောင့်ပတ္တာဘူးကလေးတစ်ခု ပေါ်လာပါတယ်။ အဲဒီဘူးကလေးကို အသာအယာ ဖွင့်လိုက်တဲ့အခါမှာတော့ အထဲမှာ အင်မတန် အရည်အသွေးကောင်းတဲ့ စိန်ခြယ် မြလက်စွပ်ကလေးတစ်ကွင်းကို အဝင်းသားတွေ့လိုက်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး 'ဟယ်'ခနဲ ဖြစ်သွားကြရပြီး တအံ့တသြ ငေးကြည့်နေကြရာက သားတစ်ယောက်က ခုနက ဘုန်းကြီးနှင့် ကပ္ပိယကြီး ထွက်သွားတဲ့နောက်ကို ခပ်သုတ်သုတ် ထလိုက်သွားပါတယ်။

အတော်ကြီးကြာမှ သူ မကျေမချမ်းနှင့် ပြန်ရောက်လာပြီး "ဘယ်ရောက်သွားမှန်း မသိဘူး"လို့ ပြောပါတယ်။

ကြည့်ရတာတော့ ဒီဘုန်းကြီးနှင့် ကပ္ပိယကြီးတို့ဟာ တက္ကစီ တစ်စီးနှင့်လာပြီး အဲဒီတက္ကစီနှင့် ပြန်သွားကြဟန် တူပါတယ်။ မှန်းဆကြည့်ရုံပဲ ကြည့်နိုင်ပါတော့တယ်။ 'ဘုန်းကြီးကို ဒကာကြီး တစ်ခါတော့ တွေ့ဖူးတယ်။ မှတ်မိမယ်တော့ မထင်ဘူး' ဆိုတဲ့စကားကို လည်း ကျွန်တော် အပြေးအလွှားစဉ်းစားကြည့်လိုက်မိတယ်။

ဘယ်တုန်းက ဘယ်နေရာမှာ ဘာကိစ္စဆိုတာတော့ တွေးလို့ မရဘူး။ နောက် ဒီလက်စွပ်ကိုပဲ တစ်ယောက်တစ်လက် ယူယူကြည့်ကြပြီး အမျိုးမျိုး ထင်ကြေးပေးနေကြရင်းက ကျောက်မျက်ရတနာ များနှင့် ကျွမ်းသူ ကျွန်တော့်ချွေးမအကြီးဆုံးက ဒီစိန်နှင့် ဒီမြတင်ပဲ ကာလတန်ဖိုး ငါးသောင်းရဲ့အထက်မှာ ရှိမယ်လို့ အကဲဖြတ်ပါ တယ်။

ကျွန်တော်လည်း ဒီလက်စွပ်ရယ်၊ ဒီဘုန်းကြီးရယ်၊ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်ကျော်ရယ် ဘယ်လိုဆက်စပ်ပြီး တွေးနေမိတယ် တော့ မပြောတတ်ဘူး။ ခေါင်းထဲမှာ ဝေခနဲဖြစ်ပြီး သတိလစ်သလို ဖြစ်သွားတယ်။

* * *





ဘယ်လောက်ကြာသွားတယ် မသိဘူး။ သတိရလို့ ကြည့်လိုက် တဲ့အခါမှာတော့ ကျွန်တော်ဟာ အိပ်ရာပေါ်မှာ ပက်လက်အနေ အထားနှင့် ရောက်နေပြီး တစ်ယောက်ယောက်က သွေးတိုးတိုင်းတဲ့ ကိရိယာနှင့် သွေးတိုးနှုန်းတိုင်းနေပါပြီ။ အားလုံး ကျွန်တော့်ခုတင် ဘေးမှာရပ်လို့ စိုးရိမ်တကြီး ဖြစ်နေကြတဲ့လက္ခဏာ ရှိပါတယ်။

ကျွန်တော် ဘုရားတပြီး မျက်စိဖွင့်ကြည့်လိုက်တော့ သွေး တိုင်းနေတဲ့ ချွေးမဆရာဝန်က "ဟော ဘိုးဘိုးကြီး သတိရလာပြီ။ ဘယ်လိုနေလဲ။ ပရက်ရှာ နည်းနည်းများသွားတယ်"လို့ လေသံတိုးတိုး နှင့် စိတ်အေးလက်အေး ပြောနေသံကိုပါ ကြားရပါတယ်။ ကျွန်တော် ဘာမှ မသိလိုက်ပါဘူး။

နောက် ကျွန်တော် နည်းနည်းနေသာထိုင်သာရှိပြီး ကိုယ့်ကိုယ် ကို ထူနိုင်ထနိုင်ဖြစ်လာတော့ ကျွန်တော် ဖြည်းဖြည်းထပြီး ကျွန် တော့်စာရေးစားပွဲ ဗီရိုထဲ အံဝှက်နှင့် သိမ်းထားတဲ့ ပစ္စည်းတစ်ခုကို သွားထုတ်ယူလိုက်ပါတယ်။

ဒီပစ္စည်းကို ကျွန်တော် နှစ်ပေါင်းများစွာ မေ့မေ့ပျောက်ပျောက် ဖြစ်လောက်အောင် သိမ်းဆည်းထားခဲ့ပါတယ်။ မမြစိန်နှင့် ကျွန်တော် တို့ လက်ထပ်ပြီး ပျော်ရွှင်ချမ်းမြေ့တဲ့ အိမ်ထောင်တစ်သက် ကျွန် တော် ဒါကို တစ်ခါမှ ထုတ်မကြည့်ခဲ့ပါဘူး။

ကြာလည်း ကြာပြီ။ မေ့သလောက်လည်း ရှိပြီ။ မေ့မည်ဆို လည်း မေ့သင့်ပြီဖြစ်ပါတယ်။

ဒီပစ္စည်းက ဘာလဲဆိုတော့ ဟို နှစ်ပေါင်းငါးဆယ်နီးပါးကာလ က ကျွန်တော် အသက်နှစ်ဆယ်မှ မပြည့်တတ်သေးတဲ့အရွယ်က ကျွန်တော့်ဘဝတစ်ခုလုံးရဲ့ မျှော်လင့်ချက်ဖြစ်ခဲ့တဲ့ မမလှိုင်နှင့် ပတ် သက်တဲ့ပစ္စည်း။



www.burmeseclassic.com

www.burmeseclassic.com



မမလှိုင်က ကျွန်တော့်မှာ ကိုယ့်ခြေထောက်နှင့်ကိုယ် ရပ်တည်နိုင်တဲ့ အခြေအနေမျိုးရှိတဲ့အချိန် 'တစ်လောကလုံးက ဝိုင်းပြီး ကန့်ကွက်ကြပါစေ။ မမ မင်းနောက်ကို လိုက်ခဲ့ပါမယ်'လို့ ပြောတာနှင့် ကျွန်တော် ဆယ်တန်းအောင်ပြီး အိမ်က ကောလိပ်ပို့တာ မသွားဘဲ မိဘကိုပုန်ကန်ပြီး ရုံးတစ်ရုံးမှာ စာရေး ဝင်လုပ်ခဲ့တယ်။

နှစ်လသုံးလ လုပ်ပြီး ကျွန်တော် မစားဘဲမသောက်ဘဲ စုလို့ရတဲ့ငွေနှင့် ရွှေတစ်ကျပ်သား ဝယ်တယ်။ ဟိုတုန်းကတော့ ရွှေတစ်ကျပ်သားမှ တစ်ရာလောက်။ အဲဒီရွှေနှင့် မမလှိုင်အတွက် ရွှေရင်ထိုးကလေးတစ်ခု လုပ်ပါတယ်။ ပန်းခက်တွေရံထားတဲ့ အင်္ဂလိပ်စာလုံး 'အိတ်ချ်'ပုံနှင့် အလွန်လှတယ်လို့ ထင်ခဲ့ပါတယ်။

ဒါပေမယ့် အဲဒီရင်ထိုးကလေး ပန်းထိမ်ဖိုက ရွေးလာတဲ့နေ့မှာပဲ မမလှိုင်ဟာ ရုတ်တရက် ကျွန်တော့်လောကထဲက ပျောက်ကွယ်သွားတော့ ဒါကို မပေးလိုက်ရတော့ပါဘူး။

ဒီရင်ထိုးကလေးဟာ ကျွန်တော့်ကို မီးလိုပူလောင်စေတဲ့ပစ္စည်းကလေးပါ။ ဒါကိုမြင်တိုင်း ကျွန်တော့်မှာ မမလှိုင်အတွက် ယူကျုံးမရ ဖြစ်ခဲ့ရပါတယ်။ ရင်နာခဲ့ရတယ်။ ငိုရှိုက်ခဲ့ရပါတယ်။

ဒီလိုသာ ဖြစ်တယ်။ ကျွန်တော် ဒီပစ္စည်းကလေးကို စွန့်ပစ်နိုင်သလားဆိုတော့ သူ့ကို စွန့်ပစ်ဖို့ စဉ်းစားရတာကိုက ရင်နာစရာဖြစ်ခဲ့ရပါတယ်။ ဒါနှင့်ပဲ ကျွန်တော် တခြား ဘာပစ္စည်းတွေကို စွန့်ပစ်ခဲ့ စွန့်ပစ်ခဲ့ ဒါကိုတော့ သိမ်းဆည်းထားခဲ့ပါတယ်။

ဪ၊ ကျွန်တော်ဟာ တော်တော် မိုက်မဲခဲ့ပါလား။

မြင်လိုက်တိုင်း သတိရ၊ သတိရတိုင်းလည်း ယူကျုံးမရ ပူဆွေးသောကဖြစ်ရတဲ့ ဒီပစ္စည်းကို ဒီလောက်ကြာအောင် သိမ်းဆည်းထားတာဟာ ပုထုဇဉ်သဘာဝ သောကကို ရင်ဝယ်ပိုက်ထားတယ် ဆိုတဲ့စကားဟာ ဒါမျိုးကို ပြောတဲ့စကား။

**ပန်းရွှေပြည်စာအုပ်တိုက်**



ကျွန်တော် မမလှိုင်ကို ကိုယ်စားပြုထားတဲ့ ဒီရင်ထိုးကလေးကို အကြာကြီး ကြည့်နေမိပါတယ်။

သို့ပေမယ့် အခုတော့ ကျွန်တော်ဟာ ဒါကလေးကို ရွှေဆိုတဲ့ အဖိုးတန်ပစ္စည်း တစ်ခုအနေနှင့်ကလွဲလို့ ဘယ်လိုမှ မအောက်မေ့တော့ပါဘူး။ ဒီပစ္စည်းဟာ ရှေးကလို ကျွန်တော့်ရင်ထဲကို ဘယ်လိုမှ လာပြီးမရိုက်ခတ်တော့ပါဘူး။ အသက်အရွယ်ကြောင့်လည်း ဆိုနိုင်ပါရဲ့။ အတွေ့အကြုံကြောင့်လည်း ဆိုနိုင်ပါတယ်။

ဘယ်လိုမဆို ဒီရင်ထိုးကလေးကို ကျွန်တော် မမြစိန်ရဲ့ လက်ဝတ်လက်စားတွေနှင့်အတူ ဘုန်းကြီးလာပေးသွားတဲ့ မြလက်စွပ်ကလေးလိုပဲ သွားလေသူအတွက် ကုသိုလ်ကောင်းမှု လုပ်တာထဲကို ထည့်လိုက်တော့မယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။

စိတ်ထဲကလည်း 'နိဗ္ဗာန်မရမီစပ်ကြား ဖြစ်လေရာဘဝမှာ ဒီလူတွေနှင့် ရေစက်မကုန်လို့ ပြန်လည်ဆုံစည်းကြရဦးမယ် ဆိုရင်တော့ ရာဂဆိုတဲ့ အပူငွေ့ကင်းတဲ့ ချစ်ခြင်းမေတ္တာနှင့် ချစ်ခင်သူတွေအဖြစ် တွေ့ပါရစေ'လို့ ဆုတောင်းလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

# တံတားကလေးနှင့် လမ်း

ကျွန်တော့်ကို တချို့က စိတ်နောက်နေတဲ့ လူတဲ့။ ဒါကို ကျွန်တော် ဘယ်လိုမှ မငြင်းလိုပါဘူး။ ကျွန်တော့်စိတ်ဟာ ကြည်ကြည် လင်လင် မရှိတော့တာကိုတော့ ဝန်ခံရမှာပဲ။ ဒါပေမယ့် ကျွန်တော့်ကို ရူးနေတယ်ဆိုတာကိုတော့ ကျွန်တော် ကန့်ကွက်ချင်ပါတယ်။ ကျွန်တော့်စိတ်တွေ နောက်နေတာကတော့ အမှန်ဖြစ်ပေမယ့် ကျွန်တော် မရူးဘူးဆိုတာကိုတော့ ကျွန်တော် ကောင်းကောင်းသိပါတယ်။

ဒါပေမယ့် ခင်ဗျာ။

လူတွေက ကျွန်တော့်ကို အရူးတစ်ယောက်အနေနှင့် မြင်ကြပါတယ်။ လူအများရဲ့အထင်အမြင်မှာ လူတစ်ယောက်ဟာ 'အရူး' လို့ သမုတ်ပြီးရင် 'မရူးပါဘူး' ပြောလို့ကတော့ မလွယ်တော့ဘူး ခင်ဗျ။ ကျွန်တော်ကတော့ သိတာကို သိတဲ့အတိုင်း၊ မြင်တာကို မြင်တဲ့အတိုင်း၊ ကြားတာကို ကြားတဲ့အတိုင်း ပြောတာပဲ။ ဒါပေမယ့် ကျွန်တော်ပြောသမျှ လုပ်သမျှကိုင်သမျှတွေဟာ စိတ်မမှန်တော့တဲ့ လူတစ်ယောက်ရဲ့ လုပ်ရပ်တွေ ဖြစ်နေတော့ အများနှင့်တစ်ယောက်။ အဲ၊ ဒုက္ခရောက်သူကတော့ ကျွန်တော်ပေါ့။





ဖြစ်ရတာကတော့ ခင်ဗျာ။ ကျွန်တော့်အဖြစ်ကို ကျွန်တော့် နေရာကနေပြီး မကြည့်နိုင်တဲ့ လူတွေအနေနှင့်က ကျွန်တော့်အဆိုး ကျွန်တော့်အလွန်ပေါ့။

ကျွန်တော်တို့နေတဲ့ တောသာသာမြို့ကလေးမှာ ကျွန်တော့် အဖေရဲ့မိတ်ဆွေ ရှေ့နေကြီးတစ်ယောက်ဟာ လူလိမ်လူညာ လူရှုပ် လူပွေကြီးဆိုတာကိုတော့ ကျွန်တော်သိသလို တစ်မြို့လုံးကလည်း သိကြပါတယ်။ ဒါပေမယ့် ဘာတွေပဲ သိကြသိကြ၊ သူ့မျက်ကွယ်မှာ ဘယ်လို ပြောကြပြောကြ သူ့ရှေ့ကျတော့ သူ့ကို ဘယ်သူကမှ လူလိမ်လူညာကြီးလို့ မခေါ်ကြပါဘူး။ တချို့နေရာမှာဆိုရင် သူက 'ပညာရှိ လူကြီးမင်း'လို့တောင် အခေါ်ခံရသူ ဖြစ်ပါတယ်။ သူ့ကျေးဇူး နှင့် မကင်းသူတွေက သူ့ကို 'ဆရာကြီး'လို့ ခေါ်ကြပါတယ်။

ကျွန်တော်ဟာ သူ့ကျေးဇူးခံ ကျေးဇူးစားတစ်ယောက် မဟုတ် ပါဘူး။ လူမှုရေးအရ မကောင်းတတ်လို့ သူ့ကို 'ဦး'လို့ ခေါ်နေ ပေမယ့် ကျွန်တော် သူ့ကို နည်းနည်းမှ မကြည်ညိုပါဘူး။ သူဟာ လူလိမ်လူညာ ဖြစ်ရုံတင်မကဘူး။ ကြာသမားကြီးဆိုတာကို ကျွန်တော် သိနေလျက်နှင့်တော့ သူ့ကို လူကြီးလူကောင်းလို့ကို အသိအမှတ် မပြုနိုင်ပါဘူး။ ပညာရှိ လူကြီးမင်း လို့ခေါ်ရင် လှောင်ပြောင်ပြီး ခေါ်တာမျိုးပဲ ဖြစ်ပါလိမ့်မယ်။ အဖေက ကျွန်တော့်ကို ဆုံးမပါတယ်။

"တို့ဗမာမှာက အသက်ကြီးသော၊ ဝါကြီးသောသူကို ရိုသေ လေးစားရမယ်ဆိုတဲ့ ဂါရဝ နိဝါတတရားဆိုတာ ရှိတယ်။ လူမှုရေး အရ လူ့ယဉ်ကျေးမှုဆိုတာက ရှိသေးတယ်။ မင်းက အဲသလို လူကြီးတွေကို မရိုမသေ မလေးမစားလုပ်တော့ လူတွေက မင်းကို ကောင်းဖခင်သား မဟုတ်သလို ပြောကြတော့မယ်။ သားသမီး ကောင်း မိဘခေါင်းဆိုတာလို မင်း မစောင့်စည်းမှုကြောင့် အဖေ ခေါင်း မျက်နှာပူရတယ်"လို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် အဖေ့ကို ချစ်လည်းချစ်ပါတယ်။ ကြောက်လည်း ကြောက်ပါတယ်။ ရိုလည်း ရိုသေပါတယ်။ ဒါပေမယ့် ဒီလူကြီးနှ ပတ်သက်လာရင်တော့ ကျွန်တော် အဖေ့စကားကို နားမထောင်ချင်ဘူး

ဒီလူကြီး ရှပ်တာပွေတာကို ကျွန်တော်ကိုယ်တိုင် မျက်စိနှ တပ်အပ်မမြင်ဖူးရင်၊ နားနှင့်ဆတ်ဆတ် မကြားဖူးရင်၊ ဒီ မတွေ့ဖူးရင် ကျွန်တော် မပြောပါဘူး။

ဒီလူကြီးရဲ့မျက်နှာက အဖေတို့နှင့် အလှူမင်္ဂလာ၊ သာကီ နာကိစ္စတွေမှာ အဘိဓမ္မာစကား၊ သင်္ဂြိုဟ်စကား ပြောနေတဲ့အခါမှ တစ်မျိုး၊ မိန်းကလေးငယ်ငယ် ချောချောကလေးတွေနှင့် တွေ့ အခါမှာ တစ်မျိုးခင်ဗျ။

မိန်းကလေးတွေနှင့် စကားပြောတာပဲ အဘိဓမ္မာဆွေးနွေးသ တော့ ဘယ်ဟုတ်မလဲဆိုတာ ကျွန်တော် နားလည်ပါတယ်။ ဒါ မယ့် သူ့ပုံစံက တော်ရုံတန်ရုံတင် မဟုတ်ဘူးခင်ဗျ။ စပ်ဖြဲဖြဲနှ နှုတ်ခမ်းမွှေးကြီး တလှုပ်လှုပ်နှင့်။ မျက်လုံးတွေကလည်း ကြွေ နည်းနည်းမှ မရဘူး။

ဒါတွေကြောင့် ကျွန်တော် သူ့ကိုမြင်ရင် ပြုံးမပြချင်ဘူး သူမေးရင်လည်း ကောင်းကောင်းမဖြေချင်ဘူး။ ဒီတော့ ကျွန်တော် အကြောင်းကို ကရုဏာသံနှောပြီး သွားပုပ်လေလွင့် ပြောလာတယ် 'ဒီသူငယ်ဟာ စိတ်မမှန်တော့ဘူး။ သနားပါတယ်'တဲ့။

ဘာဖြစ်လို့ မမှန်ရမှာလဲ။ မှန်လွန်းတောင် အားကြီးနေသေ တယ်။ မမှန်တာက သူ။ သူခိုးက 'လူ လူ' ဟစ်တယ်ဆိုတာ အဲ မျိုးပေါ့။ ဒါပေမယ့် ခင်ဗျာ။ သူက ပိုက်ဆံရှိတဲ့လူဆိုတော့ သူ့ စကားက အရာရောက်တယ်။ ကျွန်တော့်စကားက အရာမရောက်ဘူး





သူက အရပ်ထဲ အဲသလို လျှောက်သတင်းလွှင့်တော့ လူတွေက ကျွန်တော့်ကို စိတ်မမှန်တော့တဲ့လူအဖြစ် မြင်လာကြတယ်။ နောက် တဖြည်းဖြည်းနှင့်ပဲ စိတ်မမှန်တဲ့လူအဖြစ်ကနေပြီး စိတ်မနှံ့တဲ့လူ အဖြစ် ရောက်ခဲ့ရပြီး နောက်ဆုံးအဆင့်ကတော့ 'ရူးသွားပြီ၊ ရူးနေပြီ' ပေါ့။

ဒီအခြေအနေမှာ ကျွန်တော်ဟာ အရပ်ထဲမှာ အနေရအထိုင်ရ ခက်လာပါတယ်။ အဖေ့မှာလည်း စိတ်မချမ်းသာ၊ အမေ့မှာလည်း မျက်ရည်နှင့်မျက်ခွက်။ ကျွန်တော့်ပြဿနာလည်း မပြေမလည်နှင့်ပဲ။

ကျွန်တော်ဟာ အိပ်ဖို့စားဖို့ မေ့လျော့တာကအစ တစ်ချက် တစ်ချက် သတိလစ်သွားတယ်လို့ ဆိုပါတယ်။ တစ်အိမ်လုံး ကျွန် တော့်အတွက် ရတက်မအေးနိုင် ဖြစ်နေကြရတော့ ကျွန်တော် သူ တို့ကိုငဲ့ပြီး ကိစ္စဝိစ္စအားလုံး မေ့မေ့ပျောက်ပျောက် ထားလိုက်ပါတော့ မယ်လို့ အောက်မေ့ပေမယ့် တခြားဟာတွေကို မေ့လို့ ရချင်ရမယ်။ ဒီလူကြီးကိုတော့ ကျွန်တော် မေ့လို့လည်း မရ၊ ချစ်လို့လည်း မရ။

အဲဒီရက်ပိုင်းက သူကလည်း အဖေ့ဆီ မကြာမကြာ လာပြီး ဘာတွေပြောတယ်တော့ မသိဘူး။ အဖေက ခပ်ရိုးရိုး၊ အမေက ခပ် အအ။ ကျွန်တော့်ကို တောင်ရွာက ဆရာကြီးနှင့်ကုဖို့ လုပ်ကြပါ တယ်။

တောင်ရွာကဆရာကြီးဆိုတာ တောမှာ အဲသလို စိတ်ဖောက် ပြန်တဲ့ ရောဂါမျိုးတွေဆိုရင် အချုပ်အလွှဲ အင်မတန်ကောင်းတယ်လို့ နာမည်ကြီးတဲ့ ပယောဂဆရာကြီးပါ။ သူ့အကြောင်းလည်း ကျွန်တော် သိပါတယ်။

အဲဒီဆရာကြီးဟာ ကျွန်တော်တို့တစ်ဝိုက်က စုန်းပူးသလိုလို၊ တော်ပူးသလိုလို၊ ဥစ္စာစောင့်နှောင့်ယှက်သလိုလို ဖြစ်ကြတဲ့ မိန်း

www.burmeseclassic.com



ကလေးတွေ သူ့ဆီလာကုရင် သူက မဟုတ်တဲ့ဆေးတွေ တိုက်၊ လူ လစ်ရင် လစ်သလို မိန်းကလေးတွေကို ခါးဖက်လိုက်၊ လက်ဆွဲ လိုက်နှင့်။ သွေးနှင့်ကိုယ် သားနှင့်ကိုယ်ဆိုတော့ တချို့ သူ့လက်ခုပ် ထဲကရေ ဖြစ်သွားရှာကြရတာ ကျွန်တော် သိတာပေါ့။

အကုအသ တကယ်စွမ်းသလား မစွမ်းသလားတော့ မသိဘူး။ အဲသလိုဖြစ်တဲ့မိန်းကလေးတိုင်းလိုလိုတော့ စုန်းပူးနတ်ပူး ပျောက် တယ်လို့ ပြောကြတာပဲ။ ကျွန်တော်ကတော့ မယုံပါဘူး။

ဒီဆရာကြီးကလည်း မိန်းမပွေတဲ့နေရာမှာ ကျွန်တော့်အဖေ ရဲ့မိတ်ဆွေ ရှေ့နေကြီးလိုပဲဆိုတာ ကျွန်တော်သိသလို အရပ်က လည်း သိကြပါတယ်။

ဒါပေမယ့်ခင်ဗျာ။

ကျွန်တော်တို့ဆီမှာ မြို့မျက်နှာဖုံးဆိုတဲ့အပိုင်းက အမျိုးသမီး ကြီးများကိုယ်တိုင်က သူ့ကို ကိုးကွယ်နေကြတော့ သူကလည်း 'ဆရာကြီး၊ ဆရာကြီး'နှင့်ပါပဲ။ အဲ အဲ၊ အမေတို့က သူ့ကိုပင့်ပြီး ကျွန်တော့်ရောဂါ၊ အဲ ရောဂါဆိုပါတော့လေ။ ကျွန်တော့်ကို အကုခိုင်း ပါတယ်။

ကျွန်တော့်အတွက် အဖေတို့ အမေတို့ သောကဖြစ်ကြရတာကို ကျွန်တော် သိပါတယ်။ ဒါကြောင့် ကျွန်တော် သူရောက်လာလို့ ခေါ်တော့ ဘာမှမပြောဘူး။ သွားပြီး သူ့ရှေ့မှာ ထိုင်ပါတယ်။ မျက်နှာကတော့ တယ်ပြီး မကြည်သာဘူး ထင်ပါရဲ့။

ဆရာကြီးက ကျွန်တော့်ကို ဆောင့်ကြောင့်အထိုင်ခိုင်းပြီး ဘုရား အကန်တော့ခိုင်းတော့လည်း ကျွန်တော် ဘုရားစင်ရှိရာကို လှည့်ပြီး ကန်တော့ပါတယ်။





အမေက 'သားလေး။ ဆရာကြီးကိုပါ ကန်တော့'လို့ ပြောတော့ ကျွန်တော်က မကြားသလို နေလိုက်တော့ အမေက ထပ်ပြောတယ်။ ကျွန်တော်က မကန်တော့ပါဘူး။

ဆရာကြီးလည်း ဖယောင်းတိုင်တွေ ထွန်း၊ အင်းတွေ ချ၊ ပါးစပ်ကလည်း ဘာတွေမှန်းမသိ ရွတ်ပြီး ကျွန်တော့်ကို ဆေးတွေတိုက် တယ်။

ပထမ ခပ်ချော့ချော့။ နောက် နှစ်ခါသုံးခါ ကျွန်တော်က မသောက်တော့ သူက ခပ်ငေါက်ငေါက်လုပ်လာတယ်။ ကျွန်တော်က မသောက်ဘူး။

အဖေက ကျွန်တော့်အနား ကပ်လာတယ်။ ကျွန်တော်က သူ့အမိန့်ကို နာခံမည့်လက္ခဏာမပြတော့ ဆရာကြီးက သူ့မှာ ပါလာတဲ့ ကြိမ်လုံး ကောက်ယူလိုက်ပြီး အတင်းကိုင်မယ်လုပ်တော့ ကျွန်တော် သူ့ကို လက်သီးနှင့် ဆွဲထိုးပစ်လိုက်တယ်။

သူက ကြိမ်လုံးနှင့် ရိုက်မယ်လုပ်တော့ ကျွန်တော်က ထရံက အဖေ့ငှက်ကြီးတောင်ဓားကို ပြေးဆွဲတယ်။ အိမ်က လူတွေက ကျွန်တော့်ကို ဖမ်းချုပ်ထားကြတယ်။ အမေနှင့် မမတို့က ကျွန် တော့်ကိုဆွဲရင်းက ငိုကြတယ်။

ဘာကြောင့်မှန်းတော့ မသိဘူး။ ကျွန်တော် ဒေါသဖြစ်နေလို့ မဟုတ်ပါဘူး။ ကျွန်တော့်ကိုယ် ကျွန်တော် ကာကွယ်ဖို့ပါ။

ပါးစပ်ကတော့ 'ခင်ဗျား ကျုပ်အိမ်ပေါ်က အခု ဆင်း၊ မဆင်း ရင် ကျုပ် ခင်ဗျားကို ဓားနှင့် ခုတ်သတ်ပစ်မယ်'လို့ ကြုံးဝါးမိတယ်။

ဆရာကြီးလည်း အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး သူ့ ပစ္စည်းတွေသူ ကပျာကယာသိမ်းပြီး အိမ်ပေါ်က ဆင်းပြေးတယ် ဆင်တာပါပဲဗျာ။ ကျွန်တော်လည်း အမေနှင့် မမ ငိုနေတာကိုကြည့် ပြီး စိတ်မချမ်းသာတာနှင့် ရောပြီး ငိုလိုက်မိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲ၊ အဲဒီကိစ္စက အဲဒီမှာတင် ပြီးသွားကြရင်လည်း အကောင်းသားပါပဲ။ ဒါပေမယ့် မပြီးဘူးခင်ဗျ။ မပြီးဘူး။

အဲဒီအဖြစ်အပျက်ရဲ့ နောက်ပိုင်းဂယက်က ကျွန်တော့်အတွက် မသက်သာလှဘူးလို့ ဆိုရမှာပါပဲခင်ဗျာ။ 'အစကတော့ ယဉ်ယဉ်ကလေး ရူးတာ။ ဘယ်သူ့ကိုမှ အန္တရာယ်မပြုဘူး။ သူ့ဟာသူနေတာပဲ။ အခု တောင်ရွာက ဆရာကြီးတောင် မနိုင်တော့ဘူးတဲ့။ တုတ်တစ်ပြက် ဓားတစ်ပြက်ဖြစ်နေလို့ ကြိုးတွေနှင့် တုပ်ထားရသတဲ့။ သနားပါတယ်'ဆိုတဲ့ သတင်းက တောမီးလို ပျံ့နှံ့သွားခဲ့ပါတယ်ခင်ဗျာ။

ကျွန်တော် နေမကောင်းဖြစ်စက နှစ်ရက်တစ်ခါ သုံးရက်တစ်ခါဆိုသလို လာလာမေးနေကျ၊ ကျွန်တော့်ကို ချစ်သူခင်သူ မိတ်ဆွေအပေါင်းအသင်းများတောင် အခု မလာကြတော့ပါဘူး။

ဒီကိစ္စ ဒါလောက်နှင့် ပြီးသွားရင်တော့ အရေးမဟုတ်ဘူးထားလိုက်ပါတော့လေ။ ဘာရောဂါဝေဒနာမဆို အချိန်ကြာရင် ပျောက်သွားရမှာပါပဲ။

သူတို့ သမုတ်သလို ကျွန်တော်ဟာ တကယ်ရူးသွားပြီးဦးနှောက်ပါ ပျက်သွားပြီဆိုရင်တော့ တစ်မျိုးပေါ့။ အခု ကျွန်တော့်ဦးနှောက်ဟာ လူသာမန်တစ်ယောက်ရဲ့ ဦးနှောက်ထက် ဘာမှ ပိုပြီးမပျက်စီးသေးဘူး။ မဖောက်ပြန်သေးဘူး။ ကျွန်တော် ရူးနေတာမဟုတ်ဘူးဆိုတာ ကျွန်တော် သိတာပေါ့။

ဒါပေမယ့်ခင်ဗျာ။

ခင်ဗျားတို့ပဲ စဉ်းစားကြည့်ပါ။ ကျွန်တော့်ပတ်ဝန်းကျင်ကလူတွေနှင့် ပဋိပက္ခဖြစ်ကြရပြီးတဲ့ နောက်မှာတော့ ကျွန်တော် မရူးပါဘူးလို့ပြောတဲ့စကားကို ယုံကြည်ကြပါတော့မလား။





အဖေတို့ အမေတို့ကိုယ်တိုင်က အရပ်ကပြောတာတွေ ယုံကြည်း တင်ိုင်ိုတရယ်ရယ် ဖြစ်နေကြတော့ ကျွန်တော့်ဘက်က ဘယ်သူမှ မရှိတော့ဘူးပေါ့။

သည်အထဲမှာ 'ကြာရင် ဒီသူငယ် ဒုက္ခဖြစ်လိမ့်မယ်။ ပယောဂအရာနှင့်ကုလို့မရရင် ရန်ကုန်က စိတ်ရောဂါကုဆေးရုံကို ပို့လိုက်ရင်ကောင်းမယ်။ အဲသည်မှာကတော့ ရောဂါသက်သာရင်လည်း သက်သာ၊ မသက်သာလည်း အစောင့်အရှောက်ကောင်းတယ်' ဆိုတဲ့ အကြံဉာဏ်မျိုးတွေ အဖေတို့အမေတို့ဆီ လာလာပေးကြတဲ့ လူတွေကလည်း မနည်းပါဘူး။

အဖေတို့အမေတို့လို လူရိုးလူအတွေဆိုတာ ပတ်ဝန်းကျင်ကိုဘယ်လိုမှ မတွန်းလှန်နိုင်ကြပါဘူးခင်ဗျာ။ နောက်ဆုံးကျတော့ဘယ်၊ စားစရာမရှိရင်သာ နေရမယ်။ လျော်စရာကတော့ ရှိရမှာပဲ' ဆိုပြီး ရှိစုရှိမဲ့ကလေး ထုခွဲရောင်းချ ရတဲ့ပိုက်ဆံနှင့် ကျွန်တော်တို့ သားအမိသားအဖ သုံးယောက် ရန်ကုန်ရွှေမြို့တော်ကြီးကို ရောက်ခဲ့ကြရပါတယ် ခင်ဗျာ။

ရန်ကုန်မှာဆိုတာက တော်ရုံတန်ရုံ ရင်းနှီးခင်မင်ရုံနှင့် ဒီလိုအားကုလာတဲ့ ဧည့်သည်မိသားစုကို ကြည်ကြည်ဖြူဖြူ လက်ခံဧည့်ခံထားနိုင်ကြတာ မဟုတ်ပါဘူး။

ကျွန်တော်တို့မှာလည်း အားထားလောက်တဲ့ အသိမိတ်ဆွေ ဆယ်လို့ မရှိတော့ အရှေ့ကျောင်းဘုန်းကြီး စာရေးပေးလိုက်လို့ မေးဒီမေးနှင့် ရောက်သွားတဲ့ ဗဟန်းက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ တည်းခိုခွင့် ရပါတယ်။

အဲသည်ကမှတစ်ဆင့် အဲဒီဘုန်းကြီးရဲ့ မေတ္တာစေတနာနှင့် ညီလမ်းညွှန်မှုကြောင့် တံတားကလေးဘက်မှာရှိတဲ့ စိတ်ရောဂါ ဆေးကု ဆေးရုံကြီးကို ယောင်လည်လည်နှင့်ပဲ ရောက်ခဲ့ကြရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အားငယ်လိုက်တာတော့ မပြောနိုင်တော့။ တွေ့တဲ့လူတိုင်း ခြေထောက် ပြေးဖက်ချင်စိတ်တောင် ရှိတော့တာပဲ။

ကျွန်တော် လူဖြစ်ကတည်းက အဲဒီလို ဆေးရုံရောက်လာသည် အထိ ဆယ့်ခုနစ်နှစ်၊ ဆယ့်ရှစ်နှစ်အတွင်းမှာ အဲသည်လော စိတ်ပျက် အားငယ်ရတာမျိုး တစ်ခါမှ မကြုံဖူးဘူးလို့ ဆိုရမှာပါ

အဖေတို့အမေတို့ဆိုတာ သားမို့သာ၊ သူတို့မှာ သာ အားငယ်စရာ ဖြစ်ရတယ်လို့ ထင်ပါတယ်။ ဆရာဝန်တွေ ဘာတွေနှ တွေ့ဆုံပြီး ကျွန်တော့်ကိုစစ်ဆေးတဲ့အခါ ကျွန်တော်ကလည် စိတ်ငယ်နေတဲ့လူဆိုတော့ အားလုံး မေးသမျှ ရှိရှိသေသေ မှန်မှ ကန်ကန် သတိထားပြီးဖြေပါတယ်။ ကျွန်တော့်လုပ်ရပ်တွေ မှ ပေမယ့် လူတွေအမြင်မှာ မှားမှားယွင်းယွင်းဖြစ်ခဲ့ရတာကို သတိရ သည်မှာ ကျွန်တော့်စိတ်ထဲမှာ ရှိတာကို အစွမ်းကုန် ထိန်းသိ ဖိနှိပ်ပြီး လိမ်လိမ်မာမာဖြေပါတယ်။ ပြေပြစ်အောင် ဖြေပါတယ်

ဒါပေမယ့် ခင်ဗျာ။

ကျွန်တော့်မှာ ဘာရောဂါမှ ထွေထွေထူးထူးမရှိဘူးဆို ကို ဆရာဝန်များကလည်း ပိုင်ပိုင်နိုင်နိုင် မပြောချင်ကြဘူး။ အဖေ အမေတို့ ပြောပြတဲ့ ဖြစ်စဉ်၊ ကျွန်တော့်ကို စစ်မေးလို့ရတဲ့ ဖြစ် တွေကို ပေါင်းစပ်ကြည့်ပြီး ပုံမှန်တော့မဟုတ်ဘူးလို့ တင်ပြ သလား မသိဘူး။

တစ်ယောက်တည်း စစ်လို့ အားမရတော့ နှစ်ယောက် တ ပင် စစ်တယ်။ ဘာမှ မထူးဘူး။ ဘာအဖြေမှ မထွက်ဘူး။

တစ်ခေါက်သွား အစစ်ခံလိုက်၊ ဆေးစာတွေ ရေးပေးလို နောက်တစ်ခေါက် ချိန်းလိုက်နှင့် ခုနစ်ခေါက် ရှစ်ခေါက်။ ပြီးတော





လည်း အခြေအနေက ဒီအတိုင်းပဲဆိုတော့ ကျွန်တော်ရော အမေတို့ပါ စိတ်ညစ်လာကြပြန်တယ်။ ပိုက်ဆံကလည်း ကုန်လှပြီကိုး။

အဲသည့် စိတ်အခြေအနေနှင့် ဆရာဝန်တွေ မေးတဲ့မေးခွန်းတွေကို၊ ကျွန်တော့်အဖြေတွေကို ကြားရတဲ့အခါ သူတို့ဟာသူတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြတယ်။ တစ်ခါတစ်ခါ သူတို့အချင်းချင်း ခေါင်းညိတ်ပြပြီး အင်္ဂလိပ်လို ပြောကြတယ်။

ကျွန်တော့်စကားက ဘောက်ဆတ်ဆတ် ဖြစ်နေသလား၊ ကျွန်တော့်အကြည့်ကပဲ ဘုကြည့် ဖြစ်နေသလားတော့ မသိဘူး။ သူတို့မေးခွန်းတွေ တစ်စခန်းသိမ်းပြီး အဖေတို့အမေတို့ကို ခေါ်ပြီး 'သူ့ကို ဆေးရုံမှာ တင်ထားခဲ့ပါ။ ကျွန်တော်တို့ ပျောက်အောင်ကုပေးပါမယ်'လို့ ပြောပြီး၊ ဆရာဝန် ခပ်ငယ်ငယ်တစ်ယောက်က 'ညီလေး ဒီမှာ အစ်ကိုတို့နှင့် နေရစ်ခဲ့ဦးနော်။ ညီလေး နေကောင်းသွားအောင် အစ်ကိုတို့ ကုပေးမယ်'လို့ ချိုချိုသာသာ ပြောပါသည်။ သူ့ကိုတော့ ကျွန်တော် အခင်မင်မိသားပါပဲ။

ဒါပေမယ့် ခင်ဗျာ။

ကျွန်တော် ကလန်ကဆန်လုပ်နေရင် သူတို့ ကျွန်တော့်ကို ခပ်ကြမ်းကြမ်းကိုင်ကြတော့မယ်ဆိုတော့ ကျွန်တော် သိတာပေါ့။ ကျွန်တော်က ရူးနေတာမှ မဟုတ်တာ။ ဒါကို ကျွန်တော် သိတာပေါ့။

သူတို့နှုတ်က ဘယ်လောက်ချိုချို သူတို့မျက်နှာတွေကြည့်ရတာ ကျွန်တော့်အပေါ်မှာ သက်ညှာမည့်အရိပ်နိမိတ်ဆိုလို့ ဘာတစ်ခုမှ မတွေ့ရပါဘူး။

အခုရောက်နေတဲ့ အခြေအနေက ကျွန်တော်ဟာ စောစောပိုင်းက ဖြစ်လာခဲ့တဲ့ ပဋိပက္ခတွေနှင့် ဘယ်သူနှင့်မှ အပေါက်အလမ်း



www.burmeseclassic.com

www.burmeseclassic.com



မတည့်ခဲ့တဲ့ စိတ်ရောဂါဝေဒနာရှင်သည်။ သူတို့က အဲဒီ စိတ်ဝေဒနာကို ကုသပေးမည့်ပညာရှင်၊ ကရုဏာရှင်၊ မေတ္တာရှင်တွေ။

ဒီမှာတော့ ဘယ်လိုပဋိပက္ခမျိုး ဖြစ်ရဖြစ်ရ ကျွန်တော်က 'သိုးငယ်'နေရာကမို့ ရှုံးဘက်ကချည်းပါပဲ။ ကျွန်တော်က အံကြိတ်ပြီး 'ခင်ဗျားတို့ကို ကျုပ် မယုံဘူး'လို့ အော်ဟစ်ပြောလည်း ကျွန်တော့်စကားဟာ ကျွန်တော့်အပေါ်မှာ အပြစ်လေးဖို့ပဲ ဖြစ်ရတော့မှာပါပဲ။

ကျွန်တော် အစစအရာရာ သတိထားနေရပါတယ်။ စားလည်း သတိနှင့် စားရပါတယ်။ အိပ်လည်း သတိနှင့် အိပ်ရပါတယ်။ လူစိမ်းတစ်ယောက်နှင့် တွေ့ရရင် ပြေးရင်လည်း ပြေးဖို့၊ ခုခံရင်လည်း ခုခံဖို့ ကျိုးကန်းတောင်းမှောက်ကြည့်နေရပါတယ်။

ကျွန်တော် လူဖြစ်ကတည်းက ဒါလောက် စိတ်ညစ်စရာ အခြေအနေမျိုးနှင့် တစ်ခါမှ မကြုံဖူးပါဘူး။ ကျွန်တော်လည်း စိတ်ညစ်ညစ်နှင့် ဘယ်သူနှင့်မှ စကားမပြောတော့ဘူး။

ပြောလည်း တစ်ခွန်းစ နှစ်ခွန်းစ မေးတာဖြေရုံလောက်ပဲ။ တချို့ကိုတော့ ဖြေတောင် မဖြေတော့ဘူး။ မကြားကျွံ ပြုနေလိုက်တယ်။

"ငါ့ညီက ဘယ်လိုဖြစ်ပြီး ဒီရောက်လာတာလဲ"

ကျွန်တော်နှင့် တစ်ခန်းတည်းကျတဲ့ ခပ်ရွယ်ရွယ်လူတစ်ယောက်က ကျွန်တော့်ကို မေးတယ်။ ကျွန်တော်က မဖြေဘူး။ သူ့ကို ပြန်ပြီး စိုက်ကြည့်နေမိတယ်။

ဒီလူ့ကြည့်ရတာ ကော်ကိုင်းမျက်မှန်ထူထူနှင့်၊ ခေါင်းစုတ်ဖွားနှင့်၊ မုတ်ဆိတ်ကျင်စွယ်တွေနှင့်။ နိုင်ငံရေးသမားလိုလို၊ စာရေးဆရာလိုလို၊ ပန်းချီဆရာလိုလို။ လူကတော့ မွန်မွန်ရည်ရည်ပါပဲ။





"သူလည်း မေးတာကို ကောင်းကောင်းမဖြေတဲ့ရောဂါနှင့် ရောက်လာတာ ဖြစ်မှာပေါ့"

သူ့အနားက ခပ်ပိန်ပိန် ဖြူရော်ရော် လူတစ်ယောက်က ဝင်ပြောတယ်။

ကျွန်တော်က သူတို့ကိုမကြည့်ဘဲ ကျွန်တော့်နေရာလို့ ပြောထားတဲ့ ခုတင်ပေါ် ထိုင်ချလိုက်ပြီး တစ်ဘက်ကို လှည့်ငေးနေလိုက်ပါတယ်။ စိတ်ထဲကတော့ 'ဩော်၊ ငါကံများ ဆိုးလိုက်ပုံတော့ အပျက်အပျက်နှင့် နှာခေါင်းကသွေးထွက် ဆိုတာလို ဒီလိုနေရာမျိုးကို ရောက် ရောက်လာရတယ်။ ဒီလိုနေရာမျိုးကိုတော့ အပျော်လာနေတဲ့ သူရယ်လို့တော့ ရှိမယ်မဟုတ်ဘူး။ သူတို့လည်း ငါ့လို ဒုက္ခ တစ်ခု မဟုတ် တစ်ခု ကြုံပြီးရောက်လာကြတာ နေမှာပဲလေ။ ဘဝတူချင်း စိတ်ဆွေဖြစ်ရရင်ပဲ ကောင်းမလား'လို့လည်း အောက်မေ့နေမိတယ်။

ဒါပေမယ့် ခင်ဗျာ။

ဒီလူတွေဟာ ကျွန်တော်နှင့် ဘဝတူလို့ ဆိုရပေမယ့် အဖြစ်ချင်းတော့ တူပါ့မလား မပြောတတ်ဘူး။ ဒီနေရာကို တကယ်ရူးလို့ ရောက်လာတာလား။ တကယ်မရူးဘဲ ပတ်ဝန်းကျင်က ရူးတယ်လို့ သမုတ်တာနှင့် ရောက်လာတာလားဆိုတာ ဘယ်သူမှ အသေအချာ ပြောနိုင်ကြမယ် မထင်ပါဘူး။ ဒီလူတွေကြည့်ရတာ လူကောင်းတွေ နှင့်တော့ တူတာပါပဲ။

ဒါပေမယ့်ခင်ဗျာ။

တစ်ယောက်ကတော့ စကားပြောရင်းကနေပြီး သူ့ဟာသူ ဆားစပ်ဆိုင်းတီးပြီး ထ ကလိုက၊ ငိုချင်ငို၊ ရယ်ချင်ရယ်နှင့် ဖြစ်နေတော့ သူ့ကို သာမန်အားဖြင့် စိတ်မမှန်ဘူးဆိုရပေမယ့် သူ့ဝါသနာနှင့်သူ ဘာသာလုပ်နေတာလည်း ဖြစ်နိုင်သလိုပါပဲ။ ကြည့်ရတာတော့ လူကောင်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



'ငါက ရူးတာ မဟုတ်ဘူးကွ။ ငါ မရူးဘူး။ အိမ်ကလူတွေက အားလုံးရူးပြီး ငါ့ကို သူတို့ရူးသလို မရူးကောင်းလားဆိုပြီး အရူး ဘွဲ့ပေးကြလို့ ဒီကိုရောက်လာတာ။ ဒီရောက်တော့လည်း သူတို့လို အရူးတွေချည်းဆိုတော့ ငါတစ်ယောက်တည်း ကွဲတာပေါ့ကွာ။ မင်းမှာ ပိုက်ဆံငါးမူးလောက် ပါသလား"

"ဘာလုပ်ဖို့လဲ"

"ဟောဒီကနေ ခပ်တည်တည် ထွက်။ ဂိတ်ရောက်တော့လည်း ဘယ်သူ့မှ လှည့်ကြည့်မနေနှင့်။ ဣန္ဒြေရရ ထွက်။ ဘယ်သူမှ မသိ ဘူး။ ဟောဟိုနားက ဘတ်စ်ကားဂိတ်ကနေ ဘတ်စ်ကား တစ်မတ်ခိုး စီးသွားရင် ကမာရွတ်မှာနေတဲ့ ငါ့သူငယ်ချင်းတစ်ယောက်အိမ်ကို ရောက်တယ်။ ငါ အဲဒီကို သွားမယ်။ မင်း လိုက်ချင်လိုက်ခဲ့"

"အဲဒီကနေပြီး ဘယ်သွားမလဲ"

"အဲဒီကနေပြီး ထွက်ပြေးကြတာပေါ့ကွာ။ ထမင်းတော့ မငတ်ပါဘူးကွ။ အမှိုက်ပုံမှာ ပစ်ထားတဲ့ ပလတ်စတစ်ပုံးခွံတွေ ကောက်လာပြီး မြေနီကုန်းဈေးမှာ ချရောင်းရင် သူဌေးဖြစ်နိုင်တယ်ကွ သိလား"

"အဲဒီကိုမရောက်ခင် ဘယ်သူက ထမင်းကျွေးမလဲ"

"ဟာ၊ တယ်အ,တဲ့အကောင်ပဲ။ ထမင်း လမ်းမှာ ဝယ်စား သွားမှာပေါ့ကွ။ မင်းကလည်း"

"ဘယ်ကပိုက်ဆံနှင့် ဝယ်စားမှာလဲ။ ခင်ဗျားမှာ အခု မီးရထား ဆွေအိမ်သွားဖို့ ငါးမူးတောင်မှ မရှိတာ"

"မင်းမှာကော ရှိလို့လား"

"မရှိဘူးဗျ။ မပါခဲ့ဘူး"





"ငါ့လခွီးတဲ့မှ။ ဒါဖြင့်လည်း ပြောမနေနှင့်။ အေး၊ အဲဒါ ခက်တယ်ကွာ။ လောကမှာ ပိုက်ဆံမရှိရင် ဘာမှ အလုပ်မဖြစ်ဘူးကွ။ ပိုက်ဆံဟာ သိပ်အရေးကြီးတာကွ"

တကတည်းပါမှာပဲ။ သူပြောမှတဲ့လား။ ဒီလူဟာ တကယ် စိတ်ဖောက်ပြန်နေတဲ့လူဆိုတာ ကျွန်တော် သိပါတယ်။ ဆက်စပ်ပြီး ဆုံးစားရမည့် သာမန်ကိစ္စကလေးတွေကိုတောင် ကွင်းဆက်မိအောင် စဉ်းစားတတ်ဘဲနှင့် သူ့ကိုယ်သူ လူကောင်းလို့ ထင်နေတာများ အံ့ပါရဲ့လို့ ကျွန်တော့်စိတ်ထဲက ပြောနေမိပါတယ်။

ဒါပေမယ့် ခင်ဗျာ။

သူပြောတဲ့စကားထဲက 'လောကမှာ ပိုက်ဆံမရှိရင် ဘာမှ အလုပ်မဖြစ်ဘူး' ဆိုတဲ့ စကားကတော့ သိပ်မှန်ပါတယ်။ အရူး ဆယ်ခွန်းပြောရင် တစ်ခွန်းမှန်တယ် ဆိုတာ ဒါမျိုးနှင့် တူပါတယ်။

သူပြောတဲ့ အဲဒီစကားကိုတော့ ကျွန်တော် ရာနှုန်းပြည့် ထောက်ခံနိုင်ပါတယ်။ ဟုတ်ပါတယ်။ ကျွန်တော့်မှာ ပိုက်ဆံသာရှိရင် ကျွန်တော် ဒီအဖြစ်မျိုးနှင့် ကြုံရမယ်မဟုတ်ပါဘူး။ ဒီနေရာမျိုးကို ရောက်လာစရာလည်း မလိုဘူးခင်ဗျ။

အခုဖြစ်ရပုံက ကျွန်တော့်မှာ ပိုက်ဆံကလည်း မရှိ။ ပိုက်ဆံ ရအောင် ဘာလုပ်ရမယ်ဆိုတာကလည်း မသိ။ မိဘအင်အားကလည်း မရှိ။ မိကောင်းဖခင်သားမို့ ဥပဒေနှင့်မလွတ်တဲ့ အလုပ်မျိုးကိုလည်း လုပ်တတ် မလုပ်ဝံ့။ ကျွန်တော့်ပြဿနာကို ငွေနှင့်ဖြေရှင်းဖို့ လို နေတဲ့အချိန်မှာ နေ့မအိပ် ညမအိပ် အဲဒါပဲ ထိုင်ထိုင်စဉ်းစားရင်း ရူးလိုဖြစ်ခဲ့ရတာ။

ကျွန်တော် အသက်လောက်ချစ်ရတဲ့ မိခင်စိန်ကို လက်လွှတ် လိုက်ရမည့်အရေး အစပိုင်းတော့ တအံ့နွေးနွေး။ နောက် ပါဖြည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းနှင့် ရင်ထဲမှာ ဗလောင်ဆူပြီး ရေနွေးအိုးကြီးပွက်သလို အပွက်ကြီးပွက်ပြီး အပူကြီး ပူခဲ့ရပါတယ်။

အဆိုးဆုံးကတော့ တွေးလေသမျှ ငေးလေသမျှ အဖြေမထွက်။ အအိပ်ပျက် အစားပျက်နှင့် သာမန် နေထိုင်မကောင်းရာက လာမေးသမျှလူတွေကို စိတ်တိုပြီး ဘုတောလွှတ်။

အဲ၊ အဲဒီအခြေအနေမှာ အဖေ့မိတ်ဆွေ ရှေ့နေကြီး နှုတ်ခမ်းမွှေးတလှုပ်လှုပ်နှင့် လာမေးတုန်းက ကျွန်တော် တစ်ခါတည်းပေါက်ကွဲပြီး 'သွား၊ ခင်ဗျား ကြောင်သူတော်ကြီး။ ကျုပ်ကို လာမမေးနှင့်။ ခုထွက်သွား'လို့ အော်လွှတ်ရာကစပြီး ပတ်ဝန်းကျင်သတ်မှတ်ချက်အရ စိတ်ဖောက်ပြန်တဲ့ ဝေဒနာသည် ဖြစ်လာတာပါခင်ဗျာ။

မိတ်ဆွေ စဉ်းစားကြည့်ပါ။ တကယ်တော့ ဒီလူကြီးဟာ ငွေကြေးတတ်နိုင်သူဆိုတော့ ငွေကို ရေလိုဖြုန်းပြီး ဆင်းရဲတဲ့ ကျွန်တော့်အချစ်ဆုံးကလေး မိခင်စိန်ကို သူ့အပျော်မယားလုပ်ဖို့ လှိုင်းဝိုင်းနေတဲ့ လူကြီးပါခင်ဗျာ။ ကြောင်သူတော်ကြီးပါ။ ။

# စည်းကြိုးနှင့် ကြက်တောင်

ကျွန်တော့်ဘဝလမ်းကြောင်းဟာ မိန်းမကြောင့်မို့ အပြောင်းကြီး ပြောင်းလဲခဲ့ရပါတယ်။ တကယ်တော့ ကျွန်တော့် ဘဝလမ်းကြောင်းက မိန်းမသာ ဝင်မနှောက်ရင် အင်မတန်ကို ဖြောင့်ဖြူးခဲ့ပြီးသားပါ။

ဩော် ဒါကို အခုမှ ပြောရသလားလို့ အပြစ်တင်ရင်လည်း ခံရမှာပါပဲ။ ပြောတော့လည်း ပြောရဦးမှာပါပဲ။ လူ့သမိုင်းစဉ်တစ်လျှောက်မှာ မိန်းမကြောင့် ဘဝတစ်ခုလုံး ပျက်ခဲ့ကြရတဲ့ သာဓကတွေကလည်း အများကြီးပါပဲ။ ကျွန်တော်တို့လို အနစားကလေးတွေဆိုတော့ ထားလိုက်ပါ။ အရင့်အမာ အလောင်းတော်ကြီးများတောင်မှ မိန်းမအဖျက်အဆီးနှင့် မကင်းနိုင်ခဲ့ကြပါဘူး။ ဟိမဝန္တာတောအုပ္ပကဟိရညတောင်မှာ မင်းခြောက်ဆက်တိုင်အောင် ဘယ်သူမှ မအန်းလို့မမိနိုင်တဲ့ ဘုရားအလောင်း ရွှေဒေါင်းမင်းတောင်မှ ဥဒေါင်းပျိုမနှင့် မှားပြီးဖမ်းတော့ သတိလွှတ်ကင်းပြီး မုဆိုးထောင်တဲ့ညွှတ်ကွင်းမှာ အမိခံလိုက်ရသေးတာပဲ။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါတယ်။ ကျွန်တော် ဒါကို ငယ်ငယ်ကတည်းက ကြားဖူးနားဝ ရှိပါတယ်။ ဒါပေမယ့် ကြားဖူးနားဝက ကြားဖူးနားဝ ပါပဲ။

ဘုန်းကြီးကျောင်းမှာ ခပ်ငယ်ငယ်က တစ်ခါ၊ နောက် အင်္ဂလိပ်ကျောင်းသွားနေရာက ခဏထွက်ပြီး ကိုရင်ဝတ်တော့ တစ်ခါ ကျွန်တော် လောကုတ္တရာ စာပေတွေ သင်ရတော့ 'ဒီကိုရင် တယ် ဉာဏ်ကောင်းတယ်' ဆိုတဲ့နာမည် ရခဲ့ပါတယ်။

အခြေခံ ဗုဒ္ဓသာသနာလို့ခေါ်နိုင်တဲ့ မင်္ဂလသုတ်၊ ပရိတ်ကြီးသင်ရိုးကို တခြားကိုရင်တွေ တစ်ဝါတွင်းလုံး ကျက်မှတ်တာ တောင် ထစ်တီးထစ်အပဲ ဆိုနိုင်ကြတာ။ ကျွန်တော်ကတော့ ဆယ်ရက်လောက်နှင့် အားလုံး မြင်းကောင်းစိုင်းသလို အလွတ် ရွတ်ဆိုပြနိုင်တယ်ဆိုတော့ ကျွန်တော့်ကို စာတက်ပေးတဲ့ ဦးပဥ္စင်းကြီးကရော ဆရာတော်ကြီးကပါ 'ဒီကိုရင် ဉာဏ်ကောင်းတယ်။ လောကုတ္တရာ စာတွေဘက်သာ လိုက်လိုက်ရရင် တကယ့် အကျော်အမော်ဖြစ်မှာပဲ' လို့ အမိန့်ရှိကြပါတယ်။

အဲသလို အချီးမွမ်းခံရလို့ ကျွန်တော် ဘဝင်မြင့်မသွားခဲ့ပါဘူး။ ဒါကလေးလောက်နှင့်တော့ မချီးမွမ်းလောက်သေးပါဘူး ထင်ပါတယ်လို့တောင် အောက်မေ့ခဲ့မိပါတယ်။

သို့ပေမယ့် ဆရာတော်ကြီးကိုယ်တိုင်က အဲသလို ချီးမွမ်းတယ် ဆိုရင်ပဲ ရွာထဲမှာတော့ နာမည်က ကြီးသွားခဲ့ပါတယ်။

ဒီလို ဉာဏ်ကောင်းတဲ့ကိုရင်မျိုးကို ပဥ္စင်းတက်ပေးဖို့ သိ လိုလားနေကြတဲ့ ဒါယကာ ဒါယိကာမတွေက ကျွန်တော့်ကို ပဥ္စင်း လောင်းလို့ သတ်မှတ်ပြီး မမိုတ်မသုန် စောင့်ကြည့်နေကြတဲ့လူတွေ ကိုရင်၊ လူမထွက်နှင့်နော်။ စာ ကြိုးစားသင်' လို့ တိုက်တွန်းသူတွေက သည်း မနည်းပါဘူး။

အဲဒီအထိကတော့ ဟုတ်လို့ပါပဲ။ လူတွေက အဲသလို ချီးမွမ်းကြတဲ့စကားတွေကို အမေကြားတော့ အားရဝမ်းသာ ကျွန်တော် သင်္ကန်းဝတ်နေတဲ့ကျောင်းကို ရှစ်ရက်သီတင်း၊ လပြည့်လကွယ် ဆွမ်းအုပ်ပို့ပို့ပြီး ဥပုသ်စောင့်ရင်း–

'အမေ့သား ရဟန်းဖြစ်ရင် အမေ လူဖြစ်ရကျိုး နပ်ပြီ။ သားကို မွေးရကျိုး နပ်ပြီ။ အမေ သေပျော်ပြီ' လို့ ခဏခဏ ပြောတယ်။

ဒါပေမယ့် ခင်ဗျာ။

ကျွန်တော့်ကို လူတွေက ချီးမွမ်းကြတယ်ဆိုတာက တကယ် တော့ သူများတကာတွေ တလည်လည်နှင့် အခုခေတ်ကလေးတွေ ကထိတန်းကျသလို တဖုတ်ဖုတ် လန်လန်ကျနေကြတဲ့ နာမည်ကျော် ဇင်္ဂသုတ်ကို ကျွန်တော်က နှစ်ရက်သုံးရက်ကျက်ပြီး အထစ်အငေါ့ မရှိ ပြန်နိုင်တာနှင့် ဦးပဥ္စင်းကြီးက–

"ဟာ၊ ကိုရင် ရလွယ်လှချည်လား။ မြန်လှချည်လား။ ကိုရင် က ကျက်ဖူးသလား" လို့တောင် မေးယူရတာကို အကြောင်းပြီး လူတွေကလည်း 'ဟို အင်္ဂလိပ်ကျောင်းသား ကိုရင်ကလေးဟာ ဇင်္ဂသုတ်ကိုတောင် သုံးရက်နှင့် ပြန်နိုင်သတဲ့။ အခြား ကိုရင်တွေ ဆိုရင် ဒီ ဇင်္ဂသုတ်က မတက်နိုင်လို့ လူကိုဖျက် အရက် ရှင်ကိုဖျက် ရတာလို့တောင် ဆိုကြရတာ' ဆိုတဲ့သတင်း ပျံ့နှံ့သွားခဲ့တာဟာ လူ ပေါ်များများအဖို့ တအံ့တသြကိစ္စပေမယ့် ကျွန်တော်ကတော့ ဘာမှ မထင်ပါဘူး။

ဇင်္ဂသုတ်ဟာ တခြားပရိတ်တွေထက် အမှတ်ရအရှည်ရှည်ရ ပေမယ့် သူ့ဟာက ပရိတ်တစ်သုတ်လုံးမှာ 'ဓဇဂ္ဂ ဥလ္လော



www.burmeseclassic.com

www.burmeseclassic.com



ကေယျာထ'တွေ၊ 'ဥလ္လောကယတ်'တွေ၊ 'ဒေဝါရာဇသဓဇ္ဇ'တွေက များပြီး ချာလည်ပတ်လည်လိုက်နေလို့ အမှတ်အသားခက်ပြီး လည်နေကြတာ။ သူ့အမှတ်အသားကလေးနှင့် သူ ကျက်ရင် ဘာမှ ခက်တာ မဟုတ်ပါဘူး။

ကျွန်တော် အမေ့ကို စိတ်ချမ်းသာစေချင်ပါတယ်။ အားတက် စေချင်ပါတယ်။ လူဖြစ်ရကျိုး နပ်စေချင်ပါတယ်။ သေတဲ့အခါ အမေ့ကို ရဟန်းမယ်တော်ဆိုတဲ့ဂုဏ်နှင့် သဂြိုဟ်စေချင်ပါတယ်။

နှုတ်က ဘာမှ ထုတ်ဖော်ပြီး ကတိမခံခဲ့ပေမယ့် ဒါတွေကို အလေးအနက်စဉ်းစားခဲ့ပါတယ်။

ဒါပေမယ့် တကယ်တမ်းကျတော့ ရဟန်းဘောင်မှာနေပြီး လောကုတ္တရာ စာပေပရိယတ္တိတွေကို လိုက်စားဖို့ စိတ်ကူးရတာ တယ်ပြီး မပီသလှပါဘူး။

အဲသလိုပဲ မပီမသစိတ်ကူးရင်း မင်္ဂလသုတ်၊ ပရိတ်ကြီး ရတနာရွှေချိုင့် နမက္ကာရ၊ အတွင်းအောင်ခြင်း၊ အပြင်အောင်ခြင်း လောကနီတိစတဲ့ အခြေခံတွေအပြီးမှာ ကျွန်တော် သဒ္ဒါနှင့် သဂြိုဟ် ကို တစ်ပြိုင်တည်းလိုလို တက်ခဲ့ရပါတယ်။

ဒီကျတော့ ကျက်ရမှတ်ရတာ ပရိတ်ကြီးတို့တုန်းကလော မလွယ်တော့ပေမယ့် စာမှန်မှန် တက်ဖြစ်ပါတယ်။ ဦးပဉ္ဉင်းကြီးက တော့–

'ကိုရင် ဉာဏ်ကောင်းတယ်။ ကြိုးစား သင်။ လှေပြေးတူ ကုန်းလှော်ထား။ ပိဋကတ်သုံးပုံဆိုတာ သမုဒ္ဒရာကြီးလို သင်လို့ကုန် နိုင်တာ မဟုတ်ဘူး။ ငယ်ငယ်က ဖိကြိုးစားထားမှ တော်ကာကျ မယ်'လို့ အမိန့်ရှိပါတယ်။





သဂြိုဟ်စိတ်ပိုင်း၊ စေတသိက်ပိုင်းလောက်ကုန်တော့ ကျွန်တော် ဟာ လောကုတ္တရာစာပေဘက်ကို အတော် စိတ်ရောက်လာပါတယ်။ ဘုရားဟောတဲ့တရားတွေဟာ အင်မတန် နက်နဲပါလား၊ ကျယ်ဝန်း ပါလား၊ ထူးခြားပါလားလို့ အံ့သြမိလာပါတယ်။

ဦးပဉ္ဉင်းကြီးကလည်း ကျွန်တော့်ကို ဂရုတစိုက် ဖိဖိစီးစီး စာချပေးပြီး ချီးမြှင့်တော်မူပါတယ်။

အဲသည်အချိန်တွေမှာ ကျွန်တော့်လှေဟာ အပြေးဆုံးအချိန် ပေါ့။ ဒါပေမယ့် ခင်ဗျာ။ ကျွန်တော့်မှာ ဦးပဉ္ဉင်းကြီး အမိန့်ရှိသလို လှေပြေးတုန်း ကုန်းလှော်ထားရမည့်အချိန်မှာ လှေပြေးတုန်း တက်ကျိုး ဆိုတာမျိုးနှင့် ကြုံရပါတော့တယ်။

ကျွန်တော် လောကုတ္တရာအာရုံကို ပီပီသသကြီး မဖမ်းမိခင် မှာဘဲ လောကီအာရုံများရဲ့ ကြားဖြတ်ဆွဲဆောင်မှုကို ခံလိုက်ရပါ တယ်။

အဲဒါကတော့ ဖြောင့်ဖြူးနေတဲ့ ကျွန်တော့်ဘဝတစ်ခုလုံးကို ချက်ဆီးမည့် မိန်းမဆိုတဲ့ အာရုံပါပဲ ခင်ဗျာ။

တကယ် ကျွန်တော်ဟာ အဲသည်တုန်းက အတော့်ကို ငယ် ပါသေးတယ်။ တစ်ဆယ့်လေး ငါး ခြောက်နှစ်သားဆိုတော့ ပဉ္ဉင်း ခံဖို့က သုံး လေးနှစ်လောက်လိုသေးတော့ ခပ်အေးအေးနေတုန်း မှာပဲ ကြားဖြတ် လောကီအာရုံကြောင့် အပူငွေ့က ဝင်လာပါတော့ တယ်။

အဲ၊ ဥပုသ်နေ့တစ်နေ့မှာ ကျွန်တော် ဆွမ်းမစားခင် ရေချိုးဖို့ သွားနေကျအတိုင်း ကျောင်းနှင့် မလှမ်းမကမ်းမှာရှိတဲ့ ရေတွင်းဆီကို သွား လမ်းဘေးက အပွင့်တွေနှင့် ဝေနေတဲ့ ပုန်းညက်ပင်ကြီးရဲ့ အောက်မှာ ဒါယိကာမကလေးတစ်ယောက်ကို တွေ့လိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျွန်တော် မသိပါဘူး။ ကျွန်တော်တို့ရွာထဲကလည်း မဟုတ်ပါဘူး။ လှတော့ အတော်လှတယ်လို့ ထင်ပါတယ်။ ခပ်ငယ်ငယ်ပဲ။

ဆံရစ်ဆံတောက်ကလေးနှင့် မျက်နှာ မသွယ်တသွယ် မျက်နှာဝိုင်းဝိုင်း။

ကျွန်တော့်ရဲ့ ပထမ စိတ်ကူးကတော့ သူ့ကို မမြင်ယောင်ဆောင်ပြီး ရေတွင်းကို အရောက်သွားဖို့ပါပဲ။ ဒါပေမယ့် ကျွန်တော် သူ့အနား ဖြတ်လျှောက်သွားတော့ သူက ခပ်တိုးတိုးလေသံနှင့် ‘ကိုရင်’လို့ လှမ်းခေါ်တယ်။ ကျွန်တော့်ရင်ထဲမှာ ဒိတ်ခနဲ ဖြစ်သွားပြီး ခြေလှမ်းတွေလည်း တုန်သွားတယ် ထင်ပါတယ်။

“ပုန်းညက်ပန်း ခူးပေးမလားဟင်”

သူ့အသံကလေးက ဆည်းလည်းသံလို လွင်နေတယ်။ ချို နေတယ်။

တကယ်တော့ ကျွန်တော်က ဒီအချိန်မှာ သိပ်အားတာ မဟုတ်ဘူး။ ဒီက ရေချိုးပြီးရင် ဆွမ်းစားကျောင်းမှာ ကပ္ပိယကြီးနှင့် ဆွမ်းပွဲ ကူပြင်ရမယ်။ ဆရာတော်ကို ဆွမ်းကပ်ရဦးမယ်။ ဝေယျာဝစ္စ လုပ်စရာတွေနှင့်။

သို့ပေမယ့် ဘယ်လို ဘယ်လို ဖြစ်သွားတယ်တော့ မသိဘူး ကျွန်တော်ဟာ အပေါ်ရုံသင်္ကန်းကို ခွာချပြီး အနီးအနားက ဝါးလုံး တန်းပေါ် တင်၊ သင်းပိုင်ကို တိုတိုပြင်ဝတ်လိုက်ပြီး ပုန်းညက်ပင်ပေါ် ကို မျောက်ကလေးတစ်ကောင်လို တက်ခဲ့မိတယ်။

ပြီးတော့ ကိုင်းဖျားကိုင်းနားဆီမှ အခိုင်အခိုင်ပွင့်ပြီး ရွှေ နေတဲ့ ပုန်းညက်ပန်းတွေကို အခိုင်ရင်းက အကိုင်းပါ အသာအယာ ချိုး။ အောက်ပစ်ချရင်း ပုန်းညက်ပန်းဆိုတာ ကြွေလွယ်လို့ ခါးဆ





ခါးပန်းကြိုးကိုဖြုတ်ပြီး ပန်းခိုင်တွေကို ချည်။ ပခုံးမှာ အသာ ရွရွ ကလေး လွယ်။ ပြီးတော့ ယောကျ်ားဘသား မျောက်ကလေးလို ပြန်ဆင်း။ အောက်ဆုံးအကိုင်းကျတော့ လက်နှစ်ဖက်နှင့် ခိုပြီး ဖုတ်ဆို သူ့အနား ခုန်ချခဲ့တယ်။

ဒီကျောင်းထဲက သစ်ပင်တွေဆိုတာက ကျွန်တော်တို့ငယ်ငယ်ကတည်းက ခွေးရှူးလိုက်တမ်း ကစားနေကျမို့ ဒီလို အောက်ကိုင်း ခိုပြီး ခုန်ချတာမျိုးက လွယ်လွယ်ပါကို ဖြစ်တယ်။

ကျွန်တော် အဲသလို သူ့အနား ဖုတ်ခနဲ မတ်တတ်ကျလာတာကို သူက လန့်ပြီး လက်နှင့် လှမ်းထိန်းလိုက်တော့ ကျွန်တော့် ခုံးကို သူ့လက်ကလေးက လာထိတယ်။ ကျွန်တော်က တစ်ခါ ခါးပန်းကြိုးကို ဖြည်ပြီး ပန်းခိုင်တစ်ပွေ့ကြီး သူ့ကိုအပေးမှာ သူက လက်နှစ်ဖက်နှင့်ဆီးပွေ့တော့ သူ့လက်နှစ်ဖက်ဟာ ကျွန်တော့် လက်တွေပေါ်ကို လာပြီး အုပ်မိပြန်တယ်။

သူ့မျက်နှာဟာ ကျွန်တော့်မျက်နှာနှင့် တစ်ပေသာသာလောက် ရောက်လာတယ်။ သူက ကျေးဇူးတင်တယ်တွေ ဘာတွေ ပြောမနေဘဲ သူ့မျက်လုံးဝိုင်းကြီးတွေနှင့် ကျွန်တော့်မျက်နှာဆီကို တည့်တည့်တစ်ချက် လှမ်းကြည့်ပြီး ပြုံးလိုက်တယ်။

တကယ့် လျှပ်တစ်ပြက် တစ်ခဏကလေးပါပဲ။ ဒါပေမယ့် ကျွန်တော့်အဖို့ အဲဒါဟာ တစ်ဘဝလုံးပါပဲ။

အဲဒီမိန်းကလေးကို အဲဒီ့နေရာမှာ အဲဒီနေ့က တွေ့ရတာဟာ ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ်ပါပဲ။ သူ ဘယ်သူဘယ်ဝါ၊ ဘယ်မြို့ဘယ်ရွာက ဘယ်သူနှင့် ပါလာတယ်ဆိုတာ မသိလိုက်ရ ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ သူ့မျက်နှာကလေးနှင့် မျက်လုံးဝိုင်းကြီးတွေကို ရက်ပေါင်းအတော်ကြာအောင် တရစ်ဝဲဝဲမြင်နေပြီး ညညအိပ်လို့မပျော်နိုင်ဘဲ သူ့အကြောင်း တောင်တွေးမြောက်တွေး မပီမသတွေးနေခဲ့ပေမယ့် ဒီအကြောင်း ကျွန်တော် ဘယ်သူ့မှ မပြောဖြစ်ခဲ့ပါဘူး။

ဥပုသ်နေ့၊ ဥပုသ်နေ့တွေမှာ ဆွမ်းမစားခင် ရေချိုးသွားရင်း ပုန်းညက်ပင်နား ရောက်ရင် တစ်နေ့ရာရာအကွယ်က သူထွက်လာပြီး 'ကိုရင်'လို့များ ခပ်တိုးတိုး ခေါ်လိုက်လေမည်လားလို့ မျှော်တလင့်လင့်နှင့် သတိထားပြီး သွားနေမိတာကလွဲလို့ ကျွန်တော့်စိတ်ထဲမှာ ရှိနေတာတွေကို ဘယ်သူမှ အသိ မခံခဲ့ပါဘူး။

သူ့အကြောင်းချည်း တွေးတွေးနေမိတဲ့ ရက်ပိုင်းကဆိုရင် သူ့ကိုသတိရတိုင်း ကျွန်တော် ငိုချင်တယ်။ သူ ဘယ်မှာနေတယ်ဆိုတာများ သိခဲ့ရရင် ကျွန်တော် မိုးအဆုံးမြေအဆုံး လိုက်ရလိုက်ရ လိုက်သွားမိမလား မပြောတတ်ဘူး။ စာကျက်လို့ဆိုတာကတော့ နည်းနည်းမှ မကောင်းတော့ပါဘူး။

"ပကိဏ်းပိုင်းရောက်တော့ စာတွေ နည်းနည်းများ ပိုရှုပ်လာသလား မသိဘူး။ တော်တော်နှင့် မမှတ်မိနိုင်ဘူးဘုရား"

"ပကိဏ်းပိုင်းက မရှုပ်ပါဘူးလေ။ သူ့ဟာနှင့်သူ မှတ်ရတာ ရှေးကဟာတွေ လိုပါပဲ။ ကိုရင့်စိတ်က ရှုပ်နေတာ နေမှာပါ။ ထဲ... ဆို။ ပဋ္ဌဝီသ ပရိတ္တာမို၊ ဆစိတ္တာနိ၊ မဟဂ္ဂတေ၊ ကေဝိသတိ... ဝေါဟာရေ"

"ပဋ္ဌဝီသ၊ နှစ်ဆယ့်ငါးပါးသောစိတ်တို့သည်။ ပရိတ္တ... ပရိတ္တာမိုဝေ၊ ကာမအာရုံ၌သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဆစိတ္တာ... ခြောက်ပါးသော စိတ်တို့သည်။ မဟဂ္ဂတေ မဟဂ္ဂတေ ...





...မဟဂ္ဂုတ် အာရုံ၌သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ကေဝိသတိ၊ ...နှစ်ဆယ့်တစ်ပါးသော"

ဟုတ်ပါတယ် ခင်ဗျာ။

ကျွန်တော့်စိတ်တွေဟာ ရှုပ်နေပြီး တဒင်္ဂကလေး ထိတွေ့...လှုပ်ယမ်းခဲ့ရတဲ့ မိန်းကလေးအာရုံမှာသာ တရစ်ဝဲဝဲ ရှိနေခဲ့ဟန် တူ...ပါတယ်။

စာလိုက်ဖို့တာ စာအံရတာ စိတ်မဖြောင့်တော့ဘူးဆိုမှတော့ ...အလွယ်ကလေးကိုပဲ တော်တော်နှင့် ခေါင်းထဲ မရောက်နိုင်ဘူး။ စာ...အက်ရတာ ဝန်လေးလာချင်တယ်။ ဦးပဉ္ဇင်းကြီးကတောင် 'ဟ...ဒီကိုရင် ဘယ်လို ဖြစ်နေလဲ'လို့ အံ့ဩယူရတယ်။

ကျွန်တော်ကလည်း ကျွန်တော်ပဲ။

ရွာထဲ ဆွမ်းခံသွားရင်းလည်း ဆရာသမား ဆုံးမထားသလို ...ဆကိန္ဒြိယ္စက္ခုနှင့် မျက်လွှာချပြီး မသွားနိုင်ဘူး။ လူသံမို့ ကြားရင် ...အထူးသဖြင့် မိန်းကလေးအသံမို့ ကြားလိုက်ရရင် ကျိုးကန်းတောင်း ...မော့ကြည့်မိရှာမိတော့တာပဲ။ ကျွန်တော့်မှာ အသိခေါက်ခက် ...ဝင်နက်ဆိုသလို ဖြစ်နေပါတော့တယ်။

သီတင်းဝါလကျွတ်ပြီး အတော်ကြာအောင် ကျွန်တော် ချိတဲ့ ...တဲ့နှင့် စာဝါလည်း အခါရက်က နားလက်စ ဆက်နားနေလို့ ...ချိန်ပျက်။ အဖေက 'ကိုရင် လူထွက်ချင် ထွက်။ ရှေ့နှစ် အင်္ဂလိပ် ...ကျောင်း ပြန်တက်မှာဖြစ်ဖို့ နောက်မကျစေနှင့်' လို့ လာပြီး ကတိပေး...သွားတယ်။

ကျွန်တော်လည်း ဘာရယ်လို့ မဟုတ်ဘူး။ စိတ်တွေကလည်း ...နေတာမို့ အတော်ပဲ။ အဲသည်နှစ်က နွေဦးပေါက်မှာ ဦးပဉ္ဇင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုရော ဆရာတော်ဘုရားကိုပါ 'တပည့်တော်ကို လူထွက်ခွင့် ပြုပါတော့ဘုရား' လို့ သွားလျှောက်လိုက်ရတယ်။

ဆရာတော်ကရော ဦးပဥ္စင်းကြီးကပါ–

"လူ့ဘောင်ဆိုတာ အင်မတန်မှ ရှုပ်ထွေးပြီး အင်မတန်မှ ဒုက္ခတွေ များတယ်။ အေးချမ်းတဲ့လမ်း လိုက်ပါလား" ဆိုပြီး တရားပြ နားချ၊ မထွက်အောင် တားကြပါတယ်။

ကျွန်တော်က လောကီစာကို ဆယ်တန်းလောက် အောင်အောင် သင်ပါရစေဟုဆိုပြီး လျှောက်တော့ ဆရာတော်ကြီးကတော့ သတ္တဝါ တစ်ခု ကံတစ်ခုဆိုပြီး ထွက်ခွင့်ပြုပေမယ့်၊ ဦးပဥ္စင်းကြီးကတော့ တယ်ပြီး ခွင့်ပြုချင်ပုံမရဘူး။ 'ကိုရင် နော်။ လောကီမှာ ဒုက္ခတွေ တွေ့လာမှ သာသနာ့ဘောင် ဝင်လာချင်လို့ မလွယ်ဘူး' လို့ ပြောခဲ့ ပါသေးတယ်။

* * *

ဒီလိုနှင့်ပဲ ကျွန်တော် ခေါင်းတုံးကလေး မည်းစမှာ အင်္ဂလိပ် ကျောင်း ပြန်ရောက်ခဲ့တယ်။

အဲဒါဟာ ကျွန်တော့်ရဲ့ဘဝ အဆင်းလမ်းပါပဲ။ နေခြည် ကလေးကလည်း လင်းလို့။ မြက်ခင်းကလေးတွေကလည်း စိမ်းလို့။ အနိမ့်ပိုင်းက အဝေးတစ်နေရာဆီမှာ ရေကြည်စမ်းကလေးကလည်း နေခြည်မှာ တလက်လက်စီးလို့။ ကျွန်တော် တောင်ဆင်းလမ်း သီချင်းတကြော်ကြော်နှင့် ပျော်ပျော်ကြီး ဆင်းပြေးခဲ့ပါတယ်။

ကျွန်တော့်ဘဝလမ်းတစ်လျှောက်မှာလည်း ပုန်းညက်၊ စကား ချရား စံပယ်နံ့အပင်တွေကလည်း ပွင့်တချို့ ငုံတချို့ မွှေးလို့ ကြိုင် လို့ လှလို့။





မျက်လုံးဝိုင်းကလေးတွေ၊ ဆံရစ်ဆံတောက်ကလေးတွေ၊ စည်း ကြိုးနှင့် ကြက်တောင်ကလေးတွေ၊ ဗျာဆံပိုက် ဗျာဆံခါ မနိမ့် မမြင့် အခန့်အသင့်ကလေးတွေကလည်း ပေါပါဘိနှင့်။ ကျွန်တော် ပျော်ခဲ့ပါတယ်။

သူတို့နှင့် ကြုံတဲ့အခါ ယောကျ်ားဘသားလုပ်ပြီး ပန်းတက် ခူးပေးရတာကလည်း အမော။

ဒါပေမယ့် သိပ်ပျော်ပါတယ်။

ကျောင်းက ဦးပဥ္စင်းကြီး သင်ပေးလိုက်တဲ့ စာတွေကိုလည်း မအံတော့ဘူး။ အကြောင်းသင့်ရင် သင့်သလို တိုးတိုးတစ်လှည့် ကျယ်ကျယ်တစ်ခါ သီချင်းချည်း ဆိုနေတော့ ဦးပဥ္စင်းကြီး သင်ပေး လိုက်တဲ့စာတွေဟာ ကျောင်းကိုပဲ ပြန်သွားကြဟန်တူပါတယ်။

အဲသလို သီချင်းတကြော်ကြော်နှင့် ကျွန်တော် ပြေးဆင်းခဲ့ တဲ့လမ်းမှာ စိတ်တူကိုယ်တူ ချစ်စရာခင်စရာ မာတုဂါမကလေး တစ်ယောက်ကို တွေ့ရပါတယ်။

ကျွန်တော်က ရှင်လူထွက်၊ သူက ဆယ်ကျော်သက်။ စည်းကြိုး နှင့် ကြက်တောင် အဲသည့်အရွယ်ကစပြီး သည်ကလေးမနှင့် နီးနီး ကပ်ကပ် ထိတွေ့ဖို့ အခြေအနေပေးလာတဲ့အချိန်မှာတော့ ကျွန်တော့် ဘဝတစ်ခုလုံးဟာ အိပ်မက် မက်နေသလိုပါပဲ။

ညဥ့်တာကြီးကလည်း ဘယ်လောက် ရှည်ခဲ့မှန်းတောင် မသိ တော့ဘူး။ စိတ်ညစ်စရာတွေ ရင်ခုန်စရာတွေရော၊ ဘဝင်တုန်စရာတွေ ရော အမျိုးစုံပါပဲ။ ဇာတ်ကနေရသလိုလိုလည်း ဆိုနိုင်ပါရဲ့။

ကျွန်တော် ငိုတစ်ခါ ရယ်တစ်လှည့် အိပ်မက်မက်နေရာက တစ်ချိန်မှာတော့ ကျွန်တော့်ကိုယ် ကျွန်တော်တောင် မမှတ်မိအောင် ဖြစ်လို့ မှန်ထဲမှာ မနည်း ရုပ်ဖမ်းယူရပါတယ်။ ဆံပင်တွေကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြူလို့၊ သွားတွေကလည်း ကျိုးလို့၊ ပါးရေ နားရေတွေကလည်း တွန့်စပြုနေပြီလေ။

ကျွန်တော်သွားရာနောက်က တကောက်ကောက် ပါလာခဲ့ပြီး ကျွန်တော်နှင့်အတူ သီချင်းတွေ ဆိုလိုက်၊ ငိုလိုက် ရယ်လိုက်နှင့် လောကဓံအမျိုးမျိုးကို ဖြတ်ကျော်လာခဲ့တဲ့ စည်းကြိုးနှင့် ကြက်တောင်မကလေးဟာလည်း ကျွန်တော့်လိုပဲ သွားကျိုးပါးကျိုးနှင့် ဆံပင်တွေ ကြိုးကြားဖြူစ ပြုနေပြီဖြစ်တဲ့ အမယ်အိုကလေး။

အလို ဘုရား ဘုရား၊ ဒါ အိပ်မက် မက်နေတာလား။ အိပ်မက် မက်နေရာက လန့်နိုးလာတာလား။

ကြည့်ပါဦးလေ။

သူကလည်း သူငယ်ငယ်က သင်ခဲ့အံခဲ့ရတဲ့ ပရိတ်တို့၊ ဓမ္မစကြာတို့၊ ပဋ္ဌာန်းတို့ကို တတွတ်တွတ်ရွတ်လို့။ အိပ်မက်ဆိုးကြောင့် အန္တရာယ်ကင်းအောင် ဘေးရှင်းအောင်ထင်ပါရဲ့။

ကျွန်တော်ကလည်း ကျွန်တော် ကိုရင်ဘဝက သင်အံခဲ့ရတဲ့ စာတွေကို သွားကျိုးပါးကျိုးနှင့် ရွတ်လို့ ဟောလို့။ အနိစ္စသံ၊ ဒုက္ခသံ၊ အနတ္တသံတွေနှောပြီး မြည်တမ်းရင်း လာလမ်းကို ပြန်မျှော်ကြည့်နေမိပါတယ်။

ကျွန်တော်တို့ သီချင်းတကြော်ကြော်နှင့် ပျော်ပျော်ပါးပါး တစ်ယောက်ခါး တစ်ယောက် ဖက်၊ တစ်ယောက်လက် တစ်ယောက်ဆွဲပြီး လိမ့်ဆင်းလာခဲ့ကြတဲ့ ကန်စောင်းကြီးကို ထိပ်ရောက်အောင် ပြန်တက်ရမယ်ဆိုရင် အို အမြင့်ကြီးပါလား။ ကုန်းထိပ်ဆီက စေတီ ဖွေးဖွေးကလေးကိုတောင် ခပ်ရေးရေးပဲ မြင်ရတော့တယ်။ ဩော်၊ မျက်စိကလည်း မှုန်လို့ဝါးလို့ပါလား။





အဲဒီ ကုန်းထိပ်က စေတီဖြူဖြူကလေးဆီ ရောက်အောင်ဆိုရင် ဒီအသက်ဒီအရွယ် ဒီအမောမျိုးနှင့် တက်မှ တက်နိုင်ပါတော့မလား။

အင်း၊ ဓဇဂ်သုတ်ကို သုံးရက်နှင့်အရ ကျက်မှ ကျက်နိုင်ပါတော့မလား။

ရဟန်းဘောင် ဝင်ချင်တယ်ဆိုရင်ကော။ ရဟန်း ဒါယကာ၊ ရဟန်းအစ်မတွေက လိုလိုလားလား ရှိကြပါတော့မလား။

ကဲ- စည်းကြိုးနှင့် ကြက်တောင်မကလေးရေ။ အိပ်မက်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ထိပ် မရောက်ရင်သာ ရှိရမယ်။ ရောက်သလောက် အင်အားကလေးနှင့် တက်လိုက်ကြဦးစို့ကွယ်။ ငါ့ခါးကိုသာ မြဲမြဲဆွဲပြီး လိုက်ခဲ့ပေတော့။ အေး၊ လမ်းမှာ ခြေချော်ပြီး ပြန်လိမ့်ကျသွားအောင်တော့ သတိထားကွယ့်။ သတိကိုတော့ မလွတ်စေနှင့်နော်။ တို့ငယ်ငယ်ကတော့ အပျော်သဘောလို ပြေးဆင်းလိမ့်ချခဲ့ကြတာပဲ။ ဒါပေမယ့် အခုနေ ဒီတောင်စောင်းအတိုင်းများ လိမ့်ပြီးကျရင်ကတော့ ငယ်ငယ်တုန်းကလို ပျော်စရာတစ်မျိုးများ ဖြစ်လာလေးလို့တော့ မမျှော်လင့်လေနှင့်ကွယ်။ မမျှော်လင့်လေနှင့်။ မဖြစ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com

# ငါးပိလက်ဆောင်

## (၁)

ကျွန်တော် မြို့ထဲသို့ရောက်သည့်အခါ တစ်ခါတစ်ရံ ကျွန်တော့် မိတ်ဆွေ၏ အလုပ်တိုက်သို့ ဝင်၍ အပန်းဖြေလေ့ ရှိပါသည်။

သူ၏ အလုပ်တိုက်မှာ မြို့လယ်ခေါင်တွင်ရှိပြီး ကျဉ်းမြောင်း သော်လည်း အနေအထား အတော်ကောင်းပါသည်။ မျက်နှာစာဘက် တွင် မှန်သေတ္တာနှင့် ဆိုင်ငယ်တစ်ခု ဖန်းပြထားပြီး အတွင်းဘ ခပ်ကျကျတွင် သူ၏အလုပ်စားပွဲ၊ ထို့နောက်တွင်မှ အရေးကြီးသည့် အလုပ်ကိစ္စများ ဆွေးနွေးရာ ဧည့်ခန်းနှင့် အထပ်ခိုးနား၌ နားနေ ခန်းတို့ကို လေအေးစက် တပ်ထားသည်။

သူ၏ အလုပ်အမျိုးအမည်ကို ကျွန်တော် မပြောတတ် မျက်နှာစာဆိုင်ကလေးမှာ သိပ်ကြီးကျယ်သော လုပ်ငန်း၏ အသွင် အပြင် မဆောင်ပါ။ တောက်တိုမည်ရပစ္စည်းကလေးများသာ ဖြစ်ပါ သည်။

သို့ရာတွင် သူ့မှာတော့ ကြီးပွားချမ်းသာသော လက္ခဏာဆောင် ရှိပါသည်။ သူ အမြဲကိုင်သော လက်ဆွဲသေတ္တာငယ်တွင် အများအား





ဖြင့် ငွေစက္ကူများ အထပ်လိုက် တွေ့မြင်ရတတ်သည်။ မည်မျှရှိသည်ကို ကျွန်တော် မမှန်းတတ်။

သူ့အလုပ်စားပွဲပေါ်တွင် တယ်လီဖုန်းတစ်လုံး ရှိသည်။ အလုပ်တိုက်တွင် သူ့ကို အမြဲလိုလိုပင် တွေ့ရတတ်ပြီး အဝတ်အစား လည်း သစ်လွင်တောက်ပြောင်သည်။ အသုံးအဆောင်ပစ္စည်း အားလုံး အခံ့စားချည်း။

ကျွန်တော်နှင့် သိခဲ့သည်မှာတော့ ကြာပါပြီ။ ငယ်ပေါင်း မဟုတ်၍ သူ၏ဇာတိနှင့် မျိုးရိုးကို ကျွန်တော် မသိသော်လည်း သူချင်းကတော့ အတော်ရင်းနှီးသည် ဆိုရပါမည်။

ကျွန်တော် အစိုးရဌာနတစ်ခုတွင် လုပ်ကိုင်ခဲ့စဉ်က ကိစ္စတစ်ခု တွင် သူရောက်လာပြီး ကျွန်တော်က ကျွန်တော့်အထက်အရာရှိကြီး နှင့် ဆက်သွယ်ပေးရဖူးပါသည်။

သူက ကျေးဇူးတင်သဖြင့် ကျွန်တော့်အား တွေ့ရာမြင်ရာတွင် အတော်ရင်းဆွေရင်းသဘောထား၍ နှုတ်ဆက်ပါသည်။ အကျွေးအမွေး လုပ်လျှင် ကျွန်တော့်ကို ဖိတ်ပါသည်။

နောက် ကျွန်တော် အစိုးရအလုပ်မှ နုတ်ထွက်သောအခါ သူ သည် ကျွန်တော့်အား မိတ်ကောင်းတစ်ယောက်ပီသစွာ သူတတ်နိုင် သောအကူအညီများကို ပေးပါသည်။

သူသည် ရာထူးအာဏာနှင့် ဩဇာတိက္ကမကိုသာကြည့်၍ ပေါင်းသူ မဟုတ်။ လူကိုခင်၍ ပေါင်းသူဟု ကျွန်တော် နားလည်ရပါ သည်။

တစ်နေ့ ကျွန်တော် သူ့အလုပ်တိုက်သို့ ရောက်သွားတော့ သူ့စားပွဲတွင် အသက် ငါးဆယ်ကျော်ခန့် ရှိမည်ဟု ခန့်မှန်းရသော အမျိုးသမီးကြီးတစ်ယောက်ကို တွေ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးကြီးမှာ ခေတ်မီသော အဖိုးတန် အဝတ်အစားများ ဝတ်ဆင်ထားပြီး နှုတ်ခမ်း ဆိုးထားသည်။ စီးကရက်တစ်လိပ်ကို ဟန်ပါပါသောက်လျက် ရှိသည်။

ကျွန်တော်က ရုတ်တရက် သူ့စားပွဲရှိရာသို့ ဝင်မသွားသေးဘဲ ဆိုင်ရှေ့ရှိ သူ့တပည့်နှင့် ရပ်စကားပြောနေစဉ် သူက လှမ်းခေါ်ပါသည်။

ကျွန်တော်လည်း အားနာပါးနာပင် ထိုအမျိုးသမီးကြီး၏ဘေးက ကုလားထိုင်အလွတ်တွင် ဝင်ထိုင်လိုက်သည်။ သူက ကျွန်တော့်အား သူ့အမျိုးသမီးကြီးနှင့် မိတ်ဆက်ပေးပါသည်။

အပြန်အလှန် တွေ့ရတာ ဝမ်းသာကြပြီး မကြာမီပင် အမျိုးသမီးကြီးက 'ဒါဖြင့် ကျွန်မ ပြန်မယ်။ ကျွန်မ ရအောင်ရှာပေးပါ့မယ်။ နောက်နေ့မှ လာမယ်'ဟု နှုတ်ဆက်တော့–

ကျွန်တော့်မိတ်ဆွေက သူ၏လက်ဆွဲသေတ္တာထဲမှ ငွေစက္ကူတစ်ထပ် ယူပေးရင်း 'လာပါ မအေးစိန်၊ အချိန်မရွေး လာပါ။ ကျွန်တော် အများအားဖြင့်တော့ ဒီမှာ ရှိပါတယ်။ ကျွန်တော့်ကို မတွေ့လည်း ထိုင်စောင့်ပေါ့'ဟု ပြောပါသည်။

မအေးစိန်ဟု သူ ခေါ်ပြောသည့် အမျိုးသမီးကြီးက သူပေးသည့် ငွေစက္ကူများကို အမှတ်မထင်ပင် လှမ်းယူလိုက်ပြီး ရေတွက်မနေတော့ဘဲ သူ့လက်ပွေ့အိတ်ထဲသို့ အခေါက်လိုက် ထည့်၍ ပြန်ပိတ်ကာ ကျွန်တော့်ဘက်သို့ပါ လှည့်ပြုံးပြပြီး ထိုင်ရာမှထ၍ ထွက်သွားပါသည်။

မအေးစိန်သည် အသက်အရွယ် သိပ်မငယ်လှတော့သော်လည်း ဝတ်စားဆင်ပြင်ပုံမှာ နုနေသည်။ မျက်နှာကိုလည်း ခြယ်ထားသည်။ ပြောင်နေအောင် နုတ်ထားသည့် မျက်ခုံးကိုလည်း သေးသေးမျှင်မျှင် ရေးဆွဲထားသည်။ နှုတ်ခမ်းနီ ပန်းရောင် ဆိုးထားသည်။





ကိုယ်လုံးကိုယ်ထည် ပုံမပျက်သေးဟုဆိုရစေကာမူ သူ၏ အသားအရေမှာ လျော့ရဲစ ပြုနေပြီဖြစ်သည်။

ကျွန်တော်လည်း ထိုအမျိုးသမီး ထွက်သွားရာသို့ ငေးစိုက်ကြည့်နေမိသဖြင့် ကျွန်တော့်မိတ်ဆွေက 'ကြည့်လှချည်လား ဆရာ။ မအေးစိန်ကို သဘောကျနေပြီ ထင်တယ်'ဟု ရယ်သွမ်းသွေးလိုက်ပါသည်။

ကျွန်တော် သူ့ဘက်သို့ ပြန်လှည့်ပြီး ပြုံးရင်းက 'ဒီအရွယ်ကိုတော့ စိတ်မကူးသေးဘူးဗျာ။ တော်ကြာ ခရမ်းသီးပိန်နှင့် ဓားတုံးဆိုတာလို ဖြစ်နေမယ်။ ဒါ ခင်ဗျားအဆက်ဟောင်းလား'ဟု သူ့အား ပြန်၍ နောက်လိုက်ရသည်။

"ကျွန်တော်တို့မြို့က မိတ်ဟောင်းဆွေဟောင်းထဲကပေါ့။ မအေးစိန်က ငယ်ငယ်တုန်းက သိပ်လှတယ်ဗျာ။ အဲဒီတုန်းကသာ ခင်ဗျားတွေ့ရရင် ခင်ဗျားလည်း စိတ်ကူးချင်ကူးမိမှာ"

"မပြောတတ်ဘူး။ ကူးချင်လည်း ကူးမိမှာပဲ။ သူ့ရုပ်ရည်နှင့် သူ့မျက်လုံးကစားပုံမျိုးနှင့်ဆိုရင် ခင်ဗျားတို့ငယ်ငယ်ကလည်း မအေးစိန်ကို လိမ့်နေအောင် စွဲခဲ့ကြမှာပဲထင်တယ်"

ကျွန်တော့်မိတ်ဆွေက မရယ်ပါ။ သူ့မျက်နှာ ခပ်တည်တည်ဖြစ်သွားပြီး 'ရေးတတ်ရင် ဝတ္ထုတစ်ပုဒ်ပေါ့ဗျာ'ဟု ဆိုလိုက်ပါသည်။

ကျွန်တော့်အနောက်အပြောင်ကို သူ မတုံ့ပြန်ပုံထောက်သော် ကျွန်တော်ပြောတာ ဟုတ်နေလို့ဟု ကျွန်တော် ကောက်ချက်ချပြီး သူ့အား စိုက်ကြည့်နေလိုက်မှ သူက သူ့တပည့်တစ်ယောက်အား လှမ်းခေါ်ကာ လက်ဖက်ရည်နှင့်မုန့်များ အမှာခိုင်းလိုက်ပြီး ကျွန်တော့်အား ပြုံးပြကာ 'ခင်ဗျား ဒီနေ့ ဘယ်သွားစရာရှိသေးလဲ။ အေးအေးဆေးဆေးပဲ မဟုတ်လား'ဟု မေးပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



(၂)

"ကျွန်တော်တို့ငယ်ငယ်က မအေးစိန်တို့နှင့် အိမ်နီးချင်း နေခဲ့ရတယ်။ မိဘချင်းကတော့ မခင်ကြဘူး။

"ကျွန်တော့်မိဘများက အစိုးရအမှုထမ်းတွေ။ သူတို့က ရုပ်ရှင်ရုံ၊ ဇာတ်ရုံတို့မှာ မုန့်ရောင်းခဲ့တဲ့ ညဈေးသည်တွေမို့ မိဘချင်းက သာမန် မေးထူးခေါ်ပြောလောက်ပဲ။ သိပ် ရင်းရင်းနှီးနှီး မနေခဲ့ဘူး ထင်ပါတယ်။

"ကျွန်တော်တို့ကတော့ ကလေးဆိုတော့ လူတန်းစားရယ် ဘာရယ် နားမလည်ပါဘူး။

"မအေးစိန်က ကျွန်တော့်ထက် သုံးလေးနှစ် ကြီးတယ်ဗျ။

"သူက အပျိုပေါက်ကလေးဖြစ်တဲ့အရွယ်မှာ ကျွန်တော်က ဆယ့်တစ်နှစ် ဆယ့်နှစ်နှစ်သားလောက် ရှိမလား မပြောတတ်ဘူး။ ကလေးဆိုတော့ အိမ်ကလည်း ကျွန်တော် ဘယ်မှာနေနေ သိပ် အကန့်အသတ်မရှိဘူး ထင်ပါတယ်။

"ကျွန်တော်ကလည်း များသောအားဖြင့် မအေးစိန်နှင့် သွားနေတယ်။ နီးနီးကပ်ကပ်လည်း နေတယ်။ လက်ပွန်းတတီးလည်း ရှိတယ်။



"ကျွန်တော် အမှတ်မိဆုံးကတော့ မအေးစိန်တို့အိမ်ဝိုင်းထဲက ဘာပင်မှန်းတော့ မမှတ်မိဘူး။ သစ်ပင်ခပ်အုပ်အုပ် ခပ်မြင့်မြင့်မှာ မြေကြီးကနေ ဆယ်ပေလောက်မြင့်တဲ့ ကိုင်းက ဆွဲချထားတဲ့ ဒန်းကြီးပေါ်မှာ နှစ်ယောက်သား တစ်ယောက်ခါး တစ်ယောက်ဖက်ပြီး အမြင့်ကြီး လွှဲလွှဲပြီး စီးရတာကိုပဲဗျ။ ရင်ထဲမှာ အေးခနဲ အေးခနဲ။ ကျွန်တော် သိပ်ပျော်တာပဲဗျာ။

"နောက် ကျွန်တော် တခြားတစ်မြို့ကို သွားပြီး ကျောင်းနေရတယ်ဆိုတော့ ကျွန်တော် မသွားချင်လို့ ငိုတယ်။ အမှန်က ကျွန်တော် မအေးစိန်နှင့် ခွဲပြီး မသွားချင်တာ။ ကျွန်တော်က အဲဒီတော့ တစ်ဆယ့်သုံးလေးနှစ်သား။

"အဖေက မသွားလို့ မဖြစ်ဘူး။ ဒီမှာ အင်္ဂလိပ်စာသင်တဲ့ ကျောင်း မရှိဘူး။ မင်း ဒီအရွယ်မှာမှ အင်္ဂလိပ်ကျောင်း မနေရင် နောက်က ကြီးပြီး အတန်းမရရင် ခက်လိမ့်မယ်ဆိုပြီး ဖွတ်ပို့တော့ ကျွန်တော်လည်း ငိုငိုယိုယိုနှင့် မြို့ကထွက်ခဲ့ရတယ်။

"မထွက်ခင်တစ်ညမှာ ကျွန်တော် မအေးစိန်ကို သွားနှုတ်ဆက်ပြီး တစ်ယောက်တစ်ယောက် ဖက်ပြီးငိုခဲ့သေးတယ်။ အဲဒီသစ်ပင်အောက်က ဒန်းပေါ်မှာပေါ့။ မိုးချုပ်လို့ အိမ်က လိုက်ခေါ်မှ ကျွန်တော် ပြန်ခဲ့တယ်။

"ကျွန်တော့်ရင်ထဲမှာတော့ တလှပ်လှပ်ပဲ။

"ကျွန်တော် ကျောင်းပိတ်လို့ အိမ်တစ်ခေါက် ပြန်လာတဲ့ အချိန်မှာတော့ မအေးစိန် သူ့အိမ်မှာ မရှိဘူး။ မန္တလေးက သူတို့ ဦးလေးကြီးတစ်ယောက်က ခေါ်သွားတယ်လို့ ဆိုတယ်။

"သူတို့ဦးကြီးက အငြိမ့်ထောင် ဆရာကြီးဆိုလား။ နောက်တော့ ဒီလိုနှင့်ပဲ ကျွန်တော်လည်း မေ့မေ့ပျောက်ပျောက် ဖြစ်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်ခေါက် ကျောင်းပိတ်လို့ ပြန်တော့လည်း မအေးစိန်ကို မတွေ့ရတော့ဘူး။ ဘာသတင်းမှလည်း မကြားရတော့ဘူး။

"နောက်တော့တစ်ခါ ကျွန်တော်လည်း လူပျိုပေါက်ကလေး ဖြစ်လို့ ဆယ်တန်းရောက်တဲ့နှစ်က ကျွန်တော်တို့ရဲ့ ကျောင်းဘောလုံး အသင်းက မြို့မ အသင်းနဲ့ ဗိုလ်လုပွဲမှာ ဒိုင်းဆုရလို့ အဲဒီအောင်ပွဲကို အကြောင်းပြုပြီး အငြိမ့်တွေဘာတွေနှင့် အထိမ်းအမှတ်လုပ်တော့ မန္တလေးက အငြိမ့်အဖွဲ့တစ်ခုကို ငှားရာက မအေးစိန်က လက်ထောက် မင်းသမီးအဖြစ် ပါလာတာကို တွေ့ရတယ်။

"ကျွန်တော်ကလည်း ညှိခံတဲ့အဖွဲ့ထဲမှာပါတော့ အဲဒီမှာ မအေးစိန်နှင့် ကျွန်တော် ငယ်ငယ်ကအကြောင်းတွေ ပြန်ပြောရင်းနှင့် အတော်ကလေး ရင်းရင်းနှီးနှီးဖြစ်သွားပြန်တယ်။

"မအေးစိန်ရဲ့ ဦးကြီးဆိုတဲ့ အငြိမ့်ထောင်ဆရာကြီးကလည်း ပါလာတော့ သူနှင့်လည်း မိတ်ဆက်ပေးတယ်။

"သူကလည်း ခင်ခင်မင်မင်ပါပဲ။ မန္တလေးရောက်ရင် သူ့အိမ် ဝင်ပါဆိုပြီး ဖိတ်ခေါ်တယ်။

"ဒါနှင့် သူတို့အဖွဲ့ပြန်တဲ့နေ့က ကျွန်တော် ဘူတာအထိ လိုက်ပို့ပြီး နှုတ်ဆက်တော့ မအေးစိန်က မန္တလေးကို လာခဲ့ဦးနော် ခပ်တိုးတိုး မှာသွားတယ်။

"အစောဆုံးအခါအခွင့်မှာ ကျွန်တော် မန္တလေးလိုက်သွားတော့ အစမှာ မအေးစိန်ရဲ့ဦးကြီးက မမှတ်မိသလိုဖြစ်နေပြီး မအေးစိန်က ပြန်ပြောပြတော့မှ မှတ်မိသွားဟန် တူပါတယ်။

"လက်ဖက်ရည်တွေဘာတွေ ဝယ်တိုက်တယ်။ ဘယ်မှာ တည်းသလဲလို့ မေးတယ်။ ဘယ်တော့ပြန်မလဲလို့ မေးတယ်။ အပြင်တော့ ဘာမှ သိပ်ပြီး ရင်းနှီးဖော်ရွေတဲ့အမူအရာ မရှိပါဘူး





"ကျွန်တော် နှုတ်ဆက်ပြီး ပြန်ထွက်လာမှ ဝင်းပေါက် အပြင်ဘက်ဝအထိ လိုက်ပို့နှုတ်ဆက်တဲ့ မအေးစိန်နှင့် တစ်နေရာမှာ တွေ့ကြဖို့ ချိန်းခဲ့ရတယ်။

"သူနှင့်ကျွန်တော် ချိန်းပြီး နှစ်ယောက်တည်း စက်ဘီးတစ်စီးနှင့် မန္တလေးတောင်တို့၊ မဟာမြတ်မုနိဘုရားကြီးတို့ အနှံ့ လျှောက်လည်ခဲ့ကြပေမယ့် အချိန်သိပ်ကြာကြာကြီး မနေရလို့ ကျွန်တော့်မှာ သူနှင့်တွေ့နေရတဲ့အချိန်မှာ ပျော်တာကလွဲပြီး ဘာမှ စိတ်ကူးမရခဲ့သလိုပါပဲ။ ချစ်တယ် ကြိုက်တယ်ဆိုတာမျိုးကို တစ်ခါမှ မပြောခဲ့မိဘူး ထင်ပါတယ်။

"လူပြတ်တဲ့နေရာတွေမှာ ကျွန်တော် စိတ်လှုပ်ရှားနေပေမယ့် သူ့စိတ်မှာ ဘယ်လိုရှိတယ်ဆိုတာ မသိရတဲ့အတွက် ဘယ်လိုမှ ဖော်ထုတ်ခဲ့ပါဘူး။

"သူ့မှာလည်း ကျွန်တော့်ကို ငယ်ငယ်က ခင်မင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ကို ဟိုဟိုဒီဒီ လိုက်ပို့နေသလိုကလွဲလို့ ဘယ်လိုအမူအရာမှ မပေါ်လွင်တဲ့အတွက် ဒီလိုနှင့်ပဲ သူနှင့် နှစ်ရက်သာက် မန္တလေးမြို့တွင်းမြို့ပြင်အနှံ့ ရောက်ခဲ့ပေမယ့် ကျွန်တော်အပြန် ရထားပေါ်ရောက်မှ ကျွန်တော် တစ်ခုခု မပြောပြမိတာကို သတိရတယ်။ 'မအေးစိန်၊ ခင်ဗျားကို ကျွန်တော် သိပ်ချစ်တာပဲ' ဆိုတာလောက်ကလေးတောင် မပြောခဲ့မိတာကို ကိုယ့်ဟာကိုယ် အပြစ်တင်ခဲ့မိတယ်။

"အဲသလို ကျွန်တော် မအေးစိန်နှင့် လည်တာကို ကျွန်တော် တည်းတဲ့အိမ်က ကျွန်တော့်သူငယ်ချင်းက သူ့စက်ဘီး ကျွန်တော့်ကို ငှားပြီး အငြိမ့်သမကလေးတစ်ယောက်နှင့် နှစ်ရက်လောက် တစ်ရက်ကို နာရီကျော်ကျော် လျှောက်လည်ခဲ့တယ်လို့ သာမန်နားလည်ပြီး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအငြိမ့်မင်းသမီးဟာ ခုနက ခင်ဗျား ပြောသလို ကျွန်တော့်အဆက် ပေါ့ဗျာ။ သူက ကျွန်တော့်ကို ဘာမှ မေးလားမြန်းလား သိပ်မလုပ် ပါဘူး။

"ဒါပေမယ့် သူက သူငယ်ချင်းကောင်းရဲ့ ဝတ္တရား အတိုင်း အဲဒီကောင်မကလေးရဲ့ သွားလာလှုပ်ရှားပုံကို ကျွန်တော့်ဆီ စာရေးနေ နေတယ်။ ကောင်မကလေးက ရုပ်ရည်ချောသလောက် ရည်းစားများ တဲ့အကြောင်း သူက နောက်သလိုလိုရေးလိုက်တော့ ကျွန်တော့်မှာ ခင်ဗျားပြောသလို လိမ့်နေတာပေါ့ဗျာ။

"မန္တလေးကပြန်လာပြီး ကျွန်တော့်မှာ အဲသလို စိတ်အနှောင့် အယှက်ဖြစ်စရာ သတင်းရလို့ နောက်တစ်ခေါက် ကျွန်တော် လိုက် သွားသေးတယ်။

"ဒီတစ်ခါတော့ ဘယ်လိုဖြစ်ဖြစ် ပြောခဲ့တော့မယ်။ အချို သာရင် အပိုင်ကြံလိုက်တော့မယ်။ ဖြစ်ချင်ရာဖြစ် ဆိုပြီး စိတ်ကူးထား ခဲ့တာပဲ။

"ဒါပေမယ့် အဲဒီအခေါက်က ကျွန်တော် မအေးစိန်ကို မတွေ့ခဲ့ရဘူး။ ရောဝတီမြစ်ရိုးက မြို့နှစ်မြို့သုံးမြို့မှာ ပွဲငှားသူရှိလို့ ဆက်တိုက် ဆယ်ရက်ကျော်ကျော် ခရီးထွက်သွားတယ်လို့ပဲ သိ ရတယ်။

"ကျွန်တော့်မှာ ကျောင်းကရော အိမ်ကပါ မသိအောင် လစ်ခဲ့ရတာဆိုတော့ အဲဒီလောက် ကြာကြာမစောင့်နိုင်လို့လည်း အိမ်က သူငယ်ချင်းကိုပဲ ဖွင့်ဟတိုင်ပင်ပြီး သူနှင့်ပဲ စာတစ်စောင် ရေးသားခဲ့တယ်။

"သူငယ်ချင်းကလည်း သူတတ်နိုင်သလောက် ကူညီမယ်လို့ ဝန်ခံပါတယ်။





"ကျွန်တော် မန္တလေးကပြန်လာပြီး စိတ်ထဲမှာလည်း မတောင့် မကျနှင့် စာမေးပွဲကလည်း နီး၊ စာလည်း ဟုတ်တိပတ်တိ မကျက်နိုင် ဘဲ မန္တလေးကို နောက်တစ်ခေါက် ထပ်သွားဖို့သာ စိတ်ကူးနေတော့ ကျွန်တော် စိတ်လေနေတာကို ကျောင်းကသိပြီး ကျွန်တော့်အိမ်ကို အကြောင်းကြားဟန် တူပါတယ်။ အမေလိုက်လာပြီး ကျွန်တော့်ကို ဆုံးမတယ်။

"ပတ်ဝန်းကျင်က ပြောကြလို့ အမေလည်း သိတန်သလောက် သိထားဟန်တူပါတယ်။ ကျောင်းနေတုန်းမှာ စာကလွဲလို့ တခြား ဘာမှ စိတ်မကူးဖို့ အမျိုးမျိုးပြောတယ်။

"ပြီးတော့ မအေးစိန်ရဲ့ မိဘဆွေမျိုးတွေက သဘင်သည်တွေ ဖြစ်ကြတဲ့အတွက် သဘင်သည်နှင့် အရပ်သား ရောနှောလို့ သိပ် ကောင်းတဲ့အကြောင်း၊ သဘင်သည်နှင့် အရပ်သား ရောနှော တော်သက်မိကြရင် နှစ်ဘက်စလုံးမှာ နစ်နာပျက်စီးတတ်ကြောင်းတို့ ဆိုလည်း ပြောပါတယ်။

"အမေ ပြောလို့သာ မျက်လွှာချပြီး ဟုတ်ကဲ့ ဟုတ်ကဲ့နှင့် လုပ်နေရပေမယ့် အမေ့စကား တစ်လုံးမှ ကျွန်တော့်နားထဲကို ဝင် တယ် မထင်ပါဘူး။ ကျွန်တော်ဟာ တစ်ချိန်လုံး မအေးစိန်ကိုပဲ သတိရနေတယ်။ ဘယ်သူတွေ ဘာပြောပြော မယုံခဲ့ပါဘူး။

"ဒီအတွင်း မန္တလေးက ကျွန်တော့်သူငယ်ချင်းနှင့် ကျွန်တော် ရေးခဲ့တဲ့စာကို မမြစိန်ရဲ့လက်ထဲ ရောက်အောင် ပေးဖြစ်သလား၊ မပေးဖြစ်ဘူးလားဆိုတာ ဘာမှမသိရတော့ ကျွန်တော့်စိတ်ထဲမှာတော့ အမျိုးမျိုးပေါ့ဗျာ။ တစ်နေ့နေ့ မအေးစိန်ဆီက စာများ ပြန်လာလေ မလားလား။ ကျွန်တော့်သူငယ်ချင်းကဖြစ်ဖြစ်၊ မအေးစိန်ကဖြစ်ဖြစ် ကျွန်တော့်ကို မန္တလေး လိုက်လာခဲ့ပါလို့ စာရေးပြီး ခေါ်လေမည်လား။



www.burmeseclassic.com

www.burmeseclassic.com



"တမျှော်မျှော်ပေါ့လေ။ တကယ်က ဘာမှလည်း ပီပီသသ မဟုတ်ဘူး။

"တကယ်ဗျာ။ အဲသလို အခြေအနေမှာ ကျွန်တော့်သူငယ်ချင်းဆီက မအေးစိန် ရာဇဝတ်အုပ်ကလေးတစ်ယောက်နှင့် ကြိုက်နေကြတယ်ဆိုတဲ့အကြောင်း စာတစ်စောင် ရောက်လာတယ်။

"ကျွန်တော် စာမေးပွဲက သိပ်ကပ်နေတော့ ဘာမှမလှုပ်သာဘူး။ ဆရာတွေကရော ကျွန်တော့်အဒေါ်တွေကပါ အလစ်ကို မပေးကြဘူး။

"အိမ်က အထွက်၊ ကျောင်းအဝင်တွင်မက မီးရထားဘူတာအဝေးပြေးကားဂိတ်အထိ အစောင့်တွေနှင့် ထားတော့ ကျွန်တော် မန္တလေးကို မရောက်နိုင်ခဲ့တော့ဘူး။

"နောက် မအေးစိန်ဟာ အဲဒီရာဇဝတ်အုပ်ကလေးနှင့် ခိုးရာလိုက်ပြေးသွားပြီ။ သူ့အိမ်ကလည်း သဘောမတူလို့ မအေးစိန် အဝတ်တစ်ထည် ကိုယ်တစ်ခုနှင့် ထွက် လိုက်ပြေးရတယ်ဆိုတဲ့သတင်း ကျွန်တော့်ဆီရောက်လာတော့ ကျွန်တော့်မှာ အတော်ကို စိတ်ဆင်းရဲရတယ်။

"ဟိုခေတ်က ရာဇဝတ်အုပ်ဆိုတဲ့ လူမျိုးဟာ အတော်အတန်အဆင့်အတန်းရှိတဲ့လူမျိုး။ အဲဒီခေတ် အတိုင်းအတာအရဆိုရင် အလားအလာ အလွန်ကောင်းတဲ့လူမျိုး။

"သူ့အိမ်က ဘာဖြစ်လို့ သဘောမတူပါလိမ့်လို့ ကျွန်တော် ဝိုးတဝါးတွေးမိပေမယ့် အိမ်ကသဘောမတူတဲ့လူနှင့် မအေးစိန် ဘာဖြစ်လို့ လိုက်သွားရသလဲဆိုတာကို ပိုပြီး ဒေါသဖြစ်ရတာ ထင်ပါတယ်။

"သူကြိုက်လို့ လိုက်တာဖြစ်မှာပေါ့ဆိုတဲ့ အကြောင်းပြချက်ကို တွေးမိရင် ကျွန်တော့်ရင်ထဲမှာ နာကျင်သွားတယ်။ မအေးစိန်





ဟာ ဒီရာဇဝတ်အုပ်ဆိုတဲ့လူကို ကြိုက်တယ်ဆိုတာကအစ ကျွန်တော် လက်မခံနိုင်ပေမယ့် ကျွန်တော်နှင့် ဘာတစ်ခုမှ မည်မည်ရရ မဟုတ်တော့ သူ ကျွန်တော့်အပေါ် သစ္စာဖောက်သွားတယ်လို့တော့ မစွပ်စွဲသာဘူးပေါ့ဗျာ။

"ဒါနှင့် ကျွန်တော်လည်း ကိုယ့်စိတ်ကိုယ် ဖြေပါတယ်။ ဒါပေမယ့် အဲဒီနှစ်က ကျွန်တော် စာမေးပွဲကျတယ်။

"ဒါတင် မကဘူး။ ကျွန်တော် စိတ်တွေလေပြီး အရက်ကိုလည်း တွေ့ရာမှာ သောက်တတ်ခဲ့တယ်။ စီးကရက်ကိုလည်း ဆက်က မချ၊ တရစပ် သောက်တတ်လာတယ်။

"အဲသလိုဖြစ်ပြီး ကျောင်းလည်း ဆက်မနေတော့ဘူး။ အိမ်ကလည်း ထွက်ခဲ့ပြီး တွေ့ရာမှာ အပေါင်းအသင်းနှင့် နေတော့တာပဲ။

"အနေအများဆုံးကတော့ မန္တလေးက သူဌေးသား သစ်ကုန်သည်တစ်ယောက်ရဲ့ သစ်စက်ဝင်းထဲမှာ ဆိုပါတော့။ အဲဒီလူက အရက်ကိုလည်း မိုးလင်းအောင် သောက်၊ မိန်းမတွေလည်း မှိုလိုပေါက်အောင် ယူ၊ အတည်အတံ့ သားမယားရှိပေမယ့် သူကတော့ အပေါင်းအသင်းမျိုးစုံ၊ မိန်းမမျိုးစုံနှင့် အဲဒီသစ်စက်ထဲက သူ့ဗိုလ်တဲ အိမ်မှာ နေများတယ်။

"အဲ အဲဒီလူရဲ့ သစ်စက်ထဲကအိမ်မှာ သွားနေရင်း ကျွန်တော်လည်း သူ့အပေါင်းအသင်းတွေနှင့် သူနေသလို ပျော်ပျော်နေရင်း လုပ်ငန်းကလေးဘာကလေး စခဲ့ရတယ်။ လုပ်ငန်းကိုလည်း ခေတ်အလျောက် ပေါ်ပင်လုပ်ငန်းအမျိုးမျိုးပေါ့ဗျာ"

"ကျွန်တော့်မိတ်ဆွေက ကျွန်တော့်ကို အလုပ်လုပ်တတ်အောင် သင်ပေးတယ်။ 'ဟောဒီ လောကကြီးထဲမှာ ကိုယ်လိုချင်တာကို ချင်ရင် သူလိုချင်တာ ပေးကွ။ ရတာချည်းပဲ'လို့ ဆိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုတတ်နိုင်တဲ့လူဆီက ကိုယ်က တစ်ခုခု လိုချင်ပြီ ဆိုရင် သူ ဘာလိုချင်သလဲဆိုတာ ကြည့် ရှာပေးရုံပဲ။ ကိုယ်လိုချင် တာလည်း ရတာချည်းပဲ။ ဒီနည်းသိထားတော့ လုပ်ရကိုင်ရ လွယ် လာတယ်။

"အဲ၊ အဲသလို လုပ်ငန်းဆိုင်ရာ နတ်ဒေဝါများကို တင်မြှောက် ပသရင်း အသုံးတော်ခံရင်းနှင့် ကျွန်တော်လည်း လောကစုံကို ဝင်ခဲ့ရတယ်။ နတ်ပြည်ကိုလည်း ရောက်ခဲ့ရတယ်။ ငရဲပြည်မှာလည်း ကျင်လည်ခဲ့ရပေါ့ဗျာ။

"ဆိုက်ကားသမားနှင့် ဆိုလည်း ပေးပေါင်းရတာပဲ။ တက္ကစီ သမားနှင့်လည်း ပေးပေါင်းရတာပဲ။ တစ်ခုခု လုပ်ပေးနိုင်တဲ့ ပုဂ္ဂိုလ် များနှင့်လည်း သူတို့လိုချင်တာ ပေးပြီး ပေါင်းရပြန်တာပဲ။

"အဲသလို လောကစုံ၊ အလွှာစုံနှင့် ဝင်ဆံ့လာတဲ့အခါကျတော့ ကိုယ်က ဘာမှ သိပ် အပင်ပန်းခံမနေရတော့ဘူးဗျာ။ ဘာလိုချင်ရင် ဘယ်သူ့ဆီ သွား၊ ဘာပေးလိုက်ဆိုတာ ထိုင်ပြီး စီမံပေးနေရုံပဲ။

"တယ်လီဖုန်းတစ်လုံး ရှိတယ်။ ဟောဒီစားပွဲ လာထိုင်ပြီး ကျားရွှေ့သလို တယ်လီဖုန်းနှင့် ရွှေ့ပေးနေရုံပဲ။ အလုပ်က လည်ပတ်ပြီး ဒင်နာကလေး ဘာကလေး ပေးစရာရှိတော့ အိတ်ထဲကို ငွေများများ ထည့်ပြီး သွားရတာပေါ့လေ။

"ကျွန်တော့်ကိုယ် ကျွန်တော် လူကောင်းလို့ မပြောပါဘူး။ ကျွန်တော့်အလုပ်မျိုး ဘုရားဒကာ၊ ကျောင်းဒကာလုပ်လို့ မဖြစ်ပါဘူး။

"ကြံရာမှာ ကြံသလိုလုပ်ရတာဆိုတော့ ကောင်းတာလည်း ရှိ၊ မကောင်းတာလည်း ရှိပေါ့။

"အခုလည်း လုပ်ငန်းကလေး တစ်ခုအတွက် အသုံးချ လိုတဲ့ ပစ္စည်းတစ်ခုရှာရင်း တယ်လီဖုန်းနှင့် ဆက်သွယ်လိုက်တော့





နောက်ဆုံး အဆက်အသွယ်က ပစ္စည်းရှင်ကိုယ်တိုင် လာတွေ့ပါလိမ့် မယ်ဆိုလို့ ထိုင်စောင့်နေတာ။

"ရောက်လာတော့ သူ။ အင်း ခုတော့လည်း တစ်မျိုးပေါ့လေ။

"တကယ်ဗျာ။ ဘယ်လိုကံက ဖန်တီးလိုက်တယ် မသိဘူး။ ကျွန်တော့်ဆီကို ဆိုက်ဆိုက်မြိုက်မြိုက် သူရောက်လာတော့ အစမှာ ကျွန်တော်ကလည်း မမှတ်မိပါဘူး။ သူကလည်း မှတ်မိဟန် မတူ ပါဘူး။

"ဝင်လာလို့ ဘယ်သူဘယ်ဝါက လွှတ်လိုက်တာပါလို့ မိတ် ဆက်ပြီး ထိုင်စကားပြောကြတော့မှ ရုပ်ရောအသံရော ဖမ်းမိသလိုလို ဖြစ်လာတာ။ မတွေ့ကြတာကလည်း နှစ်ပေါင်းများစွာ ကြာနေတော့ ရုတ်တရက်ဆို ကျွန်တော် မေးတောင် မမေးရဲပါဘူး။

"သူက သူ့ကိုယ်သူ မိတ်ဆက်တုန်းက 'ကျွန်မ မအေးစိန်ပါ' လို့ ပြောထားတာ သတိရလို့ ကျွန်တော်လည်း သေချာမှ 'ကျွန်တော့် ကို မမှတ်မိဘူးလား။ မအေးစိန်' လို့မေးပြီး ကျွန်တော် ဘယ်သူဘယ်ဝါ ပါလို့ ပြောပြရတယ်။ ဒါတောင် အစ သူ မမှတ်မိသလို ကြောင် အမ်းအမ်း ဖြစ်နေသေးတယ်။

"ကျွန်တော်က ရှေးဟောင်းနှောင်းဖြစ်ကလေးတွေ ပြန်ပြော ပြီး ခင်မင်ရင်းနှီးဟန်ပြမှ သူလည်း ပြန်ပြီး ရောနှောလာတာ။ ဒီတော့မှ သူ ကျွန်တော်နှင့် ကွဲသွားတဲ့နောက်ပိုင်း ဖြစ်ရပ်တွေကို ရင်းရင်းနှီးနှီး ပြန်ပြောတာဗျ။

"သူ ရာဇဝတ်အုပ်တစ်ယောက်နှင့် ခိုးရာလိုက်ပြေးတော့ အဲဒီရာဇဝတ်အုပ်က သားကြီးမယားကြီးနှင့် အင်မတန်မြှာပွေ့သူမို့ သူ့အိမ်က သဘောမတူတာ။ သူ့ကိုလည်း မထင်မရှား အငယ် အနှောင်းအဖြစ်ထားပြီး နောက်ပိုင်း မှန်မှန်လည်း မလာ၊ စရိတ်လည်း မထောက်လို့ သူ ဒုက္ခရောက်ရပုံနှင့် သူ့ဦးကြီးအိမ်လည်း မပြန်ဝံ့၊



www.burmeseclassic.com

www.burmeseclassic.com



အမေ့အိမ်လည်း မပြန်ချင်ဖြစ်ပြီး ဖြစ်ရာဘဝမှာ ကြုံသလို ကျင်လည်ခဲ့ရတာတို့ကို နတ်သံနှောပြီး ပြောပြပါတယ်။

"နောက် မှောင်ခိုလောကထဲက လူမျိုးခြားတစ်ယောက်က သူ့ကို စောင့်ရှောက်ပြီး လုပ်ငန်းကြီးတွေအထိ လုပ်ခဲ့ရပုံ၊ လက်ဖျားငွေသီးခဲ့ရပုံတွေကိုလည်း ပြောပြတယ်။

"ကျွန်တော်ကလည်း သူ့လိုပဲ အလုပ်မျိုးစုံနှင့် ဘဝမျိုးစုံမှာ ကျင်လည်ခဲ့ရတဲ့အကြောင်း ပြောပြလို့ လူချင်းက ပြန်ပြီး ရင်းနှီးသွားတယ်ဆိုပါတော့။

"အခု သူ့ကို စောင့်ရှောက်နေတဲ့ လူမျိုးခြားဆိုတာ သေသွားပေမယ့် လုပ်ငန်းက သူ့လက်ထဲမှာဆိုတော့ ကောင်းကောင်းမကောင်းကောင်း ဆက်လုပ်နေရတဲ့အကြောင်းလည်း ပြောပြတယ်။ လောကကြီးဟာ ကောင်းတာ မဟုတ်ဘူး။ ဘယ်မှာမှ မကောင်းပါဘူး။ ဘယ်သူမှ မကောင်းဘူးလို့လည်း ပြောသွားတယ်။

"သူ့ပြောပုံ ကြည့်ရတာတော့ သူလည်း ဘဝ အထုအထောင်းအတော်ကလေး နာခဲ့ရပုံပါပဲ။ တစ်ချိန်က သူ ငွေကို ရေလို သုံးခဲ့ပေမယ့် အခုတော့ အတော်ကလေး ရှားရှားပါးပါး ဖြစ်နေဟန် တူပါတယ်။

"ဒါပေမယ့် ကျွန်တော်လိုချင်တဲ့ ပစ္စည်းကိုတော့ သူ ရအောင် ရှာပေးပါ့မယ်လို့ ပြောသွားပါတယ်"

"ဒါထက် နေပါဦးဗျ။ သူ့ဆီက ခင်ဗျားလိုချင်နေတယ်ဆိုတဲ့ ပစ္စည်းက ဘာပစ္စည်းမို့လို့လဲ"

"ငါးပိပါ"

"ဗျာ။ ငါးပိ"

"ဟုတ်တယ်။ ငါးပိ။ ကျွန်တော်က ဆရာသမားကြီးတစ်ယောက်ကို လက်ဆောင်ပေးဖို့ ငါးပိ သန့်သန့်မွှေးမွှေး နနကလေး ရှာနေတာ။ အဲဒီပစ္စည်းမျိုးက သူ့ဆီမှာမှ ရနိုင်တာမို့"





"ကြဲကြဲဖန်ဖန်ဗျာ။ ငါးပိများ ဒါလောက် ခဲခဲယဉ်းယဉ်း ရှာရသလား။ ခင်ဗျားဥစ္စာ မဟုတ်သေးပါဘူး"

"ဩော်၊ ငါးပိဆိုပေမယ့် ဈေးထဲရောင်းတာမျိုးတော့ ဘယ်ဟုတ်မလဲဗျ။ တကယ်ကောင်းတဲ့ ငါးပိဆိုတာကတော့ အဲသလို လက်သိပ်ထိုး ရောင်းရဝယ်ရတာ။ လူကြီးဆိုတာမျိုးက မကောင်းရင် စားဘူးဗျ။ သူတို့အကြိုက်ကို ရအောင်ရှာပေးရတာ"

"မဟုတ်သေးပါဘူးဗျ။ ခင်ဗျားက ငါးပိပွဲစားမို့ ငါးပိအကောင်းစား ကြိုက်တတ်တဲ့လူကို ငါးပိကောင်းကောင်း ရှားပေးရတာဆိုရင် ထားပါတော့"

"အေး၊ ကျုပ်က ငါးပိပွဲစားမဟုတ်လို့ ငါးပိကြိုက်တဲ့လူကို ငါးပိကောင်းကောင်း ရှာမပေးနိုင်ရင် အဲဒီလူဆီက ကျွန်တော့်အလုပ်တာ မပြီးတော့ဘူးပေါ့ဗျာ။ ငါးပိဆိုတာကတော့ လူတိုင်းကြိုက်တဲ့ဟာပဲဗျာ။ ခင်ဗျားကော ငါးပိကောင်းကောင်း မကြိုက်ဘူးလား။ လိုချင်ရင် ပြောဗျ။ အဆက်အသွယ် ရနေပြီပဲ။ ကျွန်တော် မှာပေးမယ်။ တကယ်ပြောတာ ကိုယ့်လူ။ လိုချင်ရင် တစ်ခါတည်း ပါလိုက်လို့ရတယ်။ ပြော ပြော။ အားမနာနှင့်။ ဈေးတော့ နည်းနည်းကြီးမလား မပြောတတ်ဘူး။ ယူမလား"

ကိုယ့်လူက ခပ်တည်တည်ကြီး ပြောနေသောကြောင့် ကျွန်တော့်မှာ မတင်မကျနှင့်ပင် 'ဩော်၊ သူတို့ဆရာသမားကြီးများကို မျက်နှာလုပ်ရတာတွေထဲမှာ ငါးပိကလည်း လက်ဆောင်မွန် တစ်မျိုးပါလား'ဟု မှတ်သားခဲ့ရပါကြောင်း။

www.burmeseclassic.com

www.burmeseclassic.com

# နှမလက်လျှော့ နေလေတော့

ဖိုးမောင် သူ့ဟာသူ လူပျိုကြီးလုပ်နေရတာ အငြိမ်းချမ်းသား ဘာမှ ပူပန်စရာ ကြောင့်ကြစရာရယ်လို့ မရှိသလောက် နေ့စဉ် နံနက် စောစောထ၊ ကျောင်းဝင်းထဲ အမှိုက်သရိုက်ကလေး ဘာကလေး လှဲကျင်းပြီး ရေတွင်းက ရေခပ်၊ မျက်နှာသစ်။

ပြီးတော့ ရေအိုးစင်က သောက်ရေအိုးတွေ ကြည့်။ ရေလိုရင် ရေဖြည့်ပြီး ဘုန်းဘုန်း သွားဝပ်ချ။ စားစရာ အချိန်မီလည်း စား မမီလည်း မြို့ထဲကျမှ ဝယ်စား။ ပိုက်ဆံပြတ်လို့ ဘုန်းဘုန်း သွားလျှောက်ရင် တစ်ဆယ်၊ ဆယ့်ငါးကျပ်၊ နှစ်ဆယ်၊ အစိတ်အထိ ဘုန်းဘုန်းရဲ့ နဝကမ္မအလှူငွေထဲက ထုတ်ပေးလိုက်တာပဲ။

တစ်ခါတလေ ဘာမှ အကြောင်းရှိရှိ မရှိရှိ 'ဟဲ့ ဖိုးမောင် လာ၊ ရော့။ နင် အကျႌဝယ် ဝတ်၊ ပုဆိုးဝယ် ဝတ်' ဆိုပြီး ငါးဆယ် မျိုး တစ်ရာမျိုး ဆိုသလို ပေးသေးတယ်။

အလုပ်ကတော့ မြို့ထဲကရုံးမှာ အထက်တန်းစာရေးပေမယ့် သူ့အထက်က လခနည်းစား အရာရှိငယ်များထက် သူက ပြောင်ပြောင် ရောင်ရောင် ရှိသေးတယ်။





ဟုတ်တယ်လေ။ သူက နေတော့ ဘုန်းကြီးကျောင်းထဲမှာ။ အုတ်တိုက်နှင့်ဘာနှင့် အခံ့စား။ စားတော့ ထမင်းဆိုင်။ သောက်တော့ ရေအိုးစင်။ ဘာမှ ကုန်စရာမရှိ။

တစ်ခုတော့ ရှိတယ်။ သူ့နေရာ ရောက်အောင်ကတော့ ဖိနပ်ချွတ်ပြီး ၊ဝင်ရတယ်။ ဒါပါပဲ။

အဲ၊ ဒါကလေးလောက်ကတော့ ဝန်မလေးသင့်ပါဘူးလေ။ သူ့ဟာသူ တစ်ကောင်ကြွက်မို့ ဘုန်းဘုန်းက ကြည့်ရှုထားတာ။

သက်နီးဝတ်နှင့် မပျော်ဘူးလျှောက်တော့ 'လူ့လောကထဲနေရင် လူစဉ်မီအောင်တော့ စာတတ်မှဟဲ့' ဆိုပြီး ဘုန်းဘုန်းက လောကဓာတ် ကျောင်းလို့ဆိုတဲ့ လူကျောင်း။ အဲ၊ အဲဒီ လူကျောင်းဆိုတာက ဘုန်းကြီးကျောင်းမဟုတ်တဲ့ ကျောင်း။ လောကုတ္တရာစာကို ဘုန်းကြီးတွေက သင်ပေးတဲ့ ဘုန်းကြီးကျောင်းတွေသာ ရှိခဲ့တဲ့အချိန်က အဲသလို အစိုးရ ပညာရေးဌာနက ဖွင့်ပေးတဲ့ကျောင်း။ ဒီစကြိုတ်ကောင်စီက ဖွင့်ပေးတဲ့ကျောင်းတွေ။

သင်တဲ့ဆရာတွေကလည်း လူဝတ်ကြောင်၊ သင်တဲ့ဘာသာ ရပ်တွေကလည်း ရှေးက လောကဓာတ်လို့ ခေါ်ခဲ့ကြတဲ့ သိပ္ပံနည်းကျ သင်တဲ့ ဂဏန်းသင်္ချာတို့၊ ပထဝီဝင်တို့၊ ရာဇဝင်လို့ခေါ်တဲ့ နိုင်ငံ သမိုင်းတို့ပေါ့။

အဲ၊ ဘုန်းဘုန်းကပဲ လူလုပ်မှာဖြင့် လူကျောင်းသွားနေဆိုလို့ တစ်တန်းနှစ်တန်းကစ ဆယ်တန်းအောင်၊ နောက် ကောလိပ်အထိ ဘုန်းဘုန်းကတော့ ထားရှာပါတယ်။

ဒါပေမယ့် ပညာပါရမီ နည်းသလား မသိဘူး။ ဖိုးမောင် တာက် စိတ်ကုန်သွားလို့ တစ်ပိုင်းတစ်စနှင့် ရပ်ပြီး အောက်တန်း



www.burmeseclassic.com

www.burmeseclassic.com



စာရေး ဝင်လုပ်၊ နောက် လုပ်သက်ကလေး တော်တော်ရလာတော့ အထက်တန်းစာရေး။ ဒီအထိ သူ့ဘဝဟာ အေးချမ်းပါတယ်။

အဲ အဲ၊ သူနှင့်အတူ ဘုန်းဘုန်းရဲ့ အမအစနှင့် လူဖြစ်ခဲ့ရတဲ့ သူ့အဖော် ပိန်ပိန်ရှည်ရှည်ကြီးမို့ သူ့ကို အရှည်ကြီး အရှည်ကြီးလို့ ခေါ်နေကြတဲ့ သာထူးဆိုတဲ့ အကောင်ကတော့ လူလည် လူရှုပ် လူမွေ။ ဘုန်းကြီးကျောင်း ကပ်နေပြီးတော့ကိုပဲ ဆေးရုံ ခဏခဏ တက်ရတဲ့အကောင်။

ဘုန်းဘုန်းကတော့ ဒီအကောင် ကသာမှာ လူပျိုလုပ်တာကို မသိရဘူး။ ဆေးဖိုးဝါးခတောင်းရင် 'တယ် ချူချာတဲ့ကောင်ပဲ' ဆိုပြီး ထုတ်ထုတ်ပေးရတယ်။

အဲဒီအကောင်ပေါ့။

ဟိုကစာကလေး စပ်စပ်စပ်စပ် ဖတ်၊ ဒီကစာကလေး စပ်စပ်စပ်စပ်နှင့် ကြုံကြုံဖန်ဖန် ခရစ်ယာန် သမ္မာကျမ်းစာဆိုလား ခွဲခွဲညားညားစာအုပ်ကြီးတစ်အုပ်ကို ဘယ်ကရလာတယ် မသိဘူး ကျောင်းကိုယူလာပြီး ဖိုးမောင်ကို ဖတ်ပြတယ်။ ခရစ်ယာန် အာဒိကျမ်းတဲ့။ အဲဒီကျမ်းစာထဲမှာ 'ယောကျ်ားသည် တစ်ယောက်တည်း မနေကောင်း'လို့ ထာဝရအရှင် ဘုရားသခင်က ဟောတယ်ဆိုတဲ့ စာရယ်။ ပြီးတော့ 'ထာဝရအရှင် ဘုရားသခင်သည် လူကို ကြီးသောအိပ်ခြင်းဖြင့် အိပ်စေတော်မူ၍ လူသည် အိပ်ပျော်စဉ် နံရိုးတစ်ချောင်းကို ဘုရားသခင် ထုတ်ပြီးလျှင် ထိုအရိုးအစား အသားကို စေ့စပ်တော်မူ၍ ထာဝရအရှင် ဘုရားသခင်သည် လူထဲကထုတ်သော နံရိုးဖြင့် လူမိန်းမကို ဖန်ဆင်း၍ လူရှိရာသို့ ဆောင်တော်မူခဲ့၏' ဆိုတဲ့စာတွေကို ဖတ်ပြတယ်။





"ဟော၊ မိန်းမဆိုတာ ယောကျ်ားအတွက် သက်သက် ဘုရားသခင် ဖန်ဆင်းပေးရတဲ့ သတ္တဝါတဲ့ကွ။ လူယောကျ်ားဟာ လူမိန်းမနှင့်နေတာ ထာဝရဘုရား အလိုတော်အတိုင်းတဲ့ကွ။ မနိပ်လား"

"ဟေ့၊ မင်းဟာက တို့ဘုရားက ဟောတာမှ မဟုတ်ဘဲကွာ။ တိုးတိုးပြောကွ။ ဘုန်းဘုန်းကြားသွားလို့ ကြိမ်ဆော်ပြီး နှင်ထုတ်နေဦးမယ်"

"ဘယ်ဘုရားက ဟောဟော သဘာဝကတော့ ဒီအတိုင်းပဲကွ။ မင်းဟာက ဘုန်းကြီးလည်း မဝတ်၊ လူလိုလည်း မနေချင်"

"ငါ့ဟာငါ အေးအေး နေပါရစေကွာ"

တကယ်တော့ ဖိုးမောင်က တကယ့် လူရိုးလူအေး။ သာထူးက ဘာရတ်။

သူက ဖိုးမောင်ကို ဘယ်လို ဆွယ်တရားတွေ ဟောတယ်တော့ မသိဘူး။ တစ်ခါတစ်ခါ သာထူးသွားရာကို ဖိုးမောင်ပါ လိုက်သွားတတ်တာကို ဖိုးမောင် ငယ်ငယ်ကတည်းက သားသမီးလို မွေးလာခဲ့ရတဲ့ ကပ္ပိယကြီး ဦးပိုက်က မသက်သာလို့ ဆရာတော်ကို လျှောက်တော့ ဆရာတော်က ပထမ သာထူးကို ခေါ်စစ်တယ်။ ဘာမှ မေးလို့မရဘူး။

နောက် ဖိုးမောင်ကိုခေါ်ပြီး ဘုရားရှေ့မှာ ငါးပါးသီလပေးပြီး စစ်တော့ အကုန်ပေါ်တယ်။

ဖိုးမောင်ဆိုတဲ့အကောင်က လူအေးလူရိုး။ အပြစ်ကို သိပ်ကြောက်။ 'ပြော ပြော ငါ နှင့်ကို ဘယ်လိုမှ အရေးမယူဘူး။ ဖြစ်တာသာ ပြော' ဆိုတော့ ဖိုးမောင် ပြောရတော့တာပေါ့။

ဘုန်းဘုန်းဆိုတာလည်း သူ့ကို ငယ်ငယ်ကတည်းက ကျွေးမွေးစောင့်ရှောက်လာခဲ့ရတဲ့ ကျေးဇူးရှင် မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ဘုန်းဘုန်းက 'နင် နောက်တစ်ခါ အဲသလို လုပ်တယ်ကြားရင် သေပေတော့'လို့ ပြင်းပြင်းထန်ထန် သတိပေး ပြီး သာထူးကိုတော့ ကျောင်းက နှင်လိုက်တယ်။

ကျောင်းကထွက်သွားရတဲ့ သာထူးဟာ ဖိုးမောင်အပေါ် မကျေ မချမ်းနှင့် 'အတော် အသုံးမကျတဲ့ အကောင်ကွာ။ လူကြီးတွေလုပ် တဲ့အလုပ် ကလေးနှင့် တွဲလုပ်မိသလိုပါပဲ။ နောက်များတော့ တန်ကွာ' လို့ ပြောသွားသေးသတဲ့။

နောက်တော့ တကယ်ပဲ သူ ဖိုးမောင်ကို အဖက်မလုပ်တော့ ဘူးလို့ ဆိုတယ်။

ဒါက ကိစ္စမရှိဘူး။ ဒီကိစ္စက ပြီးပြီးပျောက်ပျောက် ဖြစ် သွားဖို့ပါပဲ။

ဒါပေမယ့် အဲသလို ပြီးပြီးပျောက်ပျောက် မဖြစ်နိုင်တာက ဖိုးမောင်။ သူ့ခမျာ အဖော်ကလည်း မရှိ။ နတ်သမီးနှင့်တွေ့ပြီး နတ်သမီး ဘယ်လိုက်ရှာရမှန်းမသိတော့ စိတ်နောက်သွားတဲ့ ရှင် ဘုရင်လို သူ့မှာ စိတ်မနောက်ရုံတစ်မည် ယောက်ယက်ခတ်သွားတယ်။

သာထူးကလည်း တကယ့်ကို ကျောင်းဘက်ကို ခြေဦးတောင် မလှည့်တော့ဘူးလို့ ဆိုတယ်။

အဲ အဲဒီနောက်မှာ အထက်တန်းစာရေးကြီး ကိုဖိုးမောင်။ အဲ အဲ ရုံးမှာတော့ ကိုမောင်မောင်ပေါ့လေ။ အဲ အဲဒီ ကိုမောင်မောင်ဟာ 'ယောကျ်ားသည် တစ်ယောက်တည်း မနေကောင်း'ဆိုတဲ့တရားကို များများကြီး နှလုံးသွင်းလာတယ်လို့ ဆိုတယ်။

သူ့မှာ လူမှန်းသူမှန်း သိတတ်စအရွယ်ကစပြီး ဘာမဆို ဖန်တီးပြီး နေလာခဲ့တာကို ငြီးငြင်လာတယ်။





ဘုန်းကြီးကျောင်းက အစားအစာ၊ ဆိုင်က အစားအစာကို ငြီးငွေ့သလို ဖြစ်လာတယ်။

သူ့ကျေးဇူးရှင် ဘုန်းဘုန်းက သူ့ကို ညမထွက်ရ အမိန့်နှင့် ထားတာကို ချုပ်ချယ်တယ်။ အနေကျပ်တယ်လို့ ထင်လာတယ်။

သူ့မှာ ယောနိသော မနသိကာရဆိုတဲ့ သင့်တင့်သောအား ဖြင့် နှလုံးသွင်းတာတွေ အတော်ခေါင်းပါးလာတယ်။ အယောနိသော မနသိကာရဆိုတဲ့ မသင့်သော နှလုံးသွင်းတွေ များလာတော့ အင်မတန် ချမ်းချမ်းသာသာနေရတဲ့ သူ့ဘဝကို ဆင်းရဲလှချည်လားလို့ မြင်လာ တယ်။

နောက် သူ မိန်းမ လိုချင်လာတယ်။ ဆိုင်ဝယ်စားရတာ လက်ဆံကုန်လှတယ်လို့ချည် လှည့်တွေးတယ်။ မိန်းမယူဖို့ဘက်က မ များလာတယ်။

ဆိုင်ထမင်း ဆိုင်ဟင်း၊ ကျောင်းထမင်း ကျောင်းဟင်းကို ဖြစ်ရှာလာတယ်။ ဒါတွေချည့်စားနေရင် အသက်မှ ရှည်ပါ့မလား လည်း စိုးရိမ်လာတယ်။

တစ်ယောက်တည်း နေတဲ့သူဟာ ကျန်းမာနေတုန်းတော့ စ္စမရှိ။ နာရေးဖျားရေး ခက်တယ်ဆိုတာကို တကယ် ယုံယုံကြည် ကြည် ဖြစ်လာတယ်။

ဒီတော့ သူ ဘာလုပ်မလဲ။ အဲ မိန်းမ ယူမယ်ပေါ့။

မိန်းမ ဘယ်ကရမလဲဆိုတော့ အင်း ဒီခေတ်က ကျေးနိုင်မွေး ည့် အခြေရှိတဲ့လူဆိုရင် အထက်တန်းစာရေးလောက် ဖြစ်ဦးတော့ မ မရှားဘူးဆိုပါတော့။ ထုတ်တန်လျှင် လျှောက် စွပ်မှာပါပဲ လို ထိုက်သည့်အားလျော်စွာကတော့ ရမှာပေါ့။

မငွေကြည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ကလေးက သနားကမားပါပဲ။ သူ့ခမျာ အပျံစားကြီး မဟုတ်ရှာပေမယ့် ကျန်းကျန်းမာမာ ပြည့်ပြည့်ဖြိုးဖြိုးနှင့် ရိုးရိုးသားသား ပါပဲ။

သူက ဖိုးမောင်လက်အောက်က အောက်တန်းစာရေး သူကလည်း ဖိုးမောင်လို တစ်ကောင်ကြွက်။ အဒေါ်အိမ်မှာ ထမင်းချက် ရင်း ကျောင်းတက်လို့ ဆယ်တန်းအောင်တော့ သူ့အဒေါ်ရဲ့ယောက်ျား က ဩဇာကတိက္ကမနှင့်လူမို့ ရုံးတစ်ရုံးမှာ အောက်တန်းစာရေး အလုပ်ရတယ်။

သူ့မှာ မြင့်မားတဲ့ ရည်ရွယ်ချက်ကြီးတွေ မရှိပေမယ့် တစ်နေ့ ငါ ဒီ အိမ်ကျွန်ဘဝက လွတ်ရမယ်ဆိုတဲ့ ရည်မှန်းချက်ကတော့ ရှိတယ်။

အဒေါ်ယောက်ျားကတော့ အခု ဆုံးသွားရှာပါပြီ။ အဒေါ်သ အိမ်မင်းမစွမ်းနှင့် သမီးအိမ်မှာ တစ်ခန်း ကန့်ပြီး မငွေကြည့်နဲ့ သူတို့တူအရီးနှစ်ယောက် သူတို့ဘာသာ ချက်ပြုတ် စားနေကြရတယ်

ချမ်းသာလှတယ်ရယ်လို့တော့ မဟုတ်ဘူး။ ဒါပေမယ့် သူ့ ဘဝ အေးချမ်းပါတယ်။ မငွေကြည်အဖို့ သွေးသားရင်းက ဒါ ရှိတယ် မဟုတ်လား။

အဒေါ်ရဲ့ တခြား သားသမီးတွေက တစ်ခါတစ်ခါ လာကြ ပေမယ့် အိမ်မှာ ဒိုင်ခံကတော့ မငွေကြည်ပဲ။

သူ မရှိရင် ဒီအဘွားအိုကို သူ့လို စိတ်ရှည်လက်ရှ ကြည့်ရှုပြုစုနိုင်သူ မရှိဘူး။

ဒီအဒေါ်ပါ မရှိတော့ဘူးဆိုရင်တော့ မငွေကြည် စိတ်ထဲ သင့်ရာ ဘော်ဒါဆောင်တစ်ဆောင် သွားနေပြီး ထမင်းကို ချိုင့် စား၊ အားလပ်ချိန် များများရမှ ဝတ္ထုစာအုပ်တွေကိုလည်း အားရပါး





ဖတ်တော့မယ်ဆိုတဲ့ မပီမသဘဲ ဆိုရစေဦးတော့။ အဲဒီအကြံအစည် ကလေးတွေကတော့ ရှိနေခဲ့ဟန် တူပါတယ်။

ဖိုးမောင်က သူ ဆိုင်ထမင်း ဆိုင်ဟင်း စားရတာကြာတော့ ငြီးငွေ့လာတယ်လို့ ညည်းတော့ မငွေကြည်က သူ့အိမ်က ထမင်း ဟင်း အပိုထည့်လာပြီးတော့ ကျွေးတယ်။ မငွေကြည်က အချက် အပြုတ်ကောင်းတော့ ဖိုးမောင် သဘောကျသွားတယ်။

မငွေကြည်ကိုယ်တိုင်ကလည်း ငွေကြေးပြည့်စုံသူ မဟုတ် သူ့အဒေါ်ကလည်း သူဌေးမဟုတ်တော့ အပျံစား ပါတိတ်တွေ၊ ဆိုင်းဆစ်တွေ မငွေကြည် မဝတ်နိုင်ဘူး။ ရိုးရိုးယဉ်ယဉ်နှင့် သေသေ သပ်သပ်ဝတ်တတ်ဆင်တတ်တော့ ဖိုးမောင်က သူ့လခနှင့် လောက် တဲ့မိန်းမပဲလို့ စိတ်ထဲက တွက်လိုက်မိတယ်။

မငွေကြည်ကလည်း သူကိုယ်တိုင်က အောက်တန်းစာရေး တော့ အထက်တန်းစာရေးကို အထင်ကြီးထားဟန် တူပါတယ်။ ပြောပြော နှစ်ယောက်ရတဲ့လခနှင့် လိမ်လိမ်မာမာနေရင် ဟန်ကျ မယ်ဆိုတဲ့စိတ်က ပိုးတဝါးပဲ ဖြစ်ဦးတော့ ရှိနေတယ်။

အသက်တွေက သိပ်ငယ်ကြတော့တာ မဟုတ်ဘူး။ သူတို့ တန်းကျင်ကတောင် သူတို့ကို လူပျိုကြီး အပျိုကြီး ခေါ်နေကြပြီ။ မြန်မြန်ယူလိုက်တာ ကောင်းမယ်။ တော်တော်ကြာ ကုန်ခဲ့တဲ့အချိန်တွေ ပြောလိုက်ပါဘိဆိုတာမျိုး ဖြစ်နေမယ်။

"ကဲ၊ ပြောနေ ကြာတယ် မငွေကြည်ရယ်။ မင်းနှင့်ငါနှင့် ရုံး ပြီး လက်ထပ်လိုက်ကြစို့"လို့ ဖိုးမောင် ခြေတစ်လှမ်း ရှေ့တိုး တဲ့နေ့က သူတို့နှစ်ယောက်စလုံး ရင်တထိတ်ထိတ်နှင့် နေ့ စာ အတူစားခဲ့ကြတဲ့ ဆိုင်ထဲက ထွက်။ ရုံးဘက် မပြန်ကြသေး ထဲက ပလက်ဖောင်းတွေပေါ် ရည်ရွယ်ချက်မရှိ လျှောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လမ်းဖြတ်ကူးတဲ့အခါ တစ်ယောက်လက် တစ်ယောက်ဆွဲလို့။ အဲ
အဲဒါ သောကြာနေ့က။

ပြေလည်သွားကြတာလားဆိုတော့ ဒီလိုလည်း မဟုတ်သေး ဘူး။ မငွေကြည်က 'ကြီးကြီးနှင့် တိုင်ပင်ရဦးမယ် ကိုမောင်ရယ်' လို့ ပြောတော့ သူ့ဘက်ကို တစ်ဝက်ပါလာပြီဆိုတာ သိလိုက်ရတာနှ အတူ ဖိုးမောင်ကလည်း ဘုန်းဘုန်းကို လျှောက်ဖို့ ရှိသေးတယ်ဆိုတာ ကို သတိရလိုက်တယ်။

အို ဒါတွေကတော့ ဝတ္တရားအရ ပြောရတာတွေပါ။ အကာ အကွက်လည်း ဘယ်ဘက်မှာမှ ရှိမည်မထင်ပါဘူး။ ရှိလည်း လူ ပေါက် အပျိုပေါက်ကလေးတွေမှ မဟုတ်ကြတာ။ ကိုယ့်ကိ ကိုယ့်ဟာကိုယ် ဆုံးဖြတ်လို့ ရတာပဲ။

ဒီအသက်အရွယ် မပြောနှင့်။ နှစ်ဆယ်ဆိုရင်ပဲ ကိုယ့်ကိ ကိုယ်ကြိုက်သလို ဆုံးဖြတ်နိုင်ခွင့် ရှိတာပဲ။ အိမ်ကို ပြောတယ်ဆိုတာ တကယ်တော့ အသိပေးရုံပါပဲ။ မသကာ ကြီးကြီးကို သူ့သမီး ပြန်အပ်ခဲ့ရုံပဲပေါ့။

အဲ တနင်္လာနေ့ ရုံးမှာ လူစုံချိန်ကျတော့ ဖိုးမောင် မငွေကြည်ပါ ရုံးမတက်ကြဘူးလို့ သိကြရတယ်။ အတော်က နေမြင့်မှ ခွင့်တိုင်စာတွေ ရောက်လာတယ်။

'ရုတ်တရက် အအေးမိပြီး ဖျားနေလို့'လို့ ဖိုးမောင် ခွင့် မှာ အကြောင်းပြတယ်။ မငွေကြည်ရဲ့ ခွင့်စာမှာတော့ 'ကိုယ် ကိုယ်တာကိစ္စ'ဆိုပြီး သုံးရက်။

အဲ၊ သူတို့အကြောင်း နည်းနည်းပါးပါးသိထားတဲ့ လုပ် ကိုင်ဖက်တစ်ယောက်ကတော့ ဌာနသားတွေဆီက မင်္ဂလာ လက်ဖွဲ့အတွက် ငွေကောက်ဖို့ ပြင်ဆင်နေတယ်။ စာရွက်ကြီး





ရွက်နှင့် နာမည်တွေရေးပြီး ဘယ်သူ ငါးကျပ်၊ ဘယ်သူ တစ်ဆယ် လိုက် လက်မှတ်ထိုးနေတယ်။ ငွေကိုတော့ ရုံးအုပ်ကြီးက ခဏစိုက်ပြီး တော့ လခထုတ်မှ ဖြတ်ယူပေါ့။ ဒါက ဒီလိုကိစ္စမျိုးမှာ လုပ်နေကျ။

'ဟုတ်မှလည်း လုပ်ပါဗျာ'လို့ တစ်ယောက်ကပြောတော့ 'အိုဗျာ၊ သေချာပါတယ်။ မသေချာရင် ကျုပ်က လုပ်မလား'လို့ ခပ်တည်တည်ပြောပြီး ဒီကိစ္စကို သူကပဲ ဖူးစာရေးနတ် လုပ်ပြီး ဆော်ပေးလိုက်ရသလို ခပ်ကြွားကြွားပြောသွားသေးတယ်။

အဲဗျာ။ အဲဒီလူကပြောတော့ သေချာလိုက်သမှ သူတို့ ဘယ် မြို့နယ်က ဘယ်တရားရုံးမှာ လက်ထပ်ကြတယ်ဆိုတာတောင် သူက သိလို့။ သူ့ကိုပြောပြီးမှ သွား လက်ထပ်ကြသလိုပါပဲ။

အဲ အဲဗျာ။ သူက အဲသည်လောက် သေချာနေပေမယ့် ဘယ်လိုကဘယ်လို ဘာတွေဖြစ်ကုန်တယ်တော့ မပြောတတ်ဘူး။ လက်ဖွဲ့ဖို့ငွေကောက်တဲ့ စာရွက်ကြီးတကိုင်ကိုင်နှင့် သူ့ဟာသူ ဆေါင်းလိုက်နှုတ်လိုက်နှင့် အလုပ်ရှုပ်နေတဲ့ ကိုဖိုးသိကိုယ်တိုင် မျက်ခုံးပင့်ပြီး ပါးစပ် ဟလိုက်မိအောင် နားမလည်နိုင်စရာ ဖြစ်လာ ရတာကတော့--

မငွေကြည်ဟာ သူတင်တဲ့ ခွင့်သုံးရက်ကုန်တော့ ဣန္ဒြေရရနှင့် ရုံးပြန်တက်တယ်။ မျက်နှာတော့ မကောင်းဘူး။ ဒါပေမယ့် ဘာမှ တော့ ထူးထူးခြားခြားဖြစ်ခဲ့ပုံ မရပါဘူး။ ခါတိုင်းလိုပါပဲ။

သူ့ကိုမေးရမှာတော့ အားနာလို့ ထင်ပါရဲ့။ ကိုဖိုးသိ တစ်ယောက်ကတော့ မယောင်မလည်နှင့်ပဲ မငွေကြည်ရဲ့စားပွဲနား ရောက်သွားပြီး 'ဘယ်လိုလဲ'လို့ ခပ်တိုးတိုးမေးတယ်။

သူ မငွေကြည်ဆီ သွားမေးနေတာကို တစ်ခန်းလုံးက အရို က်ပြီး ကြည့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မငွေကြည်က သူ့ကို မော်ကြည့်ပြီး ပြုံးပြတယ်။ ပြီးတော့ 'ဘာ၊ ဘယ်လိုလဲ'လို့ နားမလည်သလို မေးတယ်။ ဣန္ဒြေရရပါပဲ။

ဒီတော့ သူက 'သိဘူးလေ။ ခင်ဗျားတို့ဟာက' ဆိုပြီး ပြန်ထွက်လာတယ်။ မငွေကြည်လည်း သူ့ကိုကြည့်ပြီး ရယ်ကျန်ရစ်တယ်။

နီးစပ်ရာ စားပွဲချင်းကတော့ လက်တို့ခြေတို့ တိုးတိုးတိုးတိုးနှင့် 'ဟုတ်ပုံ မရပါဘူး' ဆိုတာမျိုး ပြောကြတယ်။ မငွေကြည်ကို တိုက်ရိုက်မေးရမှာတော့ 'အားလည်း နာတယ်' ဆိုတာမျိုး ဖြစ်နေကြဟန် တူပါတယ်။

အဲ ကိုဖိုးမောင် ခွင့်စေ့လို့ ရုံးပြန်တက်တဲ့နေ့ကလည်း ဒီလိုပဲ။ ကိုဖိုးသိဟာ ကိုဖိုးမောင်ရဲ့စားပွဲနား ကပ်သွားပြန်တယ်။ တစ်ခန်းလုံးက အာရုံစိုက် ကြည့်နေကြတယ်။ ဘာမှ မထူးခြားဘူး။

ကိုဖိုးမောင်နှင့် မငွေကြည် တစ်ယောက်တစ်ယောက် ကွက်ခနဲကွက်ခနဲ လှမ်းကြည့်မိကြပေမယ့် ချက်ချင်းဆိုသလို မျက်နှာလွှဲလိုက်ကြပြီး ဘာမှ မဖြစ်သလိုပါပဲ။ ဣန္ဒြေရရ ဖြစ်သွားကြပြန်တယ်။

အဲ၊ မင်္ဂလာဆောင်လက်ဖွဲ့ဖို့ ငွေကောက်တဲ့ စာရွက်ကြီးလည်း ဘာဖြစ်သွားတယ်တော့ မသိဘူး။ ရုံးအုပ်ကြီးလည်း ရှေ့မစိုက်ရတော့ဘူး။

လခထုတ်တော့လည်း လခတွေထဲက ငါးကျပ် တစ်ဆယ်ဖြတ်မဖြတ်ရတော့ဘူး။ ဘယ်လိုဖြစ်သွားတယ်ဆိုတာလည်း ဘယ်သူမှ အသေအချာ မသိကြဘူး။

'မသေချာရင် ကျပ်က လုပ်မလား' ဆိုတဲ့လူလည်း ခပ်ကြောင်ကြောင်ပဲ။ မှားတဲ့အခါလည်း မှားပေမပေါ့ မျက်နှာထားနဲ့ ရယ်ကျဲကျဲပဲ။

နောက်တော့မှ နှစ်ဘက် အတွင်းသိတစ်ယောက်က ပြောတယ်။





အဲ၊ အဲဒီ သောကြာနေ့က ကိုဖိုးမောင်ကလည်း ဘုန်းဘုန်းကို လျှောက်တယ်။ မငွေကြည်ကလည်း သူ့အဒေါ်ကို ပြောတယ်လို့ ဆိုတယ်။

အဲဒီတော့ ဘုန်းဘုန်းကလည်း မကန့်ကွက်ဘူး။ မငွေကြည်အဒေါ်ကလည်း မကန့်ကွက်ဘူး။

ဒါပေမယ့် နှစ်ဘက်စလုံးကပဲ 'နင်တို့ ဘယ် သွားနေကြမလဲ' လို့ မေးသတဲ့။

အဲဒီမေးခွန်းကို ကိုဖိုးမောင်ကလည်း မဖြေတတ်ဘူး။ မငွေကြည်ကလည်း မဖြေတတ်ဘူးလို့ ဆိုတယ်။

"အဲဗျာ၊ ဟုတ်ပါရဲ့။ ဒါနှင့် တနင်္လာနေ့မှာ ပြိုင်တူ ခွင့်တင်ကြတာကတော့ဗျာ ဌာနသားတွေ ယုန်ထင်ကြောင်ထင် ထင်ကုန်အောင် လုပ်တာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်ပါဘူး။ ဒါက သူတို့အချင်းချင်း မျက်နှာပူလို့"

www.burmeseclassic.com

www.burmeseclassic.com

## စိန်

ကျွန်တော်တို့ အဖေနှင့်အမေဟာ လပိုင်းလောက်သာ ခြား
ကွယ်လွန်သွားကြတဲ့အချိန်မှာ ကျွန်တော်ရော ကျွန်တော့်မ
ငယ်ငယ်ပဲ ရှိကြပါသေးတယ်။ မမက ဆယ်နှစ်၊ ကျွန်တော်
ခြောက်နှစ် ထင်ပါရဲ့။

ကျွန်တော်တို့ကို မေမေ့အစ်ကိုကြီးတစ်ယောက်က အ
အညာ မြို့ကလေးတစ်မြို့ကို ခေါ်သွားပြီး ကျွေးမွေးပြုစု ပညာသင်
ထားပါတယ်။

ဦးကြီးတို့မှာက သားသမီး မထွန်းကားတော့ ကျွန်တော်တို့
သားသမီးလို မွေးခဲ့ကြရပါတယ်။ ချစ်လည်း အင်မတန် ချစ်၊ အ
လည်း လိုက်ပါတယ်။ ဦးကြီးရော ဒေါ်ကြီးရော အင်မတန် အေး
စွာ နေတတ်သူတွေပါ။

ဦးကြီးတို့နှင့် အိမ်နီးချင်းတွေကတော့ အများအား
ကိုယ့်ခြံကလေးနှင့် ကိုယ် အေးအေးချမ်းချမ်းနေကြသူများပါ
တစ်ဘက်က စက်သူဌေး ဦးစိန်ဘွင့်တိုက်၊ မျက်နှာချင်းဆိုင်မှာ
တရုတ်ကုန်သည် ကိုစက်ရှင်။





အဲသလို အထဲမှာ ကျွန်တော်တို့အိမ် အရှေ့ဘက်က အိမ်နီးချင်း ကတော့ လူကြီးတွေနာမည်လည်း ကျွန်တော် မမှတ်မိဘူး။ ကလေးတွေ ဘုစုခရုရှိပေမယ့် သူတို့နာမည်တွေလည်း ကျွန်တော် မမှတ်မိဘူး။ အဲဒီအိမ်က ကျွန်တော်တို့ခြံဘက် လာလာ ကစားတတ်တဲ့ မလုံးတင် ဆိုတဲ့မိန်းကလေးကို ကျွန်တော် မှတ်မိနေပါတယ်။

အဲဒီ မလုံးတင်ဆိုတဲ့မိန်းကလေးဟာ ကျွန်တော်တို့နှင့် ကစား ဖော်ကစားဖက်ပါ။

သူ့ရုပ်သွင်က သိပ် လှလှပပကြီးမဟုတ်ပါဘူး။ သဘောလည်း ကောင်းလှတာ မဟုတ်ပါဘူး။ အသားညိုညို ပိန်ပါးပါးနှင့် သူ့ မျက်လုံးများကတော့ အရောင်တောက်တယ် ထင်ပါတယ်။

သူ့ကို အရုပ်ဆိုးတယ် ပြောဖို့ကတော့ ခက်တယ်။ ယဉ်တယ် လို့ ဆိုချင် ဆိုလို့ရမယ် ထင်ပါတယ်။

ဒါပေမယ့် မလုံးတင်ဟာ နည်းနည်းမှ မယဉ်ကျေးပါဘူး။ ကလေးတုန်းက ကစားရင်း ရန်ဖြစ်ကြရင် သူဟာ ညစ်ညစ်ပတ်ပတ် ဆဲတတ်ဆိုတတ်ပါတယ်။ ကလေးနှင့်မတန်တဲ့ အဆဲမျိုးကိုလည်း သူ တတ်ပါတယ်။

မလုံးတင်အမေက ဈေးထဲမှာ ငါးရောင်းပါတယ်။ သူတို့ အဖေက မီးရထားဘူတာရုံမှာ ကူလီခေါင်းလို့ ပြောသံကြားဖူးပါ တယ်။ ကျွန်တော် အသေအချာမသိပါဘူး။

ညည မိုးချုပ်ချုပ် မူးပြီးပြန်လာရင် မလုံးတင်တို့အမေကို အမျိုးစုံ ဆဲရေးရိုက်နှက်၊ တစ်ခါတစ်ခါ မလုံးတင်တို့အမေကလည်း ပြန်ဆဲ ပြန်သတ်နှင့် တစ်အိမ်လုံး ဗြောင်းဆန်နေတာကို ကျွန်တော် တို့က အိမ်နီးချင်းဆိုတော့ မကြာခဏ ကြားနေကြရတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



မလုံးတင်ဟာ အဲဒီ သူတို့အဖေနှင့်အမေတို့ ရန်ဖြစ်ရာမှာ ဆဲကြဆိုကြတာတွေကို အကုန်တတ်ပါတယ်။ ကျွန်တော်တို့နှင့် ကစားတဲ့အခါ သင့်သင့်မြတ်မြတ်ဆိုရင် အင်မတန်အဖော်ရပေမယ့် သူ့စိတ်နှင့် အခန့်မသင့်လို့ ရန်ဖြစ်ကြပြီဆိုရင် သူ အမျိုးစုံ ဆဲတာကို ခံရတတ်ပါတယ်။

အဲသလို အဆဲခံရပြီဆိုရင် ကျွန်တော်တို့မှာ ရှက်လွန်းလို့ အိမ်ထဲက မထွက်ဝံ့ကြပါဘူး။ ကျွန်တော်တို့ကို ဆဲနေတာဆိုတာ လူသိသွားမှာရှက်တာနှင့် ဘာမှလည်း ပြန်မပြောဝံ့ပါဘူး။ ရပ်ပါစေတော့ တော်ပါစေတော့လို့ ဆုတောင်းရုံပဲ တတ်နိုင်ပါတယ်။

မလုံးတင်ဟာ အပျိုပေါက်ကလေး ဖြစ်လာတော့ ညိုညိုညက်ညက် မျက်လုံးတောက်တောက်နှင့် အတော်ကလေး ကြည့်စရာရှုစရာ ကောင်းလာသလိုပါပဲ။ ငယ်ငယ်ကလောက် မဟုတ်ပေမယ့် ဆဲတော့ ဆဲတုန်းပါပဲ။

သူနှင့်ကျွန်တော် အသက်ချင်း သိပ် မကွာလှပါဘူး။ သူက ကြီးလှ တစ်နှစ်ပါပဲ။ ဒါပေမယ့် သူက ကျွန်တော့်ကို 'ဟဲ့ ကောင်လေး' လို့ ခေါ်ပါတယ်။ နင်နှင့် ငါနှင့် ပြောပါတယ်။ ကျွန်တော်က သူ့ကို 'မလုံးတင်' လို့ ခေါ်ရတယ်။ ခင်ဗျား ကျွန်တော်နှင့် ပြောရတယ်။

ကျောင်းက သူငယ်ချင်းမိန်းကလေးတွေနှင့် ဆိုတာ တစ်နှစ် နှစ်နှစ် ကြီးတာငယ်တာ အကြောင်းမဟုတ်ပါဘူး။ နင်နှင့် ငါနှင့် ပြောနေကြတာပါပဲ။

ကျွန်တော် တစ်ဆယ့်ခြောက်နှစ်သား အင်္ဂလိပ်ကျောင်းမှာ ဆယ်တန်းရောက်တော့ မလုံးတင်က သူ့အမေနှင့်အတူ ဈေးထဲမှာ ငါးရောင်းနေပါပြီ။

ကျွန်တော်ကလည်း အစမှာ မမတို့၊ ဦးကြီးတို့ မသိအောင် စီးကရက်သောက်တတ်နေတော့ မလုံးတင်က ကျွန်တော့်အတွက် ဈေးထဲက ပိုလိုစီးကရက် ဝယ်ဝယ်လာပေးတတ်ပါတယ်။





"နင် ပိုလိုသောက်နေတာ ကြည့်ရတာ သိပ် စတိုင်ဖြောင့်တယ်ဟယ်။ နင် ပိုလိုသောက်တာ ကြည့်ချင်လို့ ငါ ဝယ်လာတာ"လို့ ပြောလေ့ရှိတယ်။

အဲဒီတုန်း ပိုလိုတစ်ဘူး ဆယ်ပြား။

ကျွန်တော်ကလည်း ရုပ်ရှင်ထဲက ဓာတ်လိုက်မင်းသား လူပေလူတေအခန်းပြတဲ့အခါ စီးကရက်ခဲပြီး ဖဲဝေတာတို့၊ စီးကရက် လက်ကြားညှပ်ပြီး ဖဲ ကုလားဖန်ထိုးတာတို့ လုပ်တတ်နေတယ်။

နောက်ပိုင်း ကျွန်တော် စီးကရက်သောက်တာကို ဦးကြီးတို့၊ ဒေါ်ကြီးတို့၊ မမတို့ သိသွားပေမယ့် ဘာမှ မပြောတော့ပါဘူး။ 'နည်းနည်း သောက်'လို့ပြောပြီး ခွင့်ပြုထားကြပါတယ်။

အဲဒီအခါမှာလည်း ကျွန်တော့်အတွက် စီးကရက်ကို မလုံးတင်ကပဲ ဝယ်ဝယ် ပေးနေပါတယ်။

မလုံးတင်ကို နှုတ်ကြမ်းအကြမ်းမို့ကြောက်ပေမယ့် ခင်တော့ အခင်သားပါပဲ။ မမကတော့ ကျွန်တော် အဲသလို မလုံးတင်နှင့် အရောတဝင်နေတာကို သိပ် မကြိုက်ပါဘူး။ သူနှင့်လည်း ခင်မင်သလို ဖြစ်တော့ ဘာမှတော့ မပြောဘူး။

နောက်တော့ ကျွန်တော်ဟာ မလုံးတင်အကြောင်းပဲ စဉ်းစားနေမိတယ်။ မလုံးတင်ကိုပဲ တွေ့ချင်မြင်ချင်နေတယ်။ မလုံးတင်အတွက်ရယ်လို့ မဟုတ်ပေမယ့် သူ့ကိုအောက်မေ့ရင်း ကဗျာလင်္ကာတွေ ရေးတတ်လာတယ်။

ဒါပေမယ့် ကျွန်တော်က ငယ်ငယ်က အင်မတန်ကြောက်တတ်တော့ သူ့ကို ဘာမှ မပေးဖြစ်ခဲ့ဘူး။ ကျွန်တော်ကြောက်တာက မလုံးတင်ကိုသာမက သူ့အဖေနှင့် အမေကိုပါ ကြောက်နေတာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ မလုံးတင်တို့အမေဟာ အိမ်ထဲကနေပြီး အော်ကြီးဟစ်ကျယ် ဆဲဆိုနေတဲ့အသံကို ကြားကြရပါတယ်။ သူ ဆဲနေတာတွေက မကြားဝံ့မနာသာတွေဆိုတော့ အိမ်နီးချင်းတွေကလည်း ဘယ်သူမှ ဘာမှ ဝင်မပြောရဲ၊ မမေးရဲကြပါဘူး။

အဲဒီအချိန်တွေမှာ မလုံးတင် ကျွန်တော်တို့ခြံဘက် ကူးလာလို့ မမက ခပ်တိုးတိုးခေါ်မေးတော့ မလုံးတင်က ဣန္ဒြေမပျက် ခပ်တည်တည်ပဲ 'အဖေ မယားငယ်ယူသွားလို့'လို့ ပြောပါတယ်။

သူ့မှာတော့ ဘာမှ မထူးခြားသလိုပါပဲ။ ကျွန်တော်တို့အဖို့တော့ သူတို့အိမ်ကလူတွေကို အံ့သြပြီးရင်း အံ့သြရင်းပါပဲ။

နောက်ပိုင်းမှာ မလုံးတင်တို့အဖေကို မတွေ့ရတော့ပါဘူး။

သူတို့အမေဟာ ဆဲစရာဆိုစရာ လူမရှိတော့လို့ အော်ကြီးဟစ်ကျယ် ရပ်ကျော်ရွာကြား မလုပ်တော့ပေမယ့်လို့ သူ့ကလေးတွေကို စိတ်တိုင်းမကျတဲ့အခါမျိုးမှာတော့ ဖေနှင့်မောင်နှင့် ကိုင်ဆဲပြီး ပြောလေ့ရှိပါတယ်။ ရယ်ရယ်ဟားဟားပြောတဲ့ စကားတွေထဲမှာတောင် ပါနေတတ်ပါတယ်။

အဲသလို ဆူဆူညံညံမဟုတ်တဲ့ ဆဲသံဆိုသံကလေးတွေ ကြားကြားနေရရာက အတော်ကလေးနားယဉ်လာတော့ တစ်နေ့မှာ မလုံးတင်တို့အမေဟာ သူ့သားသမီးတွေကို အော်ကြီးဟစ်ကျယ် ဆဲနေတဲ့အသံကို ကြားလိုက်ကြရပြန်ပါတယ်။

"ငါမွေးထားလို့ လူဖြစ်နေတဲ့အကောင်တွေ။ နင်တို့ကို မီးတွင်းကတည်းက ညှပ်သတ်ပစ်ခဲ့ဖို့ ကောင်းတာ။ နင်တို့ကို မွေးရတာ ငါ့မှာ"





ဘာဖြစ်ရုံပဲ ညာဖြစ်ရုံပဲနှင့် စုံလို့ပါပဲ။

အဲသလို အော်ကျယ်အော်ကျယ်ဖြစ်လာပြန်တော့ တစ်ခုခုတော့ ထူးခြားပြီလို့ ထင်ရပါတယ်။

နောက် တစ်ရက်နှစ်ရက်ကြာတော့ သူတို့အိမ်ကို လူသစ်တစ်ယောက် ရောက်လာတာ တွေ့ရပါတယ်။ ဈေးထဲမှာ ကူလီလုပ်နေတဲ့ ကိုချစ်ခဆိုတဲ့လူလို့ မမက ပြောပါတယ်။

မလုံးတင်တို့အမေထက် ငယ်ပုံရပေမယ့် သူလည်း ခပ်ကြမ်းကြမ်းပါပဲ။ ညနေဘက်ဆိုရင် အရက်မူးပြီး ယိုင်ထိုးယိုင်ထိုးနှင့် အိမ်ပြန်လာတာကို မြင်ရတတ်ပါတယ်။

သူရောက်စမှာ သိပ် ဆဲသံဆိုသံမကြားရပေမယ့် နောက်ပိုင်းမှာတော့ အလျင်ကပုံစံမျိုး ဆဲဆိုရန်ဖြစ်ကြတဲ့အသံတွေ ပြန်ပေါ်လာပြန်ပါတယ်။ တစ်ခါတလေလည်း အဲဒီ ကိုချစ်ခဆိုတဲ့လူ မူးမူးနှင့် သီချင်းဆိုနေတဲ့အသံမျိုးကိုပါ ကြားရတတ်ပါတယ်။

အဲသလို သီချင်းဆိုရာကနေပြီး ဝုန်းဒိုင်း ထ ရန်ဖြစ်ချင်ဖြစ်ကြပြီး ဆဲသံဆိုသံတွေ မိုးမွှန်နေတာမျိုးလည်း ကြုံရတတ်ပါတယ်။ တကယ့် စိတ်ညစ်စရာ မိသားစုပါပဲ။

ဒါထဲက ကျွန်တော် မလုံးတင် တစ်ယောက်ကိုတော့ ခင်မင်လျက်ပဲ။ မလုံးတင်ဟာ တစ်ခါတစ်ခါ ကျွန်တော့်တို့ဆီ လာပြီး 'ငါလည်း စိတ်ညစ်တယ် ဟယ်။ ဘယ်သွားနေရမှန်းလည်း မသိဘူး' လို့ ညည်းတတ်ပါတယ်။

ကျွန်တော်က နားမလည်ပါဘူး။ သူတို့အိမ်မှာ ဘာတွေဖြစ်နေတယ်ဆိုတာ မသိပေမယ့် ခါတိုင်းလည်း ဒီလိုပဲလို့ အောက်မေ့နေတာကိုး။ ဒါပေမယ့် ခါတိုင်းလိုမဟုတ်တာကို ကျွန်တော် သတိမထားမိဘူး။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ သူတို့အိမ်ဘက်က ဆဲသံဆိုသံတွေ မလာခင် ဝုန်းဒိုင်းအသံတွေကြားရပြီး 'အမာလေးဗျာ။ သေပါပြီ' ဆိုတဲ့ ကိုချစ်ခရဲ့အသံ ကြားလိုက်ရပါတယ်။ ပြီးတော့ ပြေးကြလွှားကြတဲ့ အသံတွေပါ ကြားရတယ်။

ကျွန်တော်လည်း စာကျက်နေရာက နားစွင့်နေမိလိုက်တယ်။ ခဏကြာတော့ ကျွန်တော် စာကျက်နေတဲ့ အခန်းပြတင်းပေါက်နား မလုံးတင်ရောက်လာပြီး ကျွန်တော့်ကို လက်ယပ်ပြီးခေါ်တယ်။

ကျွန်တော် သူ့ဆီ ထသွားတော့ သူက သူ အထဲကို ဝင်ခဲ့ချင်တယ်ဆိုတာကို လက်ဟန်ခြေဟန်နဲ့ပြတော့ ကျွန်တော်လည်း သူလှမ်းပေးတဲ့ လက်နှစ်ဖက်ကိုဆွဲပြီး တင်ပေးလိုက်တယ်။

ကျွန်တော်က သူ့ကို 'ဘာဖြစ်လို့လဲ'လို့မေးတော့ သူက အသာ လက်ကာပြပြီး ကျွန်တော့်အိပ်ရာရှိတဲ့ ထောင့်ဘက်ကိုသွားပြီး ကွယ်နေတယ်။

ခဏကြာတော့ သူ ကျွန်တော့်အိပ်ရာပေါ် တက်၊ ခြင်ထောင်ဆွဲချ၊ စောင်ဆွဲခြုံလိုက်ပြီး အိပ်နေတော့တယ်။

ကျွန်တော် ဘာမှ နားမလည်ဘူး။ သူ့နားလည်း မကပ်ရဲဘူး။ သူ့ကို ပြတင်းပေါက်က ဆွဲတင်လိုက်တဲ့ အချိန်ကစပြီး ကျွန်တော့် ရင်တွေလည်း ခုန်နေတယ်။ တစ်ကိုယ်လုံးလည်း တုန်နေတယ်။

ကျွန်တော့်အိမ်ကလူတွေ သိကုန်မှာလည်း စိုးတော့ ကျွန်တော် လည်း ငြိမ်နေရတယ်။ မလုံးတင်က ခိုင်းလို့ ပြတင်းပေါက်ကိုလည်း ပိတ်ထားလိုက်တယ်။

ခဏနေတော့ 'ဟဲ့ မိလုံး၊ လာခဲ့။ အခုချက်ချင်း ပြန်ခဲ့' ဆိုတဲ့ သူ့အမေ ဒေါ်သနွင့် ဆဲဆိုပြီးခေါ်တဲ့အသံကို ကြားလိုက်ရပါတယ်။ မလုံးတင်က မလှုပ်ပါဘူး။





ကျွန်တော့်မှာတော့ ရင်တထိတ်ထိတ်ပါပဲ။

အခုနေ ကျွန်တော့်အခန်းထဲ မမများ ဝင်လာလို့ ကျွန်တော့် အိပ်ရာပေါ် မလုံးတင် ခြင်ထောင်ချပြီး စောင်ခြုံအိပ်နေတာ တွေ့သွားရင် ဘယ်လိုများ နေမလဲ။

ဟိုဘက်အိမ်က ဆဲသံဆိုသံကို မမလည်း ကြားမှာပါပဲ။ ဒါပေမယ့် သူတို့လည်း ငြိမ်ပြီးနားထောင်နေကြဟန် တူပါတယ်။

ကံအားလျော်စွာ မလုံးတင်တို့အမေ နောက်ထပ် ဆဲသံခေါ်သံ မကြားရတော့ဘဲ အားလုံး တိတ်ဆိတ်သွားပါတယ်။

ကျွန်တော့်မှာတော့ ဒုက္ခက မအေးသေးပါဘူး။ ခြင်ထောင်ကို မပြီး ခုတင်ဘေးမှာ ခြေတွဲလွဲ ချထိုင်လိုက်တယ်။ နောက် သူ့ လုံချည်အောက်နားက တစ်ထွာလောက်ပြဲနေတာကို ငုံ့ပြီး ကိုင်ကြည့် ရာက ကျွန်တော့်ကို မော့်ကြည့်ပြီး ပြုံးပြတယ်။

ပြီးနောက် သူ့မျက်နှာဟာ ချက်ချင်း မဲ့ရွဲ့လာပြီး 'နောက် တစ်ခါ ဒါမျိုးလုပ်ရင် သေအောင်ကို သတ်မယ်။ မိလုံးကို ဒါမျိုးစမ်းလို့ ဘာရမလဲ'လို့ ဆိုပါတယ်။

ကျွန်တော်က ဘာမှ နားမလည်သလို သူ့ကိုပဲ ငေးကြည့်နေ တော့မှ သူက သူ့ပထွေးကိုချစ်ခက သူ့ကို ဗလက္ကာယလုပ်လို့ သူက ရုန်းကန်ပြီး ဒူးနှင့် ချက်ကောင်းကို ပစ်တိုက်ထားခဲ့တာ ဖက်လက်လန် လဲကျနေရစ်တဲ့အကြောင်း ပြောပြပါတယ်။

ကျွန်တော် အတော် ကြောက်လန့်သွားပါတယ်။ မလုံးတင်ရဲ့ သတ္တိကိုလည်း စိတ်ထဲက ချီးမွမ်းလျက်ပါပဲ။

"အခု ဘယ်လို လုပ်မလဲ။ ဒါဖြင့်"

"ငါလည်း ဘာလုပ်ရမှန်း မသိဘူးဟယ်။ မနက်ကျမှ ကြည့်လုပ်ရမှာပဲ။ စိတ်ညစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မလုံးတင်က အဲသလို ခပ်တိုးတိုးညည်းတော့ ကျွန်တော့်ရင်ထဲမှာ ပိုလေးလာပါတယ်။ အခု ဘာလုပ်ရမှန်း မသိဘူး။

မနက်ကျမှ ကြည့်လုပ်မယ်ဆိုတော့ သူ ဒီည ဘယ်သွားနေမလဲ။ လာကတည်းကိုက သူ ကျွန်တော့်အခန်းမှာ ပုန်းနေဖို့ဆိုတော့ ဒီမှာပဲများ တစ်ညလုံး နေလေမလား။

ကျွန်တော့်အိမ်က လူတွေဟာ အိပ်ပျော်သွားကြဦးမယ် မဟုတ်ဘူး။ ဒါပေမယ့် သူတို့အိပ်တဲ့အခန်းနှင့် ကျွန်တော့်အခန်းကြားထဲမှာ ဧည့်ခန်းတစ်ခန်း ခြားသေးတော့ တိုးတိုးပြောရင် ကြားမယ် မဟုတ်ပါဘူး။

ဒါနှင့် ကျွန်တော် လက်ညှိုးနှင့် ပါးစပ်ကို ထောင်ပိတ်ပြီး တိုးတိုးတိတ်တိတ်နေဖို့ မလုံးတင်ကိုပြလိုက်တော့ မလုံးတင်က ပြုံးပြီး ခေါင်းညိတ်ပြတယ်။

ကဲ၊ အဲသည်လိုဆိုတော့ ကျွန်တော်နှင့်သူဟာ အလိုတူအလိုပါကြံရာပါတွေ ဖြစ်သွားပြီဆိုတာ ကျွန်တော် နောက်မှ စဉ်းစားမိပါတယ်။ ဒုက္ခပါပဲ။

ကျွန်တော်ဟာ မိန်းမဆိုရင် အင်မတန် ကြောက်တတ်ပါတယ်။ သူတော်ကောင်းတွေ ကြောက်သလို ကြောက်တာတော့ မဟုတ်ဘူး။ မိန်းမတစ်ယောက်နှင့် ချစ်ရေးခင်ရေး ပြေလည်ဖို့ဆိုရင် ဘယ်ကစပြီး ဘာပြောလို့ ဘယ်လို စခန်းသွားရမယ်ဆိုတာ မသိပါဘူး။

သွားစလို့ သဘောကျရင် တော်တော်ရှိရဲ့။ သဘောမကျလို့ အော်ကြီးဟစ်ကျယ် ဆဲလိုက်ရင်၊ အော်လိုက်ရင် ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်တော် မတွေးတတ်ပါဘူး။ အဲသလို ကြောက်တာပါ။

ကိုယ့်စိတ်ဆန္ဒက ဘယ်လိုပဲ နှိုးဆော်နှိုးဆော်၊ လက်ကနှုတ်က ရဲရဲတင်းတင်း မပါရဲပါဘူး။ အခုလည်း ကျွန်တော့်စိတ်တွေ





လှုပ်ရှားနေပေမယ့် ကျွန်တော့်စာကြည့်စားပွဲက တစ်လက်မမျှ မရွေ့ရဲပါဘူး။

အဲဒီအချိန်မှာ ကျွန်တော့်သူငယ်ချင်း ကိုကျော်စိန်ကြီး တစ်ခါဆ အိမ်မှာ ဘယ်သူမှမရှိတုန်း သူစာကျက်နေတဲ့အခန်းထဲကို တစ်ယောက်တည်းရောက်လာတဲ့ သူတို့ရဲ့ အိမ်နီးချင်း အပျိုမကလေးတစ်ယောက်ကို လက်ရဲဇက်ရဲ ဖက်နမ်းလိုက်တာက စပြီး ချစ်ရေးခင်ရေး ပြေလည်သွားလိုက်တာ ကလေးတစ်ယောက်ရလို့ သူကျောင်းဆက်မနေရတော့ဘဲ အဲဒီမိန်းမနှင့် ယူလိုက်ရတဲ့အထိပဲလို့ ပြောပြ ဖူးတာကို ကျွန်တော် သတိရနေပါတယ်။ အာဂလူပါပဲ။

ကျွန်တော်ဟာ သူ့လို လက်ရဲဇက်ရဲ မဟုတ်ပါဘူး။ စိတ်ထဲဆတော့ သူပြောသလို လုပ်ချင်လျက်ပါပဲ။

ဒါပေမယ့် လက်က မရဲတော့ ဒီလိုနှင့်ပဲ ကျွန်တော်က ကျွန်တော့်စားပွဲမှာထိုင်လျက် မလုံးတင်က ကျွန်တော့်အိပ်ရာပေါ်မှာ အိပ်လိုက် ထိုင်လိုက်နှင့် စကားကို လေသံတိုးတိုးနှင့် ပြောကြရင်း နက်လင်းအားကြီးအချိန်ကျမှ မလုံးတင်ဟာ သူလာခဲ့တဲ့လမ်းအတိုင်း ပြတင်းပေါက်က ကျော်ဆင်းပြီး သူ့အိမ် သူ ပြန်သွားခဲ့ပါတယ်။

ဒီကိစ္စက ဒီမှာတင် ပြီးသွားဖို့ပါပဲ။

ဒါပေမယ့် မပြီးနိုင်တာကတော့ နောက်တစ်နေ့မှာ မလုံးတင်တို့အိမ်က ဆဲတဲ့ဆိုတဲ့အသံတွေထဲမှာ မလုံးတင်တို့အမေက 'ဟဲ့ နေ့ညက နင် နင့်လင်နှင့် တစ်ညလုံးသွားအိပ်နေတာ ငါ မသိဘူး မှတ်လို့လား' အစချီပြီး ဘာမဟုတ်ညာမဟုတ်နှင့် မကြားဝံ့မနာသာ အယုတ်တမာ အဆဲမျိုးစုံနှင့် ဆဲ။ မလုံးတင်ကလည်း ကက်ကက်လန်အောင်ရန်တွေ့ရင်း 'အမေ့လင်ကြီး၊ အမေ့လင်ကြီး'နှင့် အော်ဆဲပြီး အသံဝင်မတတ် ပြောနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေပြောနေတယ်ဆိုတာတော့ ပီပီသသ မကြားရဘူး။ အဲဒါက အရေးမကြီးဘူး။ အဲဒီ ဆဲသံဆိုသံတွေကို ကျွန်တော့် အိမ်က လူတွေကလည်း ကြားကြရတော့ ဦးကြီးကရော၊ ဒေါ်ကြီးကရော၊ မမကရော ကျွန်တော့်ကို မသင်္ကာတဲ့အကြည့်နှင့် ကွက်ကြည့် ကွက်ကြည့်လုပ်နေကြတော့ ကျွန်တော်လည်း အတော် အနေခက် အထိုင်ရ ခက်နေပါတယ်။

ဒီကိစ္စက ဒီတင် မပြီးပါဘူး။

အဲဒီညဘက် မလုံးတင်တို့အိမ်ဆီက ဘာသံမှ မကြားရပေမယ့် မနေ့ညကလို မလုံးတင်များ ရောက်လာဦးမလားလို့ ကျွန်တော့် စိတ်ထဲက မျှော်နေမိပါတယ်။ တကယ်လာနေမှာကိုလည်း ကြောက်နေပါတယ်။

ကျွန်တော် အဲသလို စိတ်နှစ်ခွနှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေတုန်း၊ ဖြုန်းဆို ကျွန်တော့်အခန်းထဲ မမ ဝင်လာပြီး ကျွန်တော့်ကို ဘာမှမပြောခင် ပြတင်းပေါက်ကို သွားပိတ်၊ အထက်မင်းတုပ် အောက်မင်းတုပ်ထိုးပြီးမှ ကျွန်တော့်အနား လာပြီး–

“ငါ့မောင်ကို မမ ဒီမှာထားလို့ မဖြစ်တော့ဘူး” လို့ပြောပါတယ်။

ကျွန်တော် မမကို ဘာမှ ပြန်မပြောမိပါဘူး။ ဘာဖြစ်လို့လဲ ဆိုတာကို မေးဦးမယ်စိတ်ကူးပေမယ့် သူတို့လည်း သိလို့နေမှာပေါ့ဆိုတဲ့အသိနှင့် ကျွန်တော်လည်း ဘာမှ မမေးဖြစ်တော့ဘူး။

တကယ်က ကျွန်တော်နှင့် မလုံးတင် ဘာမှ ဖြစ်ကြတာ မဟုတ်ဘူးဆိုတာ မမကို ကျွန်တော် ရှင်းပြဖို့ လိုမယ်ဆိုတာသိပေမယ့် ကျွန်တော်ကိုယ်တိုင်က ခုလို မလုံးတင်တို့နှင့် နီးစပ် ပတ်သက်လာတာဟာ ကျွန်တော့်အဖို့ အန္တရာယ်မကင်းဘူးလို့လည်း ယုံကြည်နေတော့ မမကို ကျွန်တော် ဘာမှ ရှင်းပြမနေတော့ဘူး။





နှစ်လယ်ကြီးမှာ ကျောင်းပြောင်းရမှာကိုတော့ သိပ် ဘဝင်မကျလှဘူး။ ဒါပေမယ့် နောက်တစ်ပတ်လောက်အကြာ မမ မန္တလေးက အပြန် ကျွန်တော့်ကို မန္တလေးကျောင်း ရွှေ့ဖို့သေချာပြီဆိုတော့ ကျွန်တော့်စိတ်ထဲမှာ ဟာတာတာကြီးဖြစ်သွားပါတယ်။

တကယ်က ကျွန်တော် မလုံးတင်နှင့် ဝေးရာကိုသွားရမှာကို စိတ်မချမ်းသာပါဘူး။ဘာမှလည်း မပြောတတ် မတွေးတတ်တော့ဘဲလိုက်သွားဖို့ ကျွန်တော် အဝတ်အစား စာအုပ် အားလုံးထုပ်ပိုး ပြင်ဆင်ရပါတော့တယ်။

ကျွန်တော်မသွားခင် တစ်ရက်မှာတော့ ဘာမှမရှိတော့တဲ့ ကျွန်တော့်အိပ်ခန်းထဲက စာကြည့်စားပွဲမှာ ကျွန်တော်တစ်ယောက်တည်း ထိုင်ပြီး ငိုင်နေမိပါတယ်။

နက်ဖြန်ဆိုရင် ဒီအခန်းထဲမှာ ကျွန်တော့်အိပ်ရာပါ ရှိတော့မယ် မဟုတ်ဘူး။ ဦးကြီး ပုတီးစိပ်ဖို့သတ်သတ် ရှင်းထားမယ်လို့လည်း ပြောပါတယ်။

ကျွန်တော် မလုံးတင်ကို နှုတ်ဆက်ချင်တယ်။ စာနှင့် ရေးရမလား။ ဘယ်လို ရေးမလဲ။ ဘယ်သူနှင့် ပေးခဲ့မလဲ။

မလုံးတင်က ကျွန်တော်တို့နှင့် လေးတန်းလောက် ထိအောင်တော့ ကျောင်းနေဖူးတယ်။ ဒါပေမယ့် စာနှင့် ရေးပြောတာကို သူ နားလည်လည် သိပါ့မလား။

ကျွန်တော် ပြတင်းကို ဖွင့်ကြည့်မိပါတယ်။

ကျွန်တော် အဲသလို တွေးရင်းထိုင်ငေးနေတာနှင့် မိုးချုပ်သွားပါတယ်။

စောစောပိုင်းက မမ လာပြီး ‘ငါ့မောင် မနက်သွားရမှာ စောစောအိပ်၊ အိပ်တော့’ဆိုပြီး ပြန်သွားတော့ ကျွန်တော်လည်း

www.burmeseclassic.com



အခန်းတံခါးပိတ်ပြီး အဲသလို စာကြည့်စားပွဲမှာထိုင်နေတာ ဘ
အချိန်လဲတော့ မသိဘူး။ ပြတင်းပေါက်က အသံကြားလို့ လှ
ကြည့်လိုက်တော့ မလုံးတင်ပါ။

သူက ဝင်ခဲ့ချင်တယ်ဆိုလို့ ကျွန်တော်လည်း ဟိုတစ်နေ
လိုပဲ လက်ကမ်းပေးပြီး ဆွဲတင်လိုက်ပါတယ်။ ကျွန်တော် ရင်
နေတယ်။

"နင် သွားတော့မလို့ဆို"

"နက်ဖြန်မနက် ရထားနှင့် လိုက်ရမယ်"

"ရော့၊ နင်သောက်ဖို့ ပိုလီဘူး။ နင် ငါ့ကို မမေ့နှင့်နော်

ကျွန်တော် သူပေးတဲ့ ပိုလီစီးကရက် သုံးဘူးကို လှမ်းယူလို
ပြီး သူ့ကို စိုက်ကြည့်နေမိပါတယ်။ သူကလည်း ကျွန်တော်
ကြည့်ပြီး ပြုံးနေပါတယ်။

အဲဒီအချိန်မှာ ကျွန်တော့်မမက ကျွန်တော့်ကို တိုးတိုးတိတ်တ
ဆုံးမခဲ့တဲ့စကားတွေကိုလည်း ကျွန်တော့်နားထဲမှာ ကြားနေပါတ

"ဒါတွေနှင့် မင်းနှင့် ငြိလို့စွန်းလို့ မဖြစ်ဘူးနော်။ ကြား
မင်း လွတ်အောင် ရှောင်ရမယ်။ ငါ့မောင် အရောမဝင်နှင့်။ အ
မလုပ်နှင့်။ ဆင်းရဲတာ ချမ်းသာတာက အကြောင်းမဟုတ်
စရိုက်က သိပ်ကြမ်းတာ။ ငါ့မောင် ဒုက္ခ ရေရေလည်လည်ရောက်
ကြပ်ကြပ်ကြီး သတိထား"

မမပြောတာလည်း ဟုတ်ပါတယ်။ ကျွန်တော်လည်း သ
ပေါက်ပါတယ်။ ဒါပေမယ့် ကျွန်တော့်နား တစ်ဘက်က
ကိုကျော်စိန်ကြီး ပြောပြတာတွေကို ကြားယောင်လျက်ပဲ။

"မိန်းမဆိုတာ ကြိုက်ပေမယ့် နည်းနည်းတော့ ဟန်လုပ်
တာပေါ့ကွာ။ ဒါပေမယ့် သူလည်း အသွေးနှင့်ကိုယ် အသားနှင့်





ဘစ်ယောက်တည်းရှိတဲ့နေရာကို သူတစ်ယောက်တည်း လာတယ်
တည်းက သူကလည်း ဒါမျိုး မျှော်လင့်လာတာပေါ့။ သူ့ကို
သလို မလုပ်လိုက်ရင် သူက ငါ့ကို ယောကျ်ားမဟုတ်ဘူး ထင်ဦး
ယ်။ ငါကလည်း ဘာရမလဲ။ ယောကျ်ားဖြစ်ကြောင်း ပြလိုက်ရတာ
ါ့ကွာ"

ကျွန်တော့်မှာ အဲသလို ချီတုံချတုံဖြစ်နေပေမယ့် နက်ဖြန်
ွားရတော့မယ်ဆိုတဲ့အသိနှင့် စိတ်ထဲက တစ်မျိုးရဲနေတော့ ကိုကျော်
ိန်ကြီးပြောသလို လုပ်လိုက်မိတယ်။

ကျွန်တော်က မကျင်လည်တော့ အိုးနင်းခွက်နင်းပါပဲ။

မလုံးတင်ဟာ ကိုကျော်စိန်ပြောသလို အစတော့ အံ့အားသင့်
သလို၊ ငြင်းဆန်သလို လုပ်နေပေမယ့် ခဏကြာတော့ ပြေလည်သွား
ါတယ်။

နောက်ပိုင်း ဘာတွေ ဘယ်လိုဖြစ်တယ်ဆိုတာ ကျွန်တော်
ပြောမပြတတ်တော့ဘူး။

"နင် ငါ့ကို အတည်ယူနိုင်မှာ မဟုတ်ပါဘူးဟယ်"လို့
လုံးတင်ကပြောတော့ ကျွန်တော်က ကျွန်တော် ဆယ်တန်းအောင်
ီး အလုပ်ဝင်လုပ်ပြီး ကိုယ့်ဟာကိုယ် နေနိုင်တော့ မလုံးတင်ကို
ာခေါ်မယ်လို့ ကတိပေးပေမယ့် မလုံးတင်က မယုံပါဘူး။

"နင်တို့မှာ အဖေအမေ မရှိပေမယ့် နင်တို့က မျက်နှာကြီးမျိုး
ွေပါဟယ်။ ပညာတတ်တွေပါ။ ကျောင်းကထွက်ရင် အရာရှိအရာခံ
ူကုံထံတွေ ဖြစ်လာမှာပါ။ ငါတို့လို အတန်းအစားက နင်တို့ကို
ော့်တောင် ကြည့်ရဲမှာ မဟုတ်ပါဘူး။ ငါတို့လို ဘာဂုဏ်မှမရှိတဲ့
ခွဲအစုတ်ကို ဘယ်လောက်ချစ်ချစ် နင့်ကို ငါ ရမှာ မဟုတ်ဘူးဆို
ာ ငါ သိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



မလုံးတင်ယုံအောင် ကျွန်တော် ဘာတွေ ပြောခဲ့တယ်။ ဘာတွေ ကတိထားခဲ့တယ်ဆိုတာတော့ ကျွန်တော် မမှတ်မိတော့ဘူး။ အဲဒီညက မလုံးတင်ရော ကျွန်တော်ရော တစ်မှေးမှ မအိပ်ခဲ့ကြပါဘူး။

မနက် လေးနာရီလောက်ကျမှ မှောင်နေသေးတဲ့ ကျွန်တော့်အခန်းထဲကနေပြီး မလုံးတင် ပြတင်းပေါက်က ကျော်ချပြီး ပြန်သွားခဲ့ပါတယ်။

သူ အပြင်ရောက်မှ အုတ်ခုံစွန်းမှာ ခြေဖျားထောက်ရပ်လျက်က ကျွန်တော့်လည်ပင်းကို သူ့လက်နှစ်ဖက်နှင့် လှမ်းနှိမ်ပြီး ပါးကို ဘယ်ပြန်ညာပြန် နမ်းသွားပါသေးတယ်။ သူ့မျက်နှာပေါ်မှာ မျက်ရည်တွေနှင့်ပါ။

အဲဒီအဖြစ်အပျက်တွေဟာ ကျွန်တော့်ရင်ထဲက ဘယ်တော့မှ အပြီးတိုင် ပျောက်မသွားခဲ့ပေမယ့် ကျွန်တော်နှင့် မလုံးတင်တို့ရဲ့ ဇာတ်လမ်းက ဒီတင်ပဲ ပြီးဆုံးခဲ့ပါတယ်။

ကျွန်တော် ဆယ်တန်းဖြေပြီးတော့ ကျွန်တော့်မမက မန္တလေးကို လိုက်လာပြီး အဲဒီကနေ တောင်ငူက ဖေဖေ့အမျိုးတွေဆီ မောင်နှမနှစ်ယောက် အလည်ဆိုပြီး သွားခဲ့ကြပါတယ်။

မမ ဘယ်လိုစီမံခဲ့တယ်ဆိုတာ ကျွန်တော် မသိပါဘူး။ ကျွန်တော်တို့ အညာကို မပြန်ရတော့ပါဘူး။

ဆယ်တန်း အောင်စာရင်းထွက်ပြီး ကျွန်တော် ကောလိပ်ဆက်သွားဖို့အတွက် မမက တောင်ငူကနေပြီး စီစဉ်ပေးပါတယ်။

ကျွန်တော့်စိတ်ထဲမှာ တစ်ချိန်ချိန်အားရင် ဦးကြီးတို့ ဒေါ်ကြီးတို့ဆီလည်ရင်း မလုံးတင်နှင့်လည်း တွေ့ရအောင် အညာကို တစ်ခေါက်သွားဦးမယ်လို့ စိတ်ထဲက ခဲထားခဲ့ပေမယ့် အဲဒီလိုသွားဖို့ အခါအခွင့်က မသင့်ခဲ့တော့ပါဘူး။





ဦးကြီးတို့၊ ဒေါ်ကြီးတို့နှင့်ကတော့ သူတို့က လာလို့ မကြာခဏဆိုသလို တောင်ငူမှာ၊ ရန်ကုန်မှာ တွေ့တွေ့နေရပါတယ်။ ဒါပေမယ့် မလုံးတင်တို့အကြောင်းကိုတော့ ကျွန်တော်ကလည်း မေးလို့ မကောင်းဘူးထင်လို့ မမေး၊ သူတို့ကလည်း အရေးလုပ်ပြီး မပြောတော့ ဘာမှ မသိရတော့ပါဘူး။

မလုံးတင်ကို ကျွန်တော် သိပ်စွဲလမ်းနေတာ မဟုတ်ပေမယ့် တစ်ခါတစ်ခါတော့ သတိရမိတတ်ပါတယ်။

ဘယ်လိုအခါမျိုးလဲဆိုရင် သူနှင့်တူတဲ့ အမျိုးသမီးတို့၊ သူ့လို နှုတ်အာကြမ်းပြီး ဆဲတတ်တဲ့အမျိုးသမီးတို့ကို တစ်နေရာရာမှာ တွေ့ခဲ့၊ မြင်ခဲ့၊ ကြားခဲ့ရတဲ့ အခါမျိုးပါ။

အခု မလုံးတင် ဘယ်ရောက်နေပြီလဲဆိုတာ ကျွန်တော် မသိပါဘူး။ အသက်ရှင်လျက် ရှိသေးသလား၊ သေရှာပြီလား ဆိုတာလည်း မသိပါဘူး။

တစ်ယောက်ယောက်နှင့် အိမ်ထောင်ကျသလား ဆိုတာလည်း မမှန်းဆတတ်ပါဘူး။

မလုံးတင်ဟာ ဟိုတုန်းကလိုပဲ ဆင်းရဲလျက်ပဲလား။ ချမ်းသာနေမလားဆိုတာလည်း မတွေးတတ်ပါဘူး။

မကြာခင် တစ်နေ့ဆီက–

ကျွန်တော် အင်းယားလိတ်ခန်းမက မျက်နှာကြီးမင်္ဂလာဆောင်တစ်ခုကို ရောက်ခဲ့လို့ အဲဒီခန်းမ ရှေ့တန်း သီးသန့်စားပွဲတစ်ခုမှာ ထိုင်နေကြသူများအနက် အသားညိုညို၊ ပိန်ပိန်ပါးပါး၊ မျက်လုံးဆောက်တောက်၊ စိန်နားကပ် တဝင်းဝင်းနှင့် ဂုဏ်အသရေရှိ အမျိုးသမီးကြီးတစ်ယောက်ကို တွေ့မြင်ခဲ့ရပြီး ကျွန်တော်နှင့် ကျောချင်းကပ်မှာ ထိုင်နေကြတဲ့ အမျိုးသမီးနှစ်ယောက် သူတို့အချင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



တီးတိုးပြောနေကြတဲ့စကားတွေ နားစွန်နားဖျား ကြားခဲ့ရတာကို မဆီမဆိုင်လို့ပဲ ဆိုရမလား၊ ကျွန်တော် ဆက်စပ်ပြီး တွေးမိလို့ပါ။

သူတို့ပြောနေကြတဲ့စကားထဲမှာ 'နာမည်ရင်းက မတင်ဆို လား၊ ဈေးထဲမှာ ငါးရောင်းတာ။ နောက် သူတို့မြို့က သူဌေးကြီး တစ်ယောက်နှင့်ရပြီး အဲဒီသူဌေးကြီး သေတော့ စိန်တွေရွှေတွေကို သူက ရလိုက်တာ။ အဲဒီအချိန်မှာ မိန်းမက ခပ်ငယ်ငယ်ပဲ။ အရွယ် ကောင်း။ စိန်တွေရွှေတွေနှင့်ဆိုတော့ အထက်လွှာထဲ ရောက်။ နောက် အိမ်ထောင်ပြုတော့လည်း ထိပ်တန်းစား၊ အခုတော့ ဒေါ်စိန်တင် ဖြစ်နေတယ်။ စိန်တစ်လုံး တိုးလာတယ်ဆိုရင်ပဲ ခေါ်ချင်ပြောချင် အရေးလုပ်ချင်တဲ့လူတွေ များလာတာပေါ့။ ဒါ အဆန်းမဟုတ်ပါဘူး' ဆိုတဲ့စကားတွေကို ကျွန်တော် သတိထားလိုက်မိပါတယ်။

သူတို့ပြောနေကြတာဟာ ဘယ် ဒေါ်စိန်တင်အကြောင်းလဲ ဆိုတာ ကျွန်တော်မသိပါဘူး။

ရှေ့တန်း သီးသန့်စားပွဲမှာ ထိုင်နေတဲ့ စိန်နားကပ်ကြီးနှင့် အသားညိုညို၊ ပိန်ပိန်ပါးပါး၊ မျက်လုံးတောက်တောက် အမျိုးသမီး ဟာ ဘယ်သူဘယ်ဝါဆိုတာကိုလည်း ကျွန်တော် မသိပါဘူး။

ဒါပေမယ့် အဲဒီ မင်္ဂလာဆောင်ကပြန်ခဲ့တဲ့ညက ကျွန်တော် တော်တော်နှင့် အိပ်လို့မပျော်ပါဘူး။

မလုံးတင်ကိုလည်း သတိရနေတယ်။ ကျွန်တော်နှင့် မလုံး တင် နောက်ဆုံး တွေ့ခဲ့ကြရတဲ့ညက မလုံးတင် ပြောလိုက်တဲ့စကား တွေကိုလည်း သတိရနေတယ်။

မလုံးတင်တို့ရဲ့ ပတ်ဝန်းကျင်ကိုလည်း ဝိုးတဝါး ပြန်တွေးကြည့် နေမိပါတယ်။

* * *

# လူအကြောင်း သို့မဟုတ် အာဒံနှင့် ဧဝတို့အကြောင်း

ခါတိုင်းလိုပဲ။ သူငယ်ချင်းတစ်ယောက်က တယ်လီဖုန်းဆက် ပြီး ချိန်းတယ်။ ညနေခြောက်နာရီ လာပါတဲ့။

ကိစ္စကတော့ အထွေအထူးရယ်လို့ မဟုတ်ပါဘူး။ ရှမ်းပြည် နယ်က သူငယ်ချင်းတစ်ယောက်လာလို့ အရက်သောက်ဖို့။

ကျွန်တော်လည်း ဘာမျှ ရှည်ရှည်ဝေးဝေး မေးမနေတော့ ဘူး။ 'အေး အေး၊ ငါ လာခဲ့မယ်။ ခါတိုင်းနေရာပေါ့။ ဟုတ်လား' ဆိုပြီး တယ်လီဖုန်းကိုချလိုက်ပြီး လှည့်ထွက်လာတော့ ဘယ်အချိန် က ကျွန်တော့်နောက်နား ရောက်နေမှန်း မသိဘူး။ ကျွန်တော့်ဇနီး ဝဝကြီးက ခါးထောက်ပြီး ရပ်ကြည့်နေတယ်။ 'လမ်းက ပေါ်လာပြန် ပြီးပေါ့။ ဟုတ်လား'

ဒါမျိုး ကြားနေကျဆိုတော့ ကျွန်တော်ကလည်း ရှမ်းပြည် နယ်က သူငယ်ချင်းတစ်ယောက် ရောက်လာလို့ဆိုတာကို မပြောတော့ ဘဲ မင်သေသေနှင့်ပဲ 'အစည်းအဝေးကလေး တစ်ခုရှိလို့'လို့ ပြောလိုက် တယ်။

**ပန်းရွှေပြည်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သူကလည်း ဒါမျိုး ရိုးနေပြီမို့ မျက်စောင်း တစ်ချက်ထိုးလိုက်ပြီး 'ဟင်း ဟင်း၊ အရက် သောက်ကြဦးမယ်ပေါ့'လို့ ဆိုပါတယ်။

ကျွန်တော်လည်း သိပြီးသားပဲ။ ဆက်ဖိးမနေချင်တော့တာနှင့် 'နည်းနည်းပါးပါးပေါ့ကွာ'လို့ မျက်နှာချို သွေးလိုက်ရတယ်။

ကျွန်တော်က ဘယ်လို မျက်နှာချိုသွေးသွေး ကျွန်တော့်မိန်းမရဲ့ မျက်နှာကြီးကတော့ ချိုမလာပါဘူး။ မဲ့တောင် မဲ့ပြလိုက်သေးတယ်။

"အင်းနော်၊ အရက်ချည်း သောက်နေ။ ကလေးတွေ ကျောင်းဖွင့်ချိန် ရောက်တော့မယ်ဆိုတာလည်း သတိထားဦး"

ကျွန်တော် အတော် မပျော်မရွှင် ဖြစ်သွားပါတယ်။ ကျွန်တော်ဟာ ရာထူးအဆင့် သိပ်မငယ်လှပေမယ့် လခ သိပ်ကြီးကြီးရသူမဟုတ်ပါဘူး။ ကလေး ငါးယောက်မှာ ကျောင်းနေတာက သုံးယောက်။

အငယ်နှစ်ယောက်က နို့ညှာနှင့် နို့စို့။ ဒီနို့ညှာက နို့မျက်လို့ ပိန်နေတော့ သူ့အတွက်လည်း နို့မှုန့်နှင့် အင်အားဖြစ်တဲ့ အစားအစာ။ နို့စို့က အမေ အသက်ကြီးပြီး နို့ထွက်နည်းလို့ဆိုပြီး နို့မှုန့်ကူရ။ အဲဗျာ၊ အဲဒီကလေးတွေရဲ့ စရိတ်ကလည်း မသေးလှဘူး။

ကျောင်းထားတဲ့ အရွယ်တွေကလည်း တစ်ခါတစ်ခါ အခုလို ကျောင်းဖွင့်ချိန်များဆိုရင် လက်ကနာရီကိုတောင် ချွတ်ပေါင်ရတတ်ပါတယ်။

ဒီအရက်ကို ဖြတ်လိုက်ပါတော့လားလို့ ကိုယ့်ဟာကိုယ် ဆုံးမမိတာလည်း ခဏခဏပါပဲ။ ဖြတ်လိုက်တာလည်း ခဏခဏပါပဲ။

'အရက်ဖြတ်တာ လွယ်ပါတယ်။ ကျွန်တော်ဖြင့် အရက်ဖြတ်တာ အခုဆို အခါတစ်ရာလောက် ရှိပြီ'လို့ ပြောဖူးတဲ့ ကျွန်တော့်ဆရာကိုလည်း ကျွန်တော် ဦးညွှတ်မိပါတယ်။





ဒီတော့ ဒီအရက်ဖိုးကိစ္စက အိမ်က ကလေးတွေ အမေနှင့် ခဏခဏ စကားများရတော့ ကျွန်တော် လခထုတ်တဲ့အခါနှင့် အပြင်က တောက်တိုမည်ရအလုပ်ကလေးတွေက ငွေရတဲ့အခါ ကျွန်တော့်မိန်းမ လက်ထဲ အကုန်မအပ်ဘဲ တခြားဟာလည်း ဘာမှ မသုံးဘဲ လိမ်လိမ်မာမာ ကုတ်ကုတ်ကျစ်ကျစ် ကပ်ပြီးစုထားတဲ့ ငွေအစိတ်၊ သုံးဆယ်လောက်ကို ကျွန်တော့်အပေါ်အင်္ကျီက နှိုက်ရခက်တဲ့ အိတ်ထဲ အမြဲလိုလို ဆောင်ထားရပါတယ်။

ဒါမှ အခုလို သူငယ်ချင်းတွေနှင့် ချိန်းသွားတဲ့အခါ မျက်နှာမငယ်ဘဲ တန်းတူရည်သူ သဘောထားပြီး ရဲရဲသောက်လို့ ရပါတယ်။

ဟုတ်ပါတယ်။

အရက်ဆိုတာ သူများက တိုက်တာချည်း လိုက်သောက်နေသူဟာ တစ်နည်းမဟုတ် တစ်နည်း သိမ်ငယ်နေတတ်ပါတယ်။ ကျွန်တော့်အဆင့်အတန်း အခြေအနေနှင့် လူက အဲသလို သိမ်ငယ်လို့ မဖြစ်ပါဘူး။

အဲ၊ အဲဒီနေ့က ကျွန်တော့်ဇနီးဟာ တယ်လီဗေးရှင်းက မြန်မာကားကောင်းတယ်လို့ ဖုန်းဆက်ခေါ်လို့ သားငယ်နှစ်ကောင်နှင့် သူ့အစ်ကိုကြီးအိမ်ကို သွားကြမယ်လို့ ပြင်နေတုန်း ကျွန်တော်က 'သွားစရာကိစ္စ ပေါ်လာလို့ လိုက်မပို့နိုင်ဘူး'ဆိုတော့ မကြည်သာတော့ဘူး။

ကျွန်တော်ချလိုက်တဲ့ တယ်လီဖုန်းကို ကောက်ကိုင်ပြီး သူ့အစ်ကိုကြီးအိမ်ကို ဆက်နေတယ်။

"ဟယ်လို မီးမီးလား။ အန်တီလေးပါ။ မီးမီးရေ ဒယ်ဒီ့ကိုပြော၊ အန်တီလေးတို့အိမ်က ကားမအားလို့ နော်၊ ဒယ်ဒီ့ကား အားရင် ဒရိုင်ဘာနှင့်လွှတ်ပြီး အန်တီလေးတို့ကို ခေါ်ပေးပါလို့



www.burmeseclassic.com

www.burmeseclassic.com



နော်။ အေး၊ အေး။ ပြန်မဆက်နှင့်တော့။ အန်တီလေး စောင့်နေမယ် နော်။ မာမီ့ကိုလည်း ပြောလိုက်။ အေး အေး”

တယ်လီဖုန်းကို ခွပ်ခနဲ ဆောင့်ချလိုက်ပြီး ကျွန်တော့်ကို မျက်စောင်းတစ်ချက်ထိုးရင်း လှည့်ထွက်သွားပါတယ်။

အတော်ကလေးကြာတော့ သူ့အစ်ကိုအိမ်ကကား ဒရိုင်ဘာနှင့် ရောက်လာတယ်။ ကျွန်တော့်ဇနီးဟာ ကလေးတွေကို အဝတ်အစားလဲ ပေးပြီး ကျွန်တော့်အနားက ဖြတ်ပြီး ထွက်ရင်း–

‘တီဗွီပြီးချိန်လောက် လာခေါ်နော်’လို့ အမိန့်ပေးသလို ပြော သွားတယ်။ ကျွန်တော်ကလည်း ပြီးလွယ်အောင် ‘အေး အေး’ လို့ပဲ ပြောလိုက်ပါတယ်။

တီဗွီက တစ်ခါတလေ ဆယ်နာရီခွဲ ဆယ့်တစ်နာရီလောက်မှ ပြီးတတ်တော့ ကျွန်တော်တို့လည်း အဲဒီအချိန်လောက်ဆိုရင် လူစု ကွဲလောက်ပါပြီ။

အမှန်တော့ အပြန် သူတို့သွားခေါ်ရတာ ကျွန်တော့်အဖို့ လည်း တစ်မျိုး ကောင်းသွားတာပေါ့။ မဟုတ်ရင် ကျွန်တော် အဲသလို အပြင်ထွက်တိုင်း အထွက်တစ်ခါ အဝင်တစ်ခါ သူ့ကို မျက်နှာချို သွေးနေရတတ်ပါတယ်။

သူတို့ကား အိမ်ရှေ့ကထွက်သွားမှ ကျွန်တော်လည်း စိတ်လက် ပေါ့ပါးပြီး လေကလေး တအေးအေးချွန်ရင်း အိမ်ထဲ ပြန်ဝင်ခဲ့ပါ တယ်။

ရေမိုးချိုးပြီး ထွက်ရုံပဲ။

ဒါပေမယ့် စိတ်ထဲက ထင့်ခနဲဖြစ်လာတာနှင့် ကျွန်တော် အခန်းထဲဝင် ချိတ်မှာချိတ်ထားတဲ့ ကျွန်တော့်အပေါ်အင်္ကျီ နာရီအိတ် ကို ပြေးစမ်းကြည့်လိုက်မိတယ်။





“ဟိုက်၊ ဒီတစ်ခါမှ ဒုက္ခ။ ဟိုတစ်နေ့ကမှ မဂ္ဂဇင်းတိုက် တစ်တိုက်က ဘာသာပြန်ခ ငွေတစ်ရာရတာ။ မိန်းမကို ခုနစ်ဆယ့် ငါးကျပ်ပေးပြီး ‘ကပ်စေးနဲတဲ့ တိုက်ကွာ။ ခုနစ်ဆယ့်ငါးကျပ်ပဲ ပေးတယ်။ နည်းလိုက်တာ’လို့ ခပ်ညည်းညည်းကလေးပြောရင်း အစိတ်တန်တစ်ရွက် ကပ်ပြီးထည့်ထားတာ အခု မရှိတော့ဘူး။ ဘယ်ရောက်သွားပါလိမ့်။ ဒုက္ခပါပဲ”

ဟိုအိတ်ဒီအိတ် အကုန်လိုက်စမ်း။ လက်ကိုင်အိတ်တွေ၊ ဗိုင်တွဲတွေ၊ စာအုပ်တွေကြားထဲ လျှောက်လှန်လှောကြည့်၊ အင်္ကျီ များ မှားသလားလို့ ဗီရိုထဲက အပေါ်အင်္ကျီတွေ ရှိသမျှ ထုတ်ရှာ။ ဘယ်အင်္ကျီထဲမှာမှ ဘာမျှ မရှိဘူးခင်ဗျာ။

အပေါ်အင်္ကျီရှိသမျှဟာလည်း အားလုံး မီးပူတိုက်ပြီးသား။ ပြားလို့ချပ်လို့။ ဘယ်အင်္ကျီအိတ်မှာမှ စက္ကူတစ်ရွက်စာ ဖောင်း မနေဘူး။

ဒါနှင့် ကျွန်တော်လည်း ခေါင်းတွေဘာတွေပူပြီး သူတို့ ဟိုအိမ်ကို ရောက်ချိန်လောက် မှန်းပြီး တယ်လီဖုန်း ဆက်လိုက်ရပါ တယ်။

“အပေါ်အင်္ကျီ အပေါ်အိတ်ထဲက အစိတ်တန်တစ်ရွက်၊ အေး၊ တွေ့သလား။ အေး၊ အဲဒါ သူများပိုက်ဆံဆိုရင် ပြီးရောပေါ့။ ဘယ်သူ့ပိုက်ဆံဆိုတာ မင့်ကို အစီရင်ခံနေရဦးမှာလား။ ဩော် ‘သူများ’ဆိုတာ ငါ မဟုတ်ပါဘူး။ တကတည်းပါမှပဲ။ ငါ့ကို ချိုပြီး များ အောက်မေ့နေသလား။ အရေးထဲမှာမှ၊ အေးပါ။ အဲဒါ ပြန်ပေး ပါ။ မင့်ဆီမှာလား။

“ဟာ၊ မရှိတော့ဘူးဆိုလို့ မဖြစ်ဘူးကွ။ ပေးရမှာ အခု ပေးရမှာ။ ဟာ၊ အခုပါဆိုမှ လခထုတ်အောင် စောင့်နိုင်မှတော့ မင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိက ကုတ်ကုတ်ကတ်ကတ် ပြန်တောင်းနေပါတော့မလား။ လုပ်ပါကွာ။ အားနာစရာ ဖြစ်နေလို့ပါ။

"ဟာကွာ။ ဘယ်အချိန်ကများ သုံးပစ်လိုက်တာလဲ။ စိုက်ပေးကွာ။ နှစ်ဆယ်လောက်ဖြစ်ဖြစ်တော့ ပြန်ပေးကွာ။ ဟာ၊ ငါးကျပ်နှင့်တော့ ဘယ်ဖြစ်မလဲ။ သူများပိုက်ဆံကို၊ ဟာ၊ နောက်မနေပါနှင့်ကွာ။ သူများဆိုတာ ငါမဟုတ်ဘူး ဆိုနေမှ။ တခြားလူတစ်ယောက်ပေါ့၊ ကဲ။

"မင့်လင်မဟုတ်တဲ့ တခြားက ကုလားကြီး တစ်ယောက်။ ကဲ၊ သိပြီလား"

ရုပ်ရှင်ထဲက ချိုပြုံးက သူ့ကိုယ်သူပြောတဲ့အခါ 'သူများ သူများ'နှင့် ထည့်ထည့်ပြောတတ်လို့တဲ့။ တစ်ခါတစ်ခါ ချွဲချင်နွဲ့ချင်တဲ့အခါ 'သူများ'လို့တောင် မပီတော့ဘူး။ 'သွတ်ပြားသွတ်ပြား' နှင့် ကလေးတွေနောက်နေကျမို့ ကျွန်တော့်ကို သူ အကြောင်းရိုက်နေတာ။

နောက်ဆုံး ဆယ့်ငါးကျပ်နှင့် ဈေးတည့်သွားပြီး ကျွန်တော်လည်း ရေ စောစောချိုး၊ အဝတ်အစား လဲ၊ သူသွားရာ သူ့အစ်ကိုကြီးအိမ်ကို လိုက်ဖို့ လုပ်ရတော့တာပေါ့။

သူ့အစ်ကိုကြီးနေတာက ကြို့ကုန်း။ ကျွန်တော်သွားရမှာက မန်းကီးပွိုင့်။

တကတည်းပါမှပဲ။ အိမ်ကအထွက် သူ့ကို မျက်နှာချိုမသွေးရတော့ဘူးလို့ စိတ်အေးချမ်းသာ လေကလေး တအေးအေးချွန်လို့မှ သီချင်းတစ်ပုဒ် မဆုံးသေးဘူး။ အခု စောစောက ကားမအားလို့ မပို့နိုင်ပါဘူးပြောထားတဲ့ ကြို့ကုန်းကိုလည်း လိုက်ရဦးမယ်။ မိန်းမကိုလည်း မျက်နှာချို သွေးရဦးမယ်။





ကျွန်တော့်အစိတ်တန်ကလေးထဲကလည်း နေရင်းထိုင်ရင်း တစ်ဆယ် လျော့သွားရပြန်တယ်။ တောက်၊ ကုသိုလ်ကံများ။

ကျွန်တော်လည်း လောကကြီးကို စိတ်နာနာနှင့် ရုံးက ကျွန်တော်သုံးဖို့ပေးထားတဲ့ လေးဘီးကားကို မောင်းပြီး ထွက်ခဲ့ရပါတယ်။

ကျွန်တော်ဟာ အလုပ်နှင့်ပတ်သက်ပြီး ဘာတစ်ခုမျှ အငြိအစွန်း မခံချင်လို့ ဒီကားကို အိမ်ကလူတွေအတွက်တောင် အရေးမကြီးရင် မသုံးရဘူးလို့ စည်းကမ်း လုပ်ထားခဲ့တာပါ။

တစ်ခါတစ်ခါ အထုပ်အပိုးတွေနှင့် လမ်းကစောင့်ပြီး လက်ပြတားတဲ့ ကျောင်းသူအရွယ် မိန်းကလေး ငယ်ငယ်ချောချောများဆိုရင် ရပ်ပြီးတင်ခဲ့ချင်တဲ့စိတ်မျိုး ဖြစ်လာတတ်ပေမယ့် ကျွန်တော့်ကိုယ်ကျွန်တော် ဆုံးမပြီး ဆက်မောင်းခဲ့တာ ချည်းပါပဲ။

ကားမောင်းရင်း ကျွန်တော်တစ်ယောက်တည်း စဉ်းစားလာခဲ့မိတယ်။

ဩော်၊ အချစ် အချစ်၊ ကျွန်တော်ချစ်လွန်းလို့ အဖေတို့အမေတို့စကား နားမထောင်ဘဲ သူ့အဖေသူ့အမေတို့ကလည်း သဘောမတူလို့ သူ့မောင်တွေ ဦးလေးတွေရဲ့ တုတ်တစ်ပြက် ဓားတစ်ပြက်ကြားက စွန့်စားပြီး ခိုးယူထွက်ပြေးခဲ့ရတဲ့ မိန်းမ။

ကျွန်တော့်အိတ်ထဲကပိုက်ဆံ ကျွန်တော့်မပေးဘဲ နှိုက်ယူသွားတယ်။ ကျွန်တော် တရားစွဲလို့ မရတဲ့မိန်းမ။

အင်း၊ ကျွန်တော် မှားပြီ။ ကျွန်တော့်တစ်သက်နှင့်တစ်ကိုယ် လုပ်ခဲ့တဲ့ အလုပ်တွေထဲမှာ အမှားဆုံးက အဲဒီ မိန်းမယူတဲ့အလုပ်ပဲလို့ ထင်မိတယ်။

ပန်းရွှေပြည်စာအုပ်တိုက်

www.burmeseclassic.com



ကျွန်တော့်လုပ်စာကို အိမ်ကဟာတွေနှင့် ခွဲဝေသုံးစွဲနေရတာကို တော့ မငြီးငြင်ဘူး ထားပါတော့။

ဒါပေမယ့် တစ်ခါတစ်ခါ အဲသလို ခွဲဝေကြရာမှာ ကျွန်တော့် ဝေစုက နည်းနည်းနေတာတို့၊ ကျွန်တော့်ဝေစု နည်းနည်းထဲက ခုလို ခေါင်းပုံဖြတ်သွားတာတို့ ခံရတဲ့အခါကျတော့ ကာတွန်းဦးဗဂျမ်းရဲ့ 'လခနည်း ဝန်ထမ်း ရတာကလေး သူ့မိန်းမကိုအပ်လိုက်ရလို့ သူ့အတွက် ဘာမျှမကျန်တော့တာနှင့် မိန်းမကို ဖဲရိုက်တတ်အောင် သင်ပြီး အိမ်မှာတင် ဖဲလိမ်ရိုက်ပြီး ပြန်ယူရတဲ့လူ'လို အခု ကျွန်တော်ဖြစ်နေရတော့ ကိုယ့်ဘဝကိုယ် တကယ်စိတ်နာပြီး တက်ခေါက်မိပါတယ်။

အမေတို့ အဖေတို့စကား နားမထောင်မိလို့လည်း နောင်တရမိပါတယ်။

'မိဘစကား နားမထောင် သားတစ်ကောင်နှင့် တိုးလို့တွဲလဲ'တဲ့။ မိန်းကလေးတွေကို ဆုံးမတဲ့စကားက ကျွန်တော့်အတွက် လာမှန်နေပြီ ထင်ပါတယ်။

ကျွန်တော့်မှာ သားတစ်ကောင်တင်မက သားသုံးကောင်နှင့် သမီးနှစ်ကောင်။ ဩော် လူကြီးမိဘများ အမြော်အမြင်ရှိကြပါပေတယ်။

အမေက 'ဘုန်းကြီးဝတ်ပါ သားရယ်။ ဘယ်လောက် အေးချမ်းလိုက်သလဲ။ လူ့ဘောင်ဆိုတာ ငါ့သားက မသိသေးလို့။ ဒုက္ခချည်းပဲကွယ်။ သုခ မရှိဘူး'လို့ ပြောတုန်းက—

'အမေရယ်၊ ဘုန်းကြီးဝတ်တာက မခက်ပါဘူး။ ဘုန်းကြီးဝတ်ကြီးနှင့် မိန်းမလိုချင်နေရင် ဘယ်လောက် ဒုက္ခရောက်မလဲ'လို့ အမေ့ကိုပြန်ပြောပြီး အိမ်က ဖွတ်ထွက်လာတဲ့ အကောင်။





အစတော့ ပျော်လို့ ရွှင်လို့။ သွားလိုက် လာလိုက်။ စားလိုက် သောက်လိုက်။ ကလေးတွေကလည်း ဟော တစ်ယောက်၊ ဟောတစ်ယောက်။ အင်း၊ လူ့ဘဝဆိုတာ ဇာတ် ကသလိုပါပဲ။ နှစ်ပါးသွားလည်း ပြီးရော၊ ဟော အပူခန်းရောက်တော့တာပဲ။

'ဟော့ ဟော့၊ မင်း အားတိုင်းမွေးတွေကို မနိုင်တော့ဘူးလား။ ဒီမှာ ငါ အလုပ်လုပ်လို့ မရဘူး'

ကလေးတွေ ဆူညံနေတာပြောမရလို့ အဲသလို စိတ်လိုက်မာန်ပါ အော်လိုက်မိရင် ကျွန်တော့်မိန်းမ ဝဝကြီးက ကျွန်တော့်အနားလာပြီး ခါးထောက်ရပ်တော့တာပဲ။

'ဘာ၊ အားတိုင်း မွေးလဲ။ ကျွန်မမှာ ထမင်းချက်ရင်း ဟင်းချက်ရင်း အဝတ်လျှော်ရင်း၊ မီးပူတိုက်ရင်း အလုပ်နှင့်လက်နှင့် မပြတ်အောင် လုပ်နေရာက ထထမွေးရတာ။ ရှင်က တစ်ခုရှိ မင့်ကလေးတွေ၊ တစ်ခုရှိ မင့်ကလေးတွေနှင့်၊ ရှင်ကတော့ ပထွေးလား။ ပြောစမ်းပါဦး။ ဒါ ရှင် မလိမ္မာလို့ လူဖြစ်လာကြရရှာတဲ့ ဟာတွေရှင့်။ နားလည်လား။ ကျွန်မကိုချည်း အပြစ်မတင်နှင့်။ ဒီဟာတွေအတွက် တာဝန်အရှိဆုံးက ရှင်ပဲ"

"ဘာ၊ မင်းက"

"ဘာ မင်းကတွေ ဘာတွေ လုပ်မနေနှင့်။ ဒီကလေးတွေ အတွက် ကျွန်မတစ်ယောက်တည်း တာဝန် ပုံမချနှင့်။ ရှင်ပါ တာဝန် ကင်းဘူးဆိုတာ နားလည်အောင် ပြောရတာ"

"တော်ကွာ၊ မင်း"

အဲသလို ကျွန်တော်တို့ ခွန်းကြီးခွန်းငယ် များကြရပြီဆိုရင် ကျွန်တော် ဘာဆက်ပြောရမှန်း မသိအောင် ဖြစ်သွားရတာကတော့ သူပြောတာကလည်း ဟုတ်နေလို့ပါပဲ။ ကျွန်တော်ကလည်း ကျွန်တော်ပဲ။



www.burmeseclassic.com

www.burmeseclassic.com



ခလုတ်ထိမှ အမိတဆိုသလို လူ့လောကရဲ့ ဒုက္ခတွေနှင့် ပက်ပင်းရင်ဆိုင်တိုးကာမှ အမေပြောတာ သိပ်ဟုတ်တာပဲ။ လူ့ဘောင်ဆိုတာ ဒုက္ခချည်းပဲလို့ သတိတရား ရပါတယ်။

အင်း၊ ဒါပေမယ့် ရာဇဝတ်ပြစ်မှု ကျူးလွန်မိပြီး အချုပ်ခန်းထဲ ရောက်ခါမှ 'ရာဇဝတ်မှုမျိုး ကောင်းကျိုးမပေး' ဆိုတာကို သဘော ပေါက်ရသလိုပါပဲ။ ကျွန်တော် ဘာဆိုဘာမျှ မတတ်နိုင်တော့တဲ့ အချိန်ကျမှ 'ငါ မိန်းမယူမိတာ မှားပါပကော'လို့ စဉ်းစားမိပါတယ်။

မိန်းမယူရတာ မှားပြီဆိုလို့ အခုနေ လူပျိုပြန်ဖြစ်သွားလည်း ကျွန်တော်တစ်ယောက်တည်း နေတတ်တော့မှာ မဟုတ်တဲ့အတွက် မကြာခင်ပဲ မိန်းမ ပြန်ယူဖြစ်မှာပါပဲ။ ယူလိုက်ပြန်လည်း ဒုက္ခဆိုတာ ကတော့ အနည်းနှင့်အများဆိုသလို ရောက်ရတော့မှာပဲ။

ဒါနှင့်ပဲ ကျွန်တော်တစ်ယောက်တည်း ကားမောင်းရင်း တက်တခေါက်ခေါက်နှင့်ဖြစ်ပြီး 'ဘယ်သူမပြု မိမိမှု' ဆိုရုံနှင့် တစ်သက်မှာ တစ်ခါမှားတာကို ဒါလောက် ရေရှည်ကြီးတော့ အပြစ်ဒဏ် ခံရဖို့ မသင့်ဘူး။ ဒါ ဘာကြောင့်လဲ။ ဒါ ဘယ်လိုကြောင့်လဲ'လို့ မကျေမချမ်း မေးလာခဲ့မိတယ်။

ဘယ်လောက်မေးမေး အဖြေကတော့ မထွက်ပါဘူး။

ကျွန်တော့်မိတ်ဆွေ အမျိုးသမီးစာရေးဆရာတစ်ယောက် ပြောတာကို ကျွန်တော် အလေးအနက်စဉ်းစားမိပါတယ်။

သူက 'ကျွန်မတို့ အိမ်ထောင်ရေးစနစ်ကိုက မှားနေတယ်လို့ ကျွန်မ ထင်ပါတယ်။ တကယ်ဆိုရင် ဒီ အိမ်ထောင်ပြုတဲ့ကိစ္စကို ဆယ်နှစ်လောက်သက်တမ်းရှိတဲ့ စာချုပ်မျိုးနှင့် လုပ်ကြဖို့ကောင်းတယ်။ စပြီး စာချုပ်တဲ့နေ့က ဆယ်နှစ်ကြာလို့မှ ဒီစာချုပ်ကို နောက်ထပ် သက်တမ်း တိုးချင်ကြသေးတယ်ဆိုရင် နှစ်ဦးနှစ်ဘက် သဘောတူ





တိုးကြ။ ဒီလိုမဟုတ်လို့ တစ်ဘက်ဘက်က မတိုးချင်တော့ဘူးဆိုရင် ဒါနှင့်ပဲ အပြီးသတ်နိုင်ခွင့်၊ နောက်တစ်ယောက်နှင့် ဆက်ပြီး ချုပ်ချင်ချုပ်နိုင်ခွင့်ဆိုတာမျိုး ရှိဖို့ကောင်းပါတယ်'တဲ့။

တော်တော်စူးရောက်တဲ့ ရှေ့ဉာဏ်တော်ပါပေပဲ။ ကျွန်တော်က 'ကလေးတွေ ဘာတွေ ရှိနေရင်ကော'လို့ စောဒက တက်မိတယ်။

သူက 'ဪ၊ ရှင်ကလည်း တယ် ရှေးကျတာကိုး။ ကလေးတွေကို နိုင်ငံတော်က တာဝန်ယူမှာပေါ့'လို့ ခပ်လွယ်လွယ်ပဲ ဖြေတယ်။

တကယ့်ကို ဆန်းသစ်တဲ့ အတွေးအခေါ်ပါပဲ။ နိုင်ငံတော်ကလည်း တကယ့်ကို ခိုင်မာတဲ့ နိုင်ငံတော်ကြီးဖြစ်လာဖို့ဆိုရင် ကလေးသူငယ်ဘဝကတည်းက ပြုစုပျိုးထောင် သင်ကြားဖို့ လိုမယ်။ မတစ်ရာသားကို ကြီးမှ လေ့ကျင့်သင်ကြားရတာထက် အဲဒါက လွယ်မယ်။ အဲ—

ကျွန်တော်တို့ ရှေးရိုးသမားများကတော့ တစ်ယောက်နှင့်တစ်ယောက် ချစ်လို့ခင်လို့ တစ်သက်လုံး အတူတူနေသွားကြဖို့ ဆိုပြီး အိမ်ထောင်ပြုကြတာပဲ။

အဲသည်လို အိမ်ထောင်ပြုခဲ့ကြပြီး အဲသည်လိုပဲ တစ်သက်လုံး အတူတူနေသွားကြတာပဲ။ ကောင်းတာ မကောင်းတာတော့ဖြင့် မပြောတတ်တော့ဘူး။

"အချစ်ဆိုတာကိုကော ရှင် ယုံကြည်သလား။ ရှိကော တကယ်ရှိရဲ့လား"လို့ သူက ဆက်မေးတယ်။

"ယုံ၊ အဲ၊ အဲဒါတော့"

ကျွန်တော်ဟာ အင်တာဗျူးမှာ ကိုယ်မသိတဲ့မေးခွန်း အမေး ခံလိုက်ရသူလို ယောင်နန ဖြစ်သွားပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ဟာ လူတကာ ဝိုင်းကန့်ကွက်နေကြတဲ့ကြားထဲက သူ့မှမရရင် ကိုယ့်ဘဝ ဘာမျှ အဓိပ္ပာယ်မရှိတော့ဘူး ထင်ရလောက်အောင် ချစ်လွန်းလို့ တုတ်တစ်ပြက် ဓားတစ်ပြက်တောင်မက သေနတ်တွေကြားက စွန့်စားပြီး ခိုးယူခဲ့ရတဲ့ ကျွန်တော့်မိန်းမ အခု ဝဝကြီးက ကျွန်တော့်အနား လာလာပြီး ခါးကို လက်နှစ်ဖက်စုံထောက်၊ မျက်လုံးပြူးကြီးနှင့် ‘ဒါ ရှင့်အပြစ်၊ ဒါ ရှင့်အပြစ်၊ ရှင်မလိမ္မာလို့ ဖြစ်ရတဲ့ကိစ္စ’ဆိုတာမျိုးနှင့် ဆူရင်းပူရင်း သူ့ဟာသူ အားမလိုအားမရဖြစ်ပြီး တစ်ခါတစ်ခါ ကျွန်တော့်နားရွက်ပါ ဆွဲလိမ်သွားတာမျိုး စဉ်းစားမိတော့ ကျွန်တော် ဘုရားစူးရစေရဲ့။ အချစ်ဆိုတာ တကယ်ရှိမရှိ ဇဝေဇဝါဖြစ်မိတာ အမှန်ပါပဲ။

ရာသက်ပန် စာချုပ်ကြီးမျိုးနှင့်မဟုတ်ဘဲ ခုနက စာရေးဆရာမပြောသလို ဆယ်နှစ်သက်တမ်း စာချုပ်လောက်နှင့်သာ အိမ်ထောင်ပြုခဲ့တာဆိုရင် အခု ကျွန်တော့်အတွေ့အကြုံမျိုးနှင့် နောက်ထပ်ဆယ်နှစ်သက်တမ်းတိုးဖို့ မလွယ်ဘူး။ အတော့်ကို စဉ်းစားရပါလိမ့်မယ်ထင်ပါတယ်။ မတိုးဖို့ များပါတယ်။

ကလေးတွေကို နိုင်ငံတော်လက်ထဲ အပ်ပြီးရင် ကျွန်တော်လည်း နဖူးကချွေး ခြေမကျအောင်လုပ်မှ တစ်လ အလျဉ်မီတဲ့ဘဝ၊ ကိုယ့်ပိုက်ဆံနှင့်ကိုယ် သူခိုးဖြစ်နေရတဲ့ဘဝ၊ ပိုက်ဆံပြတ်တိုင်းကြားပေါက်တက္ကစီဆွဲပြီး အလွဲသုံးစား လုပ်ချင်နေရတဲ့ဘဝမျိုးက လွတ်ပြီး အပန်းပြေ အရက်သောက်ထွက်ခါနီး ဘယ်သူ့ကိုမှ မျက်နှာ ချို မသွေးရတဲ့ဘဝ။ ကျောင်းဖွင့်ချိန်ရောက်တိုင်း ကလေးကျောင်း စရိတ်အတွက် ပူပန်မနေရတဲ့ ဘဝ။ ကိုယ့်အိတ်ထဲက ပိုက်ဆံကို ကိုယ်ကမပေးဘဲ တိတ်တိတ်နှိုက်ယူသွားတဲ့ လူကိုမိရင် ကုပ်က ကိုင်ပြီး ရဲစခန်းပို့နိုင်တဲ့ဘဝ။ အဲ အဲသည်လို





လွတ်လပ်ခြင်းအပေါင်းနှင့် ပြည့်စုံတဲ့ဘဝမျိုးကို မျှော်မှန်းကြည့်မိမယ်ထင်ပါတယ်။

ကျွန်တော် အဲဒီအတွေးတွေနှင့် မျက်နှာထားတင်းတင်းပဲ ကြို့ကုန်းအိမ်ကို ရောက်သွားတော့ အိမ်ထဲမှာ ကလေးတွေရော လူကြီးတွေပါ အတော်စုံပြီး ဆူဆူညံညံ ရယ်လိုက်ဟားလိုက် စကားပြောနေကြတာကို တွေ့လိုက်ရပါတယ်။

တစ်ထောင့်မှာထိုင်သောက်နေတဲ့ အစ်ကိုကြီးက ‘လာ ဟေ့၊ လာဟေ့၊ အတော်ပဲ’ဆိုပြီး သူသောက်နေတဲ့ ပုလင်းထဲက ဝီစကီတစ်ခွက် ငှဲ့ပေးတာနှင့် ဝင်ထိုင်ပြီး ရေခဲခွက်ကို ဆွဲယူလိုက်ရပါတယ်။

ကျွန်တော် သူ့နှမကို ခိုးပြေးတုန်းကဆိုရင် ကျွန်တော့်ကို ပစ်သတ်ဖို့ သေနတ်ခါးကြားထိုးပြီး မော်တော်ဆိုင်ကယ်တစ်စီးနှင့် နေရာအနှံ့ လိုက်ရှာခဲ့တဲ့လူပေါ့။ အခုတော့လည်း ကျွန်တော့်ကို ဖက်လဲတကင်းပါပဲ။

“ကဲ၊ ကြည့် အစ်ကိုကြီးရဲ့ညီ။ ကျွန်မတို့ကို လိုက်ပို့ပါဆိုတော့ ငါ အခု သွားတော့မှာကွ။ အချိန်မရှိဘူးဆိုတဲ့ လူ။ အခု ဘာလို့လိုက်လာလဲ၊ သိလား”

ကျွန်တော်က သူ့ကို လှည့်မကြည့်ဘူး။

အစ်ကိုကြီးက “ဘာလို့ လိုက်လာတာတဲ့လဲကွာ။ ကဲ၊ ပြောပါဦး”လို့ သဘောကောင်းကောင်းနှင့် ရယ်ရယ်ဟားဟားကြီး မေးလိုက်တော့ ကျွန်တော့်မိန်းမက ‘သူ ပိုက်ဆံအစိတ်ကို ကျွန်မယူလာလို့ လိုက်တောင်းတာ’လို့ ပြောလိုက်တယ်။

အားလုံး ရယ်လိုက်ဟားလိုက်ကြတော့ ကျွန်တော်လည်း ချော်လဲရောထိုင် သူ့ကို မျက်နှာချိုသွေးရင်း ဝီစကီခွက်ကို အဟာချပြီး သူ့ရှေ့ လက်ဝါး ဖြန့်ခံလိုက်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးကလည်း 'ပြန်ပေးလိုက်ပါကွာ။ ယောကျ်ားဆိုတာ ငွေကလေး အစိတ် သုံးဆယ်မှ အိတ်ထဲဆောင်မလာရင် သောက်ရေ စားရာမှာ သိက္ခာငယ်တယ်ဟ ငါ့နမရဲ့'လို့ သဘောကောင်းစွာပဲ ဝင်ပြီး ရှေ့နေလိုက်ပေးပါတယ်။

ဒီတော့မှ ကျွန်တော့်မိန်းမက သူ့လက်ကိုင်အိတ်ထဲက အစိတ်တန် တစ်ရွက်ထုတ်ပြီး ကျွန်တော့်လက်ထဲ ထည့်လိုက်ပါတယ်။

အပြန်လမ်းမှာတော့ ကျွန်တော့်ခေါင်းထဲမှာ စောစောက အတွေးတွေ မရှိတော့ဘူး။ 'အင်းလေ၊ ရွှေယောက်ဖကြီးမျက်နှာနှင့် နောက်ထပ်ဆယ်နှစ် စာချုပ်သက်တမ်းတိုးဆိုလည်း တိုးလိုက်သေးတာပေါ့'လို့ပဲ တွေးလာခဲ့ပါတယ်။

ထင်လင်း

ပန်းရွှေပြည်စာအုပ်တိုက်

■
စစ်ပြီးခေတ်တွင် အကောင်းဆုံးဝတ္ထုသည် 'စည်းအပြင်ကလူ' ဟုပြောကြသော်လည်း၊
အချို့ဝေဖန်ရေးသမားတို့ကမူ
'ပလိပ်'သည် သူ၏အပြောင်မြောက်ဆုံး၊
အကောင်းဆုံးဟုဆိုကြသည်။

■
မြန်မာပြည်သူကမူ
'တကယ် စိတ်အားနှင့်ထား၍ ဖတ်မိသောအခါတွင်
ထိုထိုသော စက်ဆုပ်ဖွယ် အနိဋ္ဌာရုံများက
အမြဲတစေ ထွန်းပြောင်နေသော အလင်းရောင်ကလေးကို
တွေ့မြင်လာမည်ဖြစ်ပါသည်' ဟုဆိုထားပါသည်။




ထင်လင်း
ပလိပ်

စာမူခွင့်ပြုချက်အမှတ် - ၉၆၁ / ၉၉ (၁၁)

www.burmeseclassic.com